


Scanned by CamScanner

# အခန်း(၁)

နံရံလေးဘက်လေးတန်မှာ ပန်းချီကားချပ်တွေ စုံစုံညီညီရှိနေကြသည်။ အလှရေးဆွဲ ထားသော ပန်းချီကားချပ်များ၊ ဘဝရုပ်ဖော် ပန်းချီကားချပ်များ၊ စိတ်ကူးယဉ်၍ ရေးဆွဲထား သော ပန်းချီကားချပ်ကား ပြည့်စုံစွာရှိနေသည်။

မိုးမြင့်ဦးက သည်ပန်းချီပြခန်း အရောင်းဆိုင်ကို တစ်ယောက်တည်းလာခဲ့သည်။ ဖွင့် တာ မကြာသေးသော သည်ပန်းချီဆိုင်လေးကို စဖွင့်ကတည်းက လာချင်တာ သည်နေ့မှ အခွင့်အခါကြုံ၍ ရောက်ခဲ့ရသည်။

ပန်းချီပြခန်းကို လှည့်ပတ်ကြည့်လိုက်သည်။

ဟာ ...

မိုးမြင့်ဦးရဲ့ ရင်ထဲမှာ လှိုက်၍ တုန်သွားသည်။ ပန်းချီကားချပ်တွေရဲ့ အလယ်မှာ ဘယ်စုတ်တံမှ လိုက်လို့မမီသော သဘာဝ လှပတဲ့ မျက်နှာလေးတစ်ခုပါလား။

ထိုမျက်နှာလေးပေါ်မှာ မိုးမြင့်ဦးရဲ့ အကြည့်တွေ အချိန်ကြာမြင့်စွာ ရပ်တန့်သွား သည်။ ဖြူဝင်းသွယ်လျသော မိန်းကလေးကို သတိလက်လွတ် ငေးကြည့်မိသည်။

ပန်းချီကားချပ် ဝယ်သူတစ်ယောက်ကို စိတ်အားထက်သန်စွာ ပြောဆိုလှုပ်ရှားဟန် လေးကို မှင်တက်မိစွာကြည့်နေသည်။ ပြုံးလိုက်ရယ်လိုက်လျှင် သည်မိန်းကလေးပိုပြီး လှ သွားပါရောလား။

Book Sharing

Scanned by CamScanner

ပန်းချီကားချပ်တွေဆီသို့ သူအကြည့်ကို ပြန်ဆွဲခေါ်လိုက်သည်။ ကားချပ်တိုင်းရဲ့ အောက်မှာ ရေးဆွဲသူရဲ့လက်မှတ်က ထွေးငယ်တဲ့လေ။

သည်တော့ ထိုမိန်းကလေးသည် ထွေးငယ်ကလွဲပြီး ဘယ်သူများဖြစ်ဦးမှာလဲ။ ပန်းချီ ဆရာမ ထွေးငယ်ရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲပဲ မဟုတ်လား။

ထွေးငယ်ဆိုသော ပန်းချီဆရာမလေး သည်လောက်ချော၊ သည်လောက်လှလိမ့် မယ်လို့ သူ မတွေးထင်ထားခဲ့ပါ။ ကုပ်ဝဲဆံပင်လေးနှင့် ထွေးငယ်သည် ပို၍မျစ်သည့်သရုပ်ကို ဆောင်နေသည်။

နက်မှောင်သွယ်တန်းသော မျက်ခုံး၊ ရှမ်းလက်စိုဝင်းနေသော မျက်ဝန်း၊ ထူထည်း ပြွတ်သိပ်နေသော မျက်တောင်၊ နှာတံစင်းစင်း၊ နှုတ်ခမ်းဖူးဖူးနီစွေးစွေးနှင့် အခြယ်အသ ကင်းမဲ့စွာလှသော ထွေးငယ်ပါပဲလား။

"ပန်းချီဆရာမလို့ မပြောရဘူး သူ့ရဲ့ ဝတ်ပုံစားပုံက တစ်မျိုးပဲ"

ဘလောက်အကျႌပွပွလေးနှင့် ကပိုကရို ရှိနေသော မိန်းကလေးကို မိုးမြင့်ဦးက အပြတ်အသတ်ကြီးကို ဝေဖန်နေသည်။

မိန်းကလေးနှင့် ဝယ်သူဈေးတဲ့သွားပြီ။ ဝယ်သူက ပန်းချီကားချပ်ကို ပိုက်ပြီး ထွက် သွားသည်။ မိန်းကလေးက လက်ထဲမှာ ငွေတစ်ထပ်နှင့် ကျွန်ရစ်ခဲ့သည်။

နံရံပေါ်က စိတ္တဇပန်းချီကားချပ်တစ်ခုကို မိုးမြင့်ဦးစိတ်ဝင်စားသွားသည်။ သည်ပြခန်း ကအပြန် ထွေးငယ်ကို တစ်ခုခုအားပေးသွားချင်သည်။ ပန်းချီကားချပ်ရဲ့အောက်မှာ ဈေးနှုန်း သတ်မှတ်ထားသည်။

ပြခန်းထဲမှာ လှေလာကြည့်ရှုသူများကို မိန်းကလေးက

Scanned by CamScanner

ငေးငေးကြည့်နေသည်။ မိုးမြင့် ဦး သူ့မနားသို့ ရောက်လာမှ မိုးမြင့်ဦးကို သတိထားမိသည်။

သူ့မရှေ့တည့်တည့်မှာ ရပ်လာသော မိုးမြင့်ဦးကို အပြုံးလဲ့လဲ့နှင့် နှုတ်ဆက်လိုက် သည်။ မြင့်မားသော အရပ်၊ ကျယ်ပြန့်သော ပခုံးနှင့်၊ အသားညိုစိမ့်စိမ့် ယောကျာ်းပီသလှ သော မိုးမြင့်ဦးကို မြင်ရခိုက် စိတ်ထဲက ကျိတ်ပြီးသဘောကျသွားသည်။

"ကျွန်တော် ပန်းချီကားတစ်ချပ် ဝယ်ချင်လို့ပါ"

"ဟုတ်ကဲ့၊ ဘယ်ကားချပ်ပါလဲရှင်"

မိုးမြင့်ဦးက သူလိုချင်သော ကားချပ်ကို ပြသည်။ မိန်းကလေးက ဖြုတ်ပေးသည်။ မိုးမြင့်ဦးက ငွေချေသည်။

"ဆရာမရဲ့လက်ရာက တော်တော် အဆင့်မြင့်တာပဲ"

စူးရှသော အကြည့်တစ်ခုပေးရင်း သူကပြောလာသည်။ မိုးမြင့်ဦးရဲ့ မျက်နှာကိုကြည့် ရင်း မိန်းကလေးရင်ထဲမှာ အရှမ်းရယ်ချင်သွားသည်။ ရင်ထဲက ခံစားမှုက မျက်နှာဆီသို့ အငွေ့အသက်လေး ရိုက်ခတ်ပြီး ပြုံးလဲ့လဲ့ဖြစ်သွားသည်။

"ကျွန်တော့် စကားထဲမှာ ရယ်စရာ ပါသွားလား ဆရာမ"

တည်ငြိမ်ခန့်ထည်သော သူ့အသံကြောင့်၊ ရယ်ချင်သည့်စိတ်ကို မနည်းကြီး ဘရိတ် အုပ်လိုက်ရသည်။

"ကျွန်မကို ချီးကျူးဂုဏ်ပြုစကား ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်"

"ကျွန်တော့်ကို သွားခွင့်ပြုပါ"

မျက်ဝန်းတည်တည်နှင့် နှုတ်ဆက်ပြီး မိုးမြင့်ဦး ထွက်သွားသည်။ မိန်းကလေးရဲ့ အကြည့်တွေ သူ့နောက်ဆီသို့ ပါသွားသည်။

Scanned by CamScanner

# အခန်း(၂)

ညနေလေးနာရီထိုးပြီမို့ ပန်းချီပြခန်းကိုပိတ်ပြီး တိုက်ခန်းဆီသို့ ပြန်ခဲ့သည်။ တိုက်ခန်း တွင် အတူငှားနေသော သူငယ်ချင်းကိုတွေ့သည်နှင့် ရောင်းရငွေများကို အပ်သည်။

"ဒီမှာ ထွေးငယ်ရေ၊ နင့်ရဲ့ ပန်းချီကားချပ်တွေ ဒီနေ့စွံတယ် ဆရာ"

အိပ်ရာပေါ်မှာ နေမကောင်း၍ လှဲနေသော ထွေးငယ်ရဲ့မျက်နှာလေး ဝင်းသွားသည်။

"ဟာ ... တယ်ဟုတ်ပါလား၊ ဘယ်နှစ်ကား ရောင်းရလဲ ..."

"လေးကား ..."

"ဒီနေ့ နေမကောင်းလို့ ပြခန်း နင့်ကို ထွက်ခိုင်းလိုက်တာ၊ သိပ်ကို ဟန်ကျပါလား၊ ဝေဖူးရယ်"

ဝေဖူးငုံဆိုသော မိန်းကလေး ရယ်ဟာဟာနှင့် ရှိနေသည်။

"ဒီနေ့ နင့်ရဲ့ စိတ္တဇပန်းချီကားချပ်ကို ဝယ်သွားတဲ့လူတစ်ယောက်က တကယ်မိုက် တယ်ဟာ ၊ နိုင်ငံခြားရုပ်ရှင်မင်းသား ကျနေတာပဲ"

"ဝေဖူးတို့ တစ်ရက်တည်းနဲ့ စွံလာတယ်ပေါ့"

"မစွံပါဘူးဟာ အဲ့ဒီလူ မျက်နှာထားတည်တည်ကြီးနဲ့ ဒါပေမယ့် သူက ပြောသွား တယ်ဟ"

"ဘာပြောသွားတာလဲ ဟင်"

Scanned by CamScanner

"ဆရာမရဲ့လက်ရာက အဆင့်မြင့်တယ်တဲ့"

"ဟင် ... ဟုတ်လား ..."

"ထွေးငယ်ဆိုတာ ငါထင်ပြီး သူပြောတော့ ငါရယ်ချင်လိုက်တာဟာ၊ မနည်းကြီး မျက်နှာပိုး သတ်ထားရတယ် ..."

"ငါ့ကို ပန်းချီဆရာမ ထွေးငယ်လို့ စွပ်ရွတ်ပြီး သူ ထင်သွားပြီ"

"နင်က မဖြေရှင်းလိုက်ဘူးလား"

"သူက ဖွင့်မေးတာမှ မဟုတ်တာ၊ အထင်နဲ့ ပြောသွားတာ ငါက ဘယ်လိုဖြေရှင်း မလဲ"

"အေးလေ ..."

"အဲဒီ လူကြီးတော့ ခံလိုက်ရပြီ"

ဝေဖူးငုံက ပြောရင်းနှင့်ဟားနေသည်။ ထွေးငယ်ကလည်း သဘောကျစွာ ဟက်ဟက် ပက်ပက် ရယ်လိုက်သည်။

"မနက်ဖြန်ရော ငါသွားရောင်းပေးရဦးမလား"

"နေပါစေဟာ၊ ငါလဲ သက်သာနေပြီပဲ၊ မနက်ဖြန်တော့ သွားနိုင်မှာပါ"

"ကဲ ... ဒါဆို ရေချိုး ထမင်းစားပြီး၊ ငါ့အလုပ်လုပ်ရဦးမယ်"

"ထွေးငယ်ကြောင့် ဝေဖူး အလုပ်ပျက်တာ အားနာလိုက်တာ"

"သိပ်ချစ်တဲ့ သူငယ်ချင်းတွေကြားမှာ အားနာတယ်ဆိုတာရှိသေးလား ထွေးငယ် ရယ်"

ထွေးငယ်ကို အပြုံးမျက်နှာနှင့် မျက်စတစ်ချက်ပစ်ပြပြီး၊ သူမရဲ့အခန်းသို့ ပြန်သည်။

Scanned by CamScanner

ရေမိုးချိုး ထမင်းစားသောက်ပြီး စာရေးစားပွဲမှာ ဝေဖူးငုံထိုင်သည်။ နေ့လယ်က တွေ့ခဲ့ရသော လူခန့်ချောကြီးကို ဝေဖူးငုံ တစ်ချက်ပြေးပြီး သတိရလိုက်သည်။

"အဟင်း ... အဲ့ဒီလူကြီးက ငါ့ကို စာရေးဆရာမ ဝေဖူးငုံဆိုတာ မသိသွားရှာပါလား၊ ငါ့ကို ထွေးငယ်လို့ပဲ ထင်သွားတယ်၊ နောက်တစ်ခါ ပြန်ဆုံချင်ပါသေးတယ်၊ အဲ့ဒီအခါကျမှ ငါဟာ ထွေးငယ်မဟုတ်ဘူးဆိုတာ ပြောပြချင်ပါသေးတယ်လေ"

ဝေဖူးငုံသည် ခုခေတ်မှာ အောင်မြင်ကျော်ကြားနေသော သတင်းဂျာနယ်ဆရာမ လေးဆိုတာ မိုးမြင့်ဦး မသိသွားရှာသေးပါ။

ကဲ့ကော်ဦးဂျာနယ်က ပင်တိုင်ဂျာနယ်ဆရာမလေး ဝေဖူးငုံသည် ထက်ထက်မြက် မြက်ရှိ၍ တိုက်ကလည်း သိပ်ကို အားထားရသည်။

ဝေဖူးငုံသည် သွက်လက်သည်၊ ဖျတ်လတ်သည်၊ ထက်မြက်သည်။ ဒါကြောင့် ကဲ့ ကော်ဦးဂျာနယ်က သူ့ကို လက်လွှတ်မခံနိုင်အောင်ရှိနေသည်။

အားကစားသမားတစ်ဦးရဲ့ ဆောင်းပါးတစ်ပုဒ်ရေးသားရန်ကိစ္စက မပြီးပြတ်သေး။ တိုက်ကလည်း လောနေပြီလေ၊ ဒါကြောင့် ဝေဖူးငုံက ဖိဖိစီးစီးရေးသားနေရသည်။

သည်နေ့ည အချောသတ် အပြီး ရေးသားပြီး မနက်ဖြန်ကို စာမူကြမ်းအား တိုက်သို့ သွားပေးရန် စိတ်ကူးထားသည်။

ထိုနေ့ည ညဉ့်နက်မှ ဝေဖူးငုံ အိပ်ပျော်သွားသည်။

*

Scanned by CamScanner

သူငယ်ချင်းနှစ်ယောက် တိုက်ခန်းတစ်ခန်းငှားနေပြီး အလုပ်လုပ်ကြသည်။ ထွေးငယ် ရော သူပါ လူလွတ်တွေ၊ ဘာ အနှောင်အဖွဲ့မှ မရှိကြသေး၍ အတူနေရတာ က ပိုပြီး အဆင် ပြေသည်။

နေမကောင်းနေသော ထွေးငယ်ကိုညာပြီး နံနက်စောစောထပြီး နံနက်စာကို ဝေဖူးငုံ က စီစဉ်သည်၊ ထွေးငယ်နိုးလာတော့ အားလုံး အသင့်ဖြစ်နေပြီ။

"ဟယ်...ဝေဖူး ညက မိုးချုပ်မှအိပ်ပြီး အစောကြီး ထရသလားကွယ်"

"ရပါတယ်ဟာ တစ်ရက်လေး အိပ်ရေးပျက်ရုံနဲ့ ငါ မသေနိုင်ပါဘူး"

အားနာစွာပြောလာသော ထွေးငယ်ကို ရယ်ကျဲကျဲနှင့် ဝေဖူးငုံက ပြောလိုက်သည်။ နံနက်စာကို အတူစားသောက်ပြီး တိုက်ခန်းကို သော့ပိတ်ကာ ထွက်ခဲ့သည်။

ထွေးငယ်က တစ်ကိုယ်တော် ပန်းချီပြခန်းသို့၊ ဝေဖူးငုံက ဂျာနယ်တိုက်ဆီသို့ပါ။ ဝေဖူးငုံကို တွေ့သည်နှင့် ဂျာနယ်အယ်ဒီတာက လှမ်းနှုတ်ဆက်သည်။

"ဘယ်လိုလဲ ဝေဖူး ဆောင်းပါး ပြီးခဲ့ပြီလား ..."

"ပြီးခဲ့ပြီ ကိုသက်အောင်"

"အတော်ပဲ လက်နှိပ်စက်ဆရာ အားနေတာနဲ့လေ"

"ရော့ ... ဒီမှာ ညကမှ အပြီးသတ် ရေးရတာ "

"ဟုတ်လား ဝေဖူးကို စာရေးဆရာ မိုးမြင့်ဦးနဲ့ တွေ့ဆုံစေချင်တယ်"

လှပသော ဝေဖူးငုံ့ရဲ့ မျက်ခုံးလေးနှစ်ခု အတွန့်ချိုးသွားသည်။

"ဘယ်လို ကိုသက်အောင်၊ နာမည်ကြီး စာရေးဆရာ အကျော်အမော်နဲ့ ဝေဖူးကို သွားတွေ့ခိုင်းမယ်ပေါ့ ... ဟုတ်လား "

Scanned by CamScanner

“ဟုတ်တယ်လေ”

“ဆောင်းပါးဆရာ ဝေဖန်ရေးဆရာတွေနဲ့ကို တွေ့ခွင့်မပြုတဲ့ စာရေးဆရာနဲ့မှ ဝေဖူး ကို သွားတွေ့ခိုင်းရသလားရှင်”

ဝေဖူးငုံက စိတ်ပျက်လက်ပျက်နှင့်ပြောသည်။ အယ်ဒီတာ သက်အောင်က ရှင်းပြ သည်။

“သူက ခုခေတ်မှာ ရုပါစာရေးဆရာလေ၊ သူ့အကြောင်းကို ပရိသတ် တော်တော်များ များက စိတ်ဝင်းစားကြတယ်လေ၊ သူ့ကို အင်တာလည်း ဗျူးလို့မရဘူးဖြစ်နေတယ်၊ အဲလို အချိန်မှာ ကျုပ်တို့ ဂျာနယ်မှာ သူ့အကြောင်းပါလာရင် တကယ့်ကို ဟော့သွားမှာဗျ”

“ဟော့တာတွေ မဟော့တာတွေ ဘေးချိတ်ထားပါဦး ကိုသက်အောင်ရယ်၊ အဲဒီ စာရေးဆရာနဲ့တွေ့ဖို့က လွယ်တဲ့ကိစ္စမှမဟုတ်တာ၊ ပြီးတော့ သူက ရန်ကုန်မှာနေတာမဟုတ် ဘူးဆို”

“ဟုတ်တယ် သန်လျင်မှာနေတာ၊ သန်လျင်နဲ့ ရန်ကုန်က ဘာဝေးလို့လဲ ဝေဖူးရယ်”

“ဝေးတာ မဝေးတာ ထက် အဲဒီ တသီးတခြား နေတတ်တဲ့ စာရေးဆရာကို သွားတွေ့ ရမှာ ကျောချမ်းတယ်”

ပခုံးလေးတွန့်ပြီး ဝေဖူးငုံက ပြောလိုက်သည်။ ဝေဖူးငုံကို သဘောကျစွာနှင့် သက် အောင်က ရယ်လိုက်သည်။

“ကျွန်တော်က ထက်မြက်တဲ့ ဝေဖူးကို အားကိုးနေတာ”

“မလောပါနဲ့ ကိုသက်အောင်ရယ်၊ ဝေဖူး အေးအေးဆေးဆေးရှိမှ သူ့အကြောင်းကို စဉ်းစားပါရစေ ခု ဝေဖူးမှာ ရေးစရာ ဆောင်းပါး လက်ကျန်တွေ ရှိသေးတယ်”

Scanned by CamScanner

"ဝေဖူး စိတ်သိပ်မပါဘူးဆိုရင် ကျွန်တော်က ဇွတ်မတိုက်တွန်းချင်ပါဘူးဗျာ"

"ကဲ ... ဦးသက်အောင် စကားလေးလဲပြော စာမူခလေးလဲ မစလိုက်ပါဦး"

ဝေဖူးငုံက ရွှတ်နောက်နောက်နှင့် ပြောလိုက်သည်။ ကိုသက်အောင်က ရယ်ကျဲကျဲ နှင့် အံဆွဲသော့ကို ဖွင့်သည်။ ဝေဖူးငုံအတွက် စာမူခကို ထုတ်ပေးသည်။

"ဝေဖူးရေ ... ဒီမှာ ဧည့်သည်ရောက်နေတယ်"

အယ်ဒီတာ ကိုသက်အောင်ရဲ့ဇနီး မဖြူက လှမ်းပြောသည်။ ဝေဖူးငုံက အခန်းထဲက ထွက်လာသည်။

"ဟယ် ... ကိုမိုးလွင်တိုး၊ ဘယ်ပျောက်နေတာလဲ"

မတွေ့တာကြာပြီဖြစ်သော မိုးလွင်တိုးကို တွေ့ရပြီး ဝေဖူးငုံ အံ့ဩဝမ်းသာသွားသည်။ မိန်းမချော ချောပြီး နုဖပ်နေတဲ့ မိုးလွင်တိုးရဲ့ မျက်နှာက ပြုံးချိုနေသည်။

"ပုဂံကို ခရီးထွက်နေလို့ ဝေဖူးရဲ့"

"အင်း ... ထင်တော့ ထင်လိုက်သား၊ မရောက်လာတာ ကြာပုံထောက်တော့ ခရီးထွက် နေပြီလို့လေ"

"ခရီးထွက်နေပေမယ့် ဝေဖူးကို တစ်ရက်မှ မမေ့ပါဘူးတဲ့ဗျာ"

"ယုံလိုက်ပြီ ကိုမိုးလွင်တိုးရေ ..."

ပြုံးစစ မျက်နှာလေးနှင့် ဝေဖူးငုံက ပြောသည်။ သူမရဲ့ အမူအရာက သိပ်ကို ချစ် စရာကောင်းသွားမှန်း သူမကိုယ်သူမ မသိလိုက်ပါ။

"ကြည့် ဝေဖူးက လုပ်ပြန်ပြီ၊ ကိုယ့်ကို အဲလိုကြီး မခေါ်ပါနဲ့လား

Scanned by CamScanner

ကိုတိုးလို့ တိုတို တုတ်တုတ် ခေါ်လဲ ရသားလို့ ပြောခဲ့ပြီး မဟုတ်လား"

"ကဲ ... ပုဂံလက်ဆောင် ဘာပါလဲ ... ပြော"

"ပါတာပေ့ါကွာ ၊ ဝေဖူးအတွက် မေ့လို့ ရတာ မှ မဟုတ်တာ"

နက်ရှိုင်းသော အကြည့်တွေနှင့်ကြည့်ပြီး မိုးလွင်တိုးက ပြောသည်။

"အခု ဝေဖူး ဘယ်သွားမလို့လဲ"

"အိမ်ပြန်မလို့လေ"

"ကိုယ် ကားပါလာတယ်၊ တစ်ခုခု သွားစားပြီးမှ ပြန်ကြတာပေ့ါ"

"ကောင်းသားပဲ"

မိုးလွင်တိုးနှင့်အတူ စားသောက်ဆိုင်သို့ ထွက်ခဲ့သည်။ စားသောက်ဖွယ်ရာများကို မှာရင်း စကားပြောဆိုနေကြသည်။ မိုးလွင်တိုးရဲ့အကြည့်များ ဝေဖူးငုံပေါ်သို့ တည့်မတ်စွာ ကျရောက်နေသည်။

"ဝေဖူး ကိုယ့်ကို သတိမရဘူးလား"

"ရသားပဲ"

"လွမ်းရော မလွမ်းဘူးလား"

"အင်း ... မလွမ်းဘူးလို့ ထင်ရတာ ပဲ"

ပြုံးဖွေ့ဖွေ့နှင့် ဝေဖူးငုံက ဖြေသည်။ မိုးလွင်တိုးမျက်နှာက အလိုမကျမှုဖြင့် ညှိုမှိုင်း သွားသည်။

"ကိုယ်ကတော့လေ ... စက္ကန့်မလပ် နာရီမပြတ် ဝေဖူးကို လွမ်းနေတယ်၊ တမ်းတနေ တယ်"

"ဟုတ်လား"

Scanned by CamScanner

ဝေဖူးငုံပြောလိုက်ပုံက လှောင်ရိပ်တွေ ပါသွားသလိုပါ။ မိုးလွင်တိုးရဲ့မျက်နှာ ပိုပြီး ညိုမှောင်သွားသည်။ ညှိုးရိပ်မျက်ဝန်းများနှင့် ဝေဖူးငုံကို ကြည့်လာသည်။

"ဝေဖူး ကိုယ့်အပေါ်မှာ သိပ်ပြီး ခံစားချက် ကင်းမဲ့တယ်ကွာ"

မကျေမနပ် အားမရစွာနှင့် မိုးလွင်တိုးက ပြောသည်။ အလိုမကျမှုဖြင့် ညှိုးငယ်နေတဲ့ မျက်နှာချောချောကို ဝေဖူးငုံကြည့်လိုက်သည်။

မိုးလွင်တိုး စိတ်ကောက်သွားမှန်း ဝေဖူးငုံ သိလိုက်သည်။ ဒါကြောင့် မျက်နှာချိုသွေး လိုက်သည်။

"ကိုတိုးကလဲ ကလေးကျနေတာပဲ၊ စိတ်ချည်းပဲ"

"ဝေဖူးက ကိုယ့်ပေါ်မှာ သိပ်ကို စိမ်းကားတာကိုး"

"မစိမ်းကားပါဘူး ရှင်ရယ်၊ ကိုတိုးကို ဝေဖူး သိပ်ခင်ပါတယ်"

"ခင်ရုံနဲ့ ကိုယ်က မကျေနပ်နိုင်ဘူးလို့ ပြောပြီးသားလေ"

"ကဲ...တော်ပါတော့ ကိုတိုးရယ်၊ ဝေဖူး ထမင်းအေးအေးဆေးဆေး စားပါရစေနော်"

"ဆောရီးကွာ"

အခြားစကားများဆီသို့ ဝေဖူးငုံက ဦးလှည့်လိုက်သည်။ ထမင်းဝိုင်းက ပြန်လည်စိုပြေ လာသည်။ စားသောက်ပြီး ဝေဖူးငုံက ပြောသည်။

"ညက အိပ်ရေးပျက်လို့ ဝေဖူး တိုက်ပြန်ပြီး နားလိုက်ဦးမယ်"

"ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဒါဆို ကျေးဇူးပဲပေါ့"

မိုးလွင်တိုးက လိုက်ပို့ပေးသည်။ တိုက်ခန်းအပေါ်သို့မတက်ဘဲ

Scanned by CamScanner

ပြန်သွားသည်။ အတွေး တွေနှင့် ဝေဖူးငုံတစ်ယောက် ကျန်ရစ်ခဲ့သည်။

ခဏတဖြုတ်သာနားပြီး ညနေစာအတွက် ဝေဖူးငုံထပြီး ပြင်ဆင်သည်။ မောပန်းပြန် လာမည့် သူငယ်ချင်း ထွေးငယ် အဆင်သင့် စားနိုင်ရန် စိမ်ချက်ပြုတ်လိုက်သည်။

*

Scanned by CamScanner

# အခန်း(၃)

"ဘယ်လိုလဲ ထွေးငယ် ဒီနေ့ ဘယ်နှစ်ကား ရောင်းရလဲ"

ထွေးငယ် ရောက်ရောက်လာချင်း ဝေဖူးငုံက လှမ်းမေးလိုက်သည်။ ထွေးငယ်က မျက်နှာလေး ရှုံ့မဲ့ပြီး ပြန်ဖြေသည်။

"တန်ဖိုးနည်းနည်း တစ်ကားတည်း ရောင်းခဲ့ရတယ်"

"ဟာ ... ထွေးငယ်က တကယ်ညံ့တာပဲ"

"အေးဟုတ်တယ်၊ ဝေဖူးက တို့ထက်စွံတယ်၊ အဲ့ဒီတော့ နောက်နေ့ ဝေဖူး သွားပေး ဟယ်"

"ရတယ်လေ မနက်ဖြန် အားတာပဲ"

"အလကား ပြောတာပါဟာ၊ တို့ကြောင့် ဝေဖူး အလုပ်ရှုပ်နေပါ့မယ်"

"ရတယ်၊ မနေ့ကတွေ့လိုက်တဲ့ ပုဂ္ဂိုလ်များ ရောက်လာမလားလို့လေ"

"ဟင် ... ကြည့်စမ်း ဝေဖူးက အဲ့ဒီပုဂ္ဂိုလ်ကို တအားခိုက်နေပြီလား"

ဝေဖူးငုံက မျက်နှာလေးစပ်ဖြီးဖြီးနှင့် ပြန်ဖြေသည်။

"ခိုက်တာတော့ မဟုတ်ဘူး၊ ရင်ထဲမှာ နည်းနည်းငြိသွားတာ အမှန်ပဲ"

"ဟင် ... တကယ်"

ထွေးငယ်က မယုံကြည်နိုင်စွာနှင့် မေးသည်။

"အေးဟာ ဘာကြောင့်မှန်း မသိဘူး။ သူ့ကြောင့် ငါ့ရင်ထဲမှာ

Scanned by CamScanner

နည်းနည်းလှုပ်ရှားသွား တာ အမှန်ပဲ"

"ဘယ်သူ ဘယ်ဝါမှန်းမသိဘဲ ဝေဖူးရယ် နင်လွန်လှချည်လား"

"စေခိုင်းမှုမပါဘဲ နှလုံးသားထဲက အလိုလိုဖြစ်သွားတာ ဘာတတ်နိုင်မှာလဲ"

"အေး ... ပြောတော့၊ ငါဘာမှ မဝေဖန်ချင်တော့ဘူး"

"ဝေဖန်တယ်ဆိုတာ ကောင်းတဲ့အလုပ် မဟုတ်ဘူးလေ"

ထွေးငယ်ကို ပြုံးစစနှင့် ကျီစယ်ပြန်သည်။

"သိပ်စကားများမနေနဲ့ ဘာတွေ ချက်ပြုတ်ထားလဲ ပြောပါဦး"

"စိတ်ချ၊ ထမင်းစားမြိန်စေရမယ်၊ ရေချိုးပြီးရင် ထမင်းစားမယ်"

"ကျေးဇူး"

ထွေးငယ်က ဝေဖူးငုံရဲ့ပါးကို ဆွဲလိမ်ပြီး အခန်းထဲပြေးဝင်သွားသည်။ ဝေဖူးငုံက ထမင်းဝိုင်းကို ပြင်ဆင်သည်။ နောက်တစ်နေ့အားနေသည်မို့ ထွေးငယ်ရဲ့ ပြခန်းဆီသို့ လိုက်သွားဖို့ စိတ်ကူးသည်။

ညဘက်မှာ ထွေးငယ်က ပန်းချီဆွဲနေသည်။ ဝေဖူးငုံက ဘာမှ ရေးချင်စိတ်မရှိ၍ ရေး ရမည့် ဆောင်းပါးတစ်ပုဒ်ကို ခေါက်ထားသည်။ အိပ်ရာပေါ်လှဲရင်း ဝေဖူးငုံ တွေးနေသည်။

ဝေဖူးငုံ တွေးနေသည်က နေ့လယ်က တွေ့ခဲ့သော မိုးလွင်တိုးရဲ့ အကြောင်းပဲပေါ့၊ မိုးလွင်တိုးနှင့်သူမ တွေ့ဆုံခဲ့သည်မှာ တစ်နှစ်နီးပါးရှိခဲ့ပြီပဲ။ တွေ့ဆုံခဲ့ပုံက ခပ်ရိုးရိုးလေးပါပဲ၊ သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်မှာပေါ့။

သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲသို့ ဝေဖူးငုံသွားခဲ့သည်။ မွေးနေ့မင်္ဂလာပွဲသို့ တက်ရောက်သည့် သူငယ်ချင်းရဲ့ မိတ်ဆက်ပေးမှုအရ

Scanned by CamScanner

မိုးလွင်တိုးနှင့် တွေ့ဆုံခဲ့သည်။

ရုပ်ရည်ချောမွေ့သလို မိုးလွင်တိုးက ဖော်ရွေသည်။

ဝေဖူးငုံကလည်း ဖော်ရွေစွာ ဆက်ဆံပြောဆိုတတ်တော့ မိုးလွင်တိုးနှင့် ခင်မင်ခဲ့ သည်။

ဝေဖူးငုံရဲ့ တိုက်ခန်းဆီသို့ မိုးလွင်တိုး မကြာခဏ ရောက်ရောက် လာတတ်သည်။ ခေတ်လူငယ်တွေလည်း ဖြစ်ပြန်၊ ခင်မင်ရင်းနှီးမိကြတော့ တွဲသွားတွဲလာရှိခဲ့ကြသည်။

တစ်နေ့မှာ မိုးလွင်တိုးက ဝေဖူးငုံရဲ့ တိုက်ခန်းဆီသို့ ရောက်လာသည်။ ထွေးငယ်က လည်းမရှိ။ အပြင်ထွက်သွားသည်။ မိုးလွင်တိုးကို ဝေဖူးငုံ တစ်ယောက်တည်း ဧည့်ခံနေရ သည်။ သည်မှာ မိုးလွင်တိုးအတွက် အခွင့်အရေး သာသွားသည်။ တွေ့စတည်းက ရင်ထဲမှာ စွဲငြိချစ်ခင်ခဲ့သော ဝေဖူးငုံကို ချစ်စကား ဆိုပါလေတော့သည်။

“ဝေဖူးရယ် ... နှစ်ယောက်တည်း ရှိနေလို့ အခွင့်အရေးယူတယ် မထင်ပါနဲ့ ကိုယ်လေ ... မြင်မြင်ချင်းတည်းက ဝေဖူးကို သိပ်ကို မြတ်နိုး တွယ်တာခဲ့ပါတယ်”

ဝေဖူးငုံရဲ့ စိတ်ထဲမှာ ထင်ခဲ့ပါသည်။ တစ်နေ့မှာ မိုးလွင်တိုးတစ်ယောက် သူမကို ချစ် ရေးဆိုလာမည်လို့။

မိုးလွင်တိုးရဲ့ မျက်ဝန်းမှာ ကြင်နာရိပ်များကို သူမ မကြာခဏ တွေ့မြင်နေရသည်ပဲ။

စူးရှ မျက်ဝန်းတွေနှင့် မိုးလွင်တိုးက ကြည့်နေသည်။

ဝေဖူးငုံထံမှ သူလိုချင်သော အဖြေကိုလည်း ရယူချင်နေသည်။

“ပြောပါဦး ဝေဖူးရယ်၊ ကိုယ့်ရဲ့ ခံစားချက်ကို

Scanned by CamScanner

နားလည်တုံ့ပြန်ပေးမယ်လို့"

သူမရဲ့ မျက်ဝန်းထဲကို စူးစိုက်ကြည့်သည့် အကြည့်ကို တုံ့ပြန်လိုက်သည်။ ဝေဖူးငုံရဲ့ ရင်ထဲမှာ အရမ်းကို ရှင်းရှင်းကြီး သိနေသည်။ မိုးလွင်တိုးအပေါ်မှာ ခင်မင်သော သံယောဇဉ် သန့်သန့်သာ ရှိခဲ့သည်ပဲ။

မိုးလွင်တိုးကြောင့် သူမရဲ့ နှလုံးသားလေး ယောင်ယောင်လေးတောင် တုန်ခိုက်လှုပ် ရှားမှု မရှိခဲ့ပါလား။

"ဝေဖူး ကိုယ့်ကို ပြန်ချစ်မယ် မဟုတ်လားဟင်"

မျှော်လင့်ကြီးစွာနှင့် မိုးလွင်တိုးက မေးနေသည်။

မိုးလွင်တိုးကို စိတ်ချမ်းသာ စေချင်ပါသည်။ သူ့ရဲ့ လိုအင်ဆန္ဒများကို ပြည့်ဝစေချင် ပါသည်။ ခက်သည်က ဝေဖူးငုံ သူ့ကို လုံးဝ မချစ်နိုင်သည့်အဖြစ်။

မိုးလွင်တိုးကို မချစ်နိုင်သော်လည်း ဝေဖူးငုံ သူ့ကို အရမ်း ခင်ပါသည်။ အခင်မင်ရဆုံး သူငယ်ချင်း တစ်ယောက်အဖြစ် သူ့ကို သတ်မှတ်ထားခဲ့သည်ပဲ။

မိုးလွင်တိုးကတော့ ဖွဲမလျှော့၊ တစ်နေ့မှာ ဝေဖူးငုံ သူ့ကိုတုံ့ပြန်ချစ်ခင်လာလိမ့်မည် လို့ ယုံကြည်ထားသည်။

"ကိုယ်က သိပ်ပြီး ဇွဲရှိတဲ့ကောင်နော်၊ အဲဒါကိုတော့ ဝေဖူး သိထား၊ ဝေဖူးရဲ့ မေတ္တာ ကို မရမချင်း ကိုယ်ကြိုးစားနေမယ်"

ခင်မင်စရာကောင်းတဲ့ သူငယ်ချင်းတစ်ယောက်ထက် ဘယ်တော့မှ သူမရင်မှာ ပိုလာ မည်မဟုတ်လို့ ဝေဖူးငုံယုံကြည်ထားသည်။ မိုးလွင်တိုးက စိတ်အားထက်သန်စွာ ပြောနေ သည်ကို အပြုံးမျက်နှာလေးနှင့်ပဲ ခံယူလိုက်သည်။

မိုးလွင်တိုးကို မချစ်နိုင်သော်လည်း သူမရင်မှာ သူငယ်ချင်းတစ်ယောက်လို လွန်စွာ ငြိတွယ်နေပါပြီ။

မိုးလွင်တိုးကြောင့်ရော။ ဘယ်ယောက်ျားသားကြောင့်ရော အတွက်မှ

Scanned by CamScanner

မလှုပ်ရှားခဲ့ သော တဒင်္ဂတွေ့ရှိလိုက်ရသော လူတစ်ယောက်ကြောင့် လှုပ်ခတ်ခဲ့ရသည်။

ဘယ်သူဘယ်ဝါမှန်းမသိသော သူတစ်ယောက်၊ ပန်းချီကားချပ်ကို ဝယ်စဉ် လျှပ်တစ် ပြေးသာ တွေ့ခဲ့ရသော လူစိမ်းကြောင့် သူမနှလုံးသားလေ အိပ်ပျော်ရာမှ နိုးခဲ့ပြီလား။

"အို ... ငါ့အပေါ်မှာ စိတ်ရှည်သည်းခံတဲ့ ကိုတိုးကိုပဲ ငါချစ်ရမယ်၊ သူ့အပေါ် ချစ်စိတ် တွေ မွေးဖွားယူရမယ်"

စိတ်ရှည်ခြင်းရှိသော မိုးလွင်တိုးကိုသာ သူမ ချစ်ခင်မေတ္တာသက်ဝင်ချင်ပါသည်။ ချော မွေ့ပြီး အရည်အချင်းတွေနှင့် ပြည့်စုံသော မိုးလွင်တိုးကို ဘာကြောင့် မချစ်နိုင်သေးတာလဲ၊ အားမလိုအားမရ မကျေမနပ်နှင့် မိမိကိုယ်ကိုမိမိ အပြစ်တင်လိုက်မိသည်။

*

နေ့တစ်နေ့နံနက် ထွေးငယ်နှင့် ပန်းချီပြခန်း အရောင်းဆိုင်ဆီသို့ လိုက်ခဲ့သည်။ သည်နေ့ လာရောက်ကြည့်ရှုဝယ်ယူသူ နည်းလှသည်။

"ဘယ်လိုလဲ ဝေဖူး၊ နင့်ရဲ့လူကြီး မလာသေးဘူးလား ..."

ထွေးငယ် ကျီစယ်လိုက်သည်။

"ဟုတ်တယ်ဟာ၊ သူ လာများ လာမလားလို့ မျှော်နေတာ အလကားပါပဲ"

"ကျွတ် ... ကျွတ် ... သနားလိုက်တာ"

မျက်နှာငယ်လေးနှင့် ဝေဖူးငုံကိုကြည့်ပြီး ထွေးငယ်က

Scanned by CamScanner

လှောင်လိုက်ပြန်သည်။ ဝေဖူး ငုံရဲ့ရင်ထဲမှာ တကယ်ပဲ ဟာနေသည်။ မိုးမြင့်ဦးကို မျှော်လင့်တမ်းတသည်။ တစ်ခါလောက် တော့ မိုးမြင့်ဦးကို ပြန်လည် တွေ့ဆုံချင်ပါသေးသည်။

တစ်နေ့သာ ကုန်ရော၊ မိုးမြင့်ဦးက ပေါ်မလာပါ။ ဘယ်သူဘယ်ဝါမှန်း မသိသောသူ တစ်ယောက်ကို ဝေဖူးငုံက မိုက်မဲစွာ တမ်းတနေမိပြီပဲ။

"နင့်လူကြီးက ဒီနေ့တော့ မလာတော့ပါဘူးဟာ"

"ဆိုင်ပဲ ပိတ်ပြီးနေပြီ လာတော့ မလားဟ"

ပြောင်စပ်စပ် မျက်နှာလေးနှင့် ထွေးငယ်ကို စိတ်တိုတိုနှင့်ပြောသည်။ စိတ်ထဲမှာ မတင်မကျ ခံစားနေရသည့်အထဲ ထွေးငယ်က လာလာပြီး ဆွနေတော့ စိတ်တိုသည်ပေါ့။

သူငယ်ချင်းနှစ်ယောက် ဈေးဝယ်ပြီး တိုက်ခန်းဆီသို့ပြန်ခဲ့သည်။ အိမ်ပြန်ရောက် သည်နှင့် ညစာအတွက်ရော မနက်ဖြန်အတွက်ပါ နှစ်ယောက်အတူတကွ ချက်ပြုတ်ကြ သည်။

ထုံးစံအတိုင်း ရေမိုးချိုးပြီး ညစာစားတော့ ခြောက်နာရီပင် ထိုးပြီးနေပြီလေ။

*

Scanned by CamScanner

## အခန်း(၄)

မိုးမြင့်ဦးက သန်လျင်သို့ ပြန်သွားခဲ့သည်။ ပန်းချီပြခန်းမှာ တွေ့ဆုံခဲ့ရသော ပန်းချီ ဆရာမလေး ထွေးငယ်ဆိုပြီး ဝေဖူးငုံကို ထင်မှတ်ခဲ့သည်။

ဝေဖူးငုံရဲ့ ရုပ်ဟန်လေးတွေကို မျက်ဝန်းထဲမှာ ပြန်လည်ခံစားမိသည်။ မိန်းမတွေကို မုန်းပါသည်။ စိတ်မဝင်စားပါဘူး၊ စိတ်နာသည်လို့ ခံယူထားသော နှလုံးသားထဲမှာ ဘာ ကြောင့် မိန်းမတစ်ယောက်က ငြိတွယ်လာရပြန်သည်လဲ။

မကျေနပ်နိုင်ပါ၊ မိုးမြင့်ဦး လုံးဝသူ့ကိုယ်သူ မကျေနပ်နိုင်ပါ၊ လေ့လာရုံလေးသာ ပန်းချီပြခန်းကို သူသွားကြည့်ခဲ့သည်။ ဝေဖူးငုံရဲ့ မျက်နှာလေးကို တွေ့မြင်လိုက်သည်နှင့် သူ့ရင်မှာ လှုပ်ခတ်ခဲ့ရသည်။ မရည်ရွယ်ဘဲနှင့် ပန်းချီကားချပ်ကို ဝယ်ယူလိုက်မိသည်။

သန်လျင်တံတားပေါ်မှာ ဖြည်းဖြည်းမှန်မှန်နှင့်မောင်းနေသည်။ ရန်ကုန်နှင့် သန်လျင် တံတားရှိနေ၍ သွားရေးလာရေး အရမ်းလွယ်ကူနေသော်လည်း မိုးမြင့်ဦးက ရန်ကုန်သို့ လာ ခဲ့သည်။ အကြောင်းကိစ္စ တစ်စုံတစ်ခုရှိမှ၊ ဒါမှမဟုတ် စာမူကိစ္စရှိမှ ရန်ကုန်သို့ ကူးတတ် သည်။

"သစ္စာမရှိ ဖောက်ပြားတတ်တဲ့ အမျိုးဖြစ်တဲ့ မိန်းမတစ်ယောက်ကို ငါဘာကြောင့် စွဲ လမ်းနေမိရတာ လဲ"

"ဒင်းတို့အားလုံး ဒီပုတ်ထဲက ဒီပဲတွေပဲ၊ ဘာထူးမှာလဲ၊ အားလုံး အတူတူပဲ၊ ခြံခုန်ချင် တဲ့နွားတွေပဲ"

မေးကြောတွေ တင်းအောင် အံကို တင်းတင်းကြိတ်လိုက်သည်။

Scanned by CamScanner

အတွေးထဲမှာ စိုးမိုး နေသော ဝေဖူးငုံရဲ့ရုပ်လွှာကို ရိုက်မောင်းထုတ်ပစ်သည်။

မြို့စွန်ရှိ သူ့ရဲ့အိမ်ဆီသို့ မောင်းခဲ့သည်။ ကျယ်ဝန်းသော ခြံကြီးထဲမှာ သူ့ရဲ့မိခင်ကို အိမ်ကြီးပေါ်မှာ နေစေသည်။ သူက သီးသန့်ခြံကျယ်ကျယ်မှာ အိမ်သေးသေးလေး တစ်လုံး ဖြင့် သီးသန့်နေသည်။

သူ့အိမ်ဆီသို့ တန်းတန်းမတ်မတ်ပြန်ခဲ့သည်။ အိပ်ခန်းထဲမှာ ဝယ်ခဲ့သော ပန်းချီကား ချပ်ကို ထောင်ထားလိုက်သည်။

ခုတင်ဘေးမှစားပွဲပေါ်ရှိ ဒေါက်တပ်မှန်ပေါင်ထဲက ဓာတ်ပုံဆီသို့ သူ့အကြည့်ရောက် သွားသည်။ ထိုဓာတ်ပုံရှင်ကိုမြင်ပြီး ရင်ထဲမှာနာကြည်း ခံစားမှုတွေကို ပြန်လည်ခံစားမိ သည်။

"ကျေးဇူးပဲ၊ ငါ့ရဲ့ လွတ်ထွက်သွားတဲ့ စိတ်တွေကို မင်းပြန်ထိန်းပေးလိုက်တာပဲ၊ သစ္စာမရှိတဲ့ မိန်းမတွေကို မယုံစားဖို့ မင်းသင်ပေးခဲ့တာ ငါမမေ့သွားတယ်"

တစ်ကိုယ်တည်းပြောရင်း ရင်ထဲသို့ အမှတ်တမဲ့တိုးဝင်ခဲ့သော မိန်းကလေးကို မောင်း ထုတ် မေ့ပစ်လိုက်သည်။

*

ကံကော်ဦး တိုက်မှ ဝေဖူးငုံပြန်လာသည်။ တိုက်ခန်းသို့ ရောက်တော့ တံခါးဖွင့်လိုက် စဉ် ကြမ်းပြင်ပေါ်မှာ စာတစ်စောင် စောင့်ကြိုနေသည်ကို တွေ့ရသည်။

မိမိရဲ့အမည်ကို စာအိတ်ပေါ်မှာတွေ့သည်။ ဖခင်ရဲ့လက်ရေးဖြစ်နေသည်။ စလင်း ဘက်ကို ကုလားထိုင်ပေါ်ချလိုက်ပြီး စာကို

Scanned by CamScanner

အလောတကြီး ဖောက်ဖတ်သည်။

သူမရဲ့မိခင် နည်းနည်းနေမကောင်းဖြစ်နေသည်။ အားလျှင် ပုသိမ်သို့ ခဏပြန်လာ ရန် ဖခင်ကြီးက စာရေးလိုက်ခြင်းပါ။ ဝေဖူးငုံမိခင်အတွက် လွတ်ခနဲ စိတ်ပူသွားသည်။ ပြီးမှ သိပ်ပြီး အရေးကြီးလျှင် စိုးရိမ်ရလျှင် သံကြိုးရိုက်၊ ဖုန်းဆက်မှာပေါ့လို့ တွေးမိသည်။

နောက်တစ်နေ့မှာပဲ ပုသိမ်သို့ပြန်ရန် စီစဉ်မည်လို့ စိတ်ကူးလိုက်သည်။ ထွေးငယ် ပြန်ရောက်လာသည်။

"ထွေးငယ်ရေ၊ ငါတော့ ပုသိမ်ပြန်ရလိမ့်မယ် မေမေ နေမကောင်းလို့တဲ့"

"ဟုတ်လား၊ ဘယ်နေ့ပြန်မှာလဲ"

"မနက်ဖြန် လက်မှတ်ရအောင်လုပ်ပြီး သန်ဘက်ခါပြန်မယ်"

"ငါ ဘာကူညီရဦးမလဲ"

"ရပါတယ်"

ဝေဖူးငုံ ထိုနေ့ညက မိခင်ကို စိတ်ပူမိသည့်စိတ်ဖြင့် တော်တော်နှင့် အိပ်မပျော်ခဲ့ပါ။

*

နောက်တစ်နေ့နံနက်၊ စာအုပ်တိုက်သို့သွားပြီ ပုသိမ်သို့ ခဏပြန်မည်လို့ အကြောင်း ကြားသည်။ အယ်ဒီတာ သက်အောင်က ကြိုတင်ငွေထုတ်ပေးသဖြင့် ဝေဖူးငုံ လက်ခံလိုက် သည်။

သင်္ဘောလက်မှတ်ဝယ်ရန် သင်္ဘောဆိပ်ကမ်းရုံးသို့ ဝေဖူးငုံထွက်ခဲ့သည်။

Book Sharing

Scanned by CamScanner

စာအုပ် တိုက်လမ်းမှအထွက် မမျှော်လင့်ဘဲ မိုးလွင်တိုးနှင့် ဆုံသည်။

"ဝေဖူး ဘယ်သွားမလို့လဲ"

"သင်္ဘောလက်မှတ် သွားဝယ်မလို့"

"လာလေ၊ ကိုယ်လိုက်ပို့ပေးမယ်"

"ကျေးဇူးပဲ"

နောက်က ကားတန်းက ဟွန်းတတီတီ တီးနေပြီမို့ ကားပေါ်သို့ ဝေဖူးငုံက သွက် သွက်လေး တက်သည်။

"ကဲ ... သင်္ဘောဆိပ်ကို ဒါရိုက်ဆရာရေ"

ပြောင်ချော်ချော်မျက်နှာလေးနှင့် မိုးလွင်တိုးကိုပြောလိုက်သည်။ မိုးလွင်တိုးကလည်း သွက်သွက်လေး မောင်းထွက်သည်။

"နေပါဦး ဝေဖူးက ဘာသွားလုပ်မလို့လဲ"

"မေမေနေမကောင်းလို့ ခဏပြန်မလို့လေ"

"ဟုတ်လား၊ ဝေဖူးတို့မြို့ ကိုယ်တစ်ခါမှ မရောက်ဖူးဘူး၊ လိုက်လည်လို့ရမလား"

ဝေဖူးငုံရဲ့ မျက်နှာလေးကို စောင်းငဲ့ကြည့်ရင်း မိုးလွင်တိုးက မေးလိုက်သည်။ အလွန် ချစ်စရာကောင်းပြီး ချစ်သင့်ချစ်ထိုက်သောသူ ဖြစ်ပေမယ့် ဝေဖူးငုံ လုံးဝချစ်၍ မရသော မိုးလွင်တိုးကို ဝေဖူးငုံက စေ့စေ့လေးကြည့်မိသည်။

"ကိုတိုး လိုက်ချင်လို့လား"

"ဝေဖူးခေါ်ရင် လိုက်ချင်တာပေါ့"

"ဒါဆို လိုက်ခဲ့လေ ခေါ်ပါတယ်"

Scanned by CamScanner

"တကယ်လား"

"တကယ်ပါ ကိုတိုးရယ်"

"ဒါဆို ကိုယ့်အတွက်ပါ လက်မှတ်ဝယ်လိုက်မယ်နော်"

"အိုကေ"

ဆိပ်ကမ်းသို့ ရောက်ခဲ့ပါပြီ။ မိုးလွင်တိုးကပဲ လက်မှတ်သွားဝယ်သည်။ အထူးခန်းက ဝယ်လာခဲ့သည်။

"ဝေဖူး သက်သက်သာသာ သွားရအောင် အထူးတန်းက ဝယ်ခဲ့တယ်"

"ကောင်းတာပေ့ါ"

"ကဲ ... ဘယ်များ သွားချင်သေးလဲ၊ ဒီနေ့ မိုးလွင်တိုးဆိုတဲ့ ဒရိုင်ဘာလေး ဝေဖူးနား မှာ ရှိနေတယ်"

"မေမေတို့အတွက် မုန့်တို့ ဆေးတို့ နည်းနည်းဝယ်ချင်တယ်"

"ရတယ်လေ၊ ဘယ်ကို အရင်မောင်းရမလဲပြော"

"ဗိုလ်ချုပ်ဈေးသစ်ဘက်ကို အရင်သွားချင်တယ်"

"ရတယ်"

မိုးလွင်တိုးက လှိုက်လှဲစွာပြုံးရယ်ပြီး ပြောသည်။ မိုးလွင်တိုးကို မြင်ရလေတိုင်း ဝေဖူး ငုံ စိတ်မကောင်း ဖြစ်ရသည်။ မိုးလွင်တိုးရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်ပေမယ့် နှလုံး သားက လက်မခံတော့ ခက်လှပါသည်။

ဝေဖူးငုံကို စိတ်ရှည်လက်ရှည် လိုက်ပို့သည်။ ပြီးတော့ နံနက်စာကျွေးပြီးမှ တိုက်ခန်း ဆီသို့ မိုးလွင်တိုးက ပြန်လိုက်ပို့ပေးသည်။

"ကဲ...ဝေဖူး ကိုယ် အပေါ်မတတ်တော့ဘူး၊ မနက်ဖြန်အတွက် ဝေဖူး ပြင်ဆင်ရဦး မယ် မဟုတ်လား၊ မနက် ကိုယ်ကားငှားပြီး လာခေါ်မယ် စောင့်နေပေ့ါ"

Scanned by CamScanner

"ဟုတ်ပြီလေ"

"သွားပြီ"

မိုးလွင်တိုးကို နှုတ်ဆက်ပြီး တိုက်ခန်းဆီသို့ တက်ခဲ့သည်။

ခဏတဖြုတ်နားပြီး အဝတ်အစားအိတ်ကို ပြင်ဆင်သည်။

*

Scanned by CamScanner

## အခန်း(၅)

ထွေးငယ် ပြန်ရောက်လာသည်။ ထွေးငယ်က ဝေဖူးငုံတို့ရဲ့ မိဘတွေအတွက် စား သောက်ဖွယ်ရာ လက်ဆောင်များ ဝယ်လာသည်။

"ထွေးငယ်ရယ်၊ အလကား ပိုက်ဆံကုန်အောင် ဝယ်လာရသေးတယ်"

"နင်ကလဲဟာ ဒါလောက်လေး ဝယ်ပေးတာကိုများ စကားထဲ ထည့်ပြောရသေး လား၊ ငါလဲ ကုသိုလ်ရချင်လို့ပေ့ါဟ့"

ညီအစ်မရင်းတစ်မျှ ချစ်ခင်ရပါသောသူငယ်ချင်းကို ဝေဖူးငုံက ချစ်ခင်စွာ ကြည့်လိုက် သည်။ ထိုနေ့ညစာကို ထွေးငယ် ထမင်းဆိုင်ကဝယ်လာ၍ ချက်ပြုတ်စားစရာပင် မလိုတော့ ပါ။

နံနက် ခရီးသွားရမှာမို့ ဝေဖူးငုံက အိပ်ရာသို့ စောစောဝင်သည်။ မိုးလွင်တိုး လိုက် ခဲ့သည့်အတွက် မိဘများ တစ်မျိုးတစ်မည် မတွေးထင်ပါစေနဲ့လို့သာ ဆုတောင်းနေပါသည်။

*

နောက်တစ်နေ့ နံနက်မှာ အငှားကားဖြင့် မိုးလွင်တိုးရောက်လာသည်။ ထွေးငယ်က ကားနားအထိ လိုက်ပို့သည်။ ထွေးငယ်ကို နှုတ်ဆက်ပြီး

Scanned by CamScanner

သဘော်ဆိပ်သို့ ထွက်ခဲ့သည်။

အိပ်စင်ပါသော အခန်းမို့ နားနားနေနေ ခရီးသွားနိုင်သည်။ မိုးလွင်တိုးနှင့်အတူ ခရီး သွားရတာ မို့ ပို၍ ရင်းနှီးမှုကို ဝေဖူးငုံခံစားရသည်။ မိမိကို အစစအရာရာ ဂရုစိုက်သော မိုးလွင်တိုးကို အားပင်နာလာသည်။

စာအကြောင်း ပေအကြောင်း ဆွေးနွေးကြရင်း ည တော်တော်နှင့် မအိပ်ဖြစ်ကြပါ။ ပုသိမ်သို့ ရောက်ခဲ့ပါပြီ။ ဝန်စည်စလယ်များကို မိုးလွင်တိုးက ဒိုင်ခံသယ်သည်။ မနိုင်မနင်း ဖြစ်နေသည့် သူ့ကိုကြည့်ပြီး ဝေဖူးငုံ သနားသွားသည်။

ငှက်ပျောတန်းလမ်း အိမ်ဆီသို့ ရောက်ခဲ့ပါပြီ။ မိခင်ကြီးကို ဝေဖူးငုံ အပြေးအလွှား တွေ့သည်။

"ဟယ် … သမီးလေး၊ ပြန်လာတာလား"

မိခင်ဒေါ်အေးလှက အိပ်ရာပေါ်ကနေ သမီးကိုမြင်သည်နှင့် ဝမ်းသာအားရ လှမ်းခေါ် သည်။ ဝေဖူးငုံက မိခင်နားဆီသို့ ပြေးသွားသည်။ မိခင်ရဲ့ လက်တွေကို ကြင်နာစွာ ထွေး ပိုက်လိုက်သည်။

"မေမေ … နေမကောင်းဘူးဆိုလို့ ပြန်လာတာ"

""သမီး အဖေကို စာမရေးပါနဲ့လို့ ပြောတာ၊ ရေးလိုက်တာကိုး"

မေမေ ဘာဖြစ်လို့လဲဟင်၊ ခုရော ဘယ်လိုနေလဲ"

"ခြေဆစ်၊ လက်ဆစ်တွေယောင်ပြီး လေးဘက်နာပြန်ထတာပါကွယ်၊ ခုတော့ မေမေ သက်သာနေပါပြီ"

"တော်ပါသေးရဲ့ ဝေဖူးက အရမ်းစိတ်ပူနေတာ"

ဒေါ်အေးလှရဲ့ရင်ခွင်မှာ မျက်နှာကိုကပ်ပြီး ဝေဖူးငုံက ချွဲချွဲလေးပြောသည်။ ဒေါ်အေး လှက သမီးရဲ့ ဆံစတွေကို ပွတ်သပ်ပေးရင်း ကြင်နာစွာ ပြုံးနေသည်။

BookShaing

Scanned by CamScanner

"မေမေ့ကို ပြောရဦးမယ်၊ သမီးရဲ့ မိတ်ဆွေတစ်ယောက် အလည်လိုက်ချင်တယ် ဆိုလို့ ခေါ်လာခဲ့တယ်"

ဒေါ်အေးလှက သမီးရဲ့ မိတ်ဆွေဆို၍ မိန်းကလေးလို့ပင် ထင်လိုက်သည်။

"မိန်းကလေးကို အခန်းထဲခေါ်ခဲ့ရောပေ့ါ သမီးရယ်"

"မဟုတ်ဘူး မေမေရဲ့၊ သူက ယောကျ်ားလေးပါ"

ဒေါ်အေးလှက တအံ့တဩဖြစ်နေသည်။ ဘယ်တုန်းကမှ ယောကျ်ားလေး သူငယ်ချင်း ကို ညအိပ်ညနေ အိမ်သို့အလည်ခေါ်လေ့မရှိသော ဝေဖူးငုံက ခုတော့ အိမ်လည်ခေါ်လာ သည်ပဲ။

"သူက ဘယ်ကလဲ သမီး"

"ရန်ကုန်ကပဲပေ့ါ မေမေ"

"သမီး သိပ်ကို ထူးခြားနေတယ်နော်"

"ဘာလို့လဲ မေမေ"

"အိမ်ကို ယောကျ်ားလေး ဧည့်သည် ခေါ်လာလို့ပေ့ါ"

စူးစမ်းစွာကြည့်နေသော မိခင်ကို ဝေဖူးငုံ စေ့စေ့ပင် ပြန်မကြည့်ရဲတော့ပါ။

"ရန်ကုန်မှာ သူက သမီးကို အစစအရာရာ သိပ်ပြီးကူညီခဲ့တာ မေမေရဲ့၊ အစ်ကို တစ်ယောက်လိုပဲ သမီး သူ့ကို အားကိုးနေရတာ ပါ"

"ဪ ... ဟုတ်လား"

"ဖေဖေက ဘယ်တွေ သွားနေတာလဲ"

"သူ့ သူငယ်ချင်းတစ်ယောက် အိမ်ကိုပါ"

Scanned by CamScanner

"မေမေရယ် … သမီးရဲ့ ညည်သည်ကို ထွက်ပြီး တွေ့လိုက်ပါဦးနော်"

"အေး … အေး မေမေ လိုက်ခဲ့မယ် သမီး"

ဧည့်သည်ကို တစ်ယောက်တည်း ပစ်ထားသလိုဖြစ်နေမှာမို့ ဝေဖူးငုံက မိခင်ရဲ့ အခန်းက ပြန်ထွက်ခဲ့သည်။ ဧည့်ခန်းထဲမှာ ငူငူငေါင်ငေါင်လေး တစ်ယောက်တည်းပါလား။

"ပျင်းနေပြီလား ကိုတိုး ဆောရီးပဲနော်၊ မေမေနဲ့ စကားမပြတ်သေးလို့"

"ရပါတယ်ကွာ"

"ဟော … မေမေ လာပါ"

အခန်းထဲသို့ ဝင်လာနေသော မိခင်ကို ဝေဖူးငုံက လှမ်း၍ ကြိုလိုက်သည်။ မိုးလွင် တိုးနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်မှာ ဒေါ်အေးလှက ဝင်ထိုင်သည်။ မိုးလွင်တိုးကို အပြုံး တစ်ခုနှင့် နှုတ်ဆက်ရင်း ရှုးစမ်းလေ့လာနေသည်။

"မေမေ … ဒါ ကိုမိုးလွင်တိုးတဲ့၊ သမီးရဲ့ သူငယ်ချင်းလေ"

"ဩော် … ဟုတ်လား၊ ဒေါ်ဒေါ်တို့ဆီ အလည်လိုက်လာတယ်လို့ သမီးလေးက ပြော ပါတယ်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဒါနဲ့ နေမကောင်းတာ ဘယ်လိုနေပါသေးလဲ ခင်ဗျ"

ရည်မွန်သိမ်မွေ့စွာ မိုးလွင်တိုးက မေးလိုက်သည်။ မိုးလွင်တိုးရဲ့ ရုပ်လက္ခဏာ၊ ပြီး တော့ သူ့ရဲ့ ပြောပုံဆိုပုံကိုကြည့်ပြီး ပညာတတ် လူ့ယဉ်ကျေးတစ်ယောက်ဆိုတာ ဒေါ်အေး လှက ခန့်မှန်းမိသည်။

"သက်သာသွားပါပြီကွယ်၊ ဒေါ်ဒေါ်တို့ဆီမှာ ဘာမှ အားမနာနဲ့ အေးအေးဆေးဆေး လည်ပတ်ပြီးမှ ပြန်ပေါ့"

Scanned by CamScanner

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

"သမီးရယ်...မောင်မိုးလွင်တိုးအတွက် အိပ်ခန်းပြင်ပေးလိုက်ပါဦး၊ ခရီးပန်းလာတော့ နားချင်မှာပေါ့ကွယ်"

"ဟုတ်ကဲ့ မေမေ"

မိုးလွင်တိုးအတွက် ဝေဖူးငုံက အိပ်ခန်းပြင်ပေးသည်။ မိုးလွင်တိုးကလည်း ကူညီ လုပ်ကိုင်ပေးသည်။

"ရပါတယ် ကိုတိုးရယ် ... ဝေဖူး လုပ်ပေးမှာပေါ့"

"ခရီးပန်းလာတာချင်းတူတူ ဝေဖူး ကိုယ့်အတွက် ပင်ပန်းနေတာ မကြည့်ရက်ပါဘူး"

ရွှမ်းလက်သော အကြည့်စူးစူးတွေဖြင့် ကြည့်ပြီး မိုးလွင်တိုးက ပြောသည်။ ကြင်နာ ညှာတာတတ်သော မိုးလွင်တိုး၏ စိတ်ထားကို ဝေဖူးငုံလေးစား သွားရပါသည်။

"ကဲ ... ကိုတိုး ရေချိုးပြီး ခဏနားလိုက်ပါလား၊ ပြီးရင် ထမင်းစားကြမယ်နော်"

"ရေချိုးချင်တယ်၊ နားတော့ မနားချင်ပါဘူး ဝေဖူးရယ်"

"ကဲ ... ဒါဆို ချိုးလိုက်လေ၊ ဝေဖူး မီးဖိုထဲ သွားကြည့်လိုက်ဦးမယ်"

မီးဖိုဆောင်ဆီသို့ ဝေဖူးငုံ ဝင်သည်။ အိမ်ဖော်မလေး မလုံး ချက်ပြုတ်နေသည်ကို မေးသည်။

"မလုံးရေ .. ဒီနေ့ ဘာဟင်းတွေ ချက်လဲ"

"မမဝေတို့ ရောက်လာတာနဲ့ မလုံး ဈေးပြေးလိုက်သေးတယ်လေ၊ ကြက်သားဟင်း ရယ်၊ ငါးရံ့အူရယ် ချက်ထားတယ်"

Scanned by CamScanner

"တို့အကြိုက် ငါးရံ့အူကို ရအောင် ဝယ်ခဲ့တယ်ပေါ့"

"ဟုတ်တယ် မမဝေရဲ့"

ရုပ်မချောသော်လည်း သဘောကောင်း၊ မျက်နှာချိုသော မလုံးကို ဝေဖူးငုံ သိပ်ကို ခင်တွယ်ပါသည်။

"တို့ ကူရဦးမလား"

"ရတယ်၊ မလုံး တစ်ယောက်တည်း နိုင်ပါတယ်၊ ကျက်တာနဲ့ ခူးခပ်လိုက်မယ်နော်"

"အေး ... ခူးပြီး ခေါ်လိုက်နော်"

"ဟုတ်ကဲ့ မမဝေ"

ဝေဖူးငုံ မီးဖိုးခန်းက ပြန်ထွက်သည်။ သူမရဲ့ အခန်းသို့ပြန်ပြီး ရေမိုးချိုး၊ အဝတ် အစားလဲလိုက်သည်။

သနပ်ခါးလိမ်းတာ သိပ်ဝါသနာပါတဲ့ ဝေဖူးငုံ၊ မျက်နှာပြောင်လေးနှင့်ပဲ ရှိနေသည်။ နားရွက် အောက်နားလောက်ရှိသည့် ဆံပင်ကို အတွင်းဘက်သို့ ကုပ်ထားသဖြင့် သည် တိုင်းပင် ဖားလျား ချထားလိုက်သည်။

ထမင်းစားခန်းဆီသို့ တစ်ခေါက်ဝင်ကြည့်သည်။

မလုံးက ထမင်းပွဲပြင်ဆင်နေသည်။ မလုံးနှင့်ဝင်ပြီးကူညီသည်။ အသင့်ဖြစ်မှ မိုးလွင် တိုးကို သွားခေါ်သည်။

မိခင်ကြီးအား မလုံးကို သွားခေါ်စေလိုက်သည်။

ထမင်းပွဲ ပြင်ဆင်ပြီးချိန်မှာ ဖခင် ဦးတင် ပြန်ရောက်လာသည်။

"ဟာ ... သမီးလေး ရောက်နေပါလား"

သမီးကိုမြင်တော့ ဝမ်းသာအားရနှင့် နှုတ်ဆက်လိုက်သည်။ ဝေဖူးငုံက

Scanned by CamScanner

ဖခင်နားဆီ သို့ ပြေးသွားသည်။

"ဖေဖေကလဲ ဘယ်တွေ လျှောက်လည်နေတာလဲ"

"ဘုန်းကြီးကျောင်းကိစ္စနဲ့ သွားနေတာပါ သမီးရယ်"

"သမီးတို့ ထမင်းစားတော့မလို ဖေဖေလဲ တစ်ခါတည်း စားနော်"

"စားမှာပေ့ါ"

"အဲ့ဒါသာကြည့် သမီးရေ ... သမီးရဲ့ အဖေက အားကြီး လမ်းထွက်တာပဲ"

"ဖေဖေက မေမေ နေမကောင်းတဲ့အချိန် မေမေ့နား မနေတာ လွန်တာပေ့ါ"

ဝေဖူးငုံက ဖခင်ကို ကျီစယ်လိုက်သည်။

"သမီးမေမေ နေမကောင်းနေလို့ ဖေဖေထွက်ရတာ ပါကွာ၊ နို့မို့ဆို သူ့နားမှာပဲ ဖေဖေ က နေရတာ ပါ"

ထမင်းစားခန်းဆီသို့ သားအမိ သားအဖ သုံးဦးသား ဝင်ခဲ့ကြသည်။ ထမင်းစားပွဲမှာ လူစိမ်းတစ်ယောက်ကို ဦးတင်မြင့်ပြီး တအံ့တဩ ရှိသွားသည်။

"ဖေဖေ ဒါ ဝေဖူးရဲ့သူငယ်ချင်းလေ၊ ရန်ကုန်ကပါ၊ ပုသိမ်ကို လိုက်လည်တာ ဖေဖေ"

ဝေဖူးငုံက မိုးလွင်တိုးနှင့် ဖခင်ကို မိတ်ဆက်ပေးလိုက်သည်။ မိုးလွင်တိုးက လူယဉ် ကျေးပီပီ၊ ထိုင်နေရာမှ ထရပ်ပြီး ခါးလေးကိုင်းကာ ဦးတင်ကို နှုတ်ဆက်လိုက်သည်။

"ထိုင်ပါ မောင်ရင်"

စကားတပြောပြောနှင့် နံနက်စာကို စားသောက်ကြသည်။ သမီးရဲ့

Book Sharing

Scanned by CamScanner

ထူးခြားသော လုပ်ရပ်ကို ဦးတင်က အံ့ဩမိသည်။ မိုးလွင်တိုးကိုလည်း သမီးရဲ့သာမန် မိတ်ဆွေလို့ မထင် မိပါ။ ဒါကြောင့် မိုးလွင်တိုးရဲ့ ကိုယ်ရေးရာဇဝင်ကို တစစနှင့် မေးမြန်းပါတော့သည်။

"မောင်ရင်က ရန်ကုန်မှာ ဘာအလုပ်အကိုင်များ လုပ်ပါသလဲ"

"ကျွန်တော်က ကိုယ်ပိုင် စာပေတိုက် တစ်တိုက် ထူထောင်ထားပါတယ် ဦး။"

"သြော် ... မောင်ရင်လဲ စာပေသမားပဲကိုး"

"ဟုတ်ပါတယ် ဦး၊ ကျွန်တော့်ရဲ့တိုက်မှာ ပင်တိုင်နာမည်ကြီး စာရေးဆရာ ငါးဦး ရှိပါ တယ်"

"သူက သူ့ငွေး ဖေဖေရဲ့၊ သူ့တိုက်က အရမ်းအောင်မြင်တာ"

ဝေဖူးငုံက မျက်နှာ ပြုံးစစနှင့်ပြောသည်။ ဝေဖူးငုံရဲ့မျက်နှာကို အပြုံးငွေ့ငွေ့နှင့် မိုး လွင်တိုးက လှမ်းကြည့်လိုက်သည်။

"လူငယ်တွေ အဲလို ကြိုးစားတာမြင်ရင် ဦး အရမ်း ဝမ်းသာတယ်"

မိုးလွင်တိုးရဲ့ စီးပွားရေးအခြေအနေကို သိရပြီး ကြိုးစားသော ခေတ်လူငယ်ဆိုတာ သိရပြီး ကျေနပ်သွားသည်။

"မိဘတွေရော ရှိသေးတယ်ပေါ့"

"အမေနဲ့ အစ်ကိုတစ်ယောက် ရှိပါတယ်ဦး"

"သြော် ... ဟုတ်လား"

ဝေဖူးငုံ ကြားထဲက စိတ်ညစ်နေသည်။ ဖခင်က အမေးအမြန်းထူပြီး စပ်စုနေသည်မို့ မိုးလွင်တိုးကို အားနာနေသည်။

"ဖေဖေ နေပူထဲ သိပ်မထွက်နဲ့နော်၊ တော်ကြာ နေမကောင်း

Scanned by CamScanner

ဖြစ်နေဦးမယ်"

"မထွက်ပါဘူး သမီးရယ်"

တမင်ပင် စကားကိုဖြတ်ပြီး လမ်းကြောင်းပြောင်းလိုက်သည်။

တော်ပါသေးရဲ့ ဖခင်ရဲ့ စစ်ဆေးမေးမြန်းရေးလုပ်ငန်းက ရပ်တန့်သွားလို့သာပေါ့။

ခရိုးပန်းပြီး ဆာဆာနှင့် ဝေဖူးငုံရော မိုးလွင်တိုးပါ ထမင်းစားကြသည်။

*

Scanned by CamScanner

## အခန်း(၆)

"ကိုတိုး ဒီနေ့ ပင်ပန်းလာတော့ နားဦးနော်၊ မနက်ဖြန်မှ ဝေဖူးတို့ လည်ကြတာပေါ့"

"ရပါတယ် ... ဝေဖူးရယ်"

"ဟုတ်သားပဲ သမီး၊ မောင်မိုးလွင်တိုးကို မရောက်ဖူးတဲ့ နေရာတွေ လိုက်ပို့ဦးလေ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ညစာ စားသောက်ပြီး တော်တော်နှင့် မအိပ်ဖြစ်သေးပါ၊ တွေ့ဆုံခိုက် မိသားစုတွေ စကားပြော၍ မဝသေးအောင် ရှိနေသည်။

"မနက်ဖြန် ရေကြည်ရေနောက်ကို လိုက်ပို့ပေးမယ်နော်"

"ဝေဖူး မေမေ့နားမှာပဲနေပါ၊ ကိုယ့်အတွက် တာဝန်ပိုနေပါ့မယ်ကွယ်"

"ရပါတယ်၊ ကိုတိုးရဲ့"

ထိုနေ့ည ညဥ့်နက်မှ အားလုံး အိပ်ရာသို့ဝင်ကြသည်။ သဘောကောင်း ဖော်ရွေသော ဝေဖူးငုံတို့ရဲ့ မိဘတွေကို တစ်ရက်တည်းမှာပဲ မိုးလွင်တိုး ခင်မင်သွားသည်။

"မဆိုးပါဘူး၊ ယောက္ခမလောင်းကြီးတွေက သဘောကောင်းကြသားပဲ"

ဝေဖူးငုံဆီမှ ဘာမျှတုံ့ပြန်မှု မရသေးဘဲ လောဘတကြီး တွေးလိုက်မိသော သူ့ရဲ့ အဖြစ်ကို ရယ်ချင်သွားသည်။

Scanned by CamScanner

မိန်းကလေး တော်တော်များများနှင့် မိုးလွင်တိုး တွေ့ဆုံရင်းနှီးခဲ့ဖူးပါသည်။ ရည်းစား တွေလည်း ထည်လဲတွဲခဲ့ဖူးသည်။

အဲ့ဒါတွေက ဝေဖူးငုံနှင့် မတွေ့ဆုံခင်ကလေ။ ဝေဖူးငုံနှင့် တွေ့ဆုံပြီးနောက် ဝေဖူးငုံ တစ်ယောက်ကိုသာ သူ စွဲစွဲလမ်းလမ်း ငြိတွယ်ခဲ့သည်။ ဝေဖူးငုံရဲ့ မေတ္တာကိုသာ သူ တမ်း တမ်းတတ ရယူပိုင်ဆိုင်ချင်နေသည်။

ဝေဖူးငုံ သူ့ကို အမြန်ဆုံး ချစ်ခွင့်တုံ့ပြန်ပါစေလို့သာ ဆုတောင်းမိသည်။

နောက်တစ်နေ့နံနက်စောစောပဲ ရေကြည်ရေနောက်သို့ သွားသည်။ မိုးလွင်တိုးက အားနာ၍ ငြင်းဆန်သော်လည်း ဝေဖူးငုံက အတင်းလိုက်ပို့သည်။

ဝေဖူးငုံနှင့် ခုလို နီးနီးကပ်ကပ် လက်ပွန်းတတီး နေရတော့၊ ဝေဖူးငုံရဲ့ ချစ်စရာ ဟန်လေးတွေကို တွေ့မြင်ရပြီး၊ သူ့ရင်ထဲမှာ ချစ်စိတ်တွေ ပိုပြီး ဝေစည်လာသည်။

ချစ်ခင်မြတ်နိုးစိတ်တွေ ရင်မှာ ပိုပြီး ကြီးထွားရင့်မှည့်လာသည်။

*

နောက်တစ်နေ့ ဘယ်ကိုမှ မသွားချင်ဘူးလို့ မိုးလွင်တိုးက ငြင်းဆန်၍ အိမ်မှာ နေ ဖြစ်ကြသည်။ မိခင်နားမှာ ဝေဖူးငုံ တစ်နေ့တာ အချိန်ကုန်စေလိုက်သည်။

"သမီးတို့၊ ဒီမှာ ဘယ်နှစ်ရက်လောက် နေဦးမှာလဲ"

"တစ်ပတ်လောက်တော့ နေမယ် မေမေ"

"မောင်မိုးလွင်တိုး ချောင်းသာကို ရောက်ဖူးလား"

Scanned by CamScanner

"မရောက်ဖူးပါဘူး ဦး"

"ဒါဆို သမီး လိုက်ပို့ပေးလိုက်ပါလားကွယ်"

"ရပါတယ် ဦး၊ ဝေဖူးက ဒေါ်ဒေါ်ကို ပြုစုဖို့ ပြန်လာတာ၊ ကျွန်တော့်ကြောင့်နဲ့ အလုပ် ရှုပ်နေရပါပြီ"

မိုးလွင်တိုးက အားနာနာနှင့် အတင်းငြင်းနေသည်။ ဒေါ်အေးလှကလည်း အတင်း တိုက်တွန်းသည်။

"ဒေါ်ဒေါ် နေကောင်းပါတယ်ကွယ် ရောက်တုန်းရောက်ခိုက် သွားလည်လိုက်ပါ"

ဦးတင်ရော၊ ဒေါ်အေးလှပါ တိုက်တွန်းသဖြင့် ချောင်းသာသို့ သွားရန် စိတ်ကူးကြ သည်။ တစ်ရက်နှစ်ရက် ချောင်းသာမှာနေရန် ဒေါ်အေးလှကလည်း ခွင့်ပြုသည်။

"ဝေဖူးရယ် ကိုယ် လိုက်လာတာနဲ့ ဝေဖူး မိဘတွေနဲ့ အေးအေးဆေးဆေးကို မနေရ ဘူးနော်"

အားနာစွာနှင့် မိုးလွင်တိုးက ပြောသည်။ တကယ်လည်း သူ အားနာနေသည်။ သူ့ ကြောင့် ဝေဖူးငုံတို့မိသားစု တာဝန်ပိုနေရသည်လေ။

"ကြုံတုန်းကြုံခိုက် လိုက်လည်ရတာ ပဲ ကိုတိုးရယ်၊ နောက်ပြီး ဝေဖူးက အားနာရမယ့် လူလားဟင်"

ဝေဖူးငုံက ထိုသို့ ပြောလိုက်တော့ မိုးလွင်တိုး ရင်ထဲမှာ အရမ်းကို ကြည်နူးပီတိဖြာ သွားရသည်။ ဝေဖူးငုံ သူ့အပေါ် နည်းနည်း လှုပ်လှုပ်ရှားရှား ဖြစ်လာပြီလို့ လိုရာဘက်ဆွဲပြီး တွေးလိုက်သည်။

ရင်ထဲမှာ အရမ်းကို ချစ်မိသည့်စိတ်တွေ ဖြစ်နေသည်။ သူ့အိမ်လိုက်ပြီး သူ့ကို ချစ် စကားပြောတာ တရားလွန်ရာ ကျလွန်းနေမှာစိုး၍ ပြောချင်သည့်

Book Sharing

Scanned by CamScanner

ချစ်စကားများကို မှိုသိပ် နေရသည်။

ချောင်းသာသို့ ကားငှားပြီး ထွက်ခဲ့သည်။ ဟိုတယ်မှာ သီးသန့် အခန်းတစ်ခန်းစီ ငှားရမ်းပြီး နေကြသည်။ ပင်လယ်ကမ်းခြေ ချောင်းသာရဲ့ သာယာလှပမှုတွေကို ခံစားရင်း မိုးလွင်တိုး ရင်ထဲမှာ ကြည်နူးနေသည်။

ပင်လယ်ကမ်းခြေဘက် လမ်းလျှောက်ထွက်ရင်း လှိုင်းရိပ်တွေ မြူးနေသော ပင်လယ် ပြင်ကို မျက်နှာမူပြီး ပင်လယ်လေကို တစ်ဝကြီး အဆုတ်တွင်းသို့ ရှိုက်သွင်းလိုက်သည်။

သူ့ဘေးမှ ရပ်နေသော ဖြူနုချောမွေ့နေသည့် မိန်းကလေးကို ရီဝေသော အချစ် မျက်လုံးများဖြင့် ကြည့်လိုက်သည်။ ပင်လယ်လေ ကြမ်းကြမ်း၏ တိုက်ခတ်ကစားမှုကြောင့် ဝေဖူးငုံရဲ့ ဆံစလေးတွေ အစဥ်ကလျား လွင့်ပါးနေသည်။ မျက်နှာ ဖူးဖူးလေးက ကင်းစင်စွာ ပေါ်လွင်လေသည်။

အခြယ်အသ ကင်းမဲ့သော မိန်းကလေးကို မိုးလွင်တိုး တရှိုက်မက်မက် ငေးနေမိ သည်။ ပတ်ဝန်းကျင် ရှုခင်းတွေကို ကြည့်မွေ့စွာ ကြည့်နေရင်းမှ ဖျတ်ခနဲ မိုးလွင်တိုးကို လှမ်းကြည့်လိုက်သည်။ သူမကို စူးရဲစွာကြည့်နေသည်ကို တွေ့ရသည်။ ခိုးထုပ် ခိုးထည်နှင့် မိသည့် မိုးလွင်တိုးက သူမကို ရှက်ပြုံး တစ်ခုပေးသည်။

"ဝေဖူး ..."

"ရှင် ..."

စူးနစ်စွာ ဝေဖူးငုံကို မိုးလွင်တိုးက ကြည့်ရင်း ခေါ်သည်။

"ဝေဖူးရယ် ... ကိုယ့် ရင်ထဲမှာလေ ဝေဖူးကို ချစ်မိတဲ့စိတ်တွေ မမျိုသိပ်နိုင်ဘူးကွာ ဝေဖူးဆီ လိုက်လည်ပြီး အခွင့်အရေး ယူတယ်လို့ မထင်ပါနဲ့၊ ဝေဖူးကို ကိုယ် သိပ်ချစ်တယ်၊ ဘယ်တော့ ကိုယ်စိတ်ချမ်းသာရမှာလဲဟင်"

မိုးလွင်တိုးကို ကြည့်ပြီး ဝေဖူးငုံက သက်ပြင်း နက်နက်ရှိုက်လိုက်သည်။

Scanned by CamScanner

စိတ်ထဲမှာ ရုတ်တရက် ညှိုးကျသွားသလို မျက်နှာကလည်း ငွမ်းသွားသည်။

"ဝေဖူးလေ ကိုတိုးကို သိပ်ပြီး ပြန်ချစ်ချင်ပါတယ်၊ ခက်တာက ဝေဖူးလေ အရမ်း ခင်ပေမယ့် ချစ်လို့ မရဘူး၊ ကိုတိုးကို ဝေဖူး သိပ်သနားတယ်၊ သနားတာကနေ ချစ်လာရင် သိပ်ကောင်းမှာပဲ"

စောစောက ကြည်လင်နေသော မိုးလွင်တိုး၏ မျက်နှာညို့ခနဲ ဖြစ်သွားသည်။ မျက်ဝန်းတွေက တည်ဆင်းသွားသည်။

"ဒီမှာ ဝေဖူး၊ သနားလို့တော့ ကိုယ့်ရဲ့ အချစ်ကို လက်ခံမယ်လို့ စိတ်မကူးပါနဲ့၊ သနားလို့ တုံ့ပြန်မယ့် အချစ်ကို ကိုယ် မလိုချင်ဘူး၊ ကိုယ်ဟာ သနားစရာကောင်းတဲ့ လူသားတစ်ယောက် မဟုတ်ပါဘူး ဝေဖူးရယ်"

သနားသည်ဆိုသော စကားကို မခံယူလိုသည့်သဘော အချို့ယောကျ်ားတွေမှာ ရှိနေသည်ကို ဝေဖူးငုံ မေ့နေခဲ့သည်ပဲ၊ သူမရဲ့ စကားကြောင့် မိုးလွင်တိုး စိတ်ဆိုးသွားမှာပဲ ဆိုတာ ဝေဖူးငုံ သိလိုက်သည်။

"ကိုတိုး ဝေဖူးကို စိတ်ဆိုးသွားပြီထင်တယ်"

တောင်းပန်တိုးလျှိုးသော မျက်နှာလေးနှင့် ဝေဖူးငုံက မိုးလွင်တိုးကို ကြည့်သည်။

"တခြားသူဆိုရင် ကိုယ်စိတ်ဆိုးမှာ အမှန်ပဲ၊ ဝေဖူးမို့လို့ ကိုယ်ခွင့်လွှတ်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ကို သနားတယ်လို့ နောက် ဘယ်တော့မှ မပြောနဲ့နော်၊ ကို ... သိပ် ခံစားရ လွန်းလို့ပါ"

"ဆောရီးနော် ကိုတိုး၊ ဝေဖူး ရင်ထဲမှာ မကောင်းလွန်းလို့ ထုတ်ပြောမိတာပါ"

"မင်း ရင်ထဲက နှစ်နှစ်ကာကာ ဖြစ်လာမယ့် အချစ်ကိုပဲ ကိုယ်လိုချင်ပါတယ် ဝေဖူး၊ သနားသဖြင့် စွန့်ကျဲလာတဲ့ မေတ္တာကို ကိုယ်မလိုချင်ဘူး၊

Scanned by CamScanner

သနားတာ တစ်ခုတည်းနဲ့ မင်း ဘဝကို ဇွတ်နှစ်လိုက်တယ် ဆိုတာမျိုးလဲ မဖြစ်ပါစေနဲ့"

မိုးလွင်တိုးသည် လူတစ်မျိုးပါလား၊ အံ့ဩမှင်တက်မိစွာ သူ့ကို ကြည့်နေမိသည်။ အချို့ ယောကျ်ားသာဆိုလျှင် ဘယ်လိုနည်းနှင့်ပဲရရ ကိုယ်ချစ်သော မိန်းကလေးကို ရလျှင် ယူလိုက်ကြမည်သာ။

အချစ်ဆိုတာ ဖန်တီးလုပ်ယူလို့ရတဲ့အရာ မဟုတ်ဘူးလို့ ကိုယ် လက်ခံ မှတ်ယူထား တယ် ဝေဖူး

"ကိုတိုးကို ဝေဖူး နားမလည်နိုင်သေးဘူး"

"ကိုယ့်ကို တကယ်ချစ်လာရင် မင်း နားလည်နိုင်မှာပါ ဝေဖူးရယ်"

ဆွေးမြည့်စွာပြောနေသော မိုးလွင်တိုးကို ဝေဖူးငုံ စိတ်မကောင်းစွာနှင့် ကြည့်နေ သည်။ သူစိတ်ချမ်းသာဖို့ ချစ်ဟန်ဆောင်ရမှာလည်း အခက်၊ ဟန်ဆောင်ခြင်း အလုပ်ကို ဝေဖူးငုံ မတတ်ပါ။

"ချစ်တတ်တဲ့ ဝေဖူးငုံရဲ့ နှလုံးသားလေး ဘယ်နားမှာ သွားပြီး အိပ်ပျော်နေပြီလဲ"

မိမိကိုယ်ကိုသာ မကျေမနပ်နှင့် အပြစ်တင်လိုက်မိပါတော့သည်။ ချောင်းသာမှာ လာ လည်ပြီး အပန်းဖြေတဲ့သူတွေ ပေါများလှသည်။

ကမ်းခြေမှာ လမ်းလျှောက်ရသည်ကတော့ လွတ်လပ်မှုရှိနေသည်။ ကမ္ဘာလှည့်ခရီး သည် တော်တော်များများ လာရောက်လေ့လာအပန်းဖြေသည်ကို တွေ့နေရသည်။ လမ်း လျှောက်ရင်း ဝေဖူးငုံက လျှောက်ကြည့်ငေးမောနေသည်။ မိုးလွင်တိုးရဲ့ မျက်နှာက ညှိုးရိပ် ထင်ဟပ်နေသည်။

တည်းခိုသော ဟိုတယ်သို့သာ ပြန်ရောက်လာသည်။ တစ်ဦးကိုတစ်ဦး စကား မပြော မိကြပါ။

Scanned by CamScanner

# အခန်း(၇)

ချောင်းသာတွင် နှစ်ရက်နေပြီး ပုသိမ်သို့ပြန်ခဲ့သည်။ အိမ်မှာ လေးရက်ထပ်နေပြီး ဝေဖူးင့်တို့ ပြန်ရင် ပြင်ဆင်ရတော့သည်။

"သမီးလေးရယ် ... မေမေ သိပ်နေမကောင်းရင် သံကြိုးရိုက်မှာပေါ့ကွယ်၊ နောက် တစ်ခါ လွှတ်ပြီး စိတ်ပူပြီး လိုက်မလာနဲ့နော်"

မိခင်ဒေါ်အေးလှက သမီးငယ်ရဲ့ဆံစလေးတွေကို ကြင်နာစွာပွတ်သပ်ပြီး ပြောသည်။

"သမီးမှာ ဒီအဖေ၊ ဒီအမေပဲရှိတာ စိတ်ပူတာပေါ့မေမေရယ်၊ ခက်တာက သမီးအလုပ် က ရန်ကုန်မှာပဲ ဖြစ်နေတယ်၊ မေမေတို့ လိုက်နေရင် ကောင်းမှာ"

"အို ... ရန်ကုန်မှာ စိတ်ရှုပ်စရာကွယ်၊ မေမေတို့က ဒီမှာ ကိုယ့်ခြံကိုယ့်ဝန်းလေးနဲ့ အေးအေးဆေးဆေး နေချင်တာကွယ့်"

"ဟုတ်တယ်သမီး၊ ဖေဖေလဲ ရန်ကုန်မှာ မနေချင်ဘူး နားဆူတယ်၊ မျက်စိရှုပ်တယ်"

"ဖေဖေတို့ စိတ်ချမ်းသာသလိုနေပါ၊ သမီးပဲ မကြာခဏ ဖေဖေတို့ဆီ ပြန်လာပါ့မယ်"

ဖခင်နှင့် မိခင်ကို လက်အုပ်ချီပြီး ဦးသုံးကြိမ်ချကာ ကန်တော့သည်။ မိုးလွင်တိုး ကလည်း မိဘနှစ်ပါးလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောပြီး နှုတ်ဆက်သည်။

Scanned by CamScanner

ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ ပုသိမ်မြို့သို့ လိုက်လည်ခြင်းအားဖြင့် သူ့အပေါ်မှာ ဝေဖူး ငုံ တိမ်းညွတ်ပျော့ပျောင်းလာမည်လို့ မျှော်လင့်ခဲ့သည်။ တကယ့် လက်တွေ့မှာ မှန်းချက်နှင့် နှမ်းထွက် မကိုက်ပါလား။

မိုးလွင်တိုး စိတ်ဓာတ်တွေ အကြီးအကျယ် ကျနေသည်။ ဒါပေမယ့် သူ ဖွဲ့မလျှော့ သေးပါ။ တစ်နေ့မှာ ဝေဖူးငုံထံမှ တုံ့ပြန်မေတ္တာတွေကို ပြည့်ဝစွာ ရရှိလိမ့်မည်လို့ မျှော်လင့် ထားသည်။ ထိုတစ်နေ့သာ မြန်မြန် ဆိုက်ရောက်လာပါစေလို့ သူ ဆုတောင်းခြွေနေမိပါ သည်။

မြစ်ပြင်ကို ငေးမောကြည့်နေသော ဝေဖူးငုံရဲ့ မျက်နှာနုနုလေးကို လှမ်းကြည့်လိုက် သည်။ ရင်ထဲမှာ ဖွဲ့မက်မြတ်နိုးစွာ တွယ်တာမိသော မိန်းကလေးရဲ့ နှလုံးသားထဲမှာ အချစ် ဆိုတာမှ ရှိပါလေစကို မိုးလွင်တိုး တွေးမိသည်။

ဝေဖူးငုံ ဘယ်ယောက်ျားလေးကိုမှ စိတ်မဝင်စားတာ၊ သူသိနေသည်လေ။ ဝေဖူးငုံက သူ့အလုပ်မှာသာ သူစိတ်ဝင်စားနေသည် မဟုတ်လား။ ချစ်သူမရှိသေး၍ သူ့ဘက်က မျှော် လင့်ချက် ပြည့်ဝစွာထားပြီး မိုးလွင်တိုး ဖွဲ့မလျှော့သေးသည်ပေါ့။

အချစ်ကို တန်ဖိုးမထား ပေါ့ပေါ့တန်တန် သဘောပေါက်ခဲ့တဲ့ မိုးလွင်တိုး၊ ခုတော့ ကောင်းကောင်းကြီး ဂဏ္ဍိလည်နေပြီ ထင်ပါရဲ့။

ရတာ တွေကို မလိုချင်ခဲ့တုန်းက ရင်မှာ လေးလေးနက်နက် မခံစားခဲ့ရပါ။ ခု လိုတာရ ချင်ပြီး မရရှိနိုင်မှ ထိရှနက်ရှိုင်းစွာ ခံစားနေရပြီလေ။

အချစ်ရေးကိစ္စမှာ မိမိသည် ကံဆိုးသူ တစ်ယောက် မဖြစ်ပါစေနဲ့လို့သာ မိမိကိုယ်ကို မိမိ ဆုတောင်းနေမိပါသည်။

"ကိုတိုး ဘာတွေ တွေးနေတာလဲ"

အတွေးလွန်နေသော သူ့ကို ဝေဖူးငုံက လှမ်းမေးသည်။ ရိဝေသော

Book Sharing

Scanned by CamScanner

အကြည့် ဝေဖူးငုံ ထံသို့ ထိကပ်သွားသည်။

"ဝေဖူး ကိုယ့်ကို ဘယ်တော့များမှ ပြန်ချစ်လာမလဲလို့ တွေးနေတာလေ"

"ကြည့် ... ကိုတိုးကလေ၊ အဲဒီ ဓာတ်ပြားအပ်ကြောင်း ထပ်အောင် ဖွင့်နေတာပဲကိုး"

ဝေဖူးငုံရဲ့ မျက်နှာလေး အလိုမကျမှုဖြင့် စူစူလေး ဖြစ်သွားသည်။

"ဆောရီး ဝေဖူးရာ၊ သိမ်းထားတဲ့ ကြားထဲက စိတ်က လွတ်လွတ်ထွက်သွားတယ်"

လေသံဖျော့ဖျော့နှင့် ဝေဖူးငုံကျေနပ်အောင် ပြောလိုက်သည်။ သူ့ထံသို့ ဝေဖူးငုံရဲ့ အကြည့်တွေ တစ်ခါတစ်လေမှ ရောက်လာပေမယ့် သူ့ရဲ့အကြည့်ကတော့ အချိန်များများ ဝေဖူးငုံရဲ့ မျက်နှာပေါ်မှာသာ။

"ဝေဖူး ... အခု ဘာရေးနေလဲ"

"တိုက်က ဆောင်းပါးတစ်ပုဒ် ရေးခိုင်းထားတယ်"

"မရေးရသေးဘူးပေါ့"

"ဟင့်အင်း ... ဒီက ပြန်မှ ရေးရမှာ"

"လုံးချင်းဝတ္ထု ရေးကြည့်ပါလား၊ ကိုယ် ထုတ်ပေးမယ်လေ"

"အင်း ... ရေးတော့ ရေးချင်သား၊ ဒါပေမယ့် အချိန်ကမရဘူး၊ တိုက်က အလုပ်တွေ နဲ့ပဲ ဝေဖူးက မအားဘူး မဟုတ်လား"

"ကိုယ်ကတော့ ဝေဖူးကို ဝတ္ထုလိုင်း ကူးစေချင်တယ်"

"ကြည့်သေးတာပေါ့ ကိုတိုးရယ်၊ အခြေအနေပေးတော့လဲ လုပ်ကြတာပေါ့"

"ဝေဖူး အခု ပြန်ရင် ဆောင်းပါးတစ်ခု ရေးပြီးတော့ အယ်ဒီတာက

Scanned by CamScanner

နိုင်းထားတဲ့ ကိစ္စ တစ်ခု ရှိသေးတယ်"

"ဘာကိစ္စလဲ ..."

"ခု စူပါဖြစ်နေတဲ့ စာရေးဆရာ မိုးမြင့်ဦးနဲ့ တွေ့ဆုံပြီး ဖျူးဖို့လေ"

"ဘာရယ် စာရေးဆရာ မိုးမြင့်ဦးနဲ့ တွေ့ဖို့ ဟုတ်လား"

မိုးလွင်တိုးက တအံ့တသြနှင့် မေးသည်။ ဝေဖူးငုံရဲ့ မျက်နှာလေးကိုလည်း စူးစိုက် ကြည့်နေသည်။

"ဟုတ်တယ် ... သူနဲ့တွေ့ရမှာ၊ သူက သိပ်ပြီး လူတွေ့မခံဘူးလို့ ကြားတယ်"

မိုးလွင်တိုးရဲ့ မျက်ဝန်းထဲမှာ အရောင်တစ်ခု ပြောင်းသွားသည်ကို ဝေဖူးငုံ မတွေ့ရှိ လိုက်ပါ။ မိုးလွင်တိုးရဲ့ နှုတ်ခမ်းမှာ အပြုံးငွေ့ငွေ့သမ်းသွားသည်ကိုလည်း သတိမထားမိပါ။

"သူ ဘယ်သူလဲ၊ ဝေဖူး သိလား"

"ဟာ ... ဘာလာကြောင်နေတာလဲ ကိုတိုးရာ၊ သူက နာမည်ကြီးနေတဲ့ စာရေးဆရာ ပေါ့"

"ဩော် ... အင်း ၊ ဟုတ်သားပဲ"

"ဘာ့လဲ ကိုတိုးက သူ့ကို မသိဘူးလား"

"အင်း ကြားဖူးပါတယ်"

မကျေနပ်တဲ့ အကြည့်တစ်ခု မိုးလွင်တိုးရဲ့ မျက်နှာဆီသို့ တွေ့ထိလာသည်။

"အဲဒီ စာရေးဆရာ၊ ကိုတိုးပြောတာကြားရင် လဲသေချင်စိတ်ပေါက်သွားမယ်၊ ဒါလောက် နာမည်ကြီးတာကို

Scanned by CamScanner

မသိရကောင်းလားလို့လေ"

"ကြားဖူးပေမယ့် သူ့စာအုပ်တွေကို မဖတ်ဖူးတာတော့ အမှန်ပဲ ဝေဖူးရယ်"

"အံ့ရော၊ ထုတ်ဝေသူတစ်ယောက် လုပ်နေပြီး အဲလောက် ညံ့ရသလား"

"အဲဒီ လူက သူ့ဘာသာ သူနေပြီး သူ့ကိုယ်ပိုင် ဖြန့်ချိရေး လုပ်နေတာတဲ့"

"ဟုတ်တယ်၊ ဘယ်တိုက်ကမှ မထုတ်ဘူးလို့ ဝေဖူး ကြားသိရပါတယ်"

"သူ့ စာအုပ်တွေက အထွက်ကျဲပေမယ့် ထွက်လိုက်ရင်လဲ အမြဲပြတ်ပြီး မလောက် မင ဖြစ်ရတာ ချည်းပဲတဲ့ဗျ"

မိုးလွင်တိုးက ရယ်မြူးရိပ်တွေနှင့် ပြောသည်။ ဝေဖူးငုံကလည်း ထောက်ခံလိုက် သည်။

"ဟုတ်တယ်၊ တကယ့်ကို ရောင်းတန်းဝင် ထိပ်တန်းစာရေးဆရာပဲ"

"ဝေဖူးက အဲဒီ စာရေးဆရာနဲ့ သိပ်တွေ့ချင်နေတယ်ပေါ့"

"အင်း ..."

"ဒါဆို သွားတွေ့လိုက်ပေါ့"

"သွားတွေ့ဖို့ လွယ်ပါ့မလား မသိပါဘူး"

"ဝေဖူး သူ့ကို မြင်ဖူးသလား"

"ဟင့်အင်း၊ ကိုတိုးရော"

"မြင်ဖူးတယ် ထင်ပါရဲ့"

"ဟာ ... ကိုတိုးကလဲ မြင်ရင် မြင်ဖူးတယ်ပေါ့၊ ပြောတာကြီးကလည်း ဘယ်လိုလဲ"

Scanned by CamScanner

"ကိုယ့်ထင်တော့ အဲဒီ ဆရာက ရုပ်ဆိုးတယ်ထင်တယ်"

"ဟုတ်လား ... ဒါကြောင့် လူတွေ့မခံတာ ထင်တယ်"

"ဟုတ်မှာပေ့ါ"

ရယ်ဟဟ နှင့် မိုးလွင်တိုးက ပြောသည်။

"ကိုတိုးက ဘာလို့ ပြုံးစိစိ လုပ်နေတာလဲ"

"ဪ ... ဝေဖူးကို ရယ်ချင်လို့ပါ၊ ဆရာ မိုးမြင့်ဦးကို သိပ်ပြီး တွေ့ချင်နေတာမဟုတ် လား"

"အဲဒါ ရယ်စရာမှ မဟုတ်တာပဲ"

""အင်းနော် ... ဟုတ်သားပဲ"

ကြည့် ... ဘယ်လိုဖြစ်နေတာလဲ၊ အူကြောင်ကြောင်နဲ့"

ဝေဖူးငုံရဲ့ မျက်စောင်းတစ်ချက် သူ့ဆီ ဝဲလာသည်။ အလွန်လှပသော မျက်စောင်း လေးမို့ မိုးလွင်တိုးရဲ့ နှလုံးသားထဲ စူးနစ်ဝင်သွားသည်။

လမ်းခရီးတစ်လျှောက်မှာ မိုးလွင်တိုးအပေါ် ချစ်စိတ်တွေ မဝေမိပေမယ့် ပို၍ ရင်းနှီး သော ခင်မင်မှုကို ဝေဖူးငုံက ပေးလိုက်မိပါသည်။

ရန်ကုန်ပြန်ရောက်တော့ အငှားကားငှားပြီး ဝေဖူးငုံကို တိုက်ခန်းအရောက် ပြန်ပို့ပြီး သူ ပြန်သွားသည်။

*

Scanned by CamScanner

## အခန်း(၈)

"ဘယ်လိုလဲ ဟန်းနီးမွန်းထွက်ရတာ တော်တော်မှ ပျော်ခဲ့ရဲ့လား"

တိုက်ခန်းထဲအရောက် ထွေးငယ်ကဆီးကြိုမေးသည်။ ထွေးငယ်၏ အမေးကို သဘော ကျစွာ ဝေဖူးငုံက အားပါးတရ ရယ်လိုက်သည်။

"ဟာ ... ဒါလောက် ရယ်နေပုံထောက်ရင် တော်တော်ပျော်ခဲ့ပုံပဲ"

"ကိုတိုးကိုလေ ချစ်သူတစ်ယောက်လို သဘောမထားနိုင်တာကလွဲလို့ သိပ်ကို ခင် တွယ်စရာကောင်းတဲ့ သူတစ်ယောက်ဆိုတာ ငါ ပိုသိလာပြီဟာ"

"ဒါဆို ပရိုမိုးရှင်းပေးပြီး ချစ်လိုက်ပါလားဟာ"

"သိပ်ကို ချစ်ချင်ပါတယ်၊ ဒါပေမယ့် ချစ်မရတော့ ခက်နေတာပေ့ါ"

"ဒါနဲ့ အမေရော ဘယ်လိုနေလဲ"

"နေကောင်းပါတယ်"

"ကိုမိုးလွင်တိုးကို ဆွေပြမျိုးပြ ခေါ်လာတယ်လို့ မထင်ကြဘူးလား"

"ဖွင့်တော့ မမေးဘူး၊ စိတ်ထဲမှာ ထင်တော့ ထင်ကြမယ်ထင်တယ်"

"ကိုမိုးလွင်တိုးမှာ မိန်းကလေးတွေ မက်မောစရာ အရည်အချင်းတွေ အများကြီးရှိနေတာပဲ"

"အေးနော်"

"ဒါနဲ့ ဘာစားစရာတွေပါလဲ"

Book Sharing

Scanned by CamScanner

“စုံလို့ပေ့ါ”

“ဒါဆို မြန်မြန်ထုတ်၊ ဒီပါးစပ်က စားဖို့ ပြင်ထားတာ ...”

ထွေးငယ်အတွက် စားသောက်ဖွယ်များကို ဝေဖူးငုံထုတ်ပေးနေသည်။

“နေဦး တို့နှစ်ယောက်စားဖို့ ဟင်းတစ်ခုခု စိစဉ်လိုက်ဦးမယ်”

“ရှိတာနဲ့ပဲ စားမယ်ဟာ”

“ရတယ်၊ ငါးသေတ္တာဘူး ဖောက်လိုက်မယ်”

“အေး ... ကောင်းတယ်၊ ငါ ရေချိုးလိုက်ဦးမယ်”

ဝေဖူးငုံက ရေချိုးခန်းသို့ဝင်သည်။ ထွေးငယ်က မီးဖိုဆောင်ထဲသို့ဝင်ပြီး ချက်ပြုတ် သည်။

*

နောက်တစ်နေ့မှာ ဝေဖူးငုံက စာအုပ်တိုက်ဆီသို့သွားသည်။ အယ်ဒီတာ ကိုသက် အောင်က ဆီး၍ ပြောသည်။

“ဘယ်လိုလဲဟေ့၊ တို့အတွက် ပုသိမ် ဟာလဝါမှ ပါရဲ့လား”

“ပါတယ်လေ ဒီမှာ ...”

ပလတ်စတစ် ပုသိမ်ဟာလဝါဘူးကို စားပွဲပေါ်သို့ ဝေဖူးငုံက တင်လိုက်သည်။

“ဒီလိုကျတော့လဲ ဝေဖူးငုံက လိမ္မာသားပဲ”

“ဘယ်တုန်းကများ မိုက်ဖူးလို့လဲ”

Scanned by CamScanner

"အေးကွာ၊ လိမ္မာလက်စနဲ့ ဆက်ပြီး လိမ္မာလိုက်ပါ"

"ဘာခိုင်းဦးမလို့လဲ ကိုသက်အောင်"

"ဟို စာရေးဆရာနဲ့ အင်တာဗျူးနိုင်အောင် ကြိုးစားဦးလေ ..."

"ဖြည်းဖြည်းပေါ့၊ ခု ဝေဖူး ဆောင်းပါးတစ်ပုဒ်ရေးစရာ ကျန်သေးတယ်လေ"

"အဲဒီ ဆောင်းပါးပြီးရင် အမြန်ဆုံး ဆရာမိုးမြင့်ဦးနဲ့ တွေ့ဖို့ ကြိုးစားပါ"

"အင်းပါ"

စာအုပ်တိုက်မှာ အတိုင်ပင်ခံ အယ်ဒီတာ တာဝန်ယူထားသော ဝေဖူးငုံ တိုက်နှင့် ကင်းကွာခဲ့သည့် ရက်များအတွက် အတိုးချပြီး လုပ်ကိုင်နေရသည်။

ဝေဖူးငုံက ထိုနေ့ ညနေစောင်းမှ တိုက်က ပြန်သည်။ ထွေးငယ်က သူမထက် စော စီးစွာ ရောက်နေသည်။ ညစာအတွက် ထွေးငယ်က ချက်ပြုတ်ထားနှင့်သည်။

တစ်နေ့လုံးပင်ပန်းခဲ့သော်လည်း ဝေဖူးငုံ မနားနိုင်သေးပါ။ ရေးလက်စ ဆောင်းပါပြီး အောင် ဆက်ရေးနေရသည်။ ဆောင်းပါးကို သည်ညအပြီးဆက်ရေးရန် ဆုံးဖြတ်ထားသည်။

စာရေးစားပွဲမှာ ညဥ့်နက်အောင်ထိုင်သည်။ စဉ်းစားပြီး ရေးနေရင်းက ဖျတ်ခနဲ ပန်းချီ အရောင်းဆိုင်မှာ တွေ့ခဲ့ရသော လူချောကြီးဆီသို့ အတွေးက ရောက်သွားသည်။

ပြန်လည်တွေ့ဆုံရန် အခွင့်အလမ်းမရှိတော့သော သူတစ်ယောက်ကို ဝေဖူးငုံ ဘာ ကြောင့် ဒါလောက် ငြိတွယ်နေရသည်လဲ။

*

Scanned by CamScanner

ဆောင်းပါးကို အပြီးသတ်ပြီးလေပြီ။ လုပ်လက်စ အလုပ်များ ပြတ်သွားပြီ။ စာရေး ဆရာ မိုးမြင့်ဦးနှင့် တွေ့ဆုံဖို့ လမ်းစကို ဝေဖူးငုံက ရှာနေသည်။

မိုးမြင့်ဦးက သန်လျင်မှာနေသည်ကိုသိရပြီး သူ့ရဲ့လိပ်စာအတိအကျကို မသိရသေး ပါလား။ သိပ်ပြီးလျှို့ဝှက်စွာနေသော မိုးမြင့်ဦးကိုတွေ့ဆုံဖို့ရာ လွယ်ကူသော အလုပ်မဟုတ် ဘူးလို့ ဝေဖူးငုံသိရသည်။

တစ်နေ့ည တိုက်က ပြန်ဖို့ ပြင်ဆင်နေဆဲ မိုးလွင်တိုး ရောက်လာသည်။

"ဟယ် ... အတော်ပဲ၊ ဝေဖူး ပြန်တော့မလို့"

"အချိန်မီ ဖယ်ရီက ရောက်လာတယ်ပေါ့"

"နောက်ကျလိုက်တာနော်"

တစ်ဦးကို တစ်ဦးပြောရင်း ရယ်မိကြသည်။

"ကဲ ... တစ်ခုခု သွားစားပြီးမှ ဝေဖူးကို ကိုယ်ပြန်လိုက်ပို့ပေးမယ်"

"စိတ်ဆိုးစရာတွေတော့ ဖြစ်ကုန်ပါပြီ"

မိုးလွင်တိုးနှင့်အတူ စားသောက်ဆိုင်ဆီသို့ သွားကြသည်။ စားရင်းသောက်ရင်းနှင့် ဝေဖူးငုံက သူမရဲ့ အခက်အခဲကို ပြောပြမိသည်။

"ဝေဖူး အရမ်းစိတ်ညစ်တယ်၊ ကိုသက်အောင်ကလဲ တကယ့်ကို ကျားမြီးဆွဲခိုင်းနေ တာပဲ"

"ဘာများလဲ ဝေဖူးရဲ့"

ဟို ... ဆရာ မိုးမြင့်ဦးနဲ့ ဖူးဖို့ ကိစ္စလေ

Scanned by CamScanner

"အဲဒါများ ဘာခက်ခဲလို့လဲ ဝေဖူးရာ"

"ခက်တာ ကိုယ်တိုင်ကြုံတွေ့မှသိလိမ့်မယ်၊ ခု ဝေဖူး ဘယ်လောက်စိတ်ပင်ပန်းနေရ လဲ သိလား"

"ကိုယ်က ဘယ်လိုလုပ် သိနိုင်မှာလဲကွာ"

မချိုမချဉ်မျက်နှာနှင့် မိုးလွင်တိုးက ပြောပြီး ဝေဖူးငုံကို ကျီစယ်လိုက်သည်။

"ကိုတိုးကလဲ ဘာမှ မကူပေးဘူး"

စူစူမူမူ မျက်နှာလေးနှင့် ဝေဖူးငုံက ပြောသည်။

"ဟောဗျ၊ နေရင်းထိုင်ရင်းက၊ ဘယ့်နှယ် ပိန္နဲပင်ကို လာနွယ်နေရတာ လဲ"

"နွယ်မှာပဲ၊ ဝေဖူးကိုမှ ကိုတိုးက မကူညီတာ"

"ဝေဖူးကို ကူညီမယ်ဆိုရင်ကော"

"အပိုတွေ ပြောမနေပါနဲ့"

"တကယ်ပါ၊ ဝေဖူးကို ကိုယ်ကူညီမယ်"

"အဟုတ် ..."

မျက်နှာထားတည်တည်နှင့် ပြောနေသော မိုးလွင်တိုးကို ဝေဖူးငုံက အကဲခတ်လိုက် သည်။ မိုးလွင်တိုး တကယ်ပဲ အတည်ပေါက်ပြောနေသည်ပဲ။

"ဘယ်တော့ ကူမှာလဲ ပြော"

"ကိုယ့်ကို အချိန်နည်းနည်းပေး၊ ဝေဖူး ဖြစ်စေချင်တာတွေ ဖြစ်အောင် စီစဉ်ပေးမယ်"

Scanned by CamScanner

ဝေဖူးငုံမျက်နှာလေး ဝင်းပသွားသည်။ ကျေးဇူးတင်သော မျက်ဝန်းတွေနှင့် မိုးလွင်တိုး ကို ကြည့်လိုက်သည်။

"ကျေးဇူး ကုဋေကုဋာပါပဲ ကိုတိုး"

"ကဲ ... စိတ်ချမ်းသာသွားပြီ မဟုတ်လား၊ ထမင်းကို ဖြောင့်ဖြောင့်စားတော့နော်"

"ဟုတ်ပါပြီတဲ့ရှင်"

ထမင်းစားလို့ ပြီးပါပြီ၊ နှစ်ယောက်သား ဆိုင်က ထွက်ခဲ့သည်။ ဝေဖူးငုံရဲ့တိုက်ခန်း ဆီသို့ မိုးလွင်တိုး ကားကိုမောင်းခဲ့သည်။

"ဝေဖူးရေ မနက်ဖြန် စနေနေ့နော်"

"အင်း ..."

"တနင်္ဂနွေဆို ဝေဖူးတို့ တိုက်က ပိတ်တယ် မဟုတ်လား ..."

"အင်းလေ ..."

"ဒီလိုလုပ်ပါလား၊ ဝေဖူး ကိုယ်နဲ့ သန်လျင်ကို လိုက်ခဲ့ပါလား"

"ဟင် ... ဘာပြုလို့"

"သန်လျင်မှာ ကိုယ့်မေမေရှိတယ်လေ၊ မေမေနဲ့လဲ တွေ့ရအောင် ပြီးတော့၊ ဟို ... တွေ့ရခက်တဲ့ စာရေးဆရာနဲ့ တွေ့ရအောင်လေ"

"ကောင်းသားပဲ၊ ဒါနဲ့ ကိုတိုးရဲ့ အမေ သန်လျင်မှာရှိတာ၊ ဝေဖူးကို တစ်ခါမှ မပြောဘူးနော်"

"စကားမစပ်မိလို့ပါ ဝေဖူးရယ်"

"ကိုတိုးအမေက ဘယ်သူနဲ့ နေတာလဲဟင်"

Book Sharing

Scanned by CamScanner

"အစ်ကိုတစ်ယောက်နဲ့ပေ့ါ"

"ဝေဖူးနဲ့ ကိုတိုး သိတာကြာပြီ၊ ကိုတိုး သန်လျင်သွားတယ်ဆိုတာ တစ်ခါမှ မကြား မိဘူး"

"သွားပါတယ် ဝေဖူးရယ်၊ မပြောမိလို့ ဝေဖူး မသိတာနေမှာပါ"

တိုက်ခန်းရှေ့မှာ ဝေဖူးငုံကို ထားခဲ့ပြီး မိုးလွင်တိုး ပြန်သွားသည်။

ထိုနေ့ညက ထွေးငယ်ကို ဝေဖူးငုံက မိုးလွင်တိုး သူ့အိမ်ခေါ်သည့် အကြောင်းကို ပြောပြသည်။ ထွေးငယ်က ပြုံးစိစိလုပ်ပြီး နောက်ပြောင်နေသည်။

"ဟာ ... ဆွေပြမျိုးပြ လုပ်နေပြီ ထင်တယ်"

"သွားစမ်းပါ ထွေးငယ်ရာ၊ တို့က ဘာမှ မဖြစ်ကြသေးတာ၊ ဘာလို့ ဆွေပြမျိုးပြလုပ်ရ မှာလဲ"

"မသိပါဘူး၊ နှစ်ယောက်သား ကြိတ်ပြီးများ ကြံနေကြသလားလို့"

"တော်စမ်းပါဟာ ..."

"ဝေဖူးက ဘယ်ကို လိုက်လည်မှာလဲ"

"သန်လျင် ..."

"ဟာ ... အဝေးကြီးမှတ်လို့"

"မဝေးပေမယ့် ရေခြားမြေခြား သန်လျင်တံတားကြီးကို ဖြတ်ရမှာလေ

ရှုတ်နောက်နောက် မျက်နှာလေးနှင့် ဝေဖူးငုံက ပြောလိုက်သည်။

"ဘယ်တော့ သွားမှာလဲ"

"တနင်္ဂနွေနေ့"

"သြော် ... ဟုတ်လား"

Scanned by CamScanner

"နင်လိုက်မလား"

"ငါ့ကိုမှ မခေါ်တာ"

ထွေးငယ်ကို ခေါ်သွားချင်ပေမယ့်၊ မိုးလွင်တိုးကိုပြောရမှာ အားနာပါသည်။ ဒါကြောင့် ထွေးငယ်နောက်ထပ်လောကွပ် မချော်တော့ပါ။

*

Scanned by CamScanner

## အခန်း(၉)

သည်နေ့ စနေနေ့မို့ စာအုပ်တိုက်မှာ ဝေဖူးငုံ အလုပ်ရှုပ်နေသည်။ အယ်ဒီတာ ကို သက်အောင်မအား၍ ဝေဖူးငုံကို အလုပ်သမားတွေအား ငွေရှင်းပေးဖို့ တာဝန်ပေးထား သည်။

အလုပ်သမားများကို တစ်ပတ်စာ လုပ်ခရှင်းပေးပြီး ဝေဖူးငုံက စာရင်းတွေကို တွက် နေသည်။ အလုပ်သမားလေး တစ်ယောက်က ဝေဖူးငုံကို ဖုန်းလာနေသည်လို့ လာခေါ် သည်။

တယ်လီဖုန်းကို ဝေဖူးငုံက သွားကိုင်သည်။ မိုးလွင်တိုး ဖြစ်နေသည်။

ဝေဖူးရေ၊ ကိုယ်မအားလို့ ကိုယ့်ရဲ့အစ်ကို ကိုဦးကို လွှတ်လိုက်တယ်၊ ဒီညနေပဲ သန်လျင်ကို လိုက်သွားလိုက်ပါ

"ဟာ ... ဘယ်လိုကြီးလဲ ကိုတိုးကလဲ"

"ကိုယ် ကိစ္စအရေးကြီးလို့ အခု ဖုန်းချပြီး သန်လျင်သွားနှင့်မယ်"

"ဟာ့ ... ကိုတိုးရဲ့အစ်ကိုကို ဝေဖူးမှ မသိတာ မလိုက်ချင်ပါဘူး "

"ကိုယ်ကို ခင်ရင် ကျေးဇူးပြုပြီး လိုက်ခဲ့ပါ၊ ဒါပဲနော်"

မိုးလွင်တိုးက အလောတကြီး ဖုန်းကိုပြောပြီး ချသွားသည်။ ဝေဖူးငုံ ဖုန်းခွက်ကို ကိုင်လျက် စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေသည်။

အနားမှာ အယ်ဒီတာ ကိုသက်အောင်ရော၊ သူဇနီး မာလာပါရှိနေသည်။ ဝေဖူးငုံရဲ့ ရှုံ့မဲ့နေသော မျက်နှာကိုကြည့်ပြီး ကိုသက်အောင်က မေးသည်။

Scanned by CamScanner

"ဝေဖူး ဘာတွေဖြစ်နေတာလဲ"

"ဝေဖူးရဲ့ မိတ်ဆွေက သန်လျင်ကို အလယ်ခေါ်တာ သူကိုယ်တိုင် လာမခေါ်ဘူး၊ သူ့ အစ်ကိုကို ခေါ်ခိုင်းတယ်လေ"

"အဲဒါမျှား အီးပိတ်တဲ့ မျက်နှာကြီး ဖြစ်နေရလား"

"ဟာ ... သူ့အစ်ကိုဆိုတာ ဝေဖူးမှ မမြင်ဘူး မသိဖူးတာ"

"ဩော် ... ဒီလိုလား"

"ဟုတ်တယ် ... အဲလိုပဲ"

"သန်လျင်သွားမယ်ဆိုရင် အတော်ပဲပေ့ါ"

"ဘာလဲ၊ ဟိုစာရေးဆရာဆီ သွားခိုင်းမလို့လား"

"အင်းလေ ... ဘယ်လောက် အဆင်ပြေလဲ"

"ကိုသက်အောင်က သူမသွားရတိုင်း ဝေဖူးကို ဇွတ်လွှတ်နေတာပဲ မာလာရယ်"

"ဝေဖူးက မသွားချင်လို့လား"

"မသွားချင်ဘူး"

ထိုအချိန်မှာ အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။ သူတို့ သုံးဦးက ဝင်လာသူ ကို အံ့မှတ်မဲ့ဖြစ်ပြီး သတိမမူမိကြပါ

"ဘာလို့လဲ ဝေဖူးရဲ့"

"အဲဒီ စာရေးဆရာ မိုးမြင့်ဦးဆိုတာ သိပ် ဘဝင်မြင့်နေတဲ့ လူစားလို့ ဝေဖူးထင်လို့"

"ဟုတ်ရဲ့လား ... မာလာ သိသလောက်၊ သူက လူအေးတစ်ယောက်ပါ"

Scanned by CamScanner

"သူ့ကို သွားတွေ့ပြီး မာနကြီးတဲ့ လူအေးကြီး ပူပူလောင်လောင်ဖြစ်သွားအောင် လုပ် လိုက်ရမလား"

"ဘယ်လိုလုပ်မှာလဲ ဝေဖူးရဲ့"

"ဝေဖူးကို အပြတ်ခိုက်ပြီး ဒိုးဒိုးဒန့်ဒန့် ဖြစ်သွားအောင်လို့ပေါ့"

မာလာနှင့်ဆိုလျှင် အမြဲတမ်း ရွှတ်ရွှတ်နောက်နောက် ပြောတတ်သော ဝေဖူးက ပေါက်ကရ ပြောလိုက်သည်။ သုံးယောက်သား တဟားဟားနှင့် ရယ်မိကြသည်။

ဝေဖူးငုံနှင့် ကိုသက်အောင်က ကျောခိုင်းအနေအထားမို့ ဝင်လာသူ လူစိမ်းကို သတိ မထားမိပေမယ့် မာလာက ဘေးတိုက်ထိုင်နေသည်မို့ ရယ်ရင်းက သူ့ကို သတိထားမိသည်။

ဝေဖူးငုံကို ထိုလူစိမ်းက မျက်နှာထားတည်တည်ကြီးနှင့် စူးစူးကြီး ကြည့်နေပါလား။

"ဟော ... ဧည့်သည်ပါလား၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲဟင်"

မာလာက မေးလိုက်မှ ကိုသက်အောင်ရော ဝေဖူးငုံပါ လှည့်ကြည့်လိုက်သည်။

"အို ..."

ဝေဖူးငုံ မျက်နှာလေး အံ့သြမှုတွေ ဝေစီသွားပါပြီ၊ ရင်ထဲမှာ တစ်ချက် ဆောင့်ကနဲ ခုန်လိုက်သွားသည်။ ပမ်းသာမှုအရောင်က ရင်ထဲမှတစ်ဆင့် မျက်နှာဆီသို့ ထင်ဟပ်နေ သည်။ လုံးဝမတွေ့တော့ဘူးလို့ ထင်မှတ်ထားသော သူတစ်ယောက်ကို ဗြုန်းစားကြီး တွေ့ လိုက်ရပါပြီ။

"ကျွန်တော် ဝေဖူးငုံနဲ့ တွေ့ချင်လို့ပါ"

"ဝေဖူးငုံက ကျွန်မပါပဲ"

Scanned by CamScanner

"ဟင် ..."

တအံ့တသြ အာမေဋ္ဌိတ်သံ သူ့နှုတ်ခမ်းက ဖိတ်စင်ထွက်လာသည်။ ထွေးငယ်ဆိုပြီး သူ့ရင်မှာ အမှတ်တရရှိခဲ့သော မိန်းကလေးသည် ဝေဖူးငုံတဲ့လေ

မိုးမြင့်ဦးက ဝေဖူးငုံကို မယုံကြည်နိုင်သော မျက်ဝန်းတွေနှင့် ကြည့်နေသည်။

"မင်းက ထွေးငယ် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ကျွန်မ ဝေဖူးငုံပါ"

"ဩော် ဟုတ်လား၊ ညီလေးမိုးလွင်တိုးကခေါ်ခိုင်းလိုက်လို့ ကျွန်တော် ဝင်ခေါ်တာပါ"

"ဩော် ... ကိုတိုးရဲ့ အစ်ကိုကိုး"

"ဟုတ်ပါတယ်"

ဝေဖူးငုံ သိပ်ကို ဖမ်းသာသွားသည်။ သူ တမ်းတခဲ့ရသော သူသည် မိုးလွင်တိုးရဲ့ အစ်ကို ဖြစ်နေပါပေါ့လား။

"ကိုသက်အောင် ဝေဖူး ပြန်ဦးမယ်"

"ကောင်းပြီလေ"

မိုးမြင့်ဦးနှင့်အတူ ဝေဖူးငုံက ကိုသက်အောင်တို့အခန်းက ထွက်သည်။

ဝေဖူးငုံ တိုက်ခန်းပြန်ပြီး ယူချင်စရာရှိတာယူလေ ပြီးရင် သန်လျင်ကို ပြန်မယ်

တစ်ချက်သာ ဝေဖူးငုံထံသို့ အကြည့်တို့ဂဲပြီး မိုးမြင့်ဦးက ပြောသည်။ မြင့်မားသော အရပ်ပိုင်ရှင်ကို မော့ကြည့်ပြီး ဝေဖူးငုံ သဘောကျနေသည်။

"ဝေဖူးက တစ်ခါတည်း လိုက်ခဲ့ရမှာလား"

Scanned by CamScanner

"ညီလေးက ခေါ်ခဲ့ပါလို့ ပြောပါတယ်"

"ဒုက္ခမများဘူးဆိုရင် ဝေဖူး တိုက်ခန်းခဏပြန်ပြီး အဝတ်အစားနဲ့ ယူစရာရှိတာ ယူပါ ရစေ"

"ရပါတယ်"

အပြုံးအရယ်မရှိ မျက်နှာတည်တည်ကြီးနှင့်ရှိနေသော မိုးမြင့်ဦးကို မဝံ့မရဲ လှမ်းကြည့် မိသည်။ သူ့ကားနှင့်ပင် တိုက်ခန်းသို့ ပြန်ခဲ့သည်။

"အပေါ် တက်ပါဦးလား ကိုဦး"

"ရပါတယ်၊ ဒီကပဲ စောင့်နေမယ်"

ခွတိခွကျနိုင်တဲ့ လူကန့်လန့်လို့ ဝေဖူးငုံက သတ်မှတ်မိသည်။ သူ့နာမည် အပြည့် အစုံမသိ၍ မိုးလွင်တိုး ခေါ်သလိုပင် ကိုဦးလို့ပင် ခေါ်လိုက်သည်။

အောက်မှ သူစောင့်ပြီး ကျန်ခဲ့သည်မို့ ကတိုက်ကရိုက်ပင် ယူစရာရှိတာတွေ ယူပြီး ထွေးငယ်ကို စာတိုးလေး ရေးထားခဲ့သည်။ မိုးမြင့်ဦးနှင့် ပြန်ဆုံရသည့်အကြောင်းကိုတော့ အချိန်မရ၍ မရေးဖြစ်ခဲ့ပါ။

ဝေဖူးငုံ ကားထဲဝင်လိုက်သည်နှင့် မိုးမြင့်ဦးက စက်နှိုးပြီး ကားကိုမောင်းထွက်သည်။ သာကေတဘက်ဆီသို့ ကားကိုဦးတည်လိုက်သည်။ သန်လျင်မြစ်ကူးတံတားကြီးမှတစ်ဆင့် သန်လျင်မြို့သို့ကူးကြသည်။

မြို့စွန်ရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်းသို့ မိုးမြင့်ဦးက ကားကိုချိုးဝင်ခဲ့သည်။ နှစ်ထပ်အိမ်ကြီးတစ်အိမ်ရဲ့ ဆင်ဝင်အောက်မှာ ကားကို ရပ်လိုက်သည်။

ကားသံကြားသည်နှင့် မိုးလွင်တိုးက အိမ်ထဲက ထွက်လာသည်။

"ဝေဖူးတို့ မလာသေးလို့ ကိုယ် မျှော်နေတာ"

Scanned by CamScanner

ဝေဖူးငုံရဲ့ ကားတံခါးကို ဖွင့်ပေးရင်း မိုးလွင်တိုးက နှုတ်ဆက်သည်။ ပြီးတော့ တစ် ဆက်တည်း မိုးမြင့်ဦးကို လှမ်း၍ ပြောသည်။

"ကျေးဇူးပဲ ကိုဦး"

ဝေဖူးငုံက သူမရဲ့ ခရီးဆောင်အိတ်ကိုဆွဲယူပြီး ကားပေါ်က ဆင်းသည်။ မိုးမြင့်ဦးက ကားမှာ ထိုင်လျက်ပင် ရှိသေးသည်။

"ကိုဦး အိမ်ပေါ်တက်ဦးလေ"

"ရေချိုးပြီးမှ ပြန်လာခဲ့မယ်"

ဝေဖူးငုံ ကားပေါ်က ဆင်းသွားသည်နှင့် သူက ကားကို မောင်းထွက်သွားသည်။ ဝေဖူးငုံရဲ့စိတ်ထဲမှာ တစ်မျိုး ထူးဆန်းသွားသည်။ မိုးမြင့်ဦးသည် အိမ်မှာမနေသည်ကိုပေါ့။

"သူက ဒီမှာ မနေဘူးလားဟင်"

"မနေဘူး ဝေဖူးရဲ့၊ သူက သီးသန့် ခြံကျယ်ကျယ်ကြီးထဲမှာ တစ်ယောက်တည်း နေတာ"

"ဟင် ... တစ်မျိုးပဲနော်"

"တစ်မျိုးမကဘူး၊ သူနဲ့ ရင်းနှီးလာရင် အမျိုးမျိုးကို ဝေဖူးတွေ့ရမယ်"

ရယ်ကျဲကျဲနှင့် မိုးလွင်တိုးကပြောသည်။ ပြီးတော့ ဝေဖူးငုံကို အိမ်ထဲသို့ ခေါ်ခဲ့သည်။

"လာ ဝေဖူး ထိုင်ဦး၊ မေမေ့ကို ကိုယ် သွားခေါ်လိုက်ဦးမယ်"

"ဟုတ် ..."

ကျန်ဝန်းသော ဧည့်ခန်းကြီးထဲမှာ ဝေဖူးငုံ ကျန်ရစ်ခဲ့သည်။ မိုးလွင်တိုး ထွက်သွားပြီး မကြာခင်မှာပဲ ခန့်ခန့်ချောချော အမျိုးသမီးတစ်ဦး သူနှင့်အတူ

Scanned by CamScanner

ပါလာသည်။ အမျိုးသမီးက တစ်နေရာသို့ သွားမည့်ဟန်အတိုင်း ကြော့မော့စွာ ပြင်ဆင်ထားလေသည်။

"ဝေဖူး ဒီမှာ ကိုယ့်မေမေ ဒေါ်နီလာလေ"

မိုးလွင်တိုးက မိတ်ဆက်ပေးသည်။ ဝေဖူးငုံ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ ဒေါ်နီလာသည် မိုးလွင်တိုး၏ မိခင်အရွယ်ထက် အများကြီးနုငယ်နေသည်ပဲ။

"မေမေ .... ဒါ သားပြောပြောနေတဲ့ ဝေဖူးငုံပေါ့"

ဒေါ်နီလာက လှိုက်လှိုက်လှဲလှဲပြောရင်း ဆိုလာပါသည်။

"သမီးအကြောင်း သားငယ်က ခဏခဏပြောလို့ သိပြီး ရင်းနှီးပြီးသားပါကွယ်၊ အန်တီတို့အိမ်မှာ ဘာမှအားမနာနဲ့နော်၊ ပျော်ပျော်ရွှင်ရွှင်နေပါကွယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်တီ"

"သမီးက သိပ်ချောတာပဲကိုး၊ ဒါကြောင့် သားငယ်က ခဏခဏပြောနေတာထင်ပါရဲ့"

အဓိပ္ပာယ်ပါသော အကြည့်တွေနှင့် သားငယ်ကို လှမ်းကြည့်ပြီး ဒေါ်နီလာက ပြောသည်။

"အန်တီကတော့ တစ်နေ့တစ်နေ့ ပျင်းလွန်းလို့ ညည်းသည်ပဲ မျှော်နေတာ၊ ဝေဖူး ရောက်လာတော့ အတော်ပါပဲ"

ပြုံးရယ်ပြီး ပြောနေသော ဒေါ်နီလာရဲ့ ရုပ်ရည်က ကြည်လင်ပြီး ပို၍ နုငယ်နေသည်။

"အန်တီက သိပ်အရွယ်တင်တာပဲနော်၊ ကိုတိုးနဲ့ဆိုရင် မောင်နှမလိုပဲ"

Scanned by CamScanner

ဒေါ်နီလာက အားရပါးရ ရယ်လိုက်သည်။

"ကဲ … ဝေဖူးလေးရေ၊ ဒီမှာ ကြိုက်သလောက်နေတော့နော်"

လူငယ်တွေနှင့် ပေါင်းသင်းတတ်၊ ပျော်ရွှင်တတ်သော ဒေါ်နီလာကို မြင်မြင်ချင်း ဝေ ဖူးငုံ ခင်မင်သွားလေသည်။

"ဝေဖူး အလုပ်က တန်းလာတာဆိုတော့ ရေမိုးချိုးချင်နေမှာပေါ့"

"ရပါတယ် ကိုတိုးရဲ့"

"ကဲ … ဝေဖူးရဲ့အခန်းကို ကိုယ်လိုက်ပို့ပေးမယ်၊ ရေမိုးချိုးပြီး နားလိုက်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ … သားငယ်နဲ့ လိုက်သွားနော်၊ ညကျမှ အေးအေးဆေးဆေး စကားပြောကြ တာပေါ့"

"ဟုတ်ကဲ့ … အန်တီ"

"လာ ဝေဖူး"

မိုးလွင်တိုးခေါ်သည့်နောက်သို့ ဝေဖူးငုံ လိုက်ခဲ့သည်။ အခန်းကျယ်တစ်ခုမှာ ဝေဖူးငုံ ကို ပြည့်စုံအောင် မိုးလွင်တိုးက စီစဉ်ပေးထားသည်ပဲ။

"ကဲ … ဒီအခန်းမှာ ဝေဖူးနေနော်၊ ဘာလိုလဲ ကိုယ့်ကိုအားမနာနဲ့ ပြော ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ရေချိုးပြီး နားချင်နားဦး၊ ကိုယ်သွားမယ်"

"ဟုတ် …"

Book Sharing

Scanned by CamScanner

ခရီးဆောင်အိတ်ကို ကုတင်ဘေးမှာ ချလိုက်သည်။ အလိုက်တသိပြင်ဆင်ပေးထား သော မိုးလွှင်တိုးကို ကျေးဇူးတင်လိုက်မိသည်။

အဝတ်အစားလဲ ရေချိုးပြီး ကုတင်ပေါ်မှာ ခဏနားနေလိုက်သည်။ သည်လောက် ကြီးမားသော အိမ်ကြီးမှာ နေစရာအခန်းတွေ အများကြီးရှိပါလျက်နှင့် တသီးတခြားနေ သော ကိုဦးဆိုတဲ့သူကို နားမလည်နိုင်အောင် ရှိနေသည်။

*

Scanned by CamScanner

## အခန်း(၁၀)

ခဏနားပြီး ဝေဖူးငုံ အခန်းက ထွက်လာသည်။ ညှော်ခန်းဆီသို့ ဝေဖူးငုံ ဝင်လိုက် သည်။ မိုးမြင့်ဦးနှင့် မိုးလွင်တိုးတို့နှစ်ယောက် စကားပြောနေသည်ကို ဝေဖူးငုံတွေ့ရသည်။

"ဟော ... လာ ... ဝေဖူး"

ဝေဖူးငုံဝင်လာသည်ကို လှမ်းမြင်ပြီး မိုးလွင်တိုးက ကြိုဆိုသည်။ မိုးမြင့်ဦးက အကြည့် လျှပ်တပြေးသာ သူမဆီသို့ဝဲလာပြီး ပျံ့လွင့်သွားသည်။

ဝေဖူးငုံက ကုလားထိုင်အလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

"ကိုဦးနဲ့ ဝေဖူးကို ခုမှ သေသေချာချာ မိတ်ဆက်ပေးရဦးမယ်"

ပြုံးဟဟနှင့် မိုးလွင်တိုးက ပြောသည်။ ဝေဖူးငုံက မိုးမြင့်ဦးမျက်နှာကို တစ်ချက် မျက်လွှာလေးပင့်ပြီးကြည့်လိုက်သည်။ တည်ငြိမ်နေသော အကြည့်တစ်ခုနှင့် တိုးနေသည်။

"ဝေဖူးက စာရေးဆရာမ ဝေဖူးငုံဆိုတာ ကိုဦး မသိသေးဘူးနော်"

"အင်း ... သူ့ကို ကိုဦးက ပန်းချီဆရာမ ထွေးငယ် ထင်ခဲ့တာ"

"ဟင် ... ဘယ်လိုကြောင့်လဲ ကိုဦး"

"တစ်ခါက တစ်ကိုယ်တော် ပန်းချီပြပွဲကို ကိုဦးရောက်ခဲ့တယ်၊ အဲဒီ မှာ ဝေဖူးငုံကို ဆုံ ခဲ့တာပါ၊ သူက ပန်းချီကားချပ်တွေ ရောင်းနေတယ်၊ သူ့ဆီက ကားချပ်တစ်ခု ကိုဦးဝယ်ခဲ့ တယ်၊ အဲဒါကို ဝေဖူးငုံ မှတ်မိရဲ့လား"

Scanned by CamScanner

"ဟုတ်ကဲ့ ကိုဦးကို ဝေဖူး မှတ်မိပါတယ်"

"ပန်းချီဆရာမ ထွေးငယ်ရဲ့ပြပွဲမို့ ပန်းချီကားချပ်တွေ ရောင်းတာလဲ ထွေးငယ်၊ ပြသနေတာလဲ ထွေးငယ်လို့ ကိုဦး ထင်လိုက်မိတယ်"

"ဩော် ... အဲဒီ နေ့က ထွေးငယ်နေမကောင်းလို့ ဝေဖူးက ဆိုင်ဖွင့်ပေးခဲ့တာပါ"

"ဟုတ်လား ... မသိတဲ့ လူတွေကတော့ ဝေဖူးငုံကို ထွေးငယ်လို့ပဲ ထင်မိကြမှာပဲ"

"ဖြစ်နိုင်ပါတယ်"

ထွေးငယ်အမှတ်နှင့် သူရင်မှာ ငြိတွယ်ခဲ့သော မိန်းကလေးသည် စာရေးဆရာမ ဝေဖူးငုံမှန်း သူ မသိခဲ့ပါလား။ ဘယ်လိုမှ ပြန်တွေ့ဖို့ မကြိုးစားခဲ့မိသော မိန်းကလေးက သူ့ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာနေပြီ။

မိုးမြင့်ဦး၊ ဘယ်မိန်းကလေးနှင့်မှ မရင်းနှီးချင်ပါ။ မိန်းမတွေကို အထင်မကြီး မလေး စားချင်သော သူ့ဆီသို့ မိန်းမတစ်ယောက်က အလည်ရောက်လာနေပြီ။

မလွဲမကင်းသာ ထမင်းစားချိန်များမှာ တွေ့ဆုံရပါဦးတော့မည်။ စိတ်ရှုပ်ထွေးစွာနှင့် မိုးမြင့်ဦးက တွေးနေသည်။

"ကိုဦးကိုရော ဝေဖူးက ဘယ်သူလို့ ထင်လဲ"

မိုးလွင်တိုးရဲ့ အမေးကို ဝေဖူးငုံ ဘယ်လိုပြန်ဖြေရမှန်းမသိ။ အူကြောင်ကြောင် ဖြစ် သွားသည်။

"ကိုဦးက ကိုတိုးရဲ့ အစ်ကိုလေ"

"အဲဒါ ဟုတ်တယ်လေ၊ သူ ဘယ်သူ ဘယ်ဝါဆိုတာ ဝေဖူး

Scanned by CamScanner

မသိသေးတာကို ပြော တာပါ"

ပါးစပ်အပေါင်းသားလေးနှင့် မိုးလွင်တိုးကို ဝေဖူးငုံက ကြည့်နေသည်။ မိုးလွင်တိုး က မျက်နှာပေး မချိုမချဉ်နှင့် ရှိနေသည်။

"ဝေဖူးက စာရေးဆရာ မိုးလွင်ဦးနဲ့ သိပ်တွေ့ချင်နေတာ မဟုတ်လား"

"အင်းလေ ... ကိုသက်အောင် ခိုင်းထားတဲ့ကိစ္စကို ကိုတိုးကို ဝေဖူး ပြောခဲ့ပြီးသားပဲ"

"ကိုယ်က တွေ့ရအောင် ကြိုးပမ်းပေးမယ်ဆိုတာရော မှတ်မိသေးလား"

ကိုတိုးရယ် ပဟေဠိတွေလုပ်မနေစမ်းပါနဲ့၊ ဝေဖူးကို ဘာလို့ ဒါလောက်စကားတွေ ပလ္လင်ခံနေရတာ လဲ

ဝေဖူးစိတ်ထဲမှာ သံသယများ ရှိလာသည်။ သူမ သိနေသော ကိုဦးဆိုတာ မိုးမြင့်ဦး များဖြစ်နေမလားလို့ တွေးမိသည်။ ထုတ်မမေးရဲ၍ မိုးလွင်တိုး ပြောနေသမျှကိုသာ နား ထောင်နေသည်။

"ဝေဖူးငုံကို ဆရာမိုးမြင့်ဦးနဲ့ ကိုယ်က မိတ်ဆက်ပေးမလို့"

"ဟုတ်လား ... ဟန်ကျလိုက်တာ ကိုတိုးရယ်"

"ဒီမှာလေ ... ဝေဖူး သိပ်တွေ့ချင်တဲ့ စာရေးဆရာ မိုးမြင့်ဦး ပေါ့"

"ရှင့် ..."

မျက်လုံးလေးဝိုင်း၊ ပါးစပ်ကလေး ဟပြီး ဝေဖူးငုံ သိပ်ပြီး အံ့သြသွားသည်။ ပြီးတော့ ဝေဖူးငုံရဲ့ မျက်နှာလေး ရှက်စိတ်ကြောင့် ရဲရဲတွတ်သွားသည်။

ဝေဖူးငုံရဲ့အတွေးထဲမှာ ညနေက တိုက်မှာ မာလာနှင့်အတူ မိုးမြင့်ဦးအကြောင်း ပေါက်ကရပြောနေစဉ် မိုးမြင့်ဦးရောက်လာခဲ့သည်ပဲ။

Scanned by CamScanner

သူ့အကြောင်း ဗရုတ်ကျပြီး ပြောဆိုနေသည်ကို သူကြားခဲ့သည်ပဲ။

"အိုး ... ရှက်လိုက်တာ"

တွေးရင်း ရှက်စိတ်တွေပို၍ ကြီးထွားလာသည်မို့ ဝေဖူးငုံက မိုးမြင့်ဦးကို မော့မကြည့် ရဲအောင် ဖြစ်နေသည်။ မကြည့်ဘဲလည်း မနေနိုင်၍ တစ်ချက် လှစ်ခနဲမော့အကြည့်။ လှောင်ရိပ်တွေ မြူးနေသော သူ့ရဲ့အကြည့်ကို တွေ့ရသည်။

"ဟာ ..."

ရင်ထဲက ဟာခနဲအော်ပြီး မျက်လွှာကို မြန်မြန်ပြန်၍ ချလိုက်သည်။

"သိပ် အံ့သြသွားလား ဝေဖူး"

"ကိုတိုး သိပ်ဆိုးတာပဲ၊ အစကတည်းက ဝေဖူးကို ပြောခဲ့ဖို့ကောင်းတာ"

နောက်ဆုံးတော့ ရှက်ရမ်းရမ်းပြီး နိုင်တဲ့လူ ဖိထောင်းလိုက်သည်။ မိုးလွင်တိုးက သဘောကျစွာ တဟားဟား ရယ်နေသည်။

"ဝေဖူးကို တမင်အံ့သြစေချင်တာရော၊ နောက်ချင်တာရောကြောင့် ကိုယ်ကလျှို့ထား ခဲ့တာပါ"

မိုးမြင့်ဦးနှင့် တွေ့ဆုံရန် ကြိုးပမ်းခဲ့သော ဝေဖူးငုံ ထိပ်တိုက်ကြီး မျက်နှာချင်းဆိုင် တွေ့ဆုံမိပြန်တော့ ဘာက ဘယ်လို စပြောရမှန်း မသိတော့ပါ။

"ဆရာမိုးမြင့်ဦးကို ဖူးချင်တယ်ဆို၊ အခု ဝေဖူး ဖူးလို့ရပြီ ဖူးတော့လေ"

မျက်နှာလေးပိုမိုပြီး ရလာကာ၊ ဝေဖူးငုံက ခေါင်းကိုတွင်တွင် ငုံ့ထားသည်။ မိုးမြင့်ဦး ရဲ့ စူးရှတည့်မတ်သော အကြည့်များ ဝေဖူးငုံရဲ့ မျက်နှာပေါ်သို့ ကျရောက်နေသည်။

"ဩော် ... ဆရာမက ကျုပ်ကို အင်တာဗျူးချင်တယ် ဟုတ်လား"

Book Sharing

Scanned by CamScanner

"ဟုတ်ကဲ့ပါ"

တိုးတိမ်သော လေသံလေးနှင့် ဝေဖူးငုံက ဖြေသည်။

"ကျုပ်ဘယ်သူနဲ့မှ အင်တာဗျူး မလုပ်ခဲ့ပါဘူး၊ ကမ်းလှမ်းတဲ့သူတွေကိုလဲ ငြင်းခဲ့တာ ဆရာမ သိလိမ့်မယ် ထင်ပါတယ်"

မိုးမြင့်ဦးရဲ့ မျက်နှာထားက တည်နေသလို လေသံက ငြိမ်နေသည်။ သူ့ရဲ့ ရုပ်သွင် ကိုကြည့်ပြီး ဝေဖူးငုံ ရှေ့ဆက်စကားပြောရမှာကိုပင် ဝန်လေးနေသည်။

"ဆရာမိုးမြင့်ဦးအားလုံးကို ငြင်းဆန်ခဲ့တာ ဝေဖူးသိပြီးသားပါ၊ ဝေဖူးရဲ့ အယ်ဒီတာက စေခိုင်းလို့ လုပ်ရမှာပါ"

"ကျုပ်နဲ့ ဗျူးလို့သာရရင် ဂျာနယ်ဆရာမလေး အရမ်းနာမည်ကြီးမှာလို့ရော မပြော ဘူးလား"

မိုးမြင့်ဦးရဲ့စကားက စိတ်ဆိုးချင်စရာမို့ ဝေဖူးငုံရင်ထဲမှာ ရုတ်တရက် မခံချင်စိတ်ဖြစ် သွားသည်။ ပေါက်ကွဲချင်သည့်ဒေါသကို မျိုသိပ်ရလိုက်ရပြန်သည်။

"ကျွန်မ နာမည်ကြီးချင်လို့ ဆရာနဲ့လာတွေ့တာမဟုတ်ပါဘူး၊ ခိုင်းတဲ့တာဝန် ကျေပွန် ချင်လို့ လာတွေ့တယ်ဆိုတာကိုတော့ သိထားစေချင်ပါတယ်"

ဝေဖူးငုံ မျက်နှာလေးချိုပြီး လေသံပြတ်ပြတ်နှင့် ပြောလိုက်သည်။

"ဪ ... ဟုတ်လား၊ ဒီလိုကြားရတဲ့အတွက် ဝမ်းသာပါတယ်"

အနှောင့်အသွားမလွတ် မထိတရိနှင့် ပြောနေသော သူ့စကားများက နာလိုခံခက်နေ သည်။ ဒါပေမယ့် ဝေဖူးငုံ သည်းခံရမည်သာ။

"ဟော ... သားကြီးတောင် ရောက်နေပြီကိုး"

သင်းပျံ့သော မွှေးရနံ့များနှင့်အတူ ဒေါ်နီလာက အခန်းထဲသို့ရောက်လာသည်။ သည်တော့မှ ဝေဖူငုံနှင့် မိုးမြင့်ဦး

Scanned by CamScanner

စကားပြတ်သွားသည်။

ဒေါ်နီလာကို ဝေဖူးငုံက စိတ်ထဲက ကျေးဇူးတင်မိသည်။ ကျဉ်းကျပ်နေသော အခက် အခဲတစ်ခုမှ ဝေဖူးငုံ လွတ်မြောက်ခဲ့သည် မဟုတ်လား။

မိုးမြင့်ဦးနှင့်စကားပြောရတာ ဝေဖူးငုံရင်ထဲမှာ တင်းကျပ်မွန်းသိပ်နေသည်လေ။

"သားကြီးရဲ့ ညီလေးရောက်နေတဲ့အချိန်မှာ ဒီအိမ်မှာ ပြန်နေပါဦးလားကွယ်"

ဒေါ်နီလာက သားကြီး မိုးမြင့်ဦးရဲ့ မျက်နှာကိုကြည့်ပြီး လေသံအေးအေးနှင့်ပြော သည်။ မိုးမြင့်ဦးက မိခင်ရဲ့ မျက်နှာကို တစ်ချက်မော်ကြည့်ပြီး ဖြေသည်။

"ထမင်းစားချိန်တွေမှာ ကျွန်တော် မှန်မှန်ရောက်လာနိုင်အောင် ကြိုးစားပါ့မယ် ဟိုမှာ စာရေးရတာ ပိုကောင်းလို့ပါ၊ ဟိုမှာပဲ နေချင်ပါတယ် မေမေ"

ပင့်သက်တစ်ခု ကျိတ်ကျိတ်လေး ဒေါ်နီလာ ချလိုက်သည်။ ပြီးမှ ဝေဖူးငုံကို ဖြေရှင်း ချက် ထုတ်လိုက်သည်။

"သားကြီးက ခြံတစ်ခြံသပ်သပ် ဝယ်ထားတယ်လေ အိမ်လေးသေးသေး တစ်လုံးနဲ့ တစ်ထီးတစ်နန်း သူကနေတာ ဝေဖူးငုံရဲ့၊ ထမင်းစားချိန်မှာ ဒီကိုလာတတ်တာ၊ ဒါတောင် တစ်ခါတစ်လေ မလာဘူး၊ ဟိုမှာပဲ သူ့ဘာသာသူ ပြီးစလွယ် ချက်ပြီးစားတယ်"

မိသားစုလေး သုံးယောက်သာရှိပြီး၊ တကွဲတပြားစီနေသော သူတို့မိသားစုကို ဝေဖူး ငုံ အံ့ဩနေသည်။ တစ်ယောက်နှင့်တစ်ယောက် အနေစိမ်းကြသည်လို့ မှတ်ယူလိုက်သည်။

"ဒါနဲ့ သားငယ်တို့က ဘယ်နေ့ပြန်မှာလဲ"

Scanned by CamScanner

"မနက်ဖြန် ညနေ ပြန်မှာပါ မေမေ"

"သန်လျင်နဲ့ ရန်ကုန် ဘာဝေးတာလိုက်လို့ကွယ်၊ အပတ်စဉ်ပြန်ခဲ့ပါ။ သမီးဝေဖူးငုံလဲ မကြာခဏ လိုက်လည်ပါကွယ်"

"ဟုတ်ကဲ့ ... အန်တီ"

နေ့စဉ် အိမ်ကနေ ရန်ကုန်မြို့ထဲသို့သွား၍ ရသော်လည်း မိုးလွင်တိုးက ရန်ကုန်မှာ တိုက်ခန်းဝယ်ပြီးနေသည်။ နှစ်ပတ်တစ်ခါလောက်မှသာ သန်လျင်သို့ပြန်သည်။

"မေမေ့မှာ သားနှစ်ယောက်ရှိပြီး၊ တစ်ယောက်မှ မေမေ့နားမှာ မနေကြဘူးကွယ်"

ဒေါ်နီလာက မျက်နှာမသာမယာနှင့် ပြောသည်။ ဒေါ်နီလာကိုကြည့်ပြီး ဝေဖူးငုံ သနားစာနာမိသည်။ သားများနှင့်အတူ နေချင်သော မိခင်ရဲ့ တွယ်တာမှုကို မှန်းဆမိသည်။ သူမရဲ့ မိခင်သည်လည်း သည်လို အတူနေချင်မှာပဲလို့ တွေးလိုက်မိသည်။

"ကဲ ... ထမင်းစားကြစို့လား"

စောစောက ညှိုးငယ်သွားသော မျက်နှာကို ပြင်၊ ရွှင်မြူးဟန်တွေကို ဖန်တီးပြီး ဒေါ်နီလာက ပြောသည်။

ညစာထမင်းဝိုင်းမှာ ပြည့်စုံအောင် စီမံချက်ပြုတ်ထားသည်။ မိုးလွင်တိုးကသာ ထမင်း ဝိုင်းမှာ ရွှင်ရွှင်ပျပျပြောဆိုနေသည်။ မိုးမြင့်ဦးက အသံတိတ် ထမင်းကိုသာ စားနေသည်။ ဝေဖူးငုံကိုလည်း ဘာ စကားမှမပြော။

"အင်း ... ဖူးရမယ့် အခြေအနေ အလားအလာ မကောင်းဘူးထင်တယ်"

စိတ်ဓါတ်ကျစွာနှင့် ဝေဖူးငုံက တွေးနေသည်။

ဝေဖူးငုံတို့ ထမင်းစားလို့မှ မပြီးသေး မိုးမြင့်ဦး စားသောက်ပြီးစီး၍

Scanned by CamScanner

စားပွဲမှ ထသည်။

"မေမေ ကျွန်တော် ပြန်မယ်"

မိခင်ကို နှုတ်ဆက်ရင်း ဝေဖူငုံနှင့် မိုးလွင်တိုး ထံသို့ လှမ်းကြည့်ပြီး အကြည့်နှင့်ပဲ နှုတ်ဆက်ကာ ထွက်သွားသည်။

"ဘယ်လို လူစားကြီးပါလိမ့်"

မိုးမြင့်ဦးရဲ့ နေပုံထိုင်ပုံဆက်ဆံပုံက မိသားစုနှင့်တစ်မျိုးကြီးပါလား၊ သူ့ကို နားမလည် နိုင်အောင် ရှိနေသည်။ ဝေဖူးငုံစိတ်ထဲမှ အားမလိုအားမရဖြစ်နေသော်လည်း သူတို့မိသားစု က ထိုသို့ ဆက်ဆံမှုကို အလေးမထားသည့်ဟန်ပါ။

ညစာ စားပြီး ဒေါ်နီလာနှင့်အတူ စကားပြောဆိုပြီးမှ အိပ်ရာသို့ အသီးသီး ဝင်ကြ သည်။

*

Scanned by CamScanner

## အခန်း(၁၁)

နောက်တစ်နေ့နံနက်၊ မိုးလွင်တိုးက ကျိုက်ခေါက်စေတီသို့ ဝေဖူးငုံကို လိုက်ပို့သည်။ ဘုရားဖူးပြီး လည်ပတ်ကြရင်းနှင့် ထမင်းစားချိန်လွန်မှ အိမ်ပြန်ရောက်သည်။

"သားကြီးတောင် အခုပဲ ထမင်းစားပြီး ပြန်သွားပြီ"

ဒေါ်နီလာက ဆီးပြီးပြောသည်။ ဝေဖူးငုံ့ရင်ထဲမှာ ဟာဆင်းသွားသည်။ မိုးလွင်တိုးနှင့် အတူတကွ သွားလာလည်ပတ်နေရသော်လည်း သူမရဲ့ စိတ်အစဉ်က ဘာကြောင့် မိုးမြင့်ဦး ဆီသို့သာ ပြေးလွှားထိရောက်နေရသည်လဲ။

မိုးမြင့်ဦးနှင့်တွေ့ဆုံနေချင်သည်က စာပေကြောင့် သူနှင့် ရင်းနှီးချင်သည်လား၊ ဒါမှ မဟုတ် ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် တွေ့ချင်သည်လားဆိုတာ၊ ဝေဖူးငုံ ခွဲခြားရှာဖွေ မကြည့်မိသေးပါ။

"မေမေလဲ စားပြီးပြီ သားတို့နှစ်ယောက် စားလိုက်ကြတော့နော်"

"ဟုတ်ကဲ့ ..."

စကားနည်းသွားတဲ့ ဝေဖူးငုံကို မိုးလွင်တိုးက ကြည့်ပြီးမေးသည်။

"ဝေဖူး ကိုဦးကြောင့် စိတ်ဓာတ်ကျနေပြီလား"

"ဟင့်အင်း ... မကျပါဘူး"

"သူက လူတစ်မျိုး ဝေဖူး၊ သိပ်ပြီး အထီးကျန်ဆန်ဆန်နေတယ်၊ ဝေဖူး သိချင်တာ တွေ သိရအောင် သူ လက်ခံစကားပြောဖို့ ကိုယ် ကြိုးစားပေးမယ်နော်"

Book Sharing

Scanned by CamScanner

သူမအပေါ်မှာ စာနာသနားတတ်တဲ့ မိုးလွင်တိုးကို ကြည့်ပြီး ခင်မင်မှုသံယောဇဉ် ပို၍ တိုးပွားသွားသည်။ တစ်ယောက် သိပ်ပြီး လိုက်လျောခင်မင်မှုရှိသလောက်၊ တစ်ယောက်က ဆက်ဆံရေး ကျဲတောက်လုချည်လား။

ညီအစ်ကိုနှစ်ယောက် စိတ်ဓာတ်ကို ရောပြီး မွှေလို့ရလျှင် ဘယ်လောက်ကောင်း လိုက်မလဲ။

"ဒီတစ်ပတ် အဆင်မပြေတော့လဲ နောက်တစ်ပတ်ပေါ့ကွာ၊ မဟုတ်ဘူးလား"

"ဝေဖူးက စိတ်ရှည်တတ်ပါတယ် ကိုတိုး"

"ကိုဦးနဲ့ ပတ်သက်လာရင် ဝေဖူး စိတ်ရှည်မှ ဖြစ်မှာ"

"စိတ်ချ ဝေဖူးတို့ကလဲ အလုပ်တစ်ခုလုပ်ရင် ငုပ်မိသဲတိုင်ပဲ၊ မဖြစ်ဖြစ်အောင်ကို လုပ် မှာပါ"

ကပ်တီးကပ်ဖဲ့နိုင်သော လူ့ခွစာကြီးကို ဝေဖူးငုံက ရအောင်စည်းရုံးမည်လို့ ဆုံးဖြတ် လိုက်သည်။ ဝေဖူးငုံမှာ ဖွဲ့ကောင်းသည့် သတ္တိကတော့ ရှိပြီးသားပါလေ။

"ကိုယ်တို့ ညစာစားပြီးမှ ပြန်ကျတာပေါ့"

"ကောင်းပါပြီ ကိုတိုး"

သာယာအေးချမ်းတဲ့ မိုးလွင်တိုးတို့ရဲ့ ခြံကြီးကို ဝေဖူးငုံ နှစ်သက်နေသည်။ ရန်ကုန် မှာ အလုပ်တွေနှင့် ရှုပ်ထွေးလုံးပန်းနေရ၍ စိတ်ပန်းလူပန်းဖြစ်ခဲ့သမျှ သည်ရောက်တော့ လူရောစိတ်ပါ လန်းဆန်းလာခဲ့ရသည်။

ညစာ ထမင်းစားသောက်ပြီး ပြန်ရန် ဒေါ်နီလာကို

Scanned by CamScanner

နှုတ်ဆက်လိုက်သည်။

"နောက်အပတ်တွေလဲ သားနဲ့အတူ လိုက်ခဲ့ပါကွယ်၊ အန်တီက ညည်းသည် မျှော်နေ တာကွယ့်"

"ဟုတ်ကဲ့ အန်တီ၊ ဝေဖူး ဒီမှာလာနေရတာ စိတ်ထဲမှာ ကြည်နူးပြီး လန်းဆန်းလာပါ တယ်၊ လာနေခွင့်ရတဲ့အတွက် အန်တီကိုလဲ ကျေးဇူးတင်ပါတယ်"

"အန်တီက ဝေဖူးတို့လာလို့ ပျော်နေတဲ့သူပါကွယ်၊ ကျေးဇူးတင်စရာမလိုပါဘူး"

"ဝေဖူးတို့ကို ခွင့်ပြုပါဦး၊ ဆရာကိုလဲ နှုတ်ဆက်သွားတယ်လို့ ပြောပေးပါ"

"ပြောလိုက်မယ်နော်"

ညစာ ထမင်းဝိုင်းမှာများ မိုးမြင့်ဦးနှင့် ဆုံတွေ့မလားလို့ မျှော်လင့်ခဲ့သော ဝေဖူးငုံ၊ မတွေ့ဆုံရတော့ စိတ်ဓာတ်ကျသွားသည်။ ဖော်ရွေမှုကင်းမဲ့သော မိုးမြင့်ဦးကို ဒေါသလည်း ဖြစ်မိသည်။

ညဘက် သန်လျင်တံတားကြီးကို ဖြတ်ကူးရတာ ဝေဖူးငုံစိတ်ထဲမှာ ပိုပြီးကြည်နူးမိ သည်။ သာယာလန်းဆန်းသော ပတ်ဝန်းကျင်ရဲ့ အရသာကို ပြည့်ဝစွာ ခံစားနေလိုက်ပါ သည်။

ဝေဖူးငုံရဲ့ တိုက်ခန်းဆီသို့ မိုးလွင်တိုး ကတိုက်ကရိုက် မောင်းခဲ့သည်။ တိုက်ခန်းရှေ့ မှာ ကားကိုရပ်ပြီး ရွှန်းလဲ့သောအကြည့်များနှင့် ဝေဖူးငုံကိုကြည့်နေသည်။

"ကိုယ်တို့ အိမ်ကို နောက်အပတ် ဝေဖူး လိုက်မှာပါနော်"

"လိုက်မှာပေါ့"

"ဒါဆို ကိုယ်သွားမယ်၊ မနက်ဖြန်ဝေဖူးဆီ လာခဲ့ဦးမယ်"

Scanned by CamScanner

"လာလေ ကိုတိုးကို ဝေဖူး သိပ်ပြီး ကျေးဇူးတင်တယ်နော်"

"ဒါ ပြောရမယ့်စကားလား"

"ဆောရီး၊ ကိုတိုးနဲ့ဝေဖူးက သိပ်ခင်ကြတဲ့ သူတွေပဲနော်၊ ဟုတ်လား"

ချစ်စဖွယ် အပြုံးလေးနှင့် ဝေဖူးငုံ ပြောလိုက်မှ မိုးလွင်တိုးရဲ့ မျက်နှာက ကြည်သွား သည်။

"ကဲ ... ကိုယ်သွားမယ်"

"အိုကေ"

ဝေဖူးငုံက မိုးလွင်တိုးရဲ့ကား ထွက်သွားသည်အထိ ရပ်စောင့်ပြီးမှ တိုက်ခန်းဆီသို့ တက်ခဲ့သည်။ တံခါးခေါက်လိုက်သည်နှင့် ထွေးငယ်က လာဖွင့်ပေးသည်။

"ဩော် ... တော်သေးတာပေါ့ ပြန်လာလို့၊ ငါက အိမ်ထောင်ရက်သားများ ကျနေပြီ လားလို့"

ထွေးငယ်က ဆီးပြီး ကျီစယ်သည်။ ဝေဖူးငုံက အားပါးတရ ရယ်လိုက်သည်။

"သိပ် သဘောကျနေတယ်ပေါ့လေ"

"နေစမ်းပါဦး ထွေးငယ်ရယ်၊ ငါက ဘယ်လောက်အကြာကြီးများ သွားနေလို့ ဒီစကား ပြောရတာ လဲ"

"ညနေစောစော ပြန်လာသင့်တာပေါ့၊ ခုတော့ မှောင်နေပြီ မဟုတ်လား"

"ကိုတိုးရဲ့ အမေက ထမင်းစားပြီးမှ ပြန်ပါဆိုလို့ပေါ့"

"ယောက္ခမလောင်းကြီးက သိပ်ကြည်နေတယ်ပေါ့ ဟုတ်လား"

"ကြည်တာမှ ပြောမနေနဲ့၊ အပတ်စဉ် လာလည်ပါတဲ့"

Scanned by CamScanner

"ဟာ ... တယ်ဟုတ်ပါလား"

"နေဦး၊ နင့်ကိုသိပ်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းတွေ ပြောရဦးမယ်"

"ဘာများလဲဟ"

"တစ်ခါက ထွေးငယ်ရဲ့ ပန်းချီပြခန်းမှာ ကားတစ်ချပ်ဝယ်သွားတဲ့ သူတစ်ယောက် အကြောင်း နင့်ကိုပြောပြခဲ့တာ မှတ်မိသေးလား"

"အင်း ... မှတ်မိတယ်"

ထွေးငယ်က မျက်လုံးလေးစိုက်ပြီး ဝေဖူးငုံရဲ့ စကားကို စိတ်ဝင်စားစွာ နားထောင် နေသည်။

"နိုင်ငံခြား မင်းသားလိုပဲ သိပ်ခံ့ သိပ်ချောတဲ့ တစ်ယောက်ဆိုတာ မဟုတ်လား"

"အေး ... ဟုတ်တယ်"

"နောက်နေ့မှာ ထပ်ပြီး လာမလားလို့ မိန်းမကြိုက်တော့ ဆိုက်ဆိုက်သွားပြီး ဆိုင်မှာ နင်သွားစောင့်သေးတယ် မဟုတ်လား"

ထွေးငယ်က အရွှတ်အနောက်လေးနှင့်အတူ ပြောသည်။

"အေးဟာ အဲဒီ လူကို ငါ ထပ်တွေ့ရတယ်"

"ဟယ် ... ဟုတ်လား၊ ဘယ်မှာ တွေ့ရတာ လဲ"

"ငါ့ကို သန်လျင်သွားဖို့ သူက လာခေါ်တာလေ"

"မဟုတ်မဟပ် ပြောပြန်ပြီ"

"ဟုတ်တာ ပြောတာ၊ ထွေးငယ်ရဲ့ သူက ကိုတိုးရဲ့ အစ်ကိုဖြစ်နေတယ်"

Scanned by CamScanner

"ဟာ … ပြဿနာပဲ"

"ဘာ ပြဿနာလဲ ထွေးငယ်ရာ"

"သူညီက ဝေဖူးကို အသေအလဲဖြစ်နေတာ၊ သူနဲ့ဘယ်လိုလုပ်ပြီး နီးစပ်နိုင်မှာလဲ"

"နီးစပ်ဖို့အထိ ငါကလဲ မမျှော်လင့်ထားပါဘူး"

"သူ့ကိုနင် စိတ်ဝင်စားတယ် မဟုတ်လား"

"အင်းလေ"

"စိတ်ဝင်စားရုံတင်ပဲလား၊ ဒီထက် ပိုဦးမှာလား"

ထွေးငယ်ရဲ့အမေးကို ပွင့်ပွင့်လင်းလင်းပဲ ပြောချင်ပါသည်။ ဒါပေမယ့် ရင်ထဲက ခံစားချက်ကို ဝေဖူးငုံက ဘယ်တော့မှ ပွင့်လင်းစွာ ထုတ်ဖော်ပြောလာမည်မဟုတ်။

"နောက်ပြီးနင့်ကို ပြောရဦးမယ်၊ သူဟာ ငါသိပ်တွေ့ချင်နေတဲ့ စာရေးဆရာ မိုးမြင့်ဦးပဲ"

"ဟင် … ဟုတ်လား"

"တွေ့ဖို့ ကြိုးစားတုန်းက အစအနကောက်မရတဲ့ အမှတ်တမဲ့ရှိနေမှ သူ့ကို မမျှော် လင့်ဘဲ ငါတွေ့ရတယ်ဟာ"

"ဒါဆို နင် သူနဲ့ ဇာတ်လမ်း ဖျူးခဲ့ပြီပေါ့"

မျှော်လင့်တကြီးနှင့် ထွေးငယ်က မေးသည်။

"ဘယ်ကလာ သူက လုံးဝစိတ်ဝင်စားပုံ မရှိဘူး၊ ကြားက ကိုတိုးက ပွဲစားလုပ်တာ တောင် မတုန်မလှုပ်နဲ့လေ"

"ဒါဆို နင် တပ်ခေါက်ပြီး ပြန်ခဲ့ရတယ်ပေါ့"

Book Sharing

Scanned by CamScanner

"အင်း ... ဒါပေမယ့် ဖွဲ့မလျှော့သေးဘူး၊ ကိုတိုးသန်လျှင်ပြန်တိုင်း ငါ လိုက်သွားမယ်"

"ဟာ ... လုပ်လှချည်လား"

"လုပ်ရမယ် ... အဲဒီ လူကို မရမက ငါချဉ်းကပ်မယ်၊ ပြီးတော့ နင့်ကို ပြောရဦးမယ်၊ ငါ ငါ အရှက်ကွဲတဲ့အကြောင်းပေါ့"

"ဟယ် ... ဘာတွေ ဖြစ်ရပြန်တာလဲ"

"သူက ငါ့ကို တိုက်မှာလာခေါ်တယ်ဟာ၊ ငါနဲ့ ကိုသက်အောင်တို့လင်မယားနဲ့ စကား ပြောနေကြတဲ့အချိန်ပေါ့၊ စာရေးဆရာ မိုးမြင့်ဦးအကြောင်းကို ငါကမှ မသိတာ၊ အခန်းထဲ ရောက်နေတာကိုရော သူ ဘယ်သူဆိုတာ မသိဘူးလေ"

"အင်း ... ဆိုစမ်းပါဦး"

"မာလာကို ရွတ်နောက်ပြီး အဲဒီ စာရေးဆရာ မိုးမြင့်ဦး ဆိုတဲ့ လူပျို လူအေးကြီးကို ဒိုးဒိုးဒန့်ဒန့် ဖြစ်အောင် ငါလုပ်ပြမယ်လို့ နောက်မိတယ်၊ အဲဒီ စကား သူကြားသွားတယ်"

"ဟယ် ... ဒုက္ခပါပဲ ဝေဖူးရယ်"

"အဲဒီ တုန်းက ငါတို့အားလုံး သူ့ကို မိုးမြင့်ဦးဆိုတာ မသိသေးတော့ ငါ မရှက်မိဘူး၊ သန်လျှင်ရောက်ပြီးမှ သူဘယ်သူဆိုတာ သိရတယ်၊ ငါဖြင့် အဲဒီ အချိန်က ရှက်လိုက်တာ လဲတောင်သေချင်တယ်"

"အေးလေ ... သေချင်မှာပေါ့"

"သူက ငါ့ကို လှောင်ရယ်တွေနဲ့ ကြည့်နေတာများ ကြက်သီးတောင် ထပါတယ် ထွေးငယ်ရာ"

"အဲဒီ အကြောင်း နင်က ရွတ်တာနောက်တာပါလို့ မဖြေရှင်းပြဘူးလား"

Scanned by CamScanner

"ဟင့်အင်း ... ရှက်လွန်းလို့ အဲ့ဒီအကြောင်း ငါကစပြီး မပြောရဲပါဘူး"

"သူကတော့ နင့်ကို ဟားနေမှာ သေချာတာပေါ့"

"သိပ်ကို သေချာတာပေါ့"

"ဒါဆို နင် သူ့ကို ဘယ်လိုဆက်ပြီး ရင်ဆိုင်မလဲ"

"ရတယ် ... ကိုယ်လိုချင်တာ ကိုယ်ရဖို့၊ နည်းနည်းတော့ မျက်နှာပြောင်ရမှာပေါ့"

ဝေဖူးငုံရဲ့ အပြောကို သဘောကျစွာနှင့် ထွေးငယ်က ရယ်လိုက်သည်။ မိုးလွင်တိုး တို့ မိသားစုရဲ့အကြောင်းကိုပြောရင်း သူငယ်ချင်းနှစ်ယောက် ညဥ့်နက်မှ အိပ်ရာဝင်ကြ သည်။

*

Scanned by CamScanner

# အခန်း(၁၂)

နောက်တစ်နေ့ စာအုပ်တိုက်ကအပြန် မိုးလွင်တိုးက လာကြိုသည်။ ညစာ ဈေးဝယ် ပြီး ဝေဖူးငုံ ပြန်ခဲ့သည်။

"ကိုတိုး ... ဝေဖူးတို့ဆီမှာ ညစာ စားပြီးမှ ပြန်နော် ..."

"ရတယ်လေ"

"ဒါဆို ညည့်ခန်းထဲမှာပဲ နေမလား၊ မီးဖိုးထဲ လိုက်ခဲ့မလား"

"တစ်ယောက်တည်း ပျင်းတယ်၊ မီးဖိုထဲလိုက်ခဲ့မယ်၊ တော်ကြာ ကိုယ့်မျက်ကွယ်မှာ ဝေဖူးက ညစ်ညစ်ပတ်ပတ်ချက်နေရင် ကိုယ်က ရှုံတတ်တယ်"

"ကိုတိုးနော် ပေါက်ကရ မပြောနဲ့"

မိုးလွင်တိုးက ကျီစယ်သည်ကို ဝေဖူးငုံက ရယ်ရင်းပြောလိုက်သည်။ ဝေဖူးငုံ ချက် ပြုတ်လုပ်ကိုင်နေသည်ကို အနားက မိုးလွင်တိုးက ကြည့်ရင်း စိတ်ကူးယဉ်နေသည်။

ဝေဖူးငုံနှင့်သူ အိမ်ထောင်ကျပြီး ဝေဖူးငုံက ထိုသို့ ချက်ပြုတ်ကျွေးနေသည်ဆိုလျှင် ဘယ်လောက်များ ကြည်နူးစရာ ကောင်းလိမ့်မလဲလို့ တွေးမိသည်။

ဝေဖူးငုံ တို့ပြန်လာမည့်မေတ္တာကို စောင့်မျှော်လင့်ရတာ မောပေမယ့် သူ စိတ်ရှည် လက်ရှည်စောင့်စားနေပါဦးမည်။ ခက်ခဲတာကိုမှ တန်ဖိုးထားတတ်တာ လူ့သဘာဝထင်ပါ ရဲ့၊ လွယ်လွယ်ရခဲ့သော မေတ္တာတွေကို သူ ပစ်ပစ်ခါခါရှိခဲ့သည်။

Scanned by CamScanner

ဝေဖူးငုံနှင့်ကျမှ သူအရှုံး ကြီးရှုံးနိမ်နေပါလား။

စကားမပြော၊ တွေဝေနေသော မိုးလွင်တိုးကို ချက်ပြုတ်နေရင်းက ဝေဖူးငုံက ကြည့် လိုက်သည်။

"ကိုတိုး ဘာတွေ တွေးနေတာလဲ"

"စုံလို့ပဲ၊ ဝေဖူးနဲ့ကိုယ် လက်ထပ်ပြီးရင်ဆိုတဲ့ အခြေအနေထိ ကိုယ်စိတ်ကူးနေတာ ရောက်သွားတယ်"

"လွန်တာပေါ့ ကိုတိုးရယ်"

"စိတ်ကူးဟာ ဘယ်သူ့ကိုမှ ထိခိုက်တာမှ မဟုတ်တာ ဝေဖူးရယ် မဟုတ်ဘူးလား"

မျှော်လင့်ချက်မျက်ဝန်းတွေဖြင့် ဝေဖူးငုံကိုကြည့်ပြီး ပြောသည်။ ဝေဖူး ရင်ထဲမှာ သနားစိတ်ဖြင့် ကျင်ရှစွာ ခံစားလိုက်ရသည်။

"ကိုတိုး သိပ်ဆိုးတယ်နော်၊ အစကတည်းက ကိုတိုးအစ်ကိုက မိုးမြင့်ဦးဆိုတာ ပြော ပြဖို့သင့်တယ်"

ကောက်ကာငင်ကာနှင့်ဝေဖူးငုံက ပြောသည်။

"ဘာပြုလို့လဲ ဝေဖူး"

"သူ ဘယ်သူမှန်းမသိတော့ ဝေဖူးက လျှောက်ပြောချင်တာပြောမိတော့ အားနာစရာ ပေါ့"

"ဝေဖူးက ဘာတွေ ပြောမိခဲ့လို့လဲ"

"သူ့ရှေ့မှာ စာရေးဆရာ မိုးမြင့်ဦးက သိပ်မာနကြီးတယ်လို့ ပြောလိုက်မိတယ်လေ"

"ဝေဖူးတို့က လုပ်ချလိုက်ပြီကိုး"

Scanned by CamScanner

"သိမှ မသိတာကိုး ကိုတိုးရဲ့"

"အဲဒီ တော့ သူက ဘာပြောလဲ"

"ဘာမှမပြောပါဘူး၊ မိုးမြင့်ဦးဆိုတာ သူနဲ့ မသက်ဆိုင်တဲ့ လူတစ်ယောက်လိုပဲ လုပ် နေတယ်"

"အဟင်း … ကိုဦးနဲ့တော့ တွေ့နေကြပြီ သူက ဒီလိုပဲ၊ မပွင့်တပွင့် ပြုံးစိစိနဲ့ ကိုယ်နဲ့ ဆန့်ကျင်ဘက်ပဲ"

"ညီအစ်ကိုသာ ဆိုတယ်၊ ကိုတိုးတို့နှစ်ယောက် မတူကြဘူးနော်"

"ဟုတ်တယ်…ရုပ်ရည်ရော စိတ်ထားရော ကိုယ်တို့နှစ်ယောက်က ဆန့်ကျင်ဘက်ပဲ"

"ကိုတိုးက မျက်နှာချိုသလောက် သူက မျက်နှာကြောသိပ်တင်းတာပဲ၊ တစ်လောက လုံးများ သူ့လုပ်စာ စားနေတယ်များ ထင်လားမသိဘူး"

ဝေဖူးငုံက ရှုစူမှူမှုလေးပြောသည်။ မိုးလွင်တိုးက ကြည့်ပြီး သဘောကျစွာ ရယ်လိုက် သည်။

"ကိုဦးနဲ့တွေ့မှ ဝေဖူး အဲ့လိုပြောတယ်လို့ ပြောပြလိုက်မယ်"

"အမယ်လေး မလုပ်လိုက်ပါနဲ့ ကိုတိုးရယ်၊ နဂါးမျက်စောင်းထိပြီး ဝေဖူး ပြာကျသွား ဦးမယ်၊ နောက်ပြီး နှာတင်းပြီး ဝေဖူးကို မဗျူးလို့ ခက်နေပါဦးမယ်"

"ဝေဖူးက ကြောက်တယ်ပေါ့"

"သူ့ကို မကြောက်ပါဘူး၊ ဆောင်းပါတစ်ပုဒ် မရလိုက်မှာကိုပဲ စိုးရိမ်တာပါ"

"ကိုဦးနဲ့ပြေလည်အောင် ကိုယ်ကြိုးစားပေးပါ့မယ် ဝေဖူးရာ၊ အဲဒီ အတွက် စိတ်ချနေပါ"

Book Sharing

Scanned by CamScanner

အိမ်ရှေ့ တံခါး ဘဲလ်သံ ကြားရသည်။

"နေ ... ဝေဖူး၊ ကိုယ်သွားဖွင့်ပေးလိုက်မယ်"

မိုးလွင်တိုးက တံခါးကို သွားဖွင့်ပေးသည်။ ထွေးငယ် ပြန်လာခြင်းပါ။

"ဟော ... ကိုတိုးကြီး ရောက်နေတာကိုး"

"ဟုတ်တယ် ... ဝေဖူး ထမင်းချက်တာ ကြည့်ရင်းနဲ့ စကားပြောနေတာ"

"ဟုတ်လား"

မီးဖိုထဲသို့ ထွေးငယ်ပါ လိုက်ဝင်လာသည်။

"ဝေဖူးရေ ... ကောင်းကောင်းချက်နော်၊ တို့ ဗိုက်ဆာလာတယ်"

"စိတ်ချ ဒီနေ့ ထမင်းစား မြိန်စေရမယ်"

"အထူးဧည့်သည်အတွက် လက်စွမ်းပြနေတယ်ပေါ့လေ"

ထွေးငယ်က မထိတရိ ကျီစယ်ပြီး ဝေဖူးငုံဆီက မျက်စောင်းလက်နက် မရောက်လာ မီ လှစ်ခနဲ မီးဖိုဆောင်က ထွက်သွားသည်။

"ကိုယ် ဘာကူပေးရဦးမလဲ"

"ဝန်မလေးရင် အဲဒီ ဟင်းရွက်တွေ သင်ပေးလေ"

"ဘယ်လိုလုပ်ရမလဲ ပြပေးလေ"

မိုးလွင်တိုးကို ကြည့်ပြီး ဝေဖူးငုံ ရယ်လိုက်သည်။

"ရပါတယ် ကိုတိုးရယ်၊ မလုပ်တတ်ဘဲ မလုပ်ပါနဲ့၊ ဝေဖူး ဘာသာလုပ်ပါ့မယ်"

"ကိုယ်တော့ စရိုတ်ငြိမ်းအောင် ဆိုင်မှာပဲ စားတယ်၊ လူတော့ သက်သာတယ်၊ ဒါပေမယ့် ကြာတော့ ဆိုင်ထမင်း ဆိုင်ဟင်းက ငြီးငွေ့စရာကြီးနော်"

Scanned by CamScanner

"ဒါဆို ဝေဖူးတို့ဆီမှာပဲ လာစားပေ့ါ"

"ထမင်းလခ ပေးစားမယ်လေ"

"ဒါ ရန်စတာပဲ"

"နေ့တိုင်း ဝေဖူးတို့ဆီ လာစားဖို့ မအားပါဘူးကွာ ကြုံတဲ့အခါ စားတာပေ့ါ"

"အားနာတာကြောင့်တော့ မဖြစ်စေနဲ့နော်၊ ကိုတိုးနဲ့ ဝေဖူးတို့ကြားမှာ အားနာတယ် ဆိုတဲ့စကား မရှိကြေး"

"ဟုတ်ပါပြီ ဝေဖူးရယ်"

ဝေဖူးငုံရဲ့ မျက်နှာနုနုလေးကို ချစ်မြတ်နိုးစွာကြည့်ရင်း မချင့်မရဲနှင့် ရင်ထဲက မိုးလွင် တိုးက ပြောလိုက်သည်။

ဝေဖူးရယ် ... မင်းဟာ ကိုယ်အလိုချင်ဆုံး မေတ္တာကလွဲရင် ကျန်တာတွေ အားလုံး ပေးနေပါလား၊ ကိုယ်လိုချင်တာ ခင်မင်မှုထက် နက်ရှိုင်းတဲ့ အချစ်ဆိုတာ မင်းလေး နား လည်လိုက်စမ်းပါကွယ်

"ကဲ ... အားလုံး ကျက်ပြီ ကိုတိုး စားတော့မလား"

"ဝေဖူး ရေချိုးချင် ချိုးလိုက်ဦးလေ ကိုယ် မဆာသေးပါဘူး"

"ဒါဆို စာအုပ် အပျင်းပြေ ဖတ်နေနော်။ ဝေဖူး ရေချိုးလိုက်ဦးမယ်"

"ကောင်းပြီ"

ရေချိုးခန်းသို့ ဝင် မြန်မြန် ရေချိုးပြီး ဝေဖူးငုံ က အဝတ်အစားလဲပြီး မိုးလွင်တိုးထံသို့ ထွက်လာသည်။

အခြယ်အသမရှိ၊ ဖူးစင် ဝင်းမွတ်နေသော မျက်နှာလန်းလန်းကို တရှိုက်မက်မက် မိုးလွင်တိုးက ငေးနေမိသည်။

Scanned by CamScanner

"ကဲ ... ထွေးငယ်ရေ စားကြစို့လား"

ထမင်းစားပွဲမှာ မိုးလွင်တိုးကို ထိုင်ခိုင်းပြီး ထွေးငယ်နှင့် ဝေဖူးငုံက ထမင်းဝိုင်းကို ပြင်ဆင်ကြသည်။

"ဝေဖူးက ဘယ်ဆိုးလို့လဲ၊ ဟင်းချက် ကောင်းသားပဲ"

"ဝေဖူး မဆိုးတာ ကိုတိုး ခုမှ သိတယ်ပေါ့"

ရွှတ်နောက်နောက်နှင့် ဝေဖူးငုံက ပြောသည်။

ရွှတ်နောက် ပျော်ရွှင်တတ်သော ဝေဖူးငုံကို မိုးလွင်တိုးက အကြင်နာတွေ ပိုနေမိ ပါသည်။

စားသောက်ပြီး၊ ခဏသာနေကော မိုးလွင်တိုးပြန်သွားသည်။ ထိုကျမှ ထွေးငယ်က နောက်ပြောင် ကျီစယ်ခြင်းကို ပြုရလေတော့သည်။

"ဝေဖူးတို့များ ယူတောင်မယူရသေးဘူး ခုတည်းက ချက်ပြုတ်ကျွေးနေရပြီဟေ့"

"ထွေးငယ်နော်၊ ပေါက်ကရတွေ မပြောနဲ့"

"နို့ မဟုတ်လို့လား၊ ခုတည်းက ပြုစုနေရပြီလေ"

"ကြည့် ပြောလေ ကဲလေပါလား"

ထွေးငယ်ရဲ့ လက်မောင်းကို ဖြန်းခနဲ တစ်ချက် ဝေဖူးငုံက ရိုက်လိုက်သည်။

"ကိုတိုးကြီးက နင့်ကို တော်တော်ခိုက်နေတာပဲ၊ သူ့အကြည့်ထဲမှာ နင့်ကို သိပ်ချစ် တာ ပေါ်လွင်နေတယ်၊ သနားပါတယ်၊ ပြန်ချစ်လိုက်ပါလားဟင်"

"အချစ်ဆိုတာ လုပ်ယူလို့ရတဲ့ ခံစားမှုဆိုရင် သိပ်ကောင်းမှာပဲ ထွေးငယ်ရယ်၊ ငါလဲ သူ့ကို သနားတယ်၊ သနားလို့ သူ့ကို လက်ခံမယ်

Scanned by CamScanner

စိတ်ကူးမိပါသေးတယ်"

"စိတ်ကူးတင်ရုံပဲလား၊ အကောင်အထည် မဖော်သေးဘူးလား"

"ကိုတိုးကိုသနားလို့ ဝေဖူး လက်ခံချင်တယ်လို့ပြောတော့ ကိုယ်တော်ချောက ဒေါပွ လိုက်တာဟယ်"

"ဟင်... ဟုတ်လား"

"အေး ... ငါ့ကိုပြောတယ်၊ သနားလို့တော့ သူ့ကို လက်မခံနဲ့တဲ့။ သူများသနားတာ ကို သူက လုံးဝမခံယူချင်ဘူးတဲ့၊ သူ့ကို နှစ်နှစ်ကာကာချစ်မှ တဲ့ပြန်ပါတဲ့"

"ဩော် ... သနားချစ်ကို သူက မလိုချင်ဘူးပေါ့"

"အင်း ..."

"ဒါဆို ကြိုးစားပြီး သူ့ကို ချစ်လိုက်ပါလားဟယ်"

"ကြိုးစားကြည့်နေပါတယ် ထွေးငယ်ရယ်၊ ခက်တာက သူ့ကြောင့် ငါ့ရဲ့နှလုံးသား ထဲမှာ သဲ့သဲ့လေးတောင် လှုပ်ရှားမှုမရှိဘူး၊ သူ့ကို ဖြူစင်တဲ့မေတ္တာတွေနဲ့ ငါ ချစ်နေတယ်"

"အင်း ... ဒုက္ခပဲ"

စိတ်မသက်မသာနှင့် ထွေးငယ်က သက်ပြင်းချလိုက်သည်။ နှစ်ဦးစလုံး လုပ်စရာ အလုပ်တွေရှိနေ၍ မိုးလွင်တိုးဆွေးနွေးခန်းကိုရပ်ပြီး စားပွဲမှာ အသီးသီး ထိုင်ရပါတော့သည်။

*

Scanned by CamScanner

# အခန်း(၁၃)

မိုးမြင့်ဦး ရန်ကုန်သို့ ကိစ္စရှိ၍ ရောက်လာသည်။ ဝေဖူးငုံဆီသွားချင်တဲ့စိတ်တွေ သူ့ ရင်မှာ ဖိစီးနေသည်။ သန်လျင်လာတုန်းက ဝေဖူးငုံနှင့် မဆုံစည်းမိအောင် တမင်ရှောင်ရှား ခဲ့သည်။

ဝေဖူးငုံပြန်သွားမှ သူမှာ တွေ့လိုမြင်လိုစိတ်တွေ အရမ်းဖြစ်နေသည်။ ခု ရန်ကုန်ရောက် တော့ ပို၍ တွေ့ချင်စိတ် ပြင်းပြနေသည်။

ဒါပေမယ့် ဝေဖူးငုံကို သွားရောက်မတွေ့ရဲပါ။ မိန်းမမှန်သမျှ တစ်ယောက်မှ မကောင်း ဘူးလို့ ဝါးလုံးရှည်နှင့် သိမ်းကျုံးစွပ်စွဲခဲ့သော တယူသန်စိတ်က သူ့ကို နှိပ်စက်နေသည်။

မိန်းမတွေကို မပတ်သက်ချင်သလို မယုံစားရဲပါ။ ချစ်ဖို့ဆိုတာတော့ ဝေလာဝေး။ သူ့နှလုံးသားကို ပညတ်ဆုံးမခဲ့သည်မှာလည်း ကြာခဲ့ပြီ။ ဖြတ်သန်းသွားလာခွင့်မပြုလို့ ဆိုင်း ဘုတ်တင်ထားသော သူ့နှလုံးသားထဲ ဝေဖူးငုံက ဘာကြောင့် ကျူးကျော်ဖြတ်ဝင်လာတာလဲ။

စောစောက ဝေဖူးငုံကိုတွေ့ချင်သော မိုက်မှားသည့်ဆန္ဒတွေကို မောင်းခါ ထုတ်ပစ် လိုက်သည်။ ဝေဖူးငုံရဲ့စာအုပ်တိုက်ဆီသို့ ဦးတည်နေသော ကားခေါင်းကို ဆန့်ကျင်ဘက် ဆီသို့ လွဲပြောင်းပစ်လိုက်သည်။

သူ့ရင်ထဲမှာ ဝေဖူးငုံနှင့် ညီ မိုးလွင်တိုးရဲ့ ဆက်ဆံရေးသည် ရိုးရိုးသားသား သာမန် မဟုတ်လို့ ယူဆထားနေမိပါသည်။

ထိုယူဆချက်နှင့်အတူ ရင်မှာ စူးနစ်နက်ရှိုင်းစွာ ခံစားလိုက်ရပါသည်။

Book Sharing

Scanned by CamScanner

မြတ်နိုးတွယ် တာသော အရာဝတ္ထုတစ်ခုကို လက်လွှတ်ဆုံးရှုံးသွားသလို နှမြောတသစွာ ခံစားမိပါတော့ သည်။

*

သည်တစ်ပတ် စနေ ညနေမှာလည်း မိုးလွင်တိုးက လာခေါ်၍ သန်လျင်သို့ ဝေဖူငုံ လိုက်ခဲ့သည်။

"သားငယ်ကို သေသေချာချာ မှာလိုက်တာ ဝေဖူးကို ခေါ်ဖြစ်အောင် ခေါ်ခဲ့ပါလို့"

"မေမေက ဝေဖူးကို တော်တော် သံယောဇဉ်ဖြစ်နေပြီပဲ"

မိုးလွင်တိုး ရင်ထဲမှာ အချစ်ရဆုံး မိန်းကလေးနှင့် မိခင်ပြေပြေလည်လည် ရှိနေသည့် အတွက် ဝမ်းသာကြည်နူးနေသည်။

"သားရောက်တုန်း မေမေ အိမ်မှာ အကျွေးအမွေးတစ်ခု စီစဉ်ထားတယ်"

"ဘာအတွက် ကျွေးမှာလဲ"

"မေမေ့ရဲ့ မိတ်ဆွေတွေနဲ့ ဝေဖူးလဲ တွေ့ရအောင် မနက်ဖြန် မေမေ့ မွေးနေ့ လုပ်မ လို့လေ"

မိတ်ဆွေ အပေါင်းအသင်းတွေကို ခံမင်ပြီး ပျော်ရွှင်တတ်သော မိခင်ရဲ့ အထာကို မိုးလွင်တိုးတို့ သိပြီးသားပါ။ နှစ်စဉ်မိခင်က သူ့မွေးနေ့ပွဲကို ကျင်းပတတ်သည်။ သည်အိမ် အကျယ်ကြီးမှာ လျှံလန်သွားအောင်ပင် ဧည့်သည်များကို ဖိတ်ကြားထားတတ်သည်။

Scanned by CamScanner

ဝေဖူးငုံ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတာအမှန်။

ဒေါ်နီလာက သူမရဲ့မိတ်ဆွေများနှင့် ဘာကြောင့်ဝေဖူးငုံကို တွေ့စေချင်သည်လဲ။ မိုးလွင်တိုးနှင့် သူမကို ဒေါ်နီလာက လက်ရှိ အခြေအနေထက် ပိုပိုလျှံလျှံ တွက်ထားလေပြီ လား။

မိုးလွင်တိုးကိုတော့ သတိပေးထားရဦးမည်။ သူမဘက်က ဘာမျှ တုံ့ပြန်မှုမရှိသေး ဘဲ၊ လူသိရှင်ကြား မလုပ်ဖို့ပင်။

အိမ်မှာ ရှင်းကြ၊ လင်းကြ၊ ချက်ကြ၊ ပြုတ်ကြ လုပ်နေ၍ ဟိုတစ်ပတ်လို အေးအေး ဆေးဆေးမရှိ။ ဝေဖူးငုံက ကူညီလုပ်သည်ကို ဒေါ်နီလာရော မိုးလွင်တိုးပါ လုံးဝလက်မခံပါ။

သည်တော့ ဝေဖူးငုံက လူအားသက်သက်ဖြစ်နေသည်။ ညစာ စားပြီးချိန်မှာ တော် တော်လေး မှောင်နေပြီ၊ မိုးမြင့်ဦးတစ်ယောက် ထမင်းလာမစားပါ။

"သားကြီးလဲ ထမင်းလာမစားဘူး စာရေးတာ ရှာန်ဝင်နေပြီ ထင်တယ်"

"ဒီလိုလုပ်လေ မေမေ၊ ထမင်းချိုင့် ထည့်ပေးလိုက် သားသွားပေးမယ်"

""အမယ် ... တယ်ဟုတ်နေပါလား"

ဝေဖူးလဲ သူ့အိမ်ရောက်ဖူးအောင် အလည်ခေါ်သွားချင်လို့ပါ"

"အေး ... အေး ဒါဆို သွားပို့ချည်လေ"

ဒေါ်နီလာက ထမင်းချိုင့် စီစဉ်ပေးသည်။ ဝေဖူးငုံကို ခေါ်ပြီး မိုးမြင့်ဦးရဲ့ အိမ်ဆီသို့ နှစ်ယောက်သား ထွက်လာကြသည်။ ကျယ်ဝန်းသော ခြံတွေကို ဖြတ်ကျော်လာကြသည်။

"ဒီနားမှာ ခြံကြီးဝန်းကြီးတွေချည်းပဲနော်"

Scanned by CamScanner

"ဟုတ်တယ် ဝေဖူးရဲ့..."

"ကိုတိုးတို့ ခြံက အကျယ်ကြီးပဲဟာ၊ အဲဒီ ထဲမှာလဲ ကိုဦးက အိမ်ဆောက်နေနိုင် လျက်သားနဲ့ မနေဘူးလေ"

"ကိုဦးက လူတစ်မျိုးပဲ သိပ် ဘာသာလဝါနိုင်တယ်"

တော်တော်လေး လျှောက်မိကြတော့ မိုးမြင့်ဦးရဲ့ခြံကို ရောက်လာပြီ။ ခြံကျယ်ကျယ် ထဲမှာ တစ်ထပ်အိမ်သေးသေးကို ဆောက်ပြီး နေနေသည်ပဲ။

"သူက ဒီမှာ တစ်ထီးတစ်နန်း လာပြီးနေတာ ဝေဖူးရဲ့"

"သူ နေထိုင်ရတာ အထီးကျန် ဆန်လိုက်တာနော်"

"သူ အိမ်စခွဲသွားတုန်းက မေမေ တော်တော် စိတ်မကောင်းဖြစ်တယ်၊ ခုတော့လဲ နေသားကျနေပါပြီ၊ မေမေက ညှော်ပေါတယ်လေ၊ အဲဒါကို ကိုဦးက မကြိုက်ဘူး"

"ဟင် ... ဒါဆို သူ့အိမ်ကို လိုက်လည်တာ ကြိုက်ပါ့မလား"

"ညှော်သည်ကို မောင်းထုတ်လောက်တဲ့အထိတော့ သူ မရိုင်းပါဘူး ဝေဖူးရယ်"

မိုးမြင့်ဦးရဲ့ အိမ်ရှေ့တံခါးဝသို့ ရောက်ခဲ့ပါပြီ။ ဝေဖူးငုံက မိုးလွင်တိုးရဲ့နောက်နားက နေလိုက်သည်။ တံခါးခေါက်လိုက်သည်နှင့် မိုးမြင့်ဦးက တံခါးလာဖွင့်ပေးသည်။

"ဟာ ... ကိုတိုး ဘာလာလုပ်တာလဲ"

"ထမင်းချိုင့်လာအပို့ရင်းနဲ့ ညှော်သည်ပါ ခေါ်ခဲ့တာလေ ..."

မိုးလွင်တိုးရဲ့နောက်နားက ဝေဖူးငုံကို အကြည့်တစ်ချက်သာ ပို့ပြီး မျက်နှာကပြုံးရွှင် ပျူငှာခြင်း မရှိပါ။

Scanned by CamScanner

အတွင်းသို့ လှမ်းနေသော ဝေဖူးငုံရဲ့ ခြေလှမ်းတွေပင် ရှုံ့တွန့်တွန့်ဖြစ်သွားသည်။

"လာ ... ဝေဖူး"

မိုးလွင်တိုးက အလိုက်သိတတ်စွာနှင့် ခေါ်သည်။ မဝံ့မရဲနှင့်ပင် မိုးလွင်တိုးနောက်က လိုက်ခဲ့သည်။

"မေမေက ထမင်းစား မလာလို့ မျှော်နေသေးတယ်"

"ဒီမှာပဲ၊ တစ်ခုခု စားလိုက်မယ်လို့ စိတ်ကူးပြီး မလာတာ ..."

"မနက်ဖြန် မေမေက သူ့အိမ်မှာ သူ့မွေးနေ့အတွက် ညစ်ခံကျွေးမွေးပွဲရှိတယ် ကိုဦးရဲ့"

"သိသားပဲ၊ ဒါကြောင့် မျက်စိနောက်နေလို့၊ အခုည ထမင်းလာမစားတာပေါ့"

ဖျတ်ခနဲ မိုးမြင့်ဦးရဲ့ မျက်နှာကို လှမ်းကြည့်လိုက်သည်။ တကယ့်ကိုမှ ခပ်တည် တည်ကြီးပါလား။

"ဒါဆို မနက်ဖြန် ကိုဦး မလာဘူးလား"

"လာချင်စိတ်မရှိပါဘူး"

"အဲ့လို မလုပ်ပါနဲ့ ကိုဦးရာ၊ မေမေ စိတ်မကောင်း ဖြစ်နေမှာပေါ့"

"အင်း မလွဲသာရင်တော့ ခဏလောက်လာခဲ့မယ်"

မိုးမြင့်ဦး တစ်ယောက်တည်းနေသော ညစ်ခန်းကို ဝေဖူးငုံက ဝေ့ဝဲပြီး ကြည့်လိုက် သည်။ တစ်ယောက်တည်း နေပေမယ့်၊ သပ်သပ်ရပ်ရပ် ရှိနေသည်ကို တွေ့ရသည်။

"ဆရာက တစ်ယောက်တည်းနေတာ မပျင်းဘူးလား"

Scanned by CamScanner

"မဖျင်းပါဘူး၊ လူများများနဲ့ နေရတာ ကိုသာ မျက်စိရှုပ်ပြီး၊ စိတ်ညစ်တယ်"

ဝေဖူးငုံရဲ့ အမေးကိုတော့ ပြေပြေလည်လည်ပြန်ဖြေသည်။ ဝေဖူးငုံက အတင့်ရဲစွာ နှင့် စကား ဆက်လိုက်ပြန်သည်။

"ဝေဖူး လာလည်တာရော၊ ဆရာ ကြိုက်မှကြိုက်ပါ့မလား"

"ရပါတယ်၊ တစ်ခါတစ်ရံ လာလည်တဲ့ ဧည့်သည်အပေါ်မှာ ကျွန်တော် ဧည့်ဝတ်ကျေ ပါတယ်"

"ဒါဆို၊ ခဏခဏ လာလည်ရင်တော့ စိတ်ဆိုးမယ်ဆိုတဲ့ သဘောလားဟင်"

ဝေဖူးငုံက အထွန့်တက်ပြီး ထပ်မေးသည်ကို မဖြေဘဲ ပြုံးရုံသာ ပြုံးလေသည်။ တကယ့်ကိုမှ ရှားပါးတဲ့အပြုံးပါ။

"ကျွန်တော်အိမ်မှာ ကော်ဖီကလွဲပြီး ဘာမှဧည့်ခံစရာမရှိဘူး၊ ခဏနေဦး၊ ကော်ဖီဖျော် လိုက်မယ်"

"ရပါတယ်ဆရာ၊ ဝေဖူးတို့ခုပဲ ထမင်းစားခဲ့တာပါ"

ရိုင်းပြမှုမရှိဘဲ ပြေလည်စွာ ဆက်ဆံသည့်အတွက် အစ်ကိုကို မိုးလွင်တိုးက ကျေးဇူး တင်နေသည်။

"ဆရာ ခု စာရေးနေတာပေါ့နော် ..."

"ဟုတ်တယ် ..."

ဧည့်ခန်းထောင့်ရှိ စားပွဲတစ်လုံးပေါ်က လက်နှိပ်စက်ဆီသို့ ဝေဖူးငုံရဲ့ အကြည့်က ရောက်သွားသည်။

"ဆရာက စာရေးရင်၊ လက်နှိပ်စက်ကို သုံးတယ်နော် ..."

Scanned by CamScanner

"ဟုတ်တယ် ..."

"ဝေဖူးက ကြုံရင်ကြုံသလို သုံးတယ်၊ လက်နှိပ်စက်မရှိတဲ့နေရာမှာ လက်နဲ့ရေးတယ်"

"အခြေအနေပေါ် မူတည်ပြီး၊ လုပ်တတ်ကိုင်တတ်ရှိတာ အဆင်ပြေတာပေါ့"

"ဆရာ့ဝတ္ထုက ပြီးခါနီး ပြီလား"

"အင်း ... တစ်ဝက်လောက်တော့ ကျိုးနေပါပြီ"

"ဝေဖူးတို့လာတာနဲ့ဆရာလဲ အလုပ်ပျက်ပြီ ပြန်ကြစို့နော် ... ကိုတိုး"

"အင်း ... ပြန်တာပေါ့၊ ဒါနဲ့ ကိုဦး ဝေဖူးအတွက် ကြည့်လုပ်ပေးလိုက်ပါဦး"

"အေးပါကွာ၊ အခု ငါမှ မအားသေးတာ"

သူက မအားသေးဘူးဆိုတော့ ဝေဖူးငုံက ရှေ့ဆက်တိုးပြီး မပြောသာ။ ကြာကြာ လည်း သူ့ဆီမှာမနေသင့်၍ ထပြန်ခဲ့သည်။

"ကိုဦးက တကယ့်ကို လူထူးလူဆန်းတစ်ယောက်ပဲနော် ကိုတိုး"

အပြန်လမ်းမှာ ဝေဖူးငုံက သေသေချာချာ ဝေဖန်လိုက်သည်။

"ဟုတ်တယ် အစက ဒီလိုမဟုတ်ဘူး၊ ကိုဦးပြောင်းလဲသွားတာ သုံးလေးနှစ်ရှိပြီ"

"ဟင် ... ဘာပြုလို့လဲ"

"မသိပါဘူးကွာ၊ သူက အံ့ပုံးသမားဆိုတော့၊ သူ့ရင်ထဲက ခံစားမှုကို ဘယ်လိုသိနိုင် မှာလဲ"

မိုးမြင့်ဦး ဘာကြောင့်သည်လို ဖြစ်သွားရသည်ကို ဝေဖူးငုံ လွန်စွာမှ

Scanned by CamScanner

သိချင်သွားသည်။ ဘယ်လိုအခြေအနေတွေက မိုးမြင့်ဦးကို အထီးကျန်ဘဝ ဆန်သွားအောင် ဖန်တီး တွန်းပို့လိုက်သည်လဲ။

*

Scanned by CamScanner

## အခန်း(၁၄)

နောက်တစ်နေ့နံနက်မှာ ဒေါ်နီလာရဲ့ မွေးနေ့ပွဲကစပြီ။ လာသည့် ဧည့်သည်တွေက မစဲ တဖွဲဖွဲပါ။ ဒေါ်နီလာ ဧည့်သည်တော်တော်များများနှင့် ဝေဖူးငုံကို မိတ်ဆက်ပေးသည်။

ရန်ကုန်က လာရောက်လည်ပတ်သည့် ဧည့်သည်စာရေးဆရာမလေး အဖြစ်နှင့်မို့ တော်သေးသည်ပေါ့။ တစ်ခါမှ မတွေ့ဖူးသော သူနှင့်တွေ့ဆုံပြီး စကားပြောရတာ ဝေဖူးငုံ့ရင် ထဲမှာ ကသိကအောက်ကြီး ဖြစ်နေသည်။

ဒေါ်နီလာ စကားဖောင်ဖွဲ့ပြီး မအားမလပ်ဖြစ်နေစဉ်မှာ ဝေဖူးငုံက သူ့အပါးမှ အသာ လေး လစ်ထွက်ခဲ့သည်။ မိုးမြင့်ဦးကိုလည်း ခဏသာတွေ့လိုက်ပြီး ပျောက်သွားသည်ကို ဝေဖူးငုံ သတိထားလိုက်မိသည်။ ဧည့်ခန်းထဲကထွက်ပြီး ခြံထဲသို့ ဆင်းလိုက်သည်။

ဧည့်သည်တွေကြား အနေကျပ်စွာ နေရမှုကို ပန်းပင်တွေကြားမှာထိုင်ရင်း ဖြေလျှော့ လိုက်သည်။ သစ်ရွက်ခြောက်များကို နင်းသည့်အသံကိုကြားရ၍ တစ်ဦးတစ်ယောက်လာ နေပြီဆိုတာ သိလိုက်သည်။

ခေါင်းလေးစောင်းငဲ့ပြီး ခြေသံရှင်ကို ကြည့်လိုက်တော့ မိုးမြင့်ဦးပါလား။ တစ်ယောက် တည်း အမှတ်တမဲ့ လျှောက်လာရာမှ အမှတ်မထင် ဝေဖူးငုံကိုတွေ့ရ၍ မိုးမြင့်ဦး အံ့အား သင့်သွားသည်။

"ဟင် ... ဝေဖူးငုံ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"ဧည့်ခန်းထဲမှာ ဧည့်သည်တွေများနေတာနဲ့ ဆင်းလာခဲ့တာ"

Scanned by CamScanner

ဝေဖူးငုံကို သူက စူးစိုက်စွာကြည့်နေသည်။ သည်အကြည့်ကြောင့် ဝေဖူးငုံရဲ့ ရင်ထဲ မှာ လှုပ်ခတ်မှုလေးတစ်ခု ဖြစ်သွားသည်။

"ဆရာရော ဘာလုပ်နေတာလဲ"

"မျက်စိရှုပ်လာပြီ၊ ကိုယ့်အိမ်ကို ပြန်မလို"

"ဪ ... ဟုတ်လား"

"ဝေဖူးငုံ သစ်ပင်တွေ ပန်းပင်တွေကို စိတ်ဝင်စားမှု ရှိလား"

သူမေးလိုက်သည့် မေးခွန်းကြီးက တစ်မျိုးပါပဲ။ ဒါပေမယ့် ပြေလည်အောင် ဝေဖူးငုံ ဖြေလိုက်သည်။

"ပန်းပင်စိုက်ပျိုးတာ ဝေဖူး စိတ်ဝင်စားပါတယ်"

"ဒါဆို အပျင်းပြေ ကိုယ်နဲ့ လိုက်ချင်လိုက်ခဲ့လေ"

"ရှင် ..."

သည်တစ်ခါသာ သူ့ထံမှ လိုလိုလားလား ဆက်ဆံမှုကိုရ၍ ဝေဖူးငုံ အံ့ဩသွားသည်။ မိမိနားကိုပင် မိမိမယုံနိုင်သလို ခံစားသွာရသည်။

"ကိုယ့်ရဲ့သစ်ခွခြံကို ဖိတ်ခေါ်ပါတယ်၊ လိုက်ကြည့်ချင် ကြည့်နိုင်ပါတယ်"

"ဟာ ... လိုက်မှာပေ့ါဆရာ၊ ဝေဖူး လိုက်ကြည့်မှာပေ့ါ"

မိုးမြင့်ဦးနှင့် ရင်းနှီးမှုကို သိပ်လိုလားသော ဝေဖူးငုံ ပေးလာသောအခွင့်အရေးကို အမိအရ လှမ်းယူလိုက်သည်။ မိုးမြင့်ဦးနှင့်အတူ ယှဉ်တွဲ၍ လျှောက်လာသည်။

စကားတပြောပြောနှင့် လမ်းလျှောက်ရင်း သူ့ရဲ့ခြံဆီ သို့ရောက်ခဲ့ပါပြီ၊ ပထမ တစ် ခေါက် ရောက်စဉ်က ညမိုးချုပ် မှောင်နေပြီမို့ ခြံထဲက သစ်ခွပင်များကို သတိမထားမိပါ။

Scanned by CamScanner

ခုလို လင်းလင်းထင်းထင်းမှာ ဝေဖူးငုံ တွေ့လိုက်သည်က ကြီးမားသော သစ်ခွရုံကြီး ပါပဲ၊ ဝေဖူးငုံက တအံ့တဩဖြစ်သွားသည်။

"ဟာ ... သစ်ခွရုံကြီးက အကြီးကြီးပဲ"

"သစ်ခွတွေလဲ မျိုးစုံတယ်"

သစ်ခွရုံဆီသို့ ဝေဖူးငုံကို ခေါ်လာသည်။ များပြားလှသော သစ်ခွပင်များကို တွေ့ရ သည်။ စနစ်တကျ စိုက်ပျိုးထားသည်မှာ သိသာထင်ရှားနေသည်။

အဆင်းသဏ္ဍာန် အရောင်အသွေး အမျိုးမျိုး ပွင့်လန်းနေသော သစ်ခွပင်များကိုတွေ့ လိုက်ရသည်။ မိုးမြင့်ဦးသည် ပန်းတွေကို ချစ်တတ်မြတ်နိုးတတ်သူမို့ စိတ်ထား နူးညံ့သည့် သူတစ်ယောက်လို့ ဝေဖူးငုံက သတ်မှတ်မိသည်။

"ဝေဖူးက ပန်းစိုက်တာ ဝါသနာပါပါတယ်၊ တိုက်ခန်းမှာနေတော့ ဘာမှ စိုက်ပျိုးလို့ မရဘူးလေ"

"ဟုတ်တာပေ့ါ"

"ဒါတွေအားလုံး ဆရာ စိုက်ပျိုးထားတာလား"

"ဟုတ်တယ်"

"တစ်နေ့တစ်နေ့ သူတို့အတွက် အချိန် အတော်ပေးရမှာပဲနော်"

"ဟုတ်တယ်၊ တို့မှာ စာရေးတဲ့ အလုပ်ရယ်၊ ဒီအလုပ်ရယ်ပဲရှိတာပဲ"

"သစ်ခွအပြင် အခြား ဘာကိုမှ မစိုက်ဘူးလား"

"နှင်းဆီစိုက်ချင်ပေမယ့် သိပ်ဂရုစိုက်ရတော့ အချိန်မပေးနိုင်ဘူးလေ"

ချောမွေ့ တည်ကြည်နေတဲ့ မိုးမြင့်ဦးရဲ့ မျက်နှာကို

Book Sharing

Scanned by CamScanner

ဝေဖူးငုံမော့ကြည့်လိုက်သည်။ သည်လူနှင့် နီးနီးကပ်ကပ်နေရလေတိုင်း ဝေဖူးငုံရဲ့ နှလုံးသားမှာ စည်းချက်မမှန်သော တုန်ခါမှုတွေ ဖြစ်ရသည်ချည်းသာ။

သူ့မျက်နှာကို ကြာကြာ စိုက်မကြည့်မိအောင် မိမိကိုယ် မိမိ ဆင်ခြင်နေရသည်။ မိုးမြင့်ဦးရဲ့ ဝါသနာတစ်ခုကို သည်နေ့ ဝေဖူးငုံ လက်တွေ့ တွေ့မြင်ရပြီလေ။

"အိမ်ထဲ ဝင်ပါဦးလား"

သစ်ခွပင်များကို လှော်ကြည့်ပြီး အိမ်ထဲ အလည်ခေါ်သည်။ သည်လိုကျတော့ လည်း မိုးမြင့်ဦးသည် ဖော်ဖော်ရွေရွေ ရှိနေချေသည်။

"အိမ်ထဲခေါ်ပြီး ဘာကျွေးမှာလဲဆရာ"

"အအေးသောက်မယ်ဆို ရပါတယ်"

"အင်း ... ရေဆာနေတော့ အအေးသောက်ရရင် အဆင်ပြေပါတယ်"

သူ့မျက်နှာကိုမော့ကြည့်ပြီး ဝေဖူးငုံက ချိုမြမြလေး ပြောသည်။ ပြုံးလဲ့လဲ့အကြည့်နှင့် သူ ကြည့်လာပါသည်။ အိမ်ထဲရောက်တော့ ဝေဖူးငုံကို လိမ္မော်ရည် သူက ဖျော်တိုက်သည်။

အိမ်သေးသေးမှာ ပြည့်စုံသော အသုံးအဆောင်နှင့် မိုးမြင့်ဦးက နေသည်။ ရေခဲ သေတ္တာ သေးသေးတစ်လုံးကို ခုမှ ဝေဖူးငုံ သတိထားမိသည်။

"ဆရာ ဒီမှာ တစ်ယောက်တည်းနေတာ မပျင်းဘူးလား"

"ပျင်းဖို့နေနေသာသာ ကိုယ့်အလုပ်နဲ့ကိုယ် အားရတယ်မရှိဘူး"

သူ့အတွက်လည်း လိမ္မော်ရည်ဖျော်ပြီးယူခဲ့သည်။ လိမ္မော်ရည်ကို တစ်ကျိုက်သောက် ပြီး ဝေဖူးငုံရဲ့ အမေးကို ဖြေသည်။

"စာအုပ်ကိစ္စနဲ့ ရန်ကုန်ကိုလဲ ကူးနေရသေးတယ် မဟုတ်လား"

Scanned by CamScanner

"ဆရာတို့ ညီအစ်ကို တစ်မျိုးပဲနော်"

ဝေဖူးငုံက အရဲစွန့်ပြီး သွေးစမ်းလိုက်သည်။

"ဘာကို ပြောတာလဲ"

မျက်မှောင်ကြီးကြုတ်ပြီး နားမရှင်းဟန်နှင့် မေးသည်။

"ဩော် ... အစ်ကိုက စာရေးဆရာ၊ ညီက ထုတ်ဝေသူ၊ ဒါပေမယ့် အစ်ကို့စာအုပ်ကို ညီက မထုတ်ဘူးဆိုတာကိုပါ"

"ဒါက ရှင်းပါတယ်၊ တို့စာအုပ်ကို ဘယ်ထုတ်ဝေသူကိုမှ မပေးဘဲ တို့ဘာသာ ထုတ် ချင်လို့ပေ့ါ"

"အဲဒီ တော့ ပိုပြီး မပင်ပန်းဘူးလားဟင် ..."

"သုံးလတစ်အုပ် ထွက်နေတာပဲ မပင်ပန်းပါဘူး"

သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ ဆက်ဆံရေးက တကယ့်ကို တစ်မျိုးကြီးပါလား၊ ရင်းနှီး မှုမရှိ၊ သူစိမ်းဆန်လှချည်လား။

တစ်စနှင့်တစ်စ မိုးမြင့်ဦးရဲ့အကြောင်းတွေကို ဝေဖူးငုံ သိရှိလာရပါတော့သည်။ သူနှင့် နှစ်ယောက်တည်းနေရတာ ဝေဖူးငုံရဲ့ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်လာသည်။ ဒါကြောင့် ပြန် ရန် စိတ်ကူးသည်။

"ဝေဖူး ပြန်တော့မယ်၊ ကိုတိုးက ရှာလို့မတွေ့ဘဲ ဖြစ်နေမှာ စိုးလို့ပါ"

အဓိပ္ပာယ်နက်ရှိုင်းသောအကြည့်တစ်ခု ဝေဖူးငုံရဲ့မျက်နှာပေါ်မှာပဲသွားသည်။ ကုလား ထိုင်မှ ဝေဖူးငုံထလိုက်သည်။

"တို့ လိုက်ပို့ပေးရမလား"

"ရပါတယ်၊ ဝေဖူး ပြန်တတ်ပါတယ်"

မိုးမြင့်ဦးကို နှုတ်ဆက်ပြီး ဝေဖူးငုံ ကျောခိုင်းထွက်ခဲ့သည်။

Scanned by CamScanner

ခြံဝရောက်တော့ နောက် ပြန် လှည့်ကြည့်သည်။ တံခါးပေါင်မှာ လက်ထောက်ပြီး သူမကို ကြည့်နေဆဲဖြစ်သော မိုးမြင့်ဦးကို တွေ့ရသည်။

"အို ..."

ဝေဖူးငုံရဲ့ ရင်ထဲမှာ ဖျတ်ဖျတ်ခါအောင် သွေးခုန်နှုန်းတွေ တိုးသွားသည်။ ကပျာကသီ အကြည့်ကို ရုပ်သိမ်းပြီး ခြေလှမ်းသွက်သွက် လှမ်းပစ်သည်။

ဝေဖူးငုံရဲ့ နောက်ကျောပြင်ကို ငေးကြည့်ရင်း မိုးမြင့်ဦး သက်ပြင်းနက်နက် တစ်ချက် ရှိုက်ကာ အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ မိုးလွင်တိုးရဲ့ ခြံထဲသို့ရောက်ပြီး သူမရဲ့အခန်းဆီသို့ မသိမသာ ပြန်ဝင်နေလိုက်သည်။

ဧည့်သည်များနှင့် လုံးပမ်းနေသော မိုးလွင်တိုးက သူမကို သတိထားမိပုံမပေါ်ပါ၊ အခန်းထဲရောက်ပြီး ခုတင်ပေါ်မှာပစ်လှဲလိုက်သည်။ ရင်မှာ မိုးမြင့်ဦးအကြည့်များကို ပြန်လည် ခံစားရင်း တသိမ့်သိမ့် ရင်ခုန်သံမြန်နေရပြီ။

*

Scanned by CamScanner

## အခန်း(၁၅)

ကျန်ရစ်ခဲ့သော မိုးမြင့်ဦးရင်ထဲမှာ တွေးတောစရာ တစ်ပုံတစ်ပင်ကြီးနှင့် ကျန်ရစ်ခဲ့ သည်။ မိုးလွင်တိုးနှင့် ဝေဖူးငုံတို့၏ အခြေအနေ အတိအကျကို သိချင်နေသည်။ ဒါကြောင့် မိုးလွင်တိုးနှင့် တွေ့သည့်အခါ တီးခေါက်ကြည့်ဖို့ စိတ်ကူးလိုက်သည်။

ထိုနေ့ ညစာထမင်းစားသောက်ချိန်မှာ မိုးလွင်တိုးနှင့် နှစ်ဦးတည်းတွေ့ဖို့သူ ကြိုးစား လိုက်သည်။ ဒေါ်နီလာနှင့် ဝေဖူးငုံကတစ်တွဲ စကားပြောနေသည်မို့ အခွင့်အရေးက သာနေ သည်။

သိချင်သည့်အကြောင်းဆီသို့ တိုက်ရိုက်မသွားသေးဘဲ စာပေကိစ္စနှင့် စကားကို အစ ပျိုးလိုက်သည်။

"မင်းရဲ့ စာအုပ်တိုက် အခြေအနေ ဘယ်လိုနေလဲ"

"ကောင်းပါတယ် ကိုဦး၊ စာရေး ဆရာတွေက မှန်မှန်ရေးနေတော့ မှန်မှန် ထွက်နိုင်ပါ တယ်"

"အေး ... ငါ့စာအုပ်လဲ ဒီလကုန်လောက် ထွက်နိုင်ဖို့ ကြိုးစားနေတယ်"

"ကိုဦးက စောင်ရေတွေ တိုးနေတော့ ဟန်ကျတာပေါ့"

"အင်း ... မဆိုးပါဘူး"

"ဝေဖူးအတွက်လဲ ကိုဦး စိစဉ်ပေးဦးနော်"

"အင်းပါ ..."

Scanned by CamScanner

"သူက ကိုဦးအကြောင်း ဆောင်းပါး သိပ်ကို ရေးချင်နေတာ"

"ကိုဦးလဲ သိပါတယ်"

မိုးလွင်တိုးရဲ့ မျက်နှာကို မိုးမြင့်ဦးက စူးစမ်းသောအကြည့်များနှင့် လေ့လာနေသည်။

"ဒါနဲ့ သူက လုံးချင်း မရေးသေးဘူးလား"

"ကျွန်တော်က အားပေးနေပါတယ်၊ သူလဲ အားလပ်တာနဲ့ ရေးမယ်လို့ ပြောတယ်"

"မင်းက သူ့ကို သိပ်အရေးထားနေပါလား၊ ပြီးတော့ သန်လျင်ကိုလဲ လိုက်ခဲ့တာ နှစ် ခေါက်ရှိပြီ မင်းနဲ့သူ့ အခြေအနေကရော"

အမေးချင်ဆုံးမေးခွန်းကို ပေါ့ပေါ့ပါးပါးဟန်နှင့် မိုးမြင့်ဦးက မေးလိုက်သည်။

"သူ့ကို ကျွန်တော်က ပရိုပို့(စ်)လုပ်ထားတယ်လေ ..."

ထိုစကားကြောင့် မိုးမြင့်ဦးရဲ့ ရင်ထဲမှာ နင့်သိပ်ခံစားသိရသည်။ ဒါပေမယ့် မေးခွန်း တစ်ခုကို ကြိုးစားပြီး မေးလိုက်သည်။

"သူကရော ဘယ်လိုတုံ့ပြန်လဲ"

မိုးလွင်တိုးက သက်ပြင်းနက်နက် တစ်ချက်ကို ရှိုက်လိုက်ပြီးမှ ဖြေသည်။

"သူ့ဆီက အခြေမရသေးပါဘူးကိုဦးရယ်၊ သူက အခုအချိန်ထိ ကျွန်တော့်ကို မိတ်ဆွေ တစ်ယောက်လိုပဲ ဆက်ဆံနေသေးတာပါ"

"မင်းတို့ ရင်းနှီးခဲ့တာ ကြာပြီပေါ့"

"ကြာပြီ ကိုဦး"

"ဒါတောင် သူ့ဆီက အချစ်ကို မင်းမရသေးဘူးဆိုပါတော့"

Book Sharing

Scanned by CamScanner

"ဟုတ်တယ်..."

မိုးမြင့်ဦးရဲ့ ရင်ထဲမှာ ဘာကြောင့် ကြည်နူးလိုက်ဖြာမှုလေးတစ်ခု ဖြစ်သွားရသည်လဲ။ မလိုလားတဲ့ ရင်ခုန်မှုက ရင်ထဲမှာ လှစ်ခနဲ ဖြစ်သွားပါလား။

ခဏတဖြုတ်စကားပြောပြီး မိုးမြင့်ဦး ပြန်သွားသည်။ မိုးလွင်တိုးတစ်ယောက် ဝေဖူးငုံ အပေါ်မှာ စွဲစွဲလမ်းလမ်း ဖြစ်နေသည်ကို သူသိလိုက်သည်။

လှောင်ပြုံးတစ်ခု သူ့နှုတ်ခမ်းမှာ ဝဲသွားသည်။

မိုးလွင်တိုးရဲ့ ရင်ထဲမှာ တကယ်ချစ်တတ်သော အသည်းနှလုံးရှိနေပြီလေ။

အိမ်သို့ပြန်လာပြီး မပြီးပြတ်သေးသော ဇာတ်လမ်းကို ဆက်ပြီး ရေးသားနေသည်။ ဝေဖူးငုံနှင့်တွေ့ပြီးမှ သူ့ရင်ထဲမှာ တည်ငြိမ်အေးချမ်းမှုဆိုတာ ပျောက်ဆုံးနေသည်။ လုပ်နေ သည့်အလုပ်မှာ အာရုံကို နှစ်မြုပ်လို့လည်း မရအောင်ဖြစ်နေသည်။

စိတ်ဝင်စားမှုမရှိ၍ စာကြောင်းရေကလည်း တက်လာခြင်းမရှိ။ ဒါကြောင့် လက်နှိပ် စက် ခလုတ်ပေါ်က သူ့လက်တွေကို ဖယ်ရှားလိုက်သည်။

ဒန်းဟေး(လ်)စီးကရက်ကို မီးညှိဖွာရှိုက်ရင်း စိတ်တွေလွင့်ပါးနေသည်။ သူ့မျက်ဝန်း ထဲမှာ ဝေဖူးငုံက ဝင်လာလိုက် ထွက်သွားလိုက်နှင့် ချစ်စဖွယ်ကောင်းသည့် နုပျိုလှပသော မိန်းကလေးရဲ့ မျက်နှာက သူ့ကို ခြောက်လှန့်နေသည်။

"တောက် ... မင်းငါ့ကို တော်တော် ဒုက္ခပေးလှချည်လား ဝေဖူးငုံ"

အံတင်းတင်းကြိတ်ပြီး ဝေဖူးငုံကို မကျေမနပ်နှင့် အပြစ်တင်လိုက်ပါသေးသည်။ ထို နေ့ည စာရေးမရသည့်အတူတူ အိပ်ရာသို့

Scanned by CamScanner

စောစောဝင်ခဲ့သည်။

မအိပ်နိုင်သေးဘဲ အတွေးတွေထဲမှာ ချာချာလည်ပဲနေသည်။

"ကိုတိုးချစ်နေတဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ ငါ စိတ်ဝင်စားမိတာ တရားရဲ့ လား" သူ့ကိုယ်သူ ပြန်ဆန်းစစ်နေသည်။

"ဝေဖူးငုံက မေတ္တာမတုံ့ပြန်သေးဘူး၊ သူတို့ မချစ်ကြိုက်ကြသေးဘူး၊ ဒါဆို ဝေဖူးငုံ က လွတ်လပ်တဲ့ မိန်းကလေးပဲ"

"လွတ်လပ်တဲ့ မိန်းကလေးကို ဘယ်သူမဆို ချစ်ရေးဆိုပိုင်ခွင့်ရှိတယ်၊ သူ့ကို ငါ စိတ် ဝင်စားတာလဲ တရားတယ်၊ အချစ်နဲ့ပတ်သက်ရင် အားလုံးတရားတယ်လို့ ငါထင်တယ်"

"အင်း ... ခက်တာက ငါ့စိတ်ပဲ၊ မိန်းမတွေမကောင်းဘူး လော်လီဖောက်ပြန်တတ် တယ်၊ သစ္စာမရှိဘူး၊ ခြခုန်ချင်တယ်ဆိုတာကို သိသိကြီးနဲ့ အမှတ်မရှိ ဝေဖူးငုံကို စိတ်ဝင် စားမိတာ ငါသိပ်မိုက်လုံးကြီးနေပြီ"

"ဘယ်မိန်းကလေးကိုမှ ငါစိတ်မဝင်စားရဘူး မချစ်ရဘူး၊ ငါ့နှလုံးသားထဲမှာ အချစ်ဆို တာ လုံးဝမရှိရဘူး"

စီးဝင်လာသော အချစ်စိတ်များကို နှလုံးသားထဲက ခါထုတ်ပစ်သည်။ အိပ်ပျော်ခြင်း ကို ရယူကြိုးစားနေလိုက်ပါသည်။

*

ဒုတိယအကြိမ် မိုးမြင့်ဦးနှင့် တွေ့ဆုံခဲ့ပြီးသော်လည်း ဝေဖူးငုံရဲ့ဆန္ဒတွေ မပြည့်စုံ သေးပါ။ ရေးချင်သည့်ဆောင်းပါးအတွက် ခွင့်ပြုချက်မရသေးပါ။ ဒါပေမယ့်

Scanned by CamScanner

ခွဲမလျှော့ပါဘူး၊ မိုးမြင့်ဦးနှင့် ဒုတိယအကြိမ်တွေ့ရသည်က ပထမအကြိမ်ထက် အခြေအနေသာနေသည်။ တိုးတက်လာသည်။ နောက်တပတ်မှာလည်း သန်လျင်သို့ လိုက်သွားဖို့ကို စိတ်ကူးလိုက် သည်။

နောက်တစ်နေ့နံနက် တိုက်ရောက်တော့ အယ်ဒီတာ ကိုသက်အောင်က မျှော်လင့် တကြီးနှင့် မေးသည်။

"ဘယ်လိုလဲ ဝေဖူး ဆရာမိုးမြင့်ဦးနဲ့ အဆင်ပြေခဲ့လား"

"မပြေတပြေပဲ၊ ဒီတစ်ပတ်မှာ သူနဲ့ ပိုပြီး ရင်းနှီးခဲ့ရတာ အမှန်ပဲ"

"ဒါဆို အလားအလာ ကောင်းနေပြီပေါ့"

"ဆိုနိုင်ပါတယ်၊ အဲဒီ လူက တစ်မျိုးပဲ၊ သူ့မိသားစုနဲ့တောင် သူက ဘာသိဘာသာနေ တာ သိပ်အနေစိမ်းတာပဲ၊ မာနကြီးလို့၊ ဘဝင်မြင့်လို့ သူများတွေနဲ့ ရောရောနှောနှော မနေ တာ မဟုတ်ဘူး"

"ဝေဖူးက သူ့ကို သေသေချာချာ လေ့လာခဲ့တယ်ဆိုပါတော့"

"တိတ်ဆိတ်မှုနဲ့ အေးချမ်းမှုကို မြတ်နိုးတွယ်တာတဲ့သူတစ်ယောက်လို့ ဝေဖူးမြင် တယ်"

"တစ်ချို့လူတွေမှာ ရှိတတ်တဲ့ ဗီဇပေါ့လေ၊ ရှိတော့ရှိတယ် ရှားတယ်ပေါ့"

"သူ့အကြောင်းလေးတွေ ဝေဖူး လေ့လာပြီး မှတ်ထားပါတယ်၊ သူ့ခွင့်ပြုရင် စိတ်ဝင် စားစရာ ကောင်းတဲ့ ဆောင်းပါးတစ်ပုဒ် ထွက်လာမှာပါ"

"ထွက်ပါစေဗျာ၊ ဒါမှလဲ ကျုပ်တို့ မဂ္ဂဇင်း ပိုပြီး နာမည်ကြီးမှာ"

ကိုသက်အောင်က မျှော်လင့်တကြီးနှင့် ပြောသည်။ ကိုသက်အောင်နှင့် စကားပြတ် တော့ ဝေဖူးငုံက လုပ်စရာရှိသေးသော အလုပ်များကို အစကောက်လိုက်သည်။

Scanned by CamScanner

အလုပ်ထဲမှာ စိတ်အာရုံ နှစ်မြုပ်မိပြန်တော့လည်း ရှာန်ဝင်သွားပြီး မိုးမြင့်ဦးရဲ့ အကြောင်းတွေ ခေတ္တမေ့သွားသည်။

*

Scanned by CamScanner

# အခန်း(၁၆)

စောင့်မျှော်ခဲ့ရသော စနေတစ်ပတ်ကို ရောက်ခဲ့ရပြန်ပြီပေါ့။ တိုက်ခန်းသို့ မိုးလွင်တိုးက လာခေါ်သည်။ သန်လျင်သို့ မိုးလွင်တိုးနှင့် အတူ တတိယအကြိမ်မြောက် ရောက်ခဲ့ရပြန်ပြီ။

စနေနေ့ ညနေ ထမင်းဝိုင်းမှာ မိုးမြင့်ဦးနှင့်ဆုံသည်။ ပို၍ ရင်းနှီးသော ဆက်ဆံမှု သူ့ထံမှ ရရှိလိုက်ပါသည်။ ဝေဖူးငုံ တစ်ယောက် မျှော်လင့်ချက်နှင့် တအားထက်ရပြန်သည်။

"ဆရာဆီ မနက်ဖြန်မနက် ဝေဖူး လာလည်မယ် ရမလား။"

ရဲရဲတင်းတင်းပင် ဝေဖူးငုံက စပြောသည်။ မိုးမြင့်ဦးက ကြည်လင်သောအကြည့်နှင့် သူမကို ကြည့်နေသည်။

"ရပါတယ်၊ တို့က အိမ်မှာ အမြဲရှိနေတာပဲ"

"ဒါဆို လာခဲ့မယ်နော်"

"လာ့ပါ"

မိုးမြင့်ဦးက သူမကို နှုတ်ဆက်ပြီး ပြန်သွားသည်။ ဒေါ်နီလာနှင့် ဝေဖူးငုံက တာဝန် ဝတ္တရားအရ စကားပြောနေရသည်။

"မနက်ကျရင် ကိုဦးဆီ ဝေဖူးသွားမှာလား"

"သွားမှာ"

"ကိုယ်မလိုက်ရင် ဖြစ်တယ်မဟုတ်လား"

Book Sharing

Scanned by CamScanner

"ဖြစ်ပါတယ်၊ ဆောင်းပါးကိစ္စနဲ့ဆိုတော့ ကိုတိုးမပါလဲ ဖြစ်ပါတယ်"

"ဒါဆို ဝေဖူးဘာသာပဲသွားတော့၊ စကားလဲကြည့်ပြောဦး၊ ဟိုကစိတ်တိုပြီး ရိုက်ထုတ် မှ ဟုတ်ပြေဖြစ်နေမယ်"

"သားကြီးကိုကွယ် နာမည်ဖျက်နေပြန်ပြီ"

ဒေါ်နီလာက ရယ်မောပြီး ဝင်ပြောသည်။ ထိုနေ့ည ဝမ်းသာကျေနပ်မှုများနှင့်အတူ ဝေဖူးငုံ အိပ်ပျော်သွားပါတော့သည်။

နောက်တစ်နေ့နံနက် ကော်ဖီနှင့် မုန့်စားသောက်ပြီး မိုးမြင့်ဦးဆီသို့ ဝေဖူးငုံ ထွက်ခဲ့ သည်။ အိမ်ရှေ့တံခါးဖွင့်ထား၍ တန်းတန်းမတ်မတ် အိမ်ထဲသို့ ဝင်သည်။ ဧည့်ခန်းထဲမှာ မိုးမြင့်ဦးကို မတွေ့ရပါ။

"ဆရာ..."

ဝေဖူးငုံက အသံအုပ်အုပ်နှင့် ခေါ်ကြည့်သည် မတွေ့ပါ။ လှည့်ပတ်ကြည့်သည်။ မတွေ့၍ ပွင့်နေသော တံခါးမှ ဝေဖူးငုံ လှမ်းကြည့်လိုက်သည်။ မိုးမြင့်ဦးရဲ့ အိပ်ခန်းကို တွေ့ရ သည်။

အိပ်ရာဘေး စားပွဲပေါ်မှာ ဒေါက်တပ် မှန်ဘောင်လေးတစ်ခုနှင့် ဓာတ်ပုံကို တွေ့ရ သည်။ ဆင်ခြင်တုန်တရားနှင့် မိမိကိုယ်ကိုမိမိ မထိန်းသိမ်းနိုင်ခင်မှာပဲ အခန်းထဲသို့ လှမ်းဝင် သွားမိသည်။

ဓာတ်ပုံဆီသို့ အကြည့်များက စူးစိုက်တည့်မတ်စွာကျရောက်နေသည်။ ဓာတ်ပုံနား ဆီသို့ ရောက်သွားပြီး မှန်ပေါင်လေးကို ကောက်၍ ယူကြည့်လိုက်သည်။

"ဟင်..."

တအံ့တဩနှင့် ဝေဖူးငုံရဲ့ပါးစပ်က အာမေဍိတ်သံတစ်ခု ဖွင့်အန်ထွက်ကျသွားသည်။ မှန်ပေါင်ထဲက ပြုံးရယ်နေသော မျက်နှာလှလှလေးကိုမှ ငေးစိုက်ကြည့်နေသည်။

Scanned by CamScanner

"ဒါ ... ဒါ စတီရီယိုအဆိုတော့ ဝင့်သဇင်ပဲ"

"ဒီ ဓာတ်ပုံက သူ့ဆီ ဘယ်လိုရောက်နေတာလဲ သူနဲ့ ဘယ်လို ပတ်သက်နေတာလဲ"

ဓာတ်ပုံကို ပြန်ချထားပြီး အခန်းထဲက သွက်သွက်ပြန်ထွက်ခဲ့သည်။ ဧည့်ခန်းဆီသို့ ပြန်အရောက် မိုးမြင့်ဦးတံခါးဝမှာ ရောက်နေပြီ။

"ဟူး ... တော်ပါသေးရဲ့၊ သူ့အခန်းထဲက ငါထွက်လာတာ မမြင်လိုက်လို့"

ခိုးပင့်သက်လေးကို ချလိုက်သည်။ မိုးမြင့်ဦးက သူမကို လှမ်း၍ နှုတ်ဆက်သည်။

"ဟော ... ဝေဖူးငုံ ရောက်နေတာ ကြာပြီလား"

"ခုလေးတင်ပဲ၊ ဆရာ ဘယ်သွားနေတာလဲ"

"သြော် ... ခြံရဲ့နောက်ဘက် ရောက်နေလို့ပါ"

"ဝေဖူး၊ ဆရာ့ကို ခေါ်ကြည့်သေးတယ်၊ ထူးသံမကြားလို့ ဘယ်များရောက်နေပြီလဲ လို့ ရှာကြည့်နေတာ"

"ထိုင်ပါ"

"ဆရာ့ရဲ့ ဆောင်းပါးကို ရေးခွင့်ပြုပါပြီလား"

ဝေဖူးငုံက လိုချင်သည့်အရာကို ဇွတ်တိုးပြီးမေးသည်။ ပြုံးလဲ့လဲ့အကြည့်တစ်ခု ဝေဖူး ငုံဆီသို့ ရောက်လာသည်။

"ဝေဖူးငုံက သိပ်ကို ရေးချင်နေပြီလား"

"ရေးချင်နေပါတယ်"

"ရေးချင်နေရင် ဝေဖူးငုံရဲ့ဆန္ဒပြည့်ဝအောင် တို့ကူညီပါ့မယ်"

Scanned by CamScanner

ဝေဖူးငုံရဲ့ မျက်ဝန်းလေးတွေ အရောက်တောက်ပြီး တလက်လက် ဖြာသွားသည်။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"

"တို့အကြောင်းကို ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး၊ လာပြီး ဗျူးကြတဲ့ ဆရာတွေကိုလဲ တို့တွေ့ဆုံလက်ခံခြင်းမရှိခဲ့ဘူး၊ ဒါ ပထမဦးဆုံးအကြိမ် ဝေဖူးငုံနဲ့တွေ့ဆုံလက်ခံတာပါပဲ"

"ဟုတ်ကဲ့ ဒါကြောင့် ဝေဖူးက ဆရာ့ကို သိပ်ပြီးလေးစား ကျေးဇူးတင်နေပါတယ်"

"ကိုတိုးနဲ့ပတ်သက်ပြီး ဝေဖူးငုံနဲ့တို့ ရင်းနှီးနေကြပြီပဲ၊ တို့ကို ဆရာလို့မခေါ်ဘဲ ကိုတိုး ခေါ်သလို ကိုဦးလို့ပဲ ခေါ်နိုင်ပါတယ်"

အံ့သြမျက်ဝန်းလေး မိုးမြင့်ဦးရဲ့ မျက်နှာဆီသို့ ထိကပ်လာသည်။ ဆက်ဆံရေးကျဲ တောက်ခဲ့သည်လို့ ထင်ခဲ့သော အထင် မှားနေပါပြီလေ။ မမျှော်လင့်သော ခင်မင်ရင်းနှီးမှုကို ဝေဖူးငုံ လက်ခံရရှိလိုက်ပါသည်။ ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာကြည်နူးမှုကို ရရှိလိုက် ပါသည်။

"တို့အကြောင်းကို ဘယ်ကစပြီး ပြောရမလဲ"

ဝေဖူးငုံကို ပြုံးပြုံးရယ်ရယ်နှင့် မေးသည်။ သည်လိုပြုံးရယ်လိုက်တော့ မိုးမြင့်ဦးရဲ့ မျက်နှာက နှစ်လိုဖွယ်ရာ ပို၍ နုပျိုသွားသည်။

"ကိုဦးရဲ့ နေထိုင်တတ်တဲ့ အကျင့်စရိုက်လေးတွေကိုတော့ ဝေဖူး လေ့လာလို့ရနေပါ ပြီ၊ စာပေနဲ့ ပတ်သက်ပြီး ကိုဦးရဲ့ခံယူချက်ကို သိပါရစေ"

"ကျော်ကြားမှုကြောင့် မဟုတ်ဘူး၊ တို့က စာပေကိုလေးစားမြတ်နိုးတယ် ဝေဖူး၊ နောက်ပြီး စီးပွားရေးလဲမဆန်ဘူး၊ အဲဒါကိုတော့ သေသေချာချာ နားလည်စေချင်တယ်"

Scanned by CamScanner

"ဟုတ်ကဲ့၊ နောက်ပြီး ... အမျိုးသားစာပေဆုရထားတဲ့ ဝတ္ထုနဲ့ပတ်သက်ပြီး ဝေဖူးသိ ချင်တာလေးတွေ မေးပါရစေ"

"မေးပါ"

ဝေဖူးငုံက သိချင်သည်များကို တစ်ချက်ချင်း မေးသည်။ မိုးမြင့်ဦးကလည်း သေသေ ချာချာ တိတိကျကျဖြေသည်။ တစ်မနက်တည်းနှင့်တင် တော်တော်များများလေး စုဆောင်း ရရှိမိသည်။

"ဝေဖူး ရေးမှတ်ပြီးသားတွေကို လက်နှိပ်စက်ရိုက်ချင်ရိုက်ယူပါ"

"ဒါဆို ဟန်ကျတာပဲ၊ ဝေဖူး ပြီးသလောက် ရိုက်လိုက်ချင်တယ်"

"မိုးမြင့်ဦးက လက်က နာရီကို လှမ်းကြည့်လိုက်ပြီး ..."

"ဟာ ... ထမင်းစားချိန်တောင် နီးနေပြီ"

"ဒါဆို ဝေဖူးတို့ ပြန်ကြမယ်လေ"

"တစ်နပ်တလေ ပြီးစလွယ် စားလို့မဖြစ်ဘူးလား"

"ဖြစ်ပါတယ် ကိုဦး"

"ဒါဆို ဝေဖူး လက်နှိပ်စက်ရိုက်၊ တို့ နံနက်စာစီစဉ်ပေးမယ်"

မိုးမြင့်ဦးရဲ့လုပ်ရပ်တွေကို ဝေဖူးငုံ တကယ်ပဲ အံ့အားသင့်ရပါသည်။ သူမကို ထမင်း ချက်ကျွေးဦးမည်တဲ့လေ။ ပြီးတော့ ... ဝေဖူးငုံကနေ ဝေဖူးတဲ့။ ရင်းနှီးသော အတိတ်နိမိတ် ကို ဆောင်နေသည်။

"နံနက်စာကို ဝေဖူးစားတော့ စားရမယ်၊ ဒါပေမယ့် ထမင်းဖြစ်ချင်မှ ဖြစ်မှာနော်"

"ရပါတယ် ကိုဦး"

"ကဲ ... ဒါဆို လက်နှိပ်စက်ကို သဘောရှိသုံး၊ တို့ သွားစီစဉ်လိုက်ဦးမယ်"

Scanned by CamScanner

ဝေဖူးငုံအပေါ်က သူ ပျောက်သွားသည်။ လက်နှိပ်စက်တစ်လုံးဖြင့် ဝေဖူးငုံ အလုပ်ရှုပ် နေရပြီ။ မိုးမြင့်ဦးက မီးဖိုထဲဝင်ပြီး ကြက်သားဘူး နှစ်ဘူးကို ဖောက်၍ အကြော်ဒယ်အိုးထဲ ထည့်သည်။ အငွေ့တထောင်းထောင်းထလာမှ အိုးကို ချသည်။ ပြီးတော့ ... ဝယ်ထားသော ပေါင်မုန့်နှစ်လုံးကို ထုတ်ပြီး အချပ်လိုက်လှီးသည်။

ကော်ဖီတစ်အိုးကို ကျကျနန နှပ်ပြီး ဖျော်သည်။

ဒါတွေအားလုံးကို ထမင်းစားပွဲမှာ ပြင်ဆင်ပြီးတော့ နံနက်စာအတွက် ပြီးပြည့်စုံသွား သည်။

ဝေဖူးငုံရှိရာ ဧည့်ခန်းထဲသို့ ထွက်လာသည်။

"နံနက်စာ အသင့်ဖြစ်ပြီ"

"လာပြီ ... ကိုဦး"

အချိန်တိုအတွင်းမှာပဲ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဖြစ်သွားရသည့် အခြေအနေ က မယုံကြည်နိုင်စရာပါပဲလား။ ထမင်းစားပွဲပေါ်မှာ ပြင်ဆင်ထားသော အစားအသောက် များကိုကြည့်ပြီး ဝေဖူးငုံ သဘောကျသွားသည်။

"ကိုဦးက တကယ့်ကို ဗိုလ်စာ ပြင်ဆင်ထားတာပဲ"

"ဝေဖူး ကြိုက်ရဲ့လား"

"အပြောင်းအလဲ တစ်ခုပေါ့၊ ကြိုက်ပါတယ်"

ဝေဖူးငုံရဲ့ ကော်ဖီပန်းကန်ထဲသို့ ခရားထဲက ကော်ဖီကို ငှဲ့ထည့်ပေးသည်။ သူမကို တကူးတက ပြုစုနေသည်ကို ဝေဖူးငုံ အားနာနေမိသည်။

"ဝေဖူးကြောင့် ကိုဦး အလုပ်တွေ ရှုပ်နေပြီနော်"

"တစ်ခါတလေ လာတဲ့ ဧည့်သည်ကို ဒီလောက်တော့

Book Sharing

Scanned by CamScanner

ညှော်ဝတ်ကျော့ရမှာပေါ့လေ"

စားသောက်ပြီး ဝေဖူးငုံက လက်နှိပ်စက်ခုံမှာ ထိုင်သည်။ ဝေဖူးငုံ အလုပ်လုပ်နေစဉ် အနှောင့်အယှက်ဖြစ်မှာစိုး၍ မိုးမြင့်ဦး အနားမှာ မနေပါ။

ညနေကျမှ ဝေဖူငုံ မိုးမြင့်ဦးရဲ့ အိမ်က ပြန်သည်။

"ကိုဦးကို ဝေဖူး အရမ်းကျေးဇူးတင်ပါတယ်၊ ဓာတ်ပုံလေး နှစ်ပုံ သုံးပုံလောက် ရိုက် ခွင့်ပြုပါ၊ နောက်အပတ် ဝေဖူး ကင်မရာ ယူခဲ့မယ်နော်"

"ရပါတယ် ... ယူခဲ့လေ"

မိုးမြင့်ဦးက သူမအပေါ် အစွမ်းကုန်လိုက်လျောကူညီနေသည့်အတွက် ဝေဖူငုံ အံ့သြ ဝမ်းသာနေရပါသည်။ အိမ်ပြန်ရောက်တော့ ဒေါ်နီလာနှင့် တန်းတိုးသည်။

"ထမင်းစားချိန် ဝေဖူး ပြန်မလာလို့ အန်တီ့မှာ တမျှော်မျှော်နဲ့ကွယ်"

"ဟုတ်ကဲ့၊ ဟိုမှာ ကိုဦးက ကျွေးတာနဲ့ စားလိုက်တယ်"

"ဘာဟင်းတွေနဲ့များ ကျွေးလိုက်လဲ"

ဝေဖူးငုံက စားခဲ့ရသည့် အစားအစာကိုပြောပြတော့ ဒေါ်နီလာက သဘောကျစွာ ရယ်သည်။

"သားကြီးက ပင်ပင်ပန်းပန်းကို ချက်ကျွေးလိုက်တာကိုး"

"ဒါနဲ့ ကိုတိုးရောဟင်"

"မနက်တည်းက ထွက်သွားတာ ပေါ်မလာသေးဘူးလေ၊ အပေါင်းအသင်းတွေရဲ့ အိမ် ကို သွားနေမှာပေါ့"

"တော်ပါသေးရဲ့ နို့မို့ဆို ထမင်းစားချိန် ပြန်မစားလို့ ငါ့ကို နာကောက်နေဦးမှာ"

Scanned by CamScanner

ဝေဖူးငုံက အခန်းပြန်ရောက်ပြီး ရေချိုးကာ ပြင်ဆင်ထားသည်။
မိုးလွင်တို့ ပြန်ရောက် ပြီး ထမင်းစားပြီး ရန်ကုန်သို့ ပြန်ကြမည်လေ။

*

Scanned by CamScanner

## အခန်း(၁၇)

အပြန်လမ်းမှာ ဝေဖူးငုံအား မိုးလွင်တိုးက မေးသည်။

"ဒီနေ့ ကိုဦးနဲ့ အဆင်ပြေခဲ့ရဲ့လား"

"ပြေတယ်လေ၊ ဆောင်းပါးတစ်ပုဒ် ရခဲ့ပြီ၊ သူများတွေအတွက် ခက်ခဲပေမယ့် ကိုတိုး ကြောင့် ဝေဖူးကလွယ်လွယ်ကူကူ အဆင်ပြေခဲ့ရပါပြီ"

"အဲဒီ တော့ ကျေးဇူးလေးရော မတင်ဘူးလား"

"တင်ပါတယ် ကိုတိုးရယ်၊ ကိုတိုးကြောင့် ဝေဖူး အစစအရာရာ အဆင်ပြေခဲ့တာပဲ"

"ကိုယ်လိုချင်တာ ဝေဖူးဆီက ကျေးဇူးမဟုတ်ပါဘူး မင်းသိပါတယ်"

ဝေဖူးငုံရဲ့ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

မိုးလွင်တိုးအား မချစ်နိုင်သည့်အဖြစ်က အခက်ကြီးခက်နေပါလား၊ ဝေဖူးငုံရဲ့ မျက် နှာလေး ညှိုးကျသွားသည်ကိုမြင်ပြီး မိုးလွင်တိုး စိတ်မကောင်း ဖြစ်သွားသည်။

"ဝေဖူးအပေါ် အခွင့်အရေး ယူလိုက်တယ် ထင်သွားပြီလား"

"မထင်ပါဘူး ကိုတိုးရယ်"

"နောက်တစ်ပတ် သန်လျင်လိုက်ချင်စိတ် ကုန်ပြီလား"

"မကုန်ပါဘူး၊ ဝေဖူးလိုက်ခဲ့ဦးမယ်၊ ကိုဦးနဲ့ ဓာတ်ပုံရိုက်ဖို့ ရှိသေးတယ်"

Scanned by CamScanner

"ဟုတ်လား၊ ကိုဦးက ဘယ်လိုစိတ်ပြောင်းသွားမှန်း မသိဘူး၊ အလျှင်ကဆို လာသမျှ လူကို ခါးခါးသီးသီး ရှိနေခဲ့တာပဲ"

"ဝေဖူး ကံကောင်းလို့ပေါ့နော်"

"အင်း ..."

သူမရဲ့ တိုက်ခန်းဆီသို့ ပြန်ရောက်ပါပြီ။ သွားသည့်ကိစ္စ ပြည့်ဝစွာအောင်မြင်ခဲ့သည့် အတွက် ထွေးငယ်က ဝမ်းသာနေသည်။

"မနက်ဖြန် တိုက်ကိုရောက်မှ ကိုသက်အောင်ကြီးကို အပြတ်ကြွားလိုက်ရမယ်"

ဝေဖူးငုံက အားခဲထားသည်။ သက်အောင်နှင့်တွေ့လျှင် သူမ အောင်ပွဲခံလာသည့် အဖြစ်ကို ဝင့်ကြွားစွာ ပြောပစ်လိုက်မည်လို့။

နောက်နေ့နံနက် တိုက်သို့ ရောက်ရောက်ချင်းပဲ အမေးတောင်မစောင့်ဘဲ ဝေဖူးငုံက ရေးပြီးသား ဆောင်းပါးကို သက်အောင်အား ပြလိုက်သည်။

"ဟား ... တကယ်ပဲ ဝေဖူးရခဲ့ပြီကိုး"

ဝမ်းသာအားရ သက်အောင်ကပြောသည်။ ပြီးတော့ စိတ်ဝင်တစားနှင့် ဘယ်လိုဘယ် နည်းရခဲ့သည်ကို စပ်စုပါတော့သည်။

ဝေဖူးငုံကလည်း သူမေးသမျှကို ဖြေသည်။

"ဓာတ်ပုံကိုတော့ လာမယ့်အပတ်သွားမှပဲ ရိုက်ယူခဲ့တော့မယ်"

"ကျေးဇူးတင်လိုက်တာ ဝေဖူးရယ်"

ကိုသက်အောင်က ကျေကျေနပ်နပ်ကြီး အားရစွာပြောသည်။

"ဝေဖူးကို ချီးမြှင့်ရဦးမှာပေါ့"

မိုးမြင့်ဦးကို စိတ်ထဲကပြေးပြီး ကျေးဇူးတင်လိုက်သည်။ သူမအပေါ်

Scanned by CamScanner

မိုးမြင့်ဦးရဲ့ လိုက် လျောမှုကိုလည်း တွေးရင်းနှင့် ပီတိဖြစ်နေသည်။ သူက ကူညီပေးလိုက်၍ သာ ခုလို ဝေဖူးငုံ အောင်မြင်မှုကို ရလိုက်သည်မဟုတ်လား။

★

မိုးလွင်တိုး ပျောက်ချက်သားကောင်းနေသည်။ တယ်လီဖုန်းလည်းမဆက်၊ လူလည်း မလာ ဖြစ်နေသည်။ သောကြောနေ့သို့ပင် ရောက်လာသည်။ ဝေဖူးငုံကို သန်လျင်လိုက်ဖို့ ဘာမျှ မပြောသေးပါ။

သည်တစ်ပတ်မိုးမြင့်ဦးရဲ့ ဓာတ်ပုံတွေရရှိရေးအတွက် သန်လျင်သို့သွားကို သွားရပါ မည်။ ဒါကြောင့် ဝေဖူးငုံက သူမကပင် စတင်ပြီး မိုးလွင်တိုးကို ဆက်သွယ်လျှင် ကောင်း လေမလားလို့ တွေးမိသည်။

စနေနေ့မနက်ထိ စောင့်ကြည့်ပြီး မိုးလွင်တိုးထံမှ အဆက်အသွယ်မရောက်လျှင် မိမိ က စတင် ဆက်သွယ်ဖို့ စိတ်ကူးလိုက်သည်။

အိမ်ပြန်ရောက်ပြီး ချက်ပြုတ်ရင်းနှင့် မိုးမြင့်ဦးအကြောင်းတွေးနေမိသည်။ အဆိုတော် ဂင့်သဇင်နှင့် မိုးမြင့်ဦးသည် ဘယ်လို ပတ်သက်နေသည်လဲ။

မသက်ဆိုင်သော အမျိုးသမီးတစ်ယောက်ရဲ့ ဓာတ်ပုံကို ဘယ်ယောက်ျားလေးမှ အိပ်ရာနားမှာ ထားမည်မဟုတ်၊ ဂင့်သဇင်သည် မိုးမြင့်ဦးရဲ့ ဘဝ ဘယ်ကဏ္ဍမှာ ပါဝင်နေ သည်လဲ။

သည်ဓာတ်ပုံကြောင့် ဝေဖူးငုံရဲ့နှလုံးသားထဲမှာ နာနာကျင်ကျင် ထိထိခိုက်ခိုက်လေး ခံစားနေရသည်။

ချက်ပြုတ်ပြီး ရေချိုးသည်၊ ညနေခန်းထဲမှာ နားနေစွာထိုင်နေစဉ်မှာပဲ

Scanned by CamScanner

ထွေးငယ်ရောက် လာသည်။

"နောက်ကျလိုက်တာ ထွေးငယ်"

"အေးဟာ ညှော်သည်တစ်ယောက် ပြန်ခါနီး မှ ရောက်လာလို့"

"နားပြီး ရေချိုးဟာ၊ ငါ ထမင်းဆာနေပြီ"

"အင်းပါ"

ထွေးငယ် သူ့ရဲ့အခန်းထဲသို့ ဝင်သွားသည်။ ဝေဖူငုံက သတင်းစာကိုဖတ်ရင်း စောင့် နေသည်။ တံခါးခေါက်သံကြား၍ ထဖွင့်ပေးသည်။ မိုးလွင်တိုးကို တွေ့ရ၍ ဝေဖူးငုံ အရမ်း ဝမ်းသာသွားသည်။

"ကိုတိုးကြီး ပျောက်လှချည်လား"

"မအားလို့ပါ ဝေဖူး"

မိုးလွင်တိုးက ကုလားထိုင်မှာ ဝင်ထိုင်ရင်း မေးသည်။

"မနက်ဖြန် ဝေဖူး သန်လျင်လိုက်မယ်မှလား"

"လိုက်မယ်"

"ဒါဆို ဒီမှာပဲ ကိုယ်လာခေါ်မယ်၊ ခုနစ်နာရီလောက် အသင့်ပြင်ထားနော်"

"ကောင်းပါပြီ ကိုတိုး၊ ညစာထမင်း ဒီမှာစားပြီမှ သွားကြတာပေါ့"

"ဒါဆို ပိုချက်ထားလေ"

"ခုရော ဒီမှာ စားလိုက်ပါလား"

"ကိုယ်စားခဲ့ပြီ"

"ဒါဆို ကော်ဖီတော့ သောက်နော်"

Scanned by CamScanner

"ရတယ်လေ"

ဝေဖူးငုံက ကော်ဖီနှင့်မုန့်ဖြင့် မိုးလွင်တိုးကို ဧည့်ခံသည်။ ခဏတဖြုတ်သာနေပြီး၊ မိုးလွင်တိုး ပြန်သွားသည်။ ညစာထမင်းစားသောက်ပြီး၊ သူငယ်ချင်းနှစ်ယောက် လုပ်ငန်း ကိုယ်စီနှင့် စကားပင် မပြောအားတော့ပါ။

*

Scanned by CamScanner

## အခန်း(၁၈)

ဝေဖူးငုံတို့တိုက်ခန်းမှာ ညစာစားပြီးမှ သန်လျင်သို့ထွက်ကြသည်။ သန်လျင်ရောက် တော့ တော်တော်မှောင်နေပြီ။ မိုးမြင့်ဦး ထမင်းစားပြီး ပြန်သွားလေပြီ။

ထိုနေ့ည ဒေါ်နီလာနှင့် စကားလက်ဆုံကျစဉ်မှာ ဝေဖူးငုံက ဝင့်သဇင်အကြောင်း စပ်စုဖို့စိတ်ကူးသည်။ မိုးလွင်တိုးရဲ့ ကွယ်ရာမှာ စပ်စုခြင်းလုပ်ငန်းကို စပါလေတော့သည်။

"ကိုဦးက တစ်ခါတစ်လေတောင် ဒီမှာ လာမအိပ်ဘူးနော်"

"ဟုတ်တယ် ဝေဖူး သူက သူ့ကမ္ဘာလေးနဲ့ သူ သီးခြားနေတာကွယ့်"

"ဒီမှာလဲ အခန်းတွေ အများကြီး သူ သီးခြားနေနိုင်သားပဲ"

"ညွှံ့သည်များလို့ အမေကို သူက သိပ်ကြည်တာမဟုတ်ဘူး၊ ဒီအိမ်မှာ သူနေရတာ လွတ်လပ်မှု မရှိဘူးတဲ့လေ"

"အော် ... ဟုတ်လား"

"စာရေးဆရာဆိုတာ လွတ်လပ်အေးချမ်းမှုကို မြတ်နိုးတဲ့လူစားတဲ့၊ ဒါကြောင့် လူရှုပ် တဲ့ မေမေရဲ့အိမ်မှာ သူမနေနိုင်ဘူးလို့ ပြောတယ်"

"အစက သူပြောင်းသွားတော့ စိတ်မကောင်းလိုက်တာ၊ သားငယ်က တစ်နေရာမှာ ဆိုတော့ အန်တီ ပျင်းတာပေါ့၊ ဒါပေမယ့် ခုတော့ နေသားကျနေပါပြီ။ ညွှံ့သည်ကလဲ အိမ်မှာ မပြတ်ဘူး မဟုတ်လား"

Scanned by CamScanner

"ကိုဦးက ဒီလိုပဲ၊ တစ်သက်လုံး နေသွားမှာလား မသိဘူးနော်"

သွေးတိုးသွေးစမ်းသဘောနှင့် ဝေဖူးငုံက မေးလိုက်သည်။ ဒေါ်နီလာက စကားကြွယ် သူမို့ များများ မအစ်အောက်လိုက်ရဘဲနှင့် သိချင်တာကို သိရသည်။

"မပြောတတ်ပါဘူးကွယ်၊ သဇင်နဲ့ ဘာဖြစ်ကြတယ် မသိဘူး"

"သဇင်ဆိုတာ ဘယ်သူလဲ အန်တီ"

ဝေဖူးငုံက မသိဟန်ဆောင်ပြီး မေးလိုက်သည်။ ဒေါ်နီလာကလည်း ပွင့်လင်းစွာ ပြော သည်။

"သဇင်ဆိုတာ တစ်ချိန်ကသားကြီးရဲ့ချစ်သူပေ့ါကွယ်၊ အဲဒီ တုန်းက သားကြီးက အိမ် မခွဲသေးတော့ အန်တီက အစအဆုံးအကုန်သိရတာ ပေ့ါ၊ မကြာခဏ သဇင်ဒီကို လာတတ် တယ်"

"သားကြီးက သဇင့်ကိုသိပ်ချစ်တာ၊ သူတို့နှစ်ယောက်ကိုကြည့်ပြီး အန်တီ စိတ်ချမ်း သာခဲ့ရတယ်"

ဒေါ်နီလာက စိတ်မကောင်းဟန်တွေ အတိတ်က ဖြစ်ရပ်တွေကို ပြောပြနေသည်။

"သဇင်ကလဲ မကြာခဏလာတယ်၊ သိပ်သဘောကောင်းတဲ့ မိန်းကလေးပါ၊ သမီးလေး တစ်ယောက်လို သဇင့်ကို ချစ်ခဲ့ပါတယ်၊ သားကြီးနဲ့လဲ အမြန်ဆုံး လက်ထပ်လိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်"

"ဘယ်လိုဖြစ်လို့ လက်မထပ်ကြတာလဲဟင်"

"မပြောတတ်ပါဘူးကွယ် အန်တို့ရှေ့မှာတော့ သူတို့စကားမများကြပါဘူး၊ ဘယ်လို က ဘယ်လို ဖြစ်သွားလဲ မသိဘူး၊ သဇင် ဒီကို လုံးဝ မလာတော့ဘူးကွယ်"

"အန်တီ မေးမကြည့်မိဘူးလား"

Scanned by CamScanner

"သားကြီးကို မေးကြည့်ပါတယ်၊ သားတို့ လမ်းခွဲလိုက်ကြပြီလို့ ပြောတယ်၊ ဘာကြောင့် လမ်းခွဲလိုက်တယ်ဆိုတာ မေးမရဘူးကွယ်"

"နောက်တော့ မကြာပါဘူး၊ သဇင်နဲ့ကွဲသွားပြီး သူ အိမ်ခွဲနေတာပဲ"

"သဇင်ကရော မလာတော့ဘူးလား"

"တစ်ခေါက် နှစ်ခေါက် လာပါသေးတယ်၊ သားက လုံးဝ အတွေ့မခံဘူးလေ"

"ဘယ်လို ဖြစ်သွားကြလဲ မသိဘူးနော်"

"မပြောတတ်ပါဘူးကွယ်၊ သဇင်နဲ့ကွဲသွားပြီး သားကြီး နေတာထိုင်တာ သိပ်ပြီး အထီး ကျန် ဆန်သွားတယ်၊ အဲဒီ အကြောင်းတွေးမိရင် အန်တီ့ရင်မှာ မချိဘူးကွယ်"

ဝေဖူးငုံစိတ်ထဲမှာ ဘာကြောင့် ချစ်သူနှစ်ဦးကွဲကွာသွားရသည်ကို သိချင်နေသည်။ ဝင့်သဇင့်ကို စွဲလန်းမှုရှိသေး၍ သာ မိုးမြင့်ဦးက သူ့အိပ်ရာနားမှာ ဓာတ်ပုံကို ထားနေသေး သည်ပေ့ါ။

တကယ်သာ စိတ်နာကြည်းနေပါသေးလျှင် ဝင့်သဇင်ဓာတ်ပုံကို အဝေးသို့ လွှင့်ပစ် လိုက်မှာပါ။ မိုးမြင့်ဦးရဲ့ ရင်ထဲမှာ ခုချိန်အထိ ဝင့်သဇင် ရှိနေသေးပါလား။

ထိုအသိက ဝေဖူးငုံရဲ့ နှလုံးသားကို ထိထိရှရှကြီး နာကျင်စေလိုက်သည်။ မသိသာ ဆိုးရွားစွာ တွယ်ငြိမိသည့် သံယောဇဉ်အတွက် ရင်မှာ နင့်သိပ် ခံစားနေရပါပြီ။

ဩော် ... ပိုင်ရှင်ရှိပြီးသား ပစ္စည်းတစ်ခုကိုမှ ဝေဖူးငုံက လိုချင်တပ်မက်ခဲ့သည်ပဲ။

"သူတို့နှစ်ယောက်ကို ပြန်ပြီး နီးစပ်စေချင်တယ်"

BookSharing

Scanned by CamScanner

ဒေါ်နီလာက တမ်းတမ်းတတနှင့်ပြောသည်။

"သဇင်လေးခမျာ သားနဲ့တွေ့ရအောင်လာပြီး မတွေ့ရရင် ငိုယိုပြီး ပြန်သွားရရှာတယ်၊ နှစ်ယောက်လုံး ခံစားနေရတာ သိပြီး အန်တီ့ရင်မှာ မချိဘူး"

"သားကို ဖျောင်းဖျပြောတော့လည်း သားက လုံးဝအပြောမခံဘူး၊ သဇင်နဲ့ပတ်သက် ပြီး မေမေ ဘာမှမပြောပါနဲ့၊ သူစိတ်ချမ်းသာတာမြင်ချင်ရင် သဇင့်အကြောင်း လုံးဝ မပြောပါ နဲ့တဲ့လေ"

မိုးမြင့်ဦးနှင့် သဇင့်ကြားမှာ ဘယ်လိုနာကြည်းချက်များ ရှိနေသည်လဲ။ ဝေဖူငုံ သိပ် သိချင်ပါသည်။ တစ်ဖက်သတ် တိတ်တခိုးစွဲလမ်းမိသူ မိုးမြင့်ဦးရဲ့ လိုအင်ဆန္ဒတွေကို ဖြည့် ဆည်းပေးလိုက်ချင်ပါသည်။ စိတ်ချမ်းမြေ့မှုကိုလည်း ဖန်တီးပေးလိုက်ချင်ပါသည်။

ဝင့်သဇင်နှင့် တွေ့ဆုံခွင့်ရအောင် ကြိုးစားကြည့်ရပေမည်။ တစ်ယောက်ကို တစ် ယောက် ချစ်လျက်ခင်လျက်ရှိနေဆဲနှင့် ဘာကြောင့် ဝေးကွာနေရသည်လဲ။

"သားကြီးကို အိမ်ထောင်ရက်သားကျစေချင်ပြီ၊ ပြီးတော့ သားလေးကိုလဲ အခြေတကျ ဖြစ်စေချင်ပါတယ်"

မြွားဦးက သူမဘက်သို့ ဦးတည်နေပြီ။ သူများအကြောင်းကို စပ်စုတော့ စိတ်ဝင်တစား ရှိသလောက် ကိုယ့်ဘက်လှည့်လာတော့ ဝေဖူးငုံ ချွေးပျံနေသည်။

"ဝေဖူးနဲ့ သားငယ်ကို နီးစပ်စေချင်တယ်၊ သားငယ်နဲ့ ဝေဖူးက ရိုးရိုးသားသားပဲ ခင် ကြတာလို့ သားငယ်က ပြောတယ်"

"ဟူး ... တော်ပါသေးရဲ့"

ပင့်သက်တစ်ခုကို ခိုးချလိုက်ရင်း မိုးလွင်တိုးက အရင်းအတိုင်း ပြောထားသည့် အတွက် ကျေးဇူးတင်လိုက်ပါသည်။

Scanned by CamScanner

"ဝေဖူးကို အန်တီ သံယောဇဉ်တွယ်နေပြီ၊ သမီးတော်ချင်စိတ်တွေကလဲ ပေါက်နေပြီ"

ဒေါ်နီလာက ရယ်လွှင်လွှင်နှင့်ပြောသည်။ ဝေဖူးငုံ ရှက်အားနာနှင့် မချိသွားဖြဲ လုပ် နေလိုက်သည်။

"သားနှစ်ယောက်လုံး အိမ်ထောင်ရေး ကံနည်းကြတယ်ထင်တယ်၊ အခုထိ အိမ်ထောင် မကျသေးဘူး"

ဒေါ်နီလာက အားမလို အားမရ ပြောနေသည့် စကားကြောင့် ဝေဖူးငုံခုတော့ ပါးစပ် လေးပိတ်ပြီး ဘာကို ပြန်ပြောရမှန်းမသိ။

"မြေးတွေနဲ့ ပျော်ပျော်ပါးပါးကြီး နေချင်သေးတယ်ကွယ်"

ဟုတ်ရှာလိမ့်မည်လို့ ဝေဖူးငုံ တွေးမိသည်။ အဖော်မင်ရှာသော ဒေါ်နီလာ မြေးတွေ နှင့် ပျော်ချင်ရှာမှာပေါ့။

"ခုရော ... သဇင် မလာတော့ဘူးလား ဟင်"

"သဇင်နောက်ဆုံးတစ်ခါ လာခဲ့တာ ခြောက်လ တောင်ရှိသွားပြီ"

မျက်နှာညှိုးညှိုးနှင့် ဒေါ်နီလာကပြောသည်။

"နောက်ဆုံးတစ်ခေါက်မှာ မိန်းကလေး တော်တော်ခံစားသွားရတယ်၊ သည်းသည်း ထန်ထန်ငိုပြီး ပြန်သွားတယ်၊ သားကြီးရဲ့အိမ်ကို သူလိုက်သွားပြီး၊ ငိုယိုပြန်လာတယ်၊ ပြီး တော့ အန်တီဘာမှ မေးလို့မရဘူး၊ ချက်ချင်းကြီး ရန်ကုန်ပြန်သွားတာပဲ"

"သားကြီးလဲ နှစ်ရက်လောက် အိမ်ဘက် ရောက်မလာလို့ အန်တီလိုက်သွားတယ်၊ သူ့ဘာသာ အိမ်တွင်းပုန်းပြီး ချက်စားနေတယ်၊ သဇင့်အကြောင်းမေးတော့ အမေးမခံဘူး၊ အရမ်းစိတ်ဆိုးတယ်၊ ဒါနဲ့ ဆက်မမေးခဲ့ရဘူး"

Scanned by CamScanner

"အန်တီ စဉ်းစားလို့မရဘူး၊ သဇင့်ကို သူမုန်းတယ်ဆိုရင် ဘာလို့ သဇင့်ဓာတ်ပုံကို သူ့ အိပ်ရာနားမှာ ထားနေသေးလဲ"

"ဟုတ်ပါတယ် အန်တီ၊ ဝေဖူးလဲ အဲဒါကို စဉ်းစားမရသေးတာ၊ သူ့ရင်ထဲမှာ သဇင် ဟာ ခုချိန်ထိ စိုးမိုးရှိနေဆဲလို့ ဝေဖူး ထင်ပါတယ်"

စိတ်ထဲကနေ ဝေဖူး ထောက်ခံပေးလိုက်ပါသည်။

"အန်တီထင်တယ်လေ၊ တစ်ချိန်မှာ သူတို့နှစ်ယောက် နားလည်မှုရပြီး ပြန်ပေါင်းဖြစ်သွားကြလိမ့်မယ်လို့ ..."

ဝေဖူးငုံ့ရင်ထဲမှာလည်း မိုးမြင့်ဦး စိတ်ချမ်းသာတာကို မြင်စေချင်ပါသည်။ အဆွေး သမားကြီးဘဝနှင့် အထီးကျန်ဆန်နေသည်ကို မြင်ရတာ ရင်နာလှပါသည်။

မိုးမြင့်ဦးစိတ်ချမ်းသာဖို့ဆိုလျှင် အသက်နှင့်ဆက်ပေးရပေးရ ဝေဖူးငုံ့ ကူညီလိုက်ချင် ပါသည်။

"အင်း ... သားသမီးများ ငယ်တော့လဲ တစ်မျိုးပူရ၊ ကြီးတော့လဲ တစ်မျိုးပူရပါလား ကွယ်"

ဒေါ်နီလာက သက်ပြင်းနက်နက်ရှိုက်ရင်း ပြောလိုက်သည်။ ဒေါ်နီလာနှင့်စကားကောင်း နေ၍ ဝေဖူးငုံ့ အိပ်ရာဝင်နောက်ကျခဲ့လေပြီ။

*

Scanned by CamScanner

## အခန်း(၁၉)

နံနက်စာစားပြီး ဝေဖူးငုံက မိုးမြင့်ဦးထံ သွားဖို့ပြင်ဆင်သည်။ မိုးလွင်တိုးကို လိုက် မလား အဖော်ညှိကြည့်သည်။

"ကိုဦးဆီ သွားမလို့ လိုက်မလား"

"အလုပ်ကိစ္စနဲ့ ခတ်ပုံကိစ္စ သွားမှာမဟုတ်လား"

"အင်းလေ"

"ဒါဆို ကိုယ် မလိုက်တော့ဘူး၊ ရတယ်မဟုတ်လား"

"ရပါတယ်"

မိုးလွင်တိုးကို နှုတ်ဆက်ပြီး တစ်ယောက်တည်း မိုးမြင့်ဦးရဲ့အိမ်သို့ ရောက်တော့ ဧည့်ခန်းထဲမှာ မိုးမြင့်ဦးကို အသင့်တွေ့ရသည်။

"ဟော ... ဝေဖူး၊ လာ ..."

ဝေဖူးငုံကိုတွေ့သည်နှင့် ပျူပျူငှာငှာ လှမ်း၍ ခေါ်သည်။

"ဝေဖူး ခတ်ပုံရိုက်မလို့ လာတာလား"

"ဟုတ်တယ် ကိုဦး"

"ကိုတိုးရော ပါလာသလား"

"သူနဲ့အတူ လိုက်လာတာပါ"

"အေးအေးဆေးဆေးပဲ မဟုတ်လား"

Scanned by CamScanner

"ရပါတယ်၊ ကိုဦးမအားသေးရင် ဝေဖူး စောင့်ပါ့မယ်"

"အားပါတယ်၊ ကော်ဖီသောက်ပြီးမှ လုပ်ငန်းစကြတာပေါ့"

မိုးမြင့်ဦးက ကော်ဖီပန်းကန်တစ်စုံကို ထယူပြီး ကော်ဖီငှဲ့ထည့်ပေးသည်။ တည်ကြည် နေသော သူ့ရဲ့မျက်နှာခံ့ခံ့ကြီးကိုကြည့်ပြီး ဝေဖူးငံ့ ရင်ထဲမှာ လှုပ်ခတ်နေသည်။

"သောက်လိုက်ဦးလေ"

ကော်ဖီပန်းကန်ကို ကောက်မကိုင်သေး၍ မိုးမြင့်ဦးက သောက်ခိုင်းနေသည်။ မိုးမြင့် ဦးနှင့် အတော်အသင့် ရင်းနှီးမှုရနေပြီဖြစ်ပေမယ့် ဝင့်သဇင်အကြောင်းကို မမေးရဲသေးပါ။

သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ဝင်ရောက် စွက်ဖက်သည်၊ စပ်စုသည်လို့ မိမိကို အထင်မှားမှာ စိုးကြောက်လှသည်။

"ဓာတ်ပုံ ဘယ်နှစ်ပုံလောက် ယူမလဲ"

"သုံးပုံလောက်ဆို လုံလောက်ပါပြီ၊ ဟော ... အဲဒီ ပုံ တစ်ပုံရိုက်မယ်နော်"

သူ ထိုင်နေသည့်ပုံကို တစ်ပုံရိုက်သည်။

"နောက်ပြီး ဘယ်မှာ ရိုက်ချင်သေးလဲ"

"ကိုဦး လက်နှိပ်စက် ရိုက်နေတဲ့ တစ်ပုံရယ်၊ သစ်ခွပင်တွေကို ပြုစုနေတဲ့ ပုံတစ်ပုံ ထပ်ရိုက်ချင်သေးတယ်"

"ဖြည်းဖြည်းပေါ့ ကော်ဖီသောက်လိုက်ပါဦး"

ဓာတ်ပုံများရိုက်ပြီး မိုးမြင့်ဦးနှင့် စာပေအကြောင်း ဆွေးနွေးနေကြသေးသည်။ ထမင်း စားချိန်နီးမှ ထပြန်လာသည်။ မိုးမြင့်ဦးလည်း သူမနှင့်အတူ ပါလာသည်။

Book Sharing

Scanned by CamScanner

"စာအုပ်ထွက်လာတာနဲ့ ဝေဖူး ကိုဦးကို လက်ဆောင်လာပေးမယ်နော်"

"ပေးရမှာပေါ့"

ပြုံးစစနှင့် မိုးမြင့်ဦးက ဝေဖူးရဲ့မျက်နှာကို ငုံ့ကြည့်ပြီးပြောသည်။ သူ့ထံမှ အကြည့် တစ်ခုရလေတိုင်း ဝေဖူးငုံရဲ့ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်ရသည်ချည်းသာ။

မိုးလွင်တိုးအပေါ်မှာ ဝေဖူးငုံရဲ့ ခံစားချက်များ မည်သို့ရှိနေသည်ကို မိုးမြင့်ဦး သိပ်ကို သိချင်နေပါသည်။ ဖွင့်မေးလို့ကလည်း မသင့်တော်၊ သည်တော့ သွယ်ဝိုက်၍ မေးလိုက် သည်။

"တို့ ထင်နေမိတယ်၊ မကြာခင် ဝေဖူးက သန်လျင်အိမ်ရဲ့ အိမ်သားတစ်ယောက် ဖြစ် လာတော့မယ်လို့"

"ရှင်..."

ရင်ထဲမှာ ကတုန်ကယင်ကြီးဖြစ်သွားပြီး ဝေဖူးငုံက ဖျတ်ခနဲ သူ့ကို မော့ကြည့်လိုက် သည်။ သူ့ရဲ့ မျက်ဝန်းမှာ ဘာခံစားချက်ကိုမှ ဝေဖူးငုံ ရှာမတွေ့ပါ။

"တို့ပြောတာကို ဝေဖူး သဘောမပေါက်ဘူး ထင်တယ်"

ဝေဖူးငုံ သဘောပေါက်လိုက်ပါသည်။ ဒါပေမယ့် ရင်ထဲမှာ သိပ်ကို ခံစားနေရသည်။ မိုးလွင်တိုးအတွက် သနားသည့်စိတ်ကြောင့်ရော မိုးမြင့်ဦးကို စွဲလမ်းစွာ ချစ်မိသည့် အချစ် ကြောင့်ပါ။

"တစ်ချိန်မှာ ကိုတိုးနဲ့ ဝေဖူးတို့ ပြေလည်သွားကြတဲ့အခါ ကိုတို့က ဆိုလိုတာပါ"

"ကိုတိုးနဲ့ဝေဖူးက ခုအချိန်အထိ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းတွေပါ ကိုဦး"

"ဟုတ်လား၊ မေမေက သိပ် မျှော်လင့်နေတယ်"

Scanned by CamScanner

မိုးမြင့်ဦးရင်ထဲမှာ ဝေဖူးငုံရဲ့အဖြေကြောင့် တကယ်ပဲပေါ့ပါးသွားသည်။ မိုးလွင်တိုးက သည်းသည်းမည်းမည်း စွဲလမ်းနေသလောက် ဝေဖူးငုံဘက်က ဖြူစင်နေပါလား။

စကားတပြောပြောနှင့်လျှောက်ခဲ့ရင်း အိမ်သို့ ရောက်လာသည်။

မိုးမြင့်ဦးနှင့် ဝေဖူးငုံ အတူတွဲလျှောက်လာသည်ကို ကြည့်ရင်းနှင့် မိုးလွင်တိုး ရင်ထဲ မှာ စိုးရိမ်မှုဖြင့် တလှပ်လှပ် ခုန်သွားသည်။

ရယ်ရယ်မောမောနှင့် စကားပြောလာကြပြန်က သိပ်ကို ရင်းနှီးနေသည့်အသွင်ကို ဆောင်နေသည်။ မနာလိုဝန်တိုစိတ် မဖြစ်သင့်ပေမယ့် ရင်ထဲမှာ လှပ်ခနဲဖြစ်သွားသည်။

ဝေဖူးငုံနှင့် မိုးမြင့်ဦး ရင်းနှီးသင့်တာထက် ပိုပြီး ရင်းနှီးသွားမှာကို စိုးရိမ်နေသည်။ ထို စိုးရိမ်မှုကို ဖွင့်ပြော၍ မသင့်တော်သဖြင့် သူ့အောင့်အည်းသည်းခံနေရမည်သာ။

"ဝေဖူး ပြန်မလာနိုင်သေးလို့ ကိုယ်အခုပဲ လာခေါ်မလို့ စိတ်ကူးနေတာ"

"ထမင်းစားချိန်တော့ ရောက်အောင် လာမှာပေါ့"

"ဓာတ်ပုံတွေ ရခဲ့ပြီပေါ့ ဟုတ်လား"

"ရခဲ့တယ်"

"ထမင်းစားဖို့ မေမေလဲ စောင့်နေတယ်"

"အားနာလိုက်တာ"

လူကြီးက စောင့်နေရသည်ဆိုတော့ ဝေဖူးငုံ အားနာသွားသည်။ ထမင်းစားခန်းဆီသို့ သွက်သွက်လှမ်းလိုက်သည်။ သည်နေ့ ထမင်းစားပြီး မိုးမြင့်ဦးက ချက်ချင်းမပြန်ပါ၊ စကား ပြောနေသေးသည်။

Scanned by CamScanner

ထူးခြားလာတဲ့ မိုးမြင့်ဦးရဲ့ အမူအရာကို မိုးလွင်တိုးသတိထားမိပြီး မကျေမနပ် ဖြစ် နေသည်။

မကျေနပ်မှုရောင်ပြန်က မျက်နှာကိုဟပ်ပြီး သုန်သုန်မှုန်မှုန် ဖြစ်နေသည်။ ထိုအဖြစ် ကို ဝေဖူးငုံက သတိမထားမိသော်လည်း မိုးမြင့်ဦးက သတိထားမိသည်။ သရော်သည့် အပြုံးတစ်ခု ပြုံးလိုက်သည်။

မိုးမြင့်ဦးအကြောင်း ရေးသားထားသော ဆောင်းပါးအတွက် ပြီးပြည့်စုံစွာရခဲ့လေပြီ။ အပြန်လမ်းမှာ ဝေဖူးငုံက အောင်မြင်မှုတစ်ခုအတွက် ကျေနပ်ပီတိဖြာနေသည်။

"ကိုယ့်စိတ်ထဲမှာ အံ့ဩနေတာ တစ်ခုရှိတယ်"

ကားမောင်းနေရင်းက မိုးလွင်တိုးက ပြောသည်။

"ဘာကို အံ့ဩနေတာလဲ"

"ကိုဦးအကြောင်းပေါ့လေ၊ မိန်းကလေးတွေနဲ့ ကင်းကင်းနေတဲ့ကိုဦးက ဝေဖူးကို အချိန် တိုအတွင်းမှာ ရင်းနှီးသွားလို့လေ"

"အဲဒါကိုတိုးကြောင့်ပေါ့၊ ကိုတိုးရဲ့ သူငယ်ချင်းဆိုတော့ သူက ခင်မင်နေမှာပေါ့"

"ကိုယ့်စိတ်ထဲမှာ အဲလိုမထင်ဘူး"

"ဟင် ... ကိုတိုးက ဘယ်လိုထင်လို့လဲ"

မျက်လုံးဝိုင်းလေးနှင့် ဖွာဖွာသလဲမေးတော့ ပြောချင်သည့်စကားလုံးများ ပြော မထွက်ပါ။

"ဝေဖူးကိုယ်တိုင်က ခင်စရာကောင်းလို့နေမယ်"

တကယ်တော့ မိုးလွင်တိုးရဲ့ ရင်ထဲမှာ သံသယတွေ စတင်ခိုဝင်နေပါပြီ၊

Scanned by CamScanner

မိုးမြင့်ဦးရဲ့ ဆက်ဆံမှုသည် သာမန် ခင်မင်ရင်းနှီး၍ မဟုတ်လို့ စွပ်စွဲလိုက်မိသည်။

ဝေဖူးငုံရဲ့မေတ္တာကို ပိုင်ပိုင်နိုင်နိုင်မရှိသေးတော့ လိုအပ်သည်ထက် ပို၍ စိုးရိမ်နေမိ သည်။ ဝေဖူးငုံထံမှ အဖြေကို အမြန်ဆုံးရအောင် တောင်းခံတော့မည်လို့ စိတ်ကူးလိုက် သည်။

*

Scanned by CamScanner

အခန်း(၂၀)

မိုးမြင့်ဦးရဲ့ဆောင်းပါးအတွက် ဝေဖူးငုံ မျက်နှာပန်းလှခဲ့ရပါသည်။ မိုးမြင့်ဦးရဲ့ ကိုယ် ရေးကိုယ်တာအချို့ပါမည့် ဆောင်းပါးမို့ သူ့ရဲ့ဖတ်ပရိသတ်များ စိတ်ဝင်စားစွာ စောင့်ကြို နေကြသည်။

မိုးမြင့်ဦးရဲ့ဓာတ်ပုံကို မြင်လိုက်ရစဉ် ကိုသက်အောင်ရော သူ့ဇနီးမာလာပါ မျက်လုံး ဝိုင်းသွားသည်။

"ဟင် ... ဒီလူက တစ်ခါ ဝေဖူးကိုတိုက်မှာ လာခေါ်တဲ့သူပဲ"

"ဟုတ်တယ်လေ"

"အဲဒီ တုန်းက သူ့ကိုမသိဘဲ မိုးမြင့်ဦးအကြောင်း ဝေဖူးက ရွှတ်ရွှတ်နောက်နောက် ပြောနေတာမဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ သူဟာ မိုးမြင့်ဦးမှန်းလဲသိရော ဝေဖူးဖြင့်ရှက်လို့ လဲသာသေ လိုက်ချင်တာသိလား"

"ရင်းနှီးသွားတော့ အဲဒီ အကြောင်း သူ မပြောဘူးလား"

"ဟင့်အင်း မပြောလို့ တော်သေးတာပေါ့၊ ပြောရင် မျက်နှာပူတာနဲ့ ဝေဖူး သူ့ကို ရင် ဆိုင်ချင်တော့မှာ မဟုတ်ဘူး"

"အေးလေ အဖြစ်ကလဲ တကယ့်အံ့ဩစရာပဲ"

"ကိုဦးက နေတာထိုင်တာ တစ်မျိုးပဲ၊ သူများတွေနဲ့ မတူတာအမှန်ပဲ၊ ဒါပေမယ့် ဝေဖူး ကိုတော့ သူ့ညီနဲ့ပတ်သက်ပြီး ခင်တယ်"

Scanned by CamScanner

"ဒါနဲ့ မေးရဦးမယ်၊ ဝေဖူးက ကိုမိုးလွင်တိုးနဲ့ ရိုးရိုးပဲလား"

မာလာက စိတ်ဝင်တစားနှင့် မေးသည်။

"ရိုးရိုးမှ တကယ့်ရိုးရိုးလေးပါ"

"ကိုမိုးလွင်တိုးက မရိုးတာတော့ အမှန်ပဲ ထင်တယ်"

မာလာရဲ့ အမေးကိုဝန်မခံဘဲ၊ ရှက်ပြုံးလေးဖြင့်သာ နေလိုက်သည်။

"အဘက်ဘက်ကပြည့်စုံတဲ့ သူတစ်ယောက်ရဲ့ချစ်ခြင်းကိုခံရတာ ဝေဖူးငုံ ကံကောင်း ပါတယ်"

"အချစ်ဆိုတာ ပျိုးပင်တစ်ပင်လို ပျိုးယူလို့ ရရင် သိပ်ကောင်းမှာနော်"

တွေတွေဝေဝေနှင့် ဝေဖူးငုံက ပြောသည်။ ရင်းနှီးနေသော သက်အောင်နှင့် မာလာ က ဝေဖူးငုံကို မိုးလွင်တိုးလို လူမျိုးနှင့် သဘောတူနေကြသည်။

"ဘေးလူတွေက မိုးလွင်တိုး ဝေဖူးအပေါ်မှာ ဘယ်လောက် သံယောဇဉ်ရှိနေပြီလဲ ဆိုတာ မြင်ရုံနဲ့ သိနေကြပြီ"

"ဟင် ... ဟုတ်လား"

"ဝေဖူးငုံရဲ့ ရှက်မျက်နှာလေး ရဲသွားသည်။ သနားပါတယ် ဝေဖူးရယ်၊ ပြန်ပြီး ချစ် လိုက်ပါ"

"ပြောပြီးပြီကောလေ၊ ဝေဖူး သူ့ကို ခင်ရုံတင်ခင်တာပါ"

"ဒါဆို ချစ်ရမယ့်သူ တွေ့နေပြီလား"

"ဟင့်အင်း ..."

အဖြေမှန် ဖြေလိုက်လျှင် နောက်ဆက်တွဲ မေးခွန်းတွေ လာဦးမှာမို့ လိမ်ညာဖြေ လိုက်သည်။ တကယ်ဆို ရင်နှင့်အမျှ ချစ်ခင်တွယ်တာရပါသော

Scanned by CamScanner

မိုးမြင့်ဦးသည် သူမရဲ့ နှလုံးသားထဲမှာ ရှိနေပြီလေ။

မိုးမြင့်ဦးနှင့် ပေါင်းဆုံရသည်ဖြစ်စေ၊ မပေါင်းဆုံရသည်ဖြစ်စေ အသက်ထက်ဆုံး ချစ် သွားမည်လို့ ဝေဖူးငုံ ဆုံးဖြတ်ထားပါသည်။

"မာလာတို့က ဝေဖူးရဲ့ မင်္ဂလာဆောင်ကို လာချင်လာပြီ၊ ကောင်းကောင်းလေး လက်ဖွဲ့မယ် မပူနဲ့"

မာလာက နောက်ပြောင်ကျီစယ်နေပြန်ပြီ။ မိုးမြင့်ဦးနှင့်ဆုံစည်းဖို့ လမ်းစ မမြင်သော ဝေဖူးငုံအတွက် မင်္ဂလာဆောင်ဆိုတာ ဘယ်တော့မှဖြစ်လာတော့မှာ မဟုတ်လို့ ပြောလိုက် ချင်ပါသည်။

*

ညနေ တိုက်ပိတ်ချိန်မှာ မိုးလွင်တိုး ရောက်လာသည်။ သူ့အကြံအစည်နှင့် သူ စိတ် ကူးပြီး ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဝေဖူးနဲ့ ကိုယ်တစ်နေရာကို သွားရအောင်"

"ဘယ်ကို သွားမှာလဲ"

"စားရင်း သောက်ရင်း စကားပြောလို့ရတဲ့ နေရာပေ့ါ ..."

"သွားလေ"

မိုးလွင်တိုး ဘာပြောမယ်ဆိုတာ ကြိုသိနေပါသည်။ သိလျက်နှင့် မရှောင်သာ၍ ဝေဖူးငုံ လိုက်ခဲ့သည်။ ကန်တော်ကြီးဟိုတယ်သို့ မိုးလွင်တိုးက ခေါ်သည်။

စားသောက်ဖွယ်ရာများမှာပြီး မိုးလွင်တိုးက စကား စလာသည်။

Scanned by CamScanner

"ဝေဖူးရယ် ... ကိုယ်ဘယ်တော့ ဝမ်းသာရမှာလဲကွာ"

"ဝေဖူး ကြိုးစားကြည့်ခဲ့ပါတယ် ကိုတိုး၊ ကိုတိုးကို တူညီတဲ့ မေတ္တာမျှနိုင်ဖို့ပါ။ ဒါပေ မယ့် ကိုတိုးရယ် ပြောရမှာစိတ်မကောင်းဘူး၊ ကိုတိုးကို အစ်ကိုတစ်ယောက်လို သံယောဇဉ် တွယ်တာကလွဲလို့ ဝေဖူး မချစ်နိုင်ပါဘူး"

ညှိုးငယ်သော မျက်ဝန်းတွေဖြင့် မိုးလွင်တိုးက ကြည့်နေပါသည်။

"ဒါဖြင့် ဘယ်အချိန်ထိ ကိုယ်စောင့်ရမလဲ ပြောပါ"

"မျှော်လင့်ချက်နဲ့ ကြိုးရှည်ရှည် လှန်ပြီး ကိုတိုးကို ဒုက္ခမပေးရက်ပါဘူး၊ ဒါကြောင့် ဝေဖူး ပြတ်ပြတ်သားသား ပြောမယ်နော်"

မိုးလွင်တိုးရဲ့ မျက်နှာ ပို၍ ညှိုးကျအိုမင်းသွားသည်။ အားတုံ့အားနာ ဖြစ်လွန်းဟန်နှင့် ဝေဖူးငုံက မိုးလွင်တိုးကို ကြည့်လိုက်သည်။

"ကိုတိုးကို ဝေဖူး ဘယ်တော့မှ ချစ်လာနိုင်မှာ မဟုတ်ပါဘူး၊ အဲဒီ အတွက် ဝေဖူးကို စိတ်နာချင် နာလိုက်ပါ ကိုတိုးရယ်"

"ဟင် ... ဝေဖူးရဲ့ ဆုံးဖြတ်ချက်က မပြင်တော့ဘူးလား"

"မပြင်နိုင်တော့ပါဘူး ကိုတိုးရယ်"

"ဟာကွာ ..."

မျက်နှာကြီး ညှိုပြီး မိုးလွင်တိုးက ခေါင်းငိုက်စိုက်ကျသွားသည်။ ဘာကိုမှ ဆက်မစား နိုင်တော့လောက်အောင် သူ စိတ်ဓာတ်ကျသွားသည်။

"ဝေဖူးကို ခွင့်လွှတ်ပါလို့ မတောင်းဆိုပါဘူး ကိုတိုး၊ အလွန်စိတ်ထားကောင်းတဲ့ သူ တစ်ယောက်ကို နှလုံးသားနာကျင်အောင်ပြုမိတဲ့ ဝေဖူးကိုယ်ကိုဝေဖူး သိပ်ကိုမုန်းမိပါတယ်"

"ကိုယ့်ဆန္ဒ မပြည့်ဝတာနဲ့ပဲ ဝေဖူးကို မုန်းရယ် နာကြည်းရမယ်ဆိုတာ

Scanned by CamScanner

သဘာဝ မကျဘူး ဝေဖူးရယ်"

"ဝေဖူးလေ ကိုတိုးကို သန့်စင်တဲ့ မေတ္တာတွေနဲ့ တစ်သက်လုံးခင်တွယ်သွားမှာပါ"

"ကိုယ်တစ်ခု ဆုံးဖြတ်လိုက်ပြီ၊ ဝေဖူးကို နောက်ထပ်အရေးမဆိုဘူး၊ ဒါပေမယ့် ဝေဖူး ဆီက မေတ္တာကို အသက်ထက်ဆုံး စောင့်မျှော်နေဦးမယ်"

ထိနိုက်နာကျင်နေသော မျက်ဝန်းများနှင့် ဝေဖူးငုံက မိုးလွင်တိုးကို ကြည့်လိုက်သည်။ မိုးလွင်တိုးရဲ့ ရင်ထဲမှာ ကြေကြေကွဲကွဲတွေးနေသည်။

သစ္စာတရား၊ မေတ္တာတရားတွေကို တန်ဖိုး မထားခဲ့သော မိုးလွင်တိုး၊ ခုတော့ ကောင်းကောင်းကြီး ဖင်ရှုလည်နေပါပြီ။

"ကိုတိုးရယ်၊ ဝေဖူးရင်ထဲမှာ ကိုဦးရှိနေပြီ၊ တစ်သက်လုံး ကိုတိုးကို ဝေဖူး ချစ်လာနိုင် မှာ မဟုတ်ပါဘူး၊ လက်လျှော့လိုက်ပါတော့"

ရင်ထဲကနေ ဝေဖူးငုံက စိတ်မကောင်းစွာနှင့် ပြောလိုက်မိပါသည်။ ခံစားချက်ကိုယ်စီ နှင့် စိတ်ထဲ မကြည်မလင်ရှိကြသည်မို့ မှာထားသော အစားအစာတွေကို တို့ကနန်း ဆိတ် ကနန်းသာ စားနေကြသည်။

မိုးလွင်တိုးကို ရင်ထဲကခံစားချက်အတိုင်း စကားကုန်ပြောလိုက်ရ၍ ရင်ထဲမှာ ပေ့ါပါး မှု အတော်အတန်ရှိသွားသည်။ တိုက်ခန်းအရောက် လိုက်ပို့ပေးပြီး မိုးလွင်တိုး ပြန်သွား သည်။

ထိုနေ့ညက တွေးငယ်ကို အလုံးစုံ ရင်ဖွင့်လိုက်သည်။ အလုံးစုံဆိုသည်မှာ မိုးလွင် တိုး၏ အကြောင်းများသာပါ၊ မိုးမြင့်ဦးရဲ့ အကြောင်းကိုတော့ ဘယ်သူ့ကိုဘယ်တော့မှ ပြော ပြဖို့မရည်ရွယ်ပါ၊ ရင်ထဲမှာပဲ အုံ့ပုန်းချစ်ကို သိမ်းထားလိုက်ပါတော့မည်။

"ဝေဖူးရယ် သိပ်ပြီးစိတ်ညစ်မနေပါနဲ့၊ ကိုယ်လုပ်ယူလို့ရတဲ့ ကိစ္စမှ

Scanned by CamScanner

မဟုတ်တာကွယ်"

ထွေးငယ်က နားလည်စွာနှင့် ဖျောင်းဖျောင်းဖျဖျ ပြောသည်။ လူ့အလိုနတ်မလိုက် နိုင်ဆိုတာ ဝေဖူးငုံလို လူများအတွက်များ ညွှန်းပြီး ပြောထားလေသလား။ ရတာ မလို လို တာမရနှင့် စိတ်ပင်ပန်းစွာ ခံစားနေရသည်လေ။

*

Book Sharing

Scanned by CamScanner

# အခန်း(၂၁)

မိုးလွင်တိုးနှင့်ဝေဖူးတို့ မတွေ့ကြသည်မှာ တစ်ပတ်ပင်ကျော်လာသည်။ သူမအပေါ် မိုးလွင်တိုး စိတ်မကြည်မလင်ရှိနေ၍ မလာတာလို့ ဝေဖူးငုံက တွေးထင်တားသည်။

တနင်္ဂနွေနေ့မို့ အိမ်မှာ ဝေဖူးငုံရော တွေးငယ်ပါရှိနေသည်။ အပြင်မထွက်ဘဲ တစ် ပတ်စာ အကြွေးတင်နေသော အိမ်အလုပ်များကို လုပ်နေကြသည်။

အမှတ်မထင် မိုးလွင်တိုးရောက်လာသည်။ စားသောက်စရာတွေ ဝယ်ပြီးလာသော မိုးလွင်တိုးကို ဝေဖူးငုံက တအံ့တသြဖြစ်နေသည်။

"ကိုတိုး ဘာလို့ပျောက်နေတာလဲ"

"မအားလို့ပါ ဝေဖူးရာ"

"ဝေဖူးက စိတ်ကောက်နေတယ် ထင်လို့ ..."

"ဘာ့ကို ကိုယ်က စိတ်ကောက်ရမှာလဲ ဝေဖူးရယ်"

"အေးအေးဆေးဆေးပဲ မဟုတ်လား ကိုတိုး"

"ဒီမှာ ထမင်းစားပြီး အေးအေးဆေးဆေး နေမလို့ ..."

မိုးလွင်တိုးကိုမချစ်သော်လဲ မိုးလွင်တိုးထံမှခင်မင်မှုလေး ပျောက်ဆုံးသွားမှာ ဝေဖူးငုံ စိုးရိမ်နေသည်။ ခုလို မိုးလွင်တိုးက ကြည်ကြည်လင်လင် ရှိနေတော့ စိတ်ချမ်းမြေ့ရသည်။

Scanned by CamScanner

"ကိုတိုး သန်လျင် ပြန်သေးလား"

"မနေ့ကတောင် အိမ်ရောက်ပါသေးတယ်"

"အန်တီရော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဝေဖူး မလာလို့ မေးနေသေးတယ်"

"ဟုတ်လား"

"ဝေဖူးရယ်၊ ကိုယ်နဲ့ ဝေဖူးကိစ္စကို မေ့ထားလိုက်ပါ၊ မိတ်ဆွေတွေလို အခင်မင် မပျက်နေကြပါစို့နော်၊ မေမေက ဝေဖူးကို နောက်တစ်ခါ သန်လျင်လာချင် ခေါ်ခဲ့ခိုင်းတယ်"

"ဝေဖူး လိုက်ခဲ့ပါမယ်"

မိုးလွင်တိုးက ကျေကျေနပ်နပ်ကြီး ပြုံးနေသည်။

"မေမေက ဝေဖူးကို သိပ်မျှော်လင့်နေပါတယ်"

"ကိုတိုးတို့က ငယ်ငယ်တည်းက သန်လျင်မှာ နေကြတာလား"

"ဟုတ်တယ်၊ ကိုယ်တို့ ဖေဖေရှိကတည်းက နေခဲ့ကြတာ"

"ကိုတိုး ဘယ်အရွယ်မှာ ကိုတိုးဖေဖေက ဆုံးတာလဲ"

"ကိုယ် ငယ်ငယ်လေးတည်းက"

"ဒါဆို အဖေကို သိပ်မသိလိုက်ဘူးပေါ့နော်"

စနာစွာမေးလာသော ဝေဖူးငုံကို ညှို့မှိုင်းသောအကြည့်များနှင့် မိုးလွင်တိုးက ကြည့် နေသည်။

"ဝေဖူးက အရင်းနှီးဆုံးသူမို့ ကိုယ်ပြောပြမယ်၊ ကိုယ်ဟာ၊ သူတို့ရဲ့ သားအရင်း မဟုတ်ဘူး၊ မွေးစားသားပါ"

Scanned by CamScanner

"ဟင် ... ဟုတ်လား"

တအံ့တသြနှင့် ဝေဖူးငုံ ဖြစ်နေရသည်။

"ကိုယ့်ကို ငယ်ငယ်လေးကတည်းက သူတို့ မွေးစားထားတာပါ၊ အဲဒီအကြောင်းကို ဘယ်သူ့ကိုမှလဲ အသိမခံကြပါဘူး၊ ကိုဦးကတော့ သိတယ်လေ၊ ဒါပေမယ့် ကိုယ့်ကို ငယ်ငယ် လေးကတည်းက ညီအရင်း တစ်ယောက်လို သူချစ်ခဲ့တာပါ"

"သြော် ... ဝေဖူးက သားအရင်း ထင်နေတာ"

"မေမေက ကိုယ့်ကို သိပ်ချစ်ပါတယ်၊ တကယ့်သားအရင်းလိုပါပဲ၊ ကိုဦးဆို ရမယ့် အမွေတောင် ညီတူညီမျှပဲ၊ သူက ပိုမယူဘူး"

"ပြည့်ဝလိုက်တာနော်"

"ဟုတ်တယ်။ ကိုယ့်မှာလဲ မိဘအရင်းအချာမရှိတော့ သူတို့ကို တကယ့်သွေးသားလို သံယောဇဉ် တွယ်နေတာပဲ၊ ကိုဦးကိုလဲ အစ်ကိုရင်းတစ်ယောက်လို ချစ်ခင်ပါတယ်"

"ကိုဦးက အနေတော့ စိမ်းတယ်နော်"

"မစိမ်းပါဘူး ဝေဖူးရယ်"

မိုးလွင်တိုးရဲ့လေသံက သိပ်ကို တိုးတိမ် ပျော့ညံ့နေပါလား။

"ကိုတိုးကို တစ်ခုမေးမယ် မှန်မှန်ဖြေမလား"

"မေးလေ"

"ကိုဦးမှာ ချစ်သူရှိခဲ့တာ၊ ဘာကြောင့် အဲဒီ ချစ်သူနဲ့ ကွဲနေရတာ လဲ"

ထိတ်လန့်မျက်ဝန်းများနှင့် တအံ့တသြ ဝေဖူငုံကို မိုးလွင်တိုး ကြည့်လိုက်သည်။ ပြီးမှ အားယူပြီး ပြောရသောလေသံနှင့် မေးသည်။

Scanned by CamScanner

"ဝေဖူး ဘယ်လိုသိတာလဲ"

"ကိုဦးရဲ့ ချစ်သူဟာ ဘယ်သူဆိုတာ ဝေဖူးသိပါတယ်၊ ဘယ်ကဘယ်လို သိခဲ့လဲဆို တာ မသိချင်ပါနဲ့ ကိုတိုးရယ်၊ သူတို့ဘာကြောင့် ကွဲသွားလဲဆိုတာ ပြောပါ"

မျက်စိပျက် မျက်နှာပျက်နှင့် မိုးလွင်တိုးက ဖြစ်နေသည်။ စိုက်ကြည့်နေသော ဝေဖူး ငုံရဲ့ အကြည့်တွေကို သူရှောင်နေသည်။

"သိရင်ပြောပြပါ၊ ဝေဖူး သိပ်ကို စိတ်ဝင်စားလို့ပါ"

"မသိပါဘူး ဝေဖူးရယ်၊ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာကို ကိုယ်ဘယ်လို သိမှာလဲ"

ခါးခါးသည်းသည်းပင် မိုးလွင်တိုးက ငြင်းဆိုလိုက်သည်။ မိုးလွင်တိုးရဲ့ မျက်နှာ မသာ မယာဖြစ်နေသည်ကို ဝေဖူးငုံက သတိထားမိသည်။

"ကိုဦးက ဝင့်သဇင်ကို သိပ်ချစ်ခဲ့တယ်ဆိုတာ ဟုတ်လားဟင်"

"ဟင် ... ကိုဦးရဲ့ ချစ်သူက ဝင့်သဇင်ဆိုတာ ဝေဖူး ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲ သိတာပေါ့"

"ဝင့်သဇင်ကို မြင်ဖူးလား"

"မြင်ဖူးတယ်"

"ကိုဦးက ဝင့်သဝဇင်ကို ချစ်တုန်းက သိပ်ချစ်ခဲ့ပြီး အခုမှ ဘယ်လို ဖြစ်သွားတယ် မသိဘူး"

"ကိုတိုးက မေးမကြည့်ခဲ့ဘူးလား"

"မမေးမိခဲ့ပါဘူး၊ တစ်ခါက ဝင့်သဇင်အကြောင်း တစ်ခု ပြောမိတာတောင် နောက်ကို အဲဒီ မိန်းမနာမည် သူ့ရှေ့မှာ မပြောနဲ့ မကြားချင်ဘူးတဲ့"

Scanned by CamScanner

"အဲလောက်တောင်ပဲ ဝေဖူးရယ်"

"ဒါဆို ဝင့်သဇင်ကို သူတော်တော် စိတ်နာနေလို့ နေမှာပေါ့"

"မပြောတတ်ဘူးလေ"

"ကိုတိုးရော ဝင့်သဇင်နဲ့ ခင်လားဟင်"

"ခင်ပါတယ်"

"ဝင့်သဇင်ကို မေးမကြည့်ဘူးလား"

မကျေနပ်သော မျက်ဝန်းအစုံ ဝေဖူးငုံဆီသို့ ရောက်လာသည်။

"နေပါဦး ဝေဖူးရယ်၊ ဘာလို့ ကိုဦးအကြောင်းကို ဒါလောက် စိတ်ဝင်စားနေရတာ လဲ"

မိုးလွင်တိုးက ထိုသို့မေးလိုက်တော့ သူ စပ်စုခြင်းလွန်ကဲသွားသည်ကို သတိထားမိ သည်။ မိုးလွင်တိုးရဲ့ စူးစမ်းသော အကြည့်များကို လွှဲရှောင်လိုက်သည်။

"ကိုတိုးအစ်ကိုမို့ ကိုဦးကို ဝေဖူးခင်မိတယ်၊ ဒါကြောင့် သူ့အကြောင်းတွေကို စိတ်ဝင် စားမိတာ မဆန်းပါဘူးနော်"

ရင်ထဲက ခံစားမှုကို ဖုံးကွယ်ပြီး ခပ်ပေါ့ပေါ့လေး ပြန်ပြောလိုက်သည်။

"ဒါနဲ့ ဝေဖူးရော ဆောင်းပါး ပြီးသွားပြီလား "

"ကိုဦးအကြောင်း ဆောင်းပါးလား ပြီးပြီလေ၊ စာပေ စိစစ်ရေးတောင် တင်လိုက်ပြီ"

ထိုနေ့က မိုးလွင်တိုးနှင့် ဝေဖူးငုံတို့ ရောက်တတ်ရာရာ စကားတွေပြောရင်း အချိန် တော်တော် ကုန်သွားသည်။

*

Scanned by CamScanner

# အခန်း(၂၂)

ဝင့်သဇင်နှင့် တွေ့ဆုံခင်မင်ရင်းနှီးချစ်စိတ်တွေ ဝေဖူးငုံရဲ့ရင်ထဲမှာ သိပ်ကို ဆန္ဒပြင်း ပြနေသည်။ ဝင့်သဇင်ကို တွေ့ဖူးမြင်ဖူးပါသည်။ သူမ တေးဆိုသည်များကိုလည်း မြင်တွေ့ နားထောင်ဖူးပါသည်။ ဝင့်သဇင်နှင့် စကားပင်တစ်ခွန်း မပြောခဲ့ဖူးပါ။

ဝင့်သဇင်နှင့် တွေ့ချင်သော်လည်း တိုက်ရိုက်ကြီး သွားတွေ့ဖို့ဆိုတာလည်း မပြုလုပ် ချင်ပါ။ ဒါကြောင့် အမှတ်မထင် တွေ့ဆုံသည့်အခြေအနေကို ရရှိချင်ပါသည်။

တစ်နေ့မှာ ဝေဖူးငုံရဲ့ သူငယ်ချင်းတစ်ယောက် ဖိတ်ကြား၍ ထိုမွေးနေ့ပွဲသို့ တက် ရောက်သည်။ အဆိုအတီးဝိုင်းပါလာသော မွေးနေ့ပွဲပါပဲ။

တီးဝိုင်းအဖွဲ့မှာ အဆိုတော် ဝင့်သဇင်ပါလာသည်။ ဝေဖူးငုံအရမ်းကျေနပ်သွားသည်။ ဝင့်သဇင်နှင့် တွေ့ဆုံဖို့ အခွင့်အရေးတစ်ခု ရရှိရပြီပေါ့။

ဝင့်သဇင် သီဆိုသောအလှည့်အပြီးမှာ စားသောက်နေသော သူမနားသို့ ဝေဖူးငုံ သွားရောက်လိုက်သည်။ ဝင့်သဇင်ကို မိတ္တဗလနည်းနှင့် ချဉ်းကပ်လိုက်သည်။

"စောစောက ဝင့်သဇင်ဆိုတဲ့သီချင်းက တော်တော်ကောင်းတယ်နော်၊ အဲဒီ သီချင်းက နာမည် အရမ်းရတာ ပဲ"

ဝင့်သဇင်ရဲ့ ချောမွေ့တဲ့မျက်နှာကိုကြည့်ပြီး ဝေဖူငုံက ချီးအီစွာ

Scanned by CamScanner

ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ... ခုလို အားပေးတာ ကျေးဇူးတင်ပါတယ်"

"ကျွန်မနာမည် ဝေဖူးငုံပါ"

"သြော် ... စာရေးဆရာမကို"

ဝင့်သဇင်ကလည်း ဝေဖူးငုံရဲ့အမည်ကို ကြားဖူးနေသည်လေ။ တစ်ယောက်နှင့် တစ် ယောက်မခင်၊ လူချင်းမဆုံမိ စကားမပြောဖူးကြသော်လည်း သိနေကြသည်မို့ စကားပြော ရတာ အဆင်ပြေနေသည်။

"ဝင့်သဇင်ကို သိပ်ပြီး တွေ့ချင်နေတာပါ"

ဝေဖူးငုံက ထိုသို့ပြောလိုက်တော့ ဝင့်သဇင်ရဲ့ မျက်နှာမှာ အံ့သြရိပ်လေး ယှက်ဖြာ သွားသည်။

"ဘာလို့ပါလဲ ဟင်"

"ကိုမိုးလွင်တိုးကပြောဖူးတယ်၊ ဝင့်သဇင်နဲ့ သူ သိပ်ခင်တာပဲတဲ့"

ဝင့်သဇင်ရဲ့ စူးစမ်းသောအကြည့် ဝေဖူးငုံရဲ့ မျက်နှာဆီသို့ ကျရောက်လာသည်။

"ဝေဖူးငုံက ဘာလို့ ဝင့်ကို သိပ်တွေ့ချင်နေတာလဲ"

"ကိုုတိုးရဲ့ သူငယ်ချင်းဆိုတော့ ဝေဖူးလဲခင်ချင်လို့ပါ၊ ဝေဖူးနဲ့ ကိုတိုးက အရမ်းခင်ကြ တဲ့ မိတ်ဆွေတွေပါ"

"သြော် ... ဟုတ်လား"

ဝင့်သဇင်ရဲ့ မျက်နှာမှာ မှိုင်းရိပ်တွေ အုံ့မိုးသွားသည်ကို ဝေဖူးငုံ သတိထားမိသည်။

"ဝင့်နဲ့ ကိုမိုးလွင်တိုးတို့ သိပ် ခင်ကြပါတယ်"

Scanned by CamScanner

"သူကလဲ ပြောပါတယ်"

"ခုတလော သူနဲ့ မတွေ့တာတောင် ကြာပြီ၊ ဝေဖူးငုံကတော့ တွေ့မှာပေ့ါ"

"တွေ့ပါတယ်၊ သန်လျင်ကိုတောင် ခဏခဏ လိုက်သွားပါတယ်"

"ဟုတ်လား"

"ဝေဖူးက ဆရာမိုးမြင့်ဦးရဲ့ ဆောင်းပါးရေးဖို့အတွက် ဆရာနဲ့လဲ သွားတွေ့ပါတယ်"

"ဪ ... ရခဲ့လား"

"ရခဲ့ပါတယ်"

ဝင့်သဇင်ရဲ့ မျက်ဝန်းတွေ မှိုပြီး မှိုင်ဝေသွားသည်ကို ဝေဖူးငုံ သတိထားမိသည်။

"ဆရာက သဘောကောင်းပါတယ်၊ ဘယ်သူနဲ့မှ အတွေ့မခံပေမယ့် ဝေဖူးနဲ့ အဆင် ပြေသွားတယ်"

"ဒါဆို ဝေဖူးငုံက သိပ်ကို ကံကောင်းတဲ့ သူတစ်ယောက်ပဲ"

မိုးမြင့်ဦးအကြောင်းပြောကတည်းက ဝင့်သဇင်ရဲ့မျက်နှာ လွန်စွာညှိုးနွမ်းနေသည်ကို ဝေဖူးငုံ သတိထားမိသည်။

"ကိုမိုးလွင်တိုးတို့ကို ခင်သလို ဝင့်ကိုလဲ ခင်မင်နိုင်ပါတယ်"

"ကျေးဇူးပါပဲ ဝင့်"

ဝေဖူးငုံက တရင်းတနှီး ဝင့်သဇင်ကိုခေါ်သည်။ သူမအသည်းနှင့်အောင် မြတ်နိုးတွယ် တာရသူ မိုးမြင့်ဦးရဲ့နှလုံးသားကို သိမ်းပိုက်နိုင်စားနေသော ဝင့်သဇင်ကို စူးစိုက်စွာ ကြည့် လိုက်သည်။

ကိုယ်လုံးသွယ်သွယ်၊ မျက်နှာလေး နုဖတ်ချောမွေ့နေသော ဝင့်သဇင်ကို

Scanned by CamScanner

မိုးမြင့်ဦး သိပ်ချစ်တာ မဆန်းပါဘူးလေ။ သည်လောက် လှပသော မိန်းကလေးကို အသည်းနှင့် အောင်ချစ်နေသည်ဆိုတာကို အကြွင်းမဲ့ ယုံကြည်မိပါသည်။ ဝင့်သဇင်ကို ချစ်သည့်စိတ်၊ ပြီးတော့ ဝင့်သဇင်နှင့် မပြေလည်သည့် အခြေအနေကြောင့် မိုးမြင့်ဦး ကြေကွဲစွာ ခံစားနေ ရသည်လို့ ဝေဖူးငုံ ထင်နေပါသည်။

မိုးမြင့်ဦး စိတ်ချမ်းသာတာကို မြင်ချင်ပါသည်။ သူသိပ်မြတ်နိုးချစ်ခင်ရသော သူနှင့် ပေါင်းဖက်တာကိုလည်း တွေ့မြင်ချင်ပါသည်။ ဒါကြောင့် သူမရဲ့ နှလုံးသားကို စတေးပြီး မိုးမြင့်ဦးနှင့်ဝင့်သဇင် ပေါင်းဆုံရဖို့ စွမ်းဆောင်ပေးမည်လို့ ဆုံးဖြတ်လိုက်ပါသည်။

မိုးမြင့်ဦးကို မေးရမှာ မဝံ့ရဲသော်လည်း ဝင့်သဇင်ကို ချဉ်းကပ်စည်းရုံးမယ်လို့ စိတ်ကူး ထားသည်။

အခြားလူများ ဝင့်သဇင်နားသို့ ရောက်လာသည်မို့ ဝေဖူးငုံရဲ့ ရှေ့ဆက်တိုးမည် စကားများ ရပ်တန့်သွားရပါသည်။

လူချင်းခွဲခွာခါနီး မပြန်ခင်မှာ ဝေဖူးငုံအတွက် အခွင့်အရေးတစ်ခု ရလိုက်ပါသည်။

"ဝင့်ရဲ့အိမ်ကို လာလည်ပါနော်၊ ဝင့်ရဲ့မိတ်ဆွေတွေထဲမှာ ဝေဖူးငုံတစ်ယောက် တိုး သွားပြီလို့ မှတ်ထားလိုက်မယ်နော် ..."

"စိတ်ချပါ ဝင့်၊ ဝေဖူး လာလည်ပါ့မယ်"

ဝင့်သဇင်ထံမှ ခင်မင်ရင်းနှီးမှုကို ရလိုက်သည့်အတွက် ဝေဖူးငုံ ကျေနပ်ဝမ်းသာသွား သည်။

ညခုနစ်နာရီပင် ထိုးနေပြီ၊ ထွေးငယ်က ပြန်ရောက်မလာသေးပါ။ ချက်ပြုတ်ပြီး ထွေး ငယ်ကို စောင့်နေပေမယ့် မလာသေးတာကြောင့် ဗိုက်ကလည်း

Scanned by CamScanner

ဆာနေပြီမို့ တစ်ယောက် တည်း စားလိုက်သည်။

ထမင်းစားသောက်ပြီး ဧည့်ခန်းထဲမှာ သတင်းစာဖတ်နေသည်။ တံခါးခေါက်သံကြား ၍ ထွေးငယ်ပြန်လာသည်လို့ ထင်သည်။ မပြောမဆိုနှင့် အိမ်ပြန်နောက်ကျနေသော ထွေး ငယ်ကို ဟောက်ဟိန်းပစ်လိုက်မည်။

တံခါးကိုဖွင့်ပြီး ရန်တွေ့စကားကိုဆိုသည်။

"ဟဲ့ ... မိန်းမ၊ ဘယ် ..."

ဝေဖူးငုံရဲ့ ရန်တွေ့စကားများ လမ်းခုလတ်မှာပဲ ရပ်တန့်သွားသည်။ ဝေဖူးငုံတွေ့မြင် လိုက်ရသည့်က ထွေးငယ်မဟုတ်၊ လုံးဝမမျှော်လင့်ထားသော မိုးမြင့်ဦးပါ။

"ဟင် ..."

ပါးစပ်လေးဝိုင်းပြီး မျက်လုံးလေးပြူးကာ မိုးမြင့်ဦးကို တအံ့တသြနှင့် ကြည့်နေသည်။ အပြုံးငွေ့ငွေ့နှင့် မိုးမြင့်ဦးက သူမကို ကြည့်နေသည်။

"တို့လာလို့ သိပ်အံ့သြနေသလား ဝေဖူး"

မိုးမြင့်ဦးက တည်ငြိမ်သော လေသံနှင့်မေးသည်။

မိုးမြင့်ဦးကို တွေ့မြင်ရခိုက် ဝေဖူးရဲ့ နှလုံးသွေးတွေ သွက်သွက်ကြီးလှုပ်ယမ်းပြီး သိပ် ကို ပျော်သွားသည်။

"ဘယ်လိုလဲ ဝေဖူး၊ ဧည့်သည်ကို အိမ်ထဲမခေါ်တော့ဘူးလား"

သည်တော့မှ ဝေဖူး ပျာပျာသလဲ ဖြစ်သွားသည်။

"အိမ်ထဲဝင်ပါ ကိုဦး၊ မထင်မှတ်ဘဲ ကိုဦးကိုတွေ့လိုက်ရတော့ ဝေဖူး သိပ်ကို အံ့အား သင့်သွားလို့ပါ"

မိုးမြင့်ဦးကို ဧည့်ခန်းထဲသို့ ဖိတ်ခေါ်သည်။ မိုးမြင့်ဦးကို မြင်တွေ့ရပြီး

Book Sharing

Scanned by CamScanner

အုံညြ ဝမ်း သာကာ ဘာစကားကို ဘယ်လိုစ ပြောရမှန်း မသိတော့ပါ။

စူးရှနက်ရှိုင်းသော အကြည့်များ သူမရဲ့ မျက်နှာမှာ ကျရောက်နေသည်ကို ဝေဖူးငုံ သိရှိခံစားနေရသည်။

"ရန်ကုန်ကို စာအုပ်ကိစ္စနဲ့လာရင်းက ဝေဖူးငုံကို သတိရလို့ ဝင်ခဲ့တာ"

"ဟုတ်လား၊ ခုလို သတိတရ လာလည်တာ ကျေးဇူးတင်ပါတယ် ကိုဦး"

ဝေဖူးငုံ ပြန်သွားကတည်းက သူမရဲ့ မျက်နှာလေးကို တမ်းတမ်းတတဖြစ်ခဲ့သည်။ မြင်တွေ့လိုချင်စိတ်တွေ ကြီးမားခဲ့သည်။

ဒါကြောင့် ရန်ကုန်ကိုရောက်သည်နှင့် တွေ့ချင်မြင်ချင်စိတ်တွေ တားဆီးမရ၍ လာ တွေ့မိခြင်းပါ။

"ကိုဦး ထိုင်ဦးနော်၊ ဝေဖူး စားဖို့ တစ်ခုခု လုပ်လိုက်မယ်"

"မလုပ်နဲ့တော့ အခုပဲ တို့စားပြီးပြီ"

ကုလားထိုင်က ထနေပြီဖြစ်သော ဝေဖူးငုံကို လှမ်း၍ တားလိုက်သည်။

"အန်တီ နေကောင်းပါရဲ့လား"

"မေမေကတော့ နေကောင်းပါတယ်၊ ထုံးစံအတိုင်း အိမ်မှာ ငြိမ်သည်မပြတ်ဘူးလေ"

"သူလဲ တစ်ယောက်တည်းဆိုတော့ ပျင်းမှာပါ"

"တို့လဲ နေချင်သလိုနေတာ၊ သူလဲ စိတ်ချမ်းသာသလိုနေတာ ဘာမှ အပြစ်မပြော လိုပါဘူး"

မိုးမြင့်ဦးက ဖြေရှင်းနေသေးသည်။

"ဝေဖူးကို လာလည်မလားလို့ မေမေက မျှော်နေသေးတယ်"

Scanned by CamScanner

"ကိုတိုးနဲ့ လိုက်ခဲ့ပါမယ်"

"မေမေတို့ဆီရောက်ရင် တို့ဆီလဲ လာလည်ပါဦး"

လိုလိုလားလားခေါ်နေသော မိုးမြင့်ဦးကို ဝေဖူးငုံ ဘယ်လိုနားလည်ရမလဲ၊ မိန်းမတွေ နှင့် မပတ်သတ်ဘဲ နေခဲ့သော မိုးမြင့်ဦး ဘာကြောင့် သူမကို ခင်မင်မှုတွေ ပေးနေသည်လဲ။

"သန်လျင်ကိုရောက်ရင်တော့ ကိုဦးဆီ ဝေဖူး ရောက်မှာ အမှန်ပါ"

"တို့ ပြန်လိုက်ပါဦးမယ်"

မိုးမြင့်ဦး နှုတ်ဆက်ပြီးအထမှာ တံခါးခေါက်သံကြားရသည်။ ဝေဖူးငုံထ၍ ဖွင့်ပေး သည်။ တံခါးခေါက်နေသူက ထွေးငယ်ပါ။

"ဟာ ထွေးငယ်ကိုး အတော်ပဲ ကိုဦးနဲ့ မိတ်ဆက်ပေးရဦးမယ်"

ဝေဖူးငုံက ထွေးငယ်နှင့် မိုးမြင့်ဦးကို မိတ်ဆက်ပေးလိုက်သည်။ ဖော်ရွေသော အပြုံး နှင့် မိုးမြင့်ဦးက အသိအမှတ်ပြုလိုက်သည်။

"အစက ဝေဖူးကို ထွေးငယ်လို့ ထင်ခဲ့တာ၊ အခုမှပဲ တကယ့် ထွေးငယ်အစစ်နဲ့ တွေ့ ရတော့တယ်"

"ဆရာမိုးမြင့်ဦးနဲ့ တွေ့ဆုံရတာ ၊ သိပ်ကို ဝမ်းသာပါတယ်"

ထွေးငယ်က ရယ်ယ်မောမောနှင့် ပြောသည်။

"ဆရာက ပြန်တော့မှာကိုး၊ ထွေးငယ်က အေးအေးဆေးဆေး စကားပြောချင်ပါသေး တယ်"

"နောက်လဲ ကျွန်တော် ရောက်လာဦးမှာပါ၊ ထွေးငယ်၊ ခုတော့ သွားခွင့်ပြုပါဦး"

မိုးမြင့်ဦး နှုတ်ဆက်ပြီး ပြန်သွားသည်။ တံခါးကိုး ဝေဖူးငုံက

Scanned by CamScanner

ဖိတ်ပြီးလှည့်အလာ၊ သူမကို ပြုံးစစနှင့် လှမ်းကြည့်နေသော ထွေးငယ်ကို တွေ့ရသည်။ ထွေးငယ်က စိုက်ကြည့် ပြီး ပြုံးနေတော့ ဝေဖူးငုံ မနေတတ်အောင် ဖြစ်သွားသည်။

"ဘာကြည့်နေတာလဲ"

"နင့်ရဲ့ ဆရာမိုးမြင့်ဦးက တကယ်ချောတယ်ဟာ၊ နင်ကျမယ်ဆိုလဲ ကျလောက် တယ်"

"ထွေးငယ်စုတ်နော်၊ ဘယ်သူက သူ့ကို ကျနေလို့လဲ"

"အောင်မယ်၊ နင်ပန်းချီပြပွဲမှာတုန်းက သူ့ကိုခိုက်သွားပြီး၊ ငါ့ကိုပြန်ပြောတာ မေ့သွား ပြီလား"

သေသေချာချာ တွက်ပြလိုက်တော့ ဝေဖူးငုံမငြင်းသာဘဲ၊ ရယ်ကျဲကျဲ လုပ်နေသည်။

"အဲ့ဒီတုန်းက ဆရာမိုးမြင့်ဦးမှန်းမသိဘဲ၊ နင်ခိုက်သွားခဲ့တာလေ"

ထွေးငယ်ထံမှအကြည့်ကို မျက်နှာပူပူနှင့် လွှဲလိုက်သည်။

"ဘယ်လိုလဲ၊ ဝေဖူး ညီအစ်ကို နှစ်ယောက်ကြား ဗျာများနေပြီလား"

"ငါက ဘာလို့ ဗျာများနေရမှာလဲ"

"ညီက တမ်းတမ်းစွဲ၊ အစ်ကိုကလဲ ကြည့်ရတာ မြောင်းလာရှာနေတဲ့ပုံလေ"

"ဘာလဲဟ၊ နင့်စကားကြီးက"

"ရေလာမယ့်မြောင်းများ ရှိနေသလားလို့ ဆရာက လာရှာနေတာ မဟုတ်လား"

ထွေးငယ်ရဲ့စကားက အဟုတ်တကယ်ပဲ ဝေဖူးငုံရဲ့ နှလုံးသားကို

Scanned by CamScanner

လိုက်ခုန်စေလိုက် သည်။

"ပေါက်ရတွေ ထွေးငယ်ရာ၊ သူ့မှာ ပိုင်စိုးတဲ့ မဟေသီ ရှိပြီးသားဟ"

"ဟုတ်မှလဲ လုပ်ပါ"

"သူ့မဟေသီကို ငါသိတယ်"

"တကယ်လား ဝေဖူး"

"တကယ်ပေါ့"

ဝေဖူးရဲ့မျက်နှာ ညှိုးရိပ်တွေ ဝေသွားသည်။ ရင်ထဲ နင့်ခနဲခံစားချက်က မျက်နှာမှာ အရိပ်ထင်ခဲ့ပြီပဲ။ ဒါကို ထွေးငယ်က သတိထားမိသည်။

"ဝေဖူး နင့်ရင်ထဲမှာ ဘာတွေ ခံစားနေရလဲ"

"ဘာမှ မရှိဘူး"

"နင် ညာနေတာ၊ ဆရာနဲ့ပတ်သက်ပြီး နင့်ရင်မှာ တစ်မျိုးခံစားနေရပြီဆိုတာ ငါသိ တယ်"

ထွင်းဖောက်မြင်နိုင်လှချည်လား ထွေးငယ်ရယ်၊ ငါလေ ကိုဦးကိုသိပ်ချစ်မိပြီ။ သိပ်ချစ် ရလို့ ရင်မှာလည်း မချိမဆံ့ ခံစားနေရပြီဟယ်။

ဆွေးမြည့်သော မျက်ဝန်းများနှင့် ထွေးငယ်ကိုကြည့်ပြီး ပြောလိုက်မိပါသည်။ စူးရှ သော ထွေးငယ်ရဲ့အကြည့်များ သူမရဲ့မျက်နှာပေါ်မှာပါလား။

"ကဲ .. မိန်းမ လေရှည်မနေနဲ့ ရေချိုး၊ ထမင်းစားဖို့ နောက်ကျနေပြီ"

"စကားဖြတ်လိုက်မှန်း သိပါတယ်ဝေဖူး၊ ဒါပေမယ့် ငါ အလိုက်သိတတ်စွာနဲ့ စောဒက မတတ်ဘူး"

ပြုံးစစနှင့် ထွေးငယ်ကပြောပြီး အခန်းထဲသို့ ဝင်သွားသည်။

Scanned by CamScanner

သက်ပြင်းနက်နက် တစ်ချက်ရှိုက်ရင်း ဝေဖူးငုံ ရင်မောနေပြီ။

*

Book Sharing

Scanned by CamScanner

## အခန်း(၂၃)

မိုးမြင့်ဦး စိတ်ချမ်းသာရေးအတွက် အစွမ်းကုန် ကြိုးစားပေးမည်လို့ ဆုံးဖြတ်ထား သော ဝေဖူးငုံက ဝင့်သဇင်နှင့် ထပ်တွေ့ဆုံဖို့ ကြိုးစားသည်။

ဝင့်သဇင်ပေးထားသည့် လိပ်စာအတိုင်း ရှာဖွေပြီးလာခဲ့သည်။ ဆိုက်ဆိုက်မြိုက်မြိုက် ပင် ဝင့်သဇင်နှင့်တွေ့ရသည်။ ဝေဖူးငုံကိုတွေ့ရတော့ ဝင့်သဇင်က ဖော်ရွေစွာ ကြိုဆိုသည်။

"ဝေဖူးက ကတိတည်သားပဲ"

"ဝင့်ကို ဝေဖူးကခင်တော့ ကတိတည်ရမှာပေါ့နော်"

ဝေဖူးငုံက တရင်းတနှီးခေါ်ရင်း ရယ်ဟဟနှင့်ပြောသည်။ ဝင့်သဇင်ရဲ့ သပ်ရပ်ခေတ်မီ သော ဧည့်ခန်းမှာ ထိုင်မိကြသည်။

"ဝင့်တို့ ခုတလော ဘယ်ကိုမှ ခရီးမထွက်ကြဘူးလား"

"မထွက်ဘူး ဝေဖူးရဲ့၊ မကြာခင် အမျိုးသားကပွဲရုံမှာ စတိတ်ရှိုး ရှိသေးတယ်လေ"

"သြော် ... ဟုတ်သားပဲ"

"အဲ့ဒီကျရင်၊ ဝေဖူးကို မေတ္တာလက်ဆောင် လက်မှတ်ပေးမယ် လာခဲ့နော်"

"လာမှာပေါ့ ဝင့်ရယ် ..."

ဝင့်သဇင်နှင့် ကြာကြာစကားပြောမိလေ၊ ဝင့်သဇင်ရဲ့ ဖော်ရွေမှုကို

Scanned by CamScanner

တွေ့မြင်ခံစားရ လေလေပါ။ ဝေဖူးငုံစိတ်ထဲမှာ ဝင့်သဇင်ကို မမုန်းနိုင်အောင် ဖြစ်နေသည်။

တကယ်ဆိုလျှင် ဝင့်သဇင်သည် သူမသိပ်ကို မြတ်နိုးတွယ်တာမိသော မိုးမြင့်ဦးရဲ့ နှလုံးသားအားလုံးကို ပိုင်ဆိုင်ထားသူလေ။ ပြီးတော့ မိုးမြင့်ဦးရဲ့ ဘဝတစ်ခုလုံးကို သိမ်းပိုက် ထားသူ မဟုတ်လား။

ဒါပေမယ့် ဝင့်သဇင်ကို ဝေဖူးငုံ ဘယ်လိုမှ မနာလိုမရှုဆိတ် မဖြစ်မိပါ။ မိုးမြင့်ဦး စိတ်ချမ်းသာရေးအတွက် မိမိအစွမ်းကုန် ကြိုးစားပေးချင်ပါသည်။ မိုးမြင့်ဦးအပေါ် ဝင့်သဇင် စိမ်းကားမုန်းတီးနေပါလျှင် သူမရဲ့ကွဲအက်နေသော နှလုံးသားက သွေးတွေဖြင့် ထိုမုန်းတီး ခြင်း အကွရာကို ခြေဖျက်ပေးလိုက်ချင်ပါသည်။

မိုးမြင့်ဦးနှင့် ဝင့်သဇင်တို့ရဲ့ ချစ်လမ်းခရီး ပြန်လည်ဖြောင့်ဖြူးရေးအတွက် အစွမ်းကုန် ကြိုးစားမည်လို့ဆုံးဖြတ်လိုက်သည်။ စကားလမ်းကြောင်းကို လိုချင်သည့်ဘက် ရောက်အောင် ဆွဲယူလိုက်သည်။

"ကိုတိုးနဲ့ ဝင့် တွေ့သေးလား"

"မတွေ့တာ ကြာပြီ"

"ဝေဖူးဆီလဲ မလာဘူး၊ ဝင့်နဲ့တွေ့တဲ့အကြောင်း သူ့ကို မကြားရသေးဘူးလေ"

ဝေဖူးငုံရဲ့စကားကြောင့် ဝင့်သဇင်က လှဲ့လှဲ့လေးပြုံးသည်။ ဝင့်သဇင်ရဲ့ မျက်နှာရိပ် မျက်နှာကဲကို ဝေဖူးငုံက လေ့လာနေသည်။

"ဝင့် သန်လျင်အိမ်ကို ရောက်ဖူးတယ်နော်"

ကွက်ခနဲ ဝင့်သဇင်ရဲ့ မျက်နှာပျက်သွားသည်။ ဝေဖူးရဲ့ အမေးကို ဖြည်းလေးစွာနှင့် ဖြေသည်။

Scanned by CamScanner

"ဝင့် ခဏခဏ ရောက်ဖူးခဲ့ပါတယ်"

"အန်တီနီလာက ပြောပါတယ်"

"ဟင် ... အန်တီနီလာက ဝင့်အကြောင်း ပြောတယ် ဟုတ်လား"

ဝင့်သဇင်က စိတ်အားထက်သန်စွာနှင့် မေးသည်။ ရုတ်တရက် သူမရဲ့ မျက်နှာတက် ကြွမှု ရောင်ပြန်တွေဟပ်နေသည်။

"ပြောပါတယ်၊ ဝင့် သန့်လျှင်ကို ခဏခဏလာလည်တဲ့ အကြောင်းတွေ စုံလို့ပေါ့"

ဆွေးဆွေးငေးငေးဖြစ်သွားပြီး ဝင့်သဇင်ရဲ့ မျက်ဝန်းတွေ မှိုင်းဝေညိုးကျသွားသည်ကို မြင်တွေ့လိုက်ရသည်။

"ဝင့် အန်တီနီလာနဲ့ တွေ့ချင်လိုက်တာ"

"အန်တီ နီလာက ဝင့်ကို သိပ်ပြီး လာလည်စေချင်တယ်၊ သူ အရမ်း သတိရတယ်လို့ ပြောတယ်"

"ဟင် ... အဲလိုပဲ ပြောလား"

"ပြောပါတယ်၊ တစ်ခေါက်လောက် ဝေဖူးနဲ့အတူ လိုက်ခဲ့ပါလား"

ဝင့်သဇင်ရဲ့ မျက်နှာလေး အရမ်းကို ညိုးကျသွားသည်။ မျက်ဝန်းလဲ့လဲ့လေးမှာ မျက်ရည်ကြည်တွေပင် ဝေ့လာသည်ကို ဝေဖူးငုံ သတိထားမိသည်။

"ဩော် ... ဝင့်တစ်ယောက် သိပ်ကို ခံစားနေရပါလား"

"ဝင့် သိပ်ပြီး သန့်လျှင်ကို လိုက်ချင်ပါတယ် ဒါပေမယ့် သူ့ကို ဝင့် ရင်မဆိုင်ရဲဘူး"

"သူဆိုတာ ဘယ်သူလဲဟင်"

Scanned by CamScanner

သိသိကြီးနှင့် ဝေဖူးငုံက မေးလိုက်သည်။

"ကိုမိုးမြင့်ဦးပေါ့ ဝေဖူးရယ်၊ ကိုမိုးမြင့်ဦးကို ဝင့် ဒီတသက် ရင်ဆိုင်ဖို့ မကြိုးစားချင် တော့ဘူး"

ကြေကွဲမျက်နှာလေးနှင့် ဝင့်သဇင်ပြောသည်။

"သူနဲ့တွေ့ပြီးတိုင်း ဝင့်ရဲ့ ရင်မှာ သိပ်ကို နာနာကျင်ကျင် ခံစားရလို့ပါ"

"ဘယ်လိုကြောင့်များလဲ ဝင့်ရယ်"

"သူ့ရဲ့အမုန်း သူ့ရဲ့နာကြည်းစကားတွေကို ဝင့် ရင်မဆိုင်ရဲတော့လို့ပါ"

ဝေဖူးငုံ မတွေးတတ်အောင် ခံစားနေရသည်။

မိုးမြင့်ဦးသည် ဝင့်သဇင်အပေါ် စွဲလမ်းနေဆဲ၊ ဝင့်သဇင်က မိုးမြင့်ဦးကို ခွဲခွာသွား သည်လို့ ဝေဖူး ခံယူခဲ့သည်။

ခုကြားသိရသော ဝင့်သဇင်ရဲ့စကားများက ဝေဖူးငုံရဲ့ အတွေးနှင့် ဆန့်ကျင်ဘက် ပါလား။

"ဘယ်လိုဖြစ်ကြတာလဲ ဝင့်ရယ်၊ ဝေဖူး သိခွင့်ရှိရင် သိချင်ပါတယ်"

"ဝင့်ကို သူ သိပ်မုန်းသွားပြီ ဝေဖူးရယ်၊ အဲ့ဒီအကြောင်းတွေကို တွေးမိတိုင်း ဝင့်ရင်မှာ မချိအောင် ခံစားနေရပါတယ်"

ကြေကြေကွဲကွဲပြောနေသော ဝင့်သဇင်ကိုကြည့်ပြီး ဝေဖူးငုံ သနားစိတ်တွေ ဝေဖြာ သွားသည်။ ဝင့်သဇင်ရဲ့ ရင်ထဲက ခံစားမှုကို ပေါ့ပါးအောင် ဝေဖူငုံ စွမ်းဆောင်ပေးချင်ပါ သည်။

"ဝင့်ကို ကိုဦးက မုန်းနေတယ်ဆိုတာ ဟုတ်မယ် မထင်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

အံ့သြ မျက်ဝန်းများနှင့် ဝင့်သဇင်က ဝေဖူးငုံကို ကြည့်လာသည်။

Scanned by CamScanner

မိုးမြင့်ဦးရဲ့ ခုတင် ဘေးက ဓာတ်ပုံအကြောင်းကို ပြောပြဖို့ ဝေဖူးငုံ ဆုံးဖြတ်လိုက်သည်။

"အန်တီနီလာက ပြောတယ်၊ ကိုဦးရဲ့ ခုတင်ဘေးမှာ ဝင့်ရဲ့ ဓာတ်ပုံလေး ရှိနေတယ် တဲ့"

"အို ... မဟုတ်နိုင်တာ"

"သိပ်ကို ဟုတ်ပါတယ် ဝင့်"

မယုံကြည်စွာ ပြောလာသော ဝင့်ကို ဝေဖူးငုံက ထပ်၍ အတည်ပြုစကားဆိုသည်။

"ကိုဦး ဝင့်ကို သိပ်မုန်းနေတာပါ ဝေဖူးရယ်၊ သူ့ခုတင်ဘေးမှာ ဝင့်ရဲ့ဓာတ်ပုံ ထား တယ် ဆိုတာ မယုံနိုင်စရာ အဖြစ်ပါ"

"တကယ် အဖြစ်မှန်မို့ပါ ယုံလိုက်ပါ ဝင့်ရယ်"

ဝင့်သဇင်ရဲ့ မျက်နှာမှာ ဝမ်းနည်းကြေကွဲရိပ်တွေ စွန်းထင်းနေသည်။

"တစ်ချိန်က ကိုဦးနဲ့ဝင့်ဟာ သိပ်ကို ချစ်ခဲ့ကြတဲ့ ချစ်သူတွေဆိုတာ ဝေဖူးသိလား ဟင်"

"အန်တီနီလာပြောပြလို့ သိခဲ့ရပါတယ် ဝင့်"

ဝင့်သဇင်ရဲ့ မျက်ဝန်းတွေ လွန်စွာ ညှိုးမှိုင်းနေသည်။

"ဘာကြောင့် ဝင့်တို့ ကွဲသွားတယ်ဆိုတာရော ပြောသေးလား"

"အဲဒါကို အန်တီ သိပုံမပေါ်ဘူး"

စိတ်သက်သာရာ ရသွားသော ပင့်သက်တစ်ခုကို ဝင့်သဇင်က ချလိုက်သည်။

"ဩော် ... ဒီလိုတော့လဲ သူက သိုသိပ်သားပဲ"

Book Sharing
Scanned by CamScanner

တိုးလျှစွာ ဝင့်သဇင်က ကောက်ချက် ချလိုက်သည်။

ဝင့်သဇင်ရဲ့ အရိပ်အကဲကို ဝေဖူးငုံက လေ့လာအကဲခတ်နေသည်။

သိပ်သိချင်သည့် ဆန္ဒကို ဖွင့်မေးလိုက်သည်။

"ဝင့်တို့ ဘာလို ကွဲကွာခဲ့ကြတာလဲဟင်"

"ကိုဦးက သံသယတစ်ခုကို အခြေခံပြီး ဝင့်ကို အကြီးအကျယ် စွပ်စွဲတယ်၊ ဝင့်ကလဲ မခံနိုင်လို့ စကားများကြတာက စတာပဲ၊ ကိုဦးက တယူသန်လေ၊ ဝင့်ရှင်းပြတာကို လုံးဝ လက်မခံလို့ ဇာတ်လမ်းက ပြတ်ခဲ့ရတယ် ဝေဖူးရယ်"

မျက်ရည်ဝဲဝဲနှင့် ဝင့်သဇင်က သနားစဖွယ်ဆိုသည်။

ဝင့်သဇင်ရဲ့ ဝေဒနာကို စာနာတွက်ဆပြီး ဝေဖူးငုံ သနားနေသည်။

ချစ်ကြတဲ့ ချစ်သူနှစ်ဦး သံသယတစ်ခုကြောင့် ဝေးကွာနေကြတဲ့အဖြစ်ကို ဝေဖူးငုံ သိပ်ကိုစာနာနေမိပါသည်။ ဒါကြောင့် သူတို့နှစ်ယောက် ပြန်လည်နီးစပ်ရေးကို အစွမ်းကုန် ကြိုးစားပေးမည်လို့ စိတ်ကူးထားသည်။

"ဝင့် ကိုဦးကို ချစ်နေတုန်းပဲ မဟုတ်လား"

"ကိုဦးကို ဝင့် ချစ်နေဆဲပါ ဝေဖူး၊ ဒါပေမယ့် သူနဲ့နီးစပ်ဖို့ ပြန်ပြီး နားလည်မှုရဖို့တော့ ဝင့် မမျှော်လင့်တော့ဘူး ..."

"ဟင် ... ဘာဖြစ်လို့လဲ"

"အကြိမ်ကြိမ်အခါခါ ဝင့် ကြိုးစားခဲ့တာ အချည်းနှီး ဖြစ်ခဲ့ရတယ်လေ"

"ဝင့်က ကိုဦးကို ဆက်သွယ်ခဲ့သေးတယ် ဟုတ်လား ..."

"ဝင့်လေ၊ အန်တီနီလာ မသိအောင် ကိုဦးဆီကို သုံးလေးခါ

Scanned by CamScanner

သွားခဲ့ပါတယ်၊ ကိုဦးရဲ့ ခက်ထန်တဲ့စကား၊ စိမ်းကားတဲ့ အကြည့်တွေကြောင့် ရင်မှာ အကြိမ်ကြိမ် နာခဲ့ပါတယ်"

"ဖြစ်ရလေ ဝင့်ရယ်"

မိန်းကလေးတစ်ယောက်က သိက္ခာတွေ မာန်တွေခဝါချပြီး သူ့ကို အကြိမ်ကြိမ် သွား ရောက် တောင်းပန်သည်ကိုမှ လက်မခံသည့် မိုးမြင့်ဦးပါလား၊ ဝင့်သဇင်ကို ချစ်လျက်နှင့် သူဘာကြောင့် ခွင့်လွှတ် မကြည်ဖြူနိုင်ခဲ့ပါသနည်း။

မိုးမြင့်ဦးရဲ့ စိတ်ဓာတ်ကို မတွေးတောတတ်အောင် ဝေဖူးငုံရဲ့ရင်ထဲမှာ ခံစားနေရ သည်။

ဒါကြောင့် ဝင့် သူ့ကို လက်လျှော့လိုက်ပြီး ပြန်ပြီးနီးစပ်အောင်လဲ ဝင့်မကြိုးစားတော့ ဘူး၊ သူ့အတွက် ခံစားရတဲ့ ခံစားမှုကိုလဲ သီချင်းဆိုရင်း မေ့လျော့ပစ်လိုက်တယ်

ကြေကွဲစွာ ရင်ဖွင့်လာသော မိန်းမတစ်ဦးကို သနားစာနာကြည့်ဖြင့် ဝေဖူးငုံ ကြည့် လိုက်သည်။

"သူ့ကို အတတ်နိုင်ဆုံးမေ့ထားပြီး ဝင့် ပျော်အောင်နေလိုက်ပါတယ် ဝေဖူးရယ်"

"ကိုဦးရဲ့ ခွင့်လွှတ်ခြင်းဆိုတာကို ဒီတစ်သက် ဝင့်ရတော့မယ် မထင်ပါဘူး၊ သူနဲ့ ပြန်လည်ပေါင်းဆုံဖို့ ဝင့် မမျှော်လင့်တော့ပါဘူး"

"ဝင့်တို့အကြောင်း ကြားရတာ စိတ်မကောင်းလိုက်တာ ..."

"ခုတော့ ဝင့်ဘဝက နေသားကျနေပါပြီ၊ ကိုဦးကို သိပ်ချစ်တဲ့ဘဝက တစ်ကမ္ဘာလေ ကျန်တဲ့ဘဝကို ဝင့်ပျော်ပျော်ပဲ နေပစ်တော့မယ်"

ဝင့်သဇင် ခံစားချက်ကို ဖော့ပြီး ပေါ့ပေါ့လေး ပြောသည်။ ထိုနေ့က ဝင့်သဇင်ရဲ့ ရင်ဖွင့်ခံစားချက်များကို နားထောင်ပြီး ဝေဖူးငုံ ပြန်ခဲ့သည်။

Scanned by CamScanner

မိုးမြင့်ဦးနှင့် ဝင့်သဇင်တို့ ပြန်လည်ပူးပေါင်းရေးကို
အစွမ်းကုန်ကြိုးစားမည်ဆိုသော ခံယူချက်ကို ပို၍ ခိုင်မာသွားသည်။

*

Scanned by CamScanner

# အခန်း(၂၄)

တစ်နေ့ညနေမှာ ပျောက်ချက်သားကောင်းနေသော မိုးလွင်တိုး၊ ဝေဖူးငုံရဲ့ တိုက်ခန်း ဆီသို့ ရောက်လာသည်။

ထွေးငယ်က တံခါးဖွင့်ပေးရင်း မိုးလွင်တိုးကို ပြောလိုက်သေးသည်။

"ဟာ ... ကိုတိုးကြီးပါလား၊ ဘယ်ပျောက်နေတာလဲ၊ မနက်ကတောင် ဝေဖူးကို ကိုတိုးကြီးအကြောင်း မေးမိသေးတယ်"

"ဟုတ်လား ..."

"မလာတာကြာလို့ ဝေဖူးနဲ့ စိတ်ကောက်နေကြလားလို့လေ"

"ဟာ ... ဘာလို့ စိတ်ကောက်ရမှာလဲ ထွေးငယ်ရယ်"

ကုလားထိုင်မှာ ဝင်ထိုင်ရင်း မိုးလွင်တိုးက ရယ်ရယ်မောမောနှင့်ပြောသည်။ ထွေး ငယ်က အတွင်းခန်းသို့ လှမ်း၍ ဝေဖူးငုံကို ခေါ်လိုက်သည်။

ဝေဖူငုံ အခန်းထဲက ထွက်ခဲ့သည်။ မိုးမြင့်ဦးရဲ့ အကြောင်းများသာ သူမရဲ့ အတွေး အာရုံထဲမှာ ပြည့်နှက်နေသည်မို့ မိုးလွင်တိုးကို မေ့လျော့နေခဲ့သည်။

ဝေဖူးငုံကို မြင်သည်နှင့် မိုးလွင်တိုးက ရွှန်းလက်သောအကြည့်များနှင့် နှုတ်ဆက် သည်။

"ဝေဖူး ... နေကောင်းလား"

"ကောင်းပါတယ်ရှင်၊ ကိုတိုးဘယ်သွားနေလို့ ဝေဖူးတို့ဆီ

Scanned by CamScanner

မရောက်တာလဲ"

"အလုပ်တွေ များနေလို့ကွာ"

"မလာလို့ ဝေဖူးကိုများ စိတ်ကောက်နေသလားလို့"

မိုးလွင်တိုး၏ အကြည့်စူးများကို ရှောင်ပြီး ဝေဖူးက ပြောသည်။

"ဝေဖူးအပေါ်မှာ စိတ်ကွက်စရာ ဘာမှမရှိပါဘူးကွယ် တကယ် မအားလို့ပါ"

"ပြီးခဲ့တဲ့ သုံးလေးရက်က ကိုဦးတောင် ဒီကို လာသွားသေးတယ်"

"ဘာရယ် ကိုဦးက ဝေဖူးဆီ လာလည်သွားတယ် ဟုတ်လား"

"အင်း ..."

မယုံကြည်နိုင်သော မျက်နှာထားနှင့် မိုးလွင်တိုးက ပြန်မေးသည်။

"သိပ်ကို ထူးဆန်းတာပဲ"

"ဘာတွေ ထူးဆန်းနေလို့လဲ ကိုတိုးရယ်"

"မိန်းမတွေကို အရောမဝင်ဘူး၊ အပေါင်းအသင်း မလုပ်ဘူးဆိုတဲ့ ကိုဦးကိုပေ့ါ"

မိုးလွင်တိုးက ဝေဖူးငုံရဲ့ မျက်နှာကို စေ့စေ့ကြည့်သည်။ ထိုအကြည့်က တစ်မျိုးကြီးမို့ ဝေဖူးငုံ ရင်ထဲမှာ ကသိကအောက် ဖြစ်သွားသည်။

"သူ ဘာပြောသွားသေးလဲ"

"ဘာမှ မပြောပါဘူး လမ်းကြုံလို့ ဝင်လာတာတဲ့၊ ပြီးတော့ သန်လျင်ကို လာလည် ပါဦးလို့ အန်တီမှာတာ လာပြောတာ"

မိုးမြင့်ဦးက ဝေဖူးငုံကို အရေးတယူ ရှိလွန်းတာကို ဘဝင်မကျနိုင်အောင်

Book Sharing

Scanned by CamScanner

မိုးလွင်တိုး ခံစားနေရသည်။ ရင်ထဲက ခံစားချက်ကို ထုတ်မပြောသာ၍ ရေငုံနေလိုက်သည်။

မိုးမြင့်ဦးကို နားမလည်နိုင်သလို မိုးမြင့်ဦးပေါ်မှာ အစာမကြေတာလည်း အမှန်။ အခြားသော မိန်းကလေးတွေကို ဂရုမစိုက် အလေးမထား၊ ချစ်ခဲ့တဲ့ ဝင့်သဇင်ကိုတောင် မုန်းသည်။ နာကြည်းသည်လို့ ခံယူထားသော မိုးမြင့်ဦး၊ ဝေဖူးငုံကို ဘာကြောင့် အလေးထား နေရသည်လဲ။

ဝေဖူးငုံအပေါ်မှာ မိုးမြင့်ဦးရဲ့ သဘောထားက ဘယ်သို့ရှိနေသည်လဲ။ သည်အချက် က မိုးလွင်တိုးအတွက် လွန်စွာမှ အရေးကြီးနေပါပြီ။

မိုးလွင်တိုးက ဝေဖူးငုံကို သိပ်ချစ်ပါသည်။ သူတို့ချစ်လမ်းခရီး သာယာဖြောင့်ဖြူးရေး မှာ ဘယ်လိုသော ခလုတ်ကန်သင်းကိုမှ မလိုလားပါ။ အဆုံးစွန်ဆုံး မိုးမြင့်ဦးသည် ခလုတ် ကန်သင်းဖြစ်လာလျှင် သူ သက်ညှာထောက်ထားစွာ စဉ်းစားနိုင်မည် မဟုတ်။

မိုးမြင့်ဦးထံသွားပြီး ဝေဖူးငုံနှင့် တရင်းတနှီးမနေဖို့ သွားပြီးတားရမည်လား။ သည် အထိကို ပြင်းပြင်းထန်ထန်ကြီး တွေးလိုက်သည်။

"ဟာ ... ဒါလဲ မဖြစ်သေးဘူး၊ သူ့သဘောထားကို မသိသေးဘဲ၊ ကြောက်ကန်ကန်ပြီး ငါလျှောက်ရမ်းနေလို့ မဖြစ်သေးပါဘူးလေ"

ဟုန်းခနဲ ရင်ထဲမှာ တောက်လောင်လာသောဆန္ဒကို ပြန်လည်ငြိမ်းသတ်လိုက်သည်။

"ငါ လျှောက်ရမ်းပြီး ပြောလို့မဖြစ်ဘူး၊ ကိုဦးရဲ့ လှုပ်ရှားမှုကို သတိထားနေရမှာပဲ"

ဆွေးဆွေးငေးငေးဖြစ်နေတဲ့ မိုးလွင်တိုးကို ဝေဖူးငုံ နားမလည်စွာ ကြည့်နေသည်။

Scanned by CamScanner

"ကိုတိုး ဘာတွေ စဉ်းစားနေတာလဲ"

"ဘာမှ မဟုတ်ပါဘူးကွာ"

မိုးလွင်တိုးရဲ့ ရင်ထဲမှာ တစ်ခုခု မကျေမလည်ဖြစ်နေသည့်ခံစားမှုကို ခံစားနေရသည် ကို ဝေဖူးငုံ သတိထားမိသည်။

"ဝေဖူး မနက်ဖြန်ကျ ရုပ်ရှင်သွားကြည့်ရအောင်၊ နဂါးဒေးမှာ ကားသစ်တင်တယ်"

"သွားကြည့်လေ"

"ကိုယ်လာခေါ်မယ် စောင့်နေ"

"ထွေးငယ်ရော ပါလား"

"ဝေဖူး ခေါ်ချင်ခေါ်လေ"

ထွေးငယ်ကို သိပ် လိုလိုလားလားဟန်မရှိတာကို တွေ့ရသည်။ ထိုစဉ်မှာပဲ ကော်ဖီ ပန်းကန်နှင့်အတူ ထွေးငယ်က ထွက်လာသည်။

"ထွေးငယ် ကိုတိုးက မနက်ဖြန် ရုပ်ရှင်ကြည့်မလားတဲ့"

"ဟာ ... ထွေးငယ် မအားဘူး နက်ဖြန်ကိစ္စလေးတွေ ရှိလို့"

"ဒါဆို ဝေဖူးပဲ လိုက်ခဲ့ပေ့ါ"

"ရတယ်လေ၊ အိမ်မှာ လာခေါ်မှာလား"

"အင်း ..."

ကော်ဖီသောက်ပြီး ခဏသာနေကာ မိုးလွင်တိုး ပြန်သွားသည်။

"ကိုတိုးကြီးကြည့်ရတာ မအီမလည်နဲ့ အီးပိတ်နေတဲ့ ပုံကြီးနော်"

ထွေးငယ်က မိုးလွင်တိုး ပြန်သွားသည်နှင့်ပြောသည်။

Scanned by CamScanner

"ငါလဲ သတိထားမိတယ်၊ ဝင့်သဇင်အကြောင်း ပြောရင် သူ့မျက်နှာ မသာယာဘူး"

"ဝင့်သဇင်နဲ့ သူက ရင်းနှီးတယ်ဆို"

"ပြောတာပဲ"

ဝေဖူးငုံက တွေးရင်းနှင့် ပြောသည်။

"ကိုဦး လာလည်တယ်လို့ ပြောတော့လဲ သူ့မျက်နှာမကောင်းဘူး၊ ဘာလို့ အဲလိုဖြစ် ရလဲ၊ စဉ်းစားနေတာ"

"ရှင်းပါတယ်၊ နင်နဲ့ ကိုဦး ရင်းနှီးတာကို မလိုလားလို့ နေမှာပေ့ါ"

"ကိုဦးက သူ့အစ်ကိုပဲ"

"အစ်ကို ဖြစ်တာနဲ့ မနာလိုတာနဲ့ မဆိုင်ဘူးလေ"

ဝေဖူးငုံ တွေးလိုက်မိပါသည်။ မိုးမြင့်ဦးအပေါ် သူမအသည်းနင့်စွာ နက်ရှိုင်းမြတ်နိုး တွယ်တာမိသည်ကို မိုးလွင်တိုးသိလျှင် အဘယ်သို့ နေမည်လဲ။

ဖြစ်စေချင်သလို မဖြစ်၊ မဖြစ်ချင်သလို ဖြစ်လာသော အချစ်ရဲ့ သဘောတရားကို ဝေဖူးငုံ နားမလည်စွာ ရှိနေသည်။

"ကိုတိုးကြီးအပေါ်မှာ နင့်ခံစားချက်တွေ အရောင်မပြောင်းသေးဘူးလား"

"ဟင့်အင်း"

"ဘယ်တော့ ပြောင်းမှာလဲ"

"ဘယ်တော့မှ ပြောင်းမှာ မဟုတ်ဘူး"

"ဟ ... သေချာလှချည်လား"

Scanned by CamScanner

"သိပ်ကို သေချာတယ်"

"ဒါဆို နင့်ရင်ထဲမှာ တစ်ယောက်ယောက်ရှိနေပြီလား"

"ရှိလာလိမ့်မယ် ထင်ပါရဲ့"

ထွေးငယ်ကိုပင် ရင်မဖွင့်ချင်၍ ဝေဖူးငုံက ဖြောင်လိမ်လိုက်သည်။ မိုးမြင့်ဦးကို ချစ်သည့်စိတ်ကို တစ်ကိုယ်တော် နှလုံးသားပြတိုက်ထဲမှာ ထာဝရ သိမ်းဆည်းထားလိုက်ပါ တော့မည်။ မိုးမြင့်ဦးအပေါ် သူမချစ်နေမိသည့်အကြောင်း သူမကလွဲ၍ ဘယ်သူမှ မသိစေ ရပါ။

"ငါ အိပ်တော့မယ်"

မိုးလွင်တိုး သောက်ထားသော ကော်ဖီပန်းကန်ကို ကောက်ယူပြီး ထွေးငယ်အပါးမှ ထပြီး ထွက်ခဲ့သည်။

ထိုနေ့ အိပ်ရာဝင်တော့ ရင်မှာ မကြည်မလင်နှင့် ရှုပ်ထွေးနေသည်။

*

Scanned by CamScanner

## အခန်း(၂၅)

နောက်တစ်နေ့ မိုးလွင်တိုးနှင့်အတူ ရုပ်ရှင်သွားကြည့်သည်။ မိုးလွင်တိုးက သူ့ရဲ့ ရင်ထဲက ခံစားချက်တွေကို တစ်လုံးတစ်ပါဒမှ ဖွင့်ဟခြင်းမရှိပါ။ မိတ်ဆွေ တစ်ယောက်လိုပဲ ပြောဆိုဆက်ဆံခဲ့သည်။

ဝင့်သဇင်အကြောင်း ဝေဖူးငုံက စကားစလာတော့ မိုးလွင်တိုးက သည်တစ်ခါ ပွင့်ပွင့် လင်းလင်း ပြောလာသည်။

"ဝင့်သဇင်နဲ့ သိပ်ပြီး အရောမဝင်ပါနဲ့လား ဝေဖူးရယ်"

ထိုစကားကို အံ့ဩစွာ ဝေဖူးငုံ ကြားသိရသည်။ ဒါကြောင့် မဆိုင်းမတွဘဲ မိုးလွင်တိုး ကို ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ကိုတိုး"

"စရိုက်ချင်းမတူတဲ့လူနဲ့ အပေါင်းအသင်း မဖြစ်ချင်ပါနဲ့ကွာ"

"ဘယ်လို စရိုက်ချင်း မတူတာလဲဟင်"

"ဝင့်သဇင်က လည်တယ်၊ ပြီးတော့ ယောကျ်ားလေးတွေနဲ့ပတ်သက်ရင် နည်းနည်း သတင်းဆိုးတယ်"

"အဲဒါနဲ့ ဝေဖူးနဲ့ ဘာဆိုင်လဲ ကိုတိုး၊ သူနဲ့ခင်မင်ရင်းနှီးရုံနဲ့ ဝေဖူးဆီ သူ့စရိုက်က ကူး လာမှာမှ မဟုတ်တာ..."

"ဟုတ်တော့ ဟုတ်ပါတယ်လေ"

"ဝင့်သဇင်က တစ်ခါက ကိုဦးရဲ့ချစ်သူဆိုတာ ကိုတိုး မေ့သွားပြီလား"

Book Sharing

Scanned by CamScanner

"ဟင့်အင်း ... မမေ့ပါဘူး"

"ကိုဦးက ဝင့်သဇင်ကို ချစ်ခင်ဆဲဆိုတာကိုရော ကိုတိုး သိရဲ့လား"

"အဲဒါ လုံးဝမဟုတ်နိုင်ဘူး၊ ကိုဦးက ဝင့်သဇင်ကို သိပ်မုန်းနေပြီ"

"အဲဒါ ကိုတိုးအထင်ပါ၊ တကယ်တော့ ကိုဦးဟာ ဝင့်သဇင်ကို ခုချိန်အထိ ချစ်နေဆဲ စွဲလမ်းနေဆဲပါ"

"ဝေဖူးက သိပ်ကို သေချာပါလား၊ ဘယ်လိုအထောက်အထားနဲ့ပါလိမ့်"

"အထောက်အထားတော့ ရှိမနေပါဘူး၊ ဒါပေမယ့် ဝေဖူးရင်ထဲမှာ အလိုလိုသိနေ တယ်"

"အင်း ... တစ်မျိုးတော့ တစ်မျိုးပဲ"

စေ့ငုံသောအကြည့်တစ်ခု ဝေဖူးငုံရဲ့ မျက်နှာဆီသို့ ကျရောက်လာပြီး မိုးလွင်တိုးက ထိုသို့ ကောက်ချက်ချသည်။ မိုးလွင်တိုးက မိုးမြင့်ဦးနှင့် ဝင့်သဇင်တို့ရဲ့ အကြောင်းတွေကို စကားဖြတ်ပြီး တခြားအကြောင်းများသို့ ဦးတည်သည်။

ရုပ်ရှင်အပြီး ဝေဖူးငုံအား အအေးတိုက်ပြီးမှ တိုက်ခန်းဆီသို့ ပြန်ပို့ပေးသည်။

ဝင့်သဇင်ထံသို့ ဝေဖူးငုံ ဒုတိယအကြိမ် သွားရောက်လည်ပတ်ခဲ့သည်။

"ဝင့်ရေ၊ ခုလာမယ့်စနေနေ့မှာ သန်လျင်ကို သွားလည်မလို့ လိုက်မယ် မဟုတ်လား"

အခြား စကားများကိုပြောရင်းက ဝေဖူးငုံက အဓိကအကြောင်းဆီသို့ ဦးတည်လိုက် သည်။ ဝင့်သဇင်ရဲ့ မျက်နှာလေး ညှိုးငယ်သွားသည်ကို တွေ့ရသည်။

Scanned by CamScanner

"ဝင့် မလိုက်ချင်ပါဘူး ဝေဖူးရယ်"

"ဘာလဲ၊ ဝင့်က ကိုဦးနဲ့ ဆုံရမှာ မဝံ့ရဲဘူးလား"

"ဟုတ်တယ်၊ ကိုဦးကို ဝင့် ရင်မဆိုင်ရဲဘူး"

"သူက ဝင့်ကို ချစ်နေဆဲဆိုရင် ဝင့် ရင်ဆိုင်လိုက်ပါလား"

"ဟင့်အင်း ... သူက ဝင့်ကို သိပ်စိတ်နာ သိပ်မုန်းနေတာပါ"

"ဝေဖူးတော့ အဲလိုမထင်ဘူး၊ ကိုဦးက ဝင့်ကို ချစ်နေဆဲလို့ပဲ ယုံကြည်တယ်၊ ဒါကြောင့် သန်လျင် တစ်ခေါက်လောက် လိုက်စေချင်တယ်"

"ဝေဖူး ထင်သလို မဟုတ်ရင်ကော"

"အရှုံးမရှိပါဘူး ဝင့်၊ လက်ရှိအခြေအနေထက် ဘာမှ ဆိုးစရာ အကြောင်းမရှိပါဘူး"

ဝင့်သဇင်က တွေဝေ ငေးမှိုင်သွားသည်။

နက်ရှိုင်းစွာတွေးတောနေလေပြီ။ ပြီးမှ ဖြည်းလေးစွာ ပြောသည်။

"အင်း ... ဝေဖူးပြောသလို ဝင့် စမ်းသပ်ကြည့်ချင်တယ်လေ"

ဝေဖူးငုံရဲ့မျက်နှာလေး ဝင်းလက်သွားသည်။ ချစ်ရသူမိုးမြင့်ဦးအတွက် စိတ်ချမ်းသာ မှု တစ်စွန်းတစ်စကို ကူညီနိုင်လိုက်ပြီလေ။

"ဒါဆို မနက်ဖြန် စနေနေ့ဆိုတော့ ညနေမှာ သွားကြတာပေ့ါ။ တနင်္ဂနွေနေ့ညနေ ပြန်လာမယ်လေ"

"ညအိပ်ညနေကြီး သွားလို့ ကောင်းပါ့မလား"

"အန်တီနီလာက ဝင့်ကို လိုလိုလားလား ရှိနေတာပဲ"

"ဒါဆို ဝင့် လိုက်ကြည့်ချင်ပါသေးတယ်"

Scanned by CamScanner

"ဝင့်ကို ဝေဖူး လာခေါ်မယ်"

စူးစမ်းသောအကြည့်နှင့် ဝေဖူးကို ဝင့်သဇင်က ကြည့်လိုက်သည်။

"ဝင့်အတွက် ဝေဖူး ဘာကြောင့် ဒါလောက် ဒုက္ခခံနေတာလဲ ဟင်"

ဝေဖူးငုံရဲ့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သူမရဲ့နှလုံးသားထဲက ခံစားချက် တစ်စွန်းတစ်စကို ဝင့်သဇင်ရိပ်စားမိမှာ စိုးရိမ်သွားသည်။ ဒါကြောင့် အမြန်ဆုံးပဲ အဖြေကို ပြန်ပေးလိုက်သည်။

"ချစ်ရက်နဲ့ ခွဲခွာနေရတဲ့ ချစ်သူတွေကို ပြန်ပြီး ပူးပေါင်းစေချင်လို့ပါ"

"ဝေဖူး မျှော်လင့်သလို မဖြစ်လာရင် စိတ်မကောင်းတော့ မဖြစ်နဲ့နော်"

"ဝင့်ကရော ... စိတ်မကောင်း မဖြစ်ဘူးလား"

"ဖြစ်တော့ ဖြစ်လိမ့်မယ်၊ ဒါပေမယ့် သူ့ကြောင့်ရခဲ့တဲ့ သောကတွေက အနယ်ထိုင်စ ပြုနေပါပြီ၊ သူ့အမုန်းကို ခံစားရတာ ဝင့်ရင်ထဲမှာ နေသားကျနေပါပြီ ဝေဖူးရယ်"

မျက်နှာညှိုးညှိုးနှင့် ဝင့်သဇင်က ပြောသည်။

"တကယ်ပါပဲ ဝင့်သဇင်ရင်မှာ ခံစားမှုက ပြင်းထန်ခြင်းတော့ မရှိနေပါ။ အချိန်တွေ ကြာလာသည်နှင့်အမျှ ခံစားမှု ပေါ့ပါးရပါပြီ"

"ကဲ ... ဒါဆို ဝေဖူး ပြန်မယ်၊ မနက်ဖြန် လာခေါ်မယ်နော်"

"ကောင်းပြီလေ"

ဝင့်သဇင်ကို နှုတ်ဆက်ပြီး ဝေဖူးငုံ ပြန်ခဲ့ပါသည်။ ဝင့်သဇင်နှင့် မိုးမြင့်ဦး အဆင် ပြေပါစေလို့သာ ဆုတောင်းလိုက်ပါသည်။

Scanned by CamScanner

နောက်တစ်နေ့မှာ ဝင့်သဇင်နှင့်အတူ သန်လျင်သို့ဝေဖူးငုံ ထွက်ခဲ့သည်။ မိုးလွင်တိုး ပင် ထိုအစီအစဉ်ကို မသိလိုက်ပါ။

မိမိစိတ်ကူးနှင့်မိမိ သန်လျင်သို့ ဝင့်သဇင်ကို ဆွဲဆောင် ခေါ်ဆောင်လာရပေမယ့် မိုးမြင့်ဦး ကျေနပ်မှ ကျေနပ်ပါ့မလားလို့ ပူပင်မိသေးသည်။

သန်လျင်သို့ ရောက်ခဲ့ပါပြီ။ ဒေါ်နီလာက ဝင့်သဇင်ကိုမြင်တော့ တအံ့တဩနှင့် ဝမ်း သာနေသည်။

"ဟယ် ... ဝင့်လေး၊ အန်တီနီလာတို့ဆီ လာလည်တယ် ဟုတ်လား၊ ဝမ်းသာလိုက် တာကွယ်"

ဝင့်သဇင်ရဲ့ ကိုယ်လေးကို တရင်းတနှီးဖက်တွယ်ပြီး ဒေါ်နီလာက ဝမ်းသာအားရကြို သည်။ သည်တော့မှ စောစောက ညှိုးနွမ်းနေသော ဝင့်သဇင်ရဲ့ မျက်နှာလေး ကြည်ကြည် လင်လင်ဖြစ်လာသည်။ ဒေါ်နီလာရဲ့ မျက်နှာကိုလည်း ဝင့်ဝင့်စားစား ကြည့်ဖြစ်သွားသည်။

"ဝင့်ကို အန်တီက သတိရနေတာကွယ့်"

"ဝင့်ကလဲ အန်တီ့ကို သတိရနေပါတယ်"

ပြေလည်နေသည့် သူတို့နှစ်ဦးကိုကြည့်ပြီး ဝေဖူးငုံ ကျေနပ်ပီတိဖြာနေသည်။

"ဝင့်က သိပ်နေစိမ့်တာကိုး"

ဒေါ်နီလာက အပြစ်တင်သည်။ ဝင့်သဇင်ရဲ့မျက်နှာညှိုးရိပ်တွေ စွန်းထင်းသွားသည်။

"ဝင့် မလာရဲလို့ပါ အန်တီ၊ ဝင့်ကို ကိုဦးက သိပ်မုန်းနေတာ မဟုတ်လား"

မဝံ့မရဲနှင့် ဝင့်သဇင်က ပြောသည်။

Scanned by CamScanner

"သားကြီးက ဝင့်ကို သိပ်ချစ်ပါတယ်ကွယ်၊ အခုအချိန်ထိ ဝင့်ရဲ့ဓာတ်ပုံလေး သူ့ခုတင် ဘေးမှာ ရှိနေတုန်းပဲ"

"ဟုတ်ရဲ့လား အန်တီ"

ဝင့်သဇင်ရဲ့ မျက်နှာလေး လွင့်ခနဲ ဝင်းလက်သွားသည်။

"သိပ်ဟုတ်တာပေါ့"

ဒေါ်နီလာက သေချာပေါက် ရဲရဲတင်းတင်းကြီး ပြောသည်။

"ဝင့်နဲ့သားကြီး တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုနားလည်မှု လွဲနေကြလဲကွယ်"

မဝံ့သောမျက်ဝန်းတွေကို ဝင့်သဇင်က ငုံ့လျှိုးချလိုက်သည်။ ဒေါ်နီလာကိုတော့ ဘယ်လိုမှ စကားမပြန်လိုက်ပါ။

"အန်တီကတော့ သားနဲ့ဝင့်ကို သိပ်ပြီးအဆင်ပြေစေချင်တယ်၊ သားကြီး အိမ်ထောင် ရက်သားကျတာကို မြင်ချင်လှပြီကွယ်"

ဝင့်သဇင်ရဲ့ မျက်နှာလေးက ပြုံတော့မည့် မိုးလိုပါပဲလား။ ငိုချတော့မည့်ဟန်နှင့် အလွန်ညှိုးငယ်နေသည်။ ဝင့်သဇင်ရဲ့ မျက်နှာလေးကို ကြည့်ပြီး ဝေဖူးငုံ စာနာသနားမိ သည်။

တုံ့ပြန်မှုမရသော အချစ်အတွက် ဘယ်မျှပူလောင်ခံပြင်းစွာ ခံစားရသည်ကို ဝေဖူးငုံ လွန်စွာနားလည်သိတတ်နေသည်ပေါ့။

ထိုစဉ်မှာ မိုးမြင့်ဦး ရောက်လာသည်။ အမှတ်မထင် ဝင့်သဇင်ကို မြင်လိုက်တော့ အံ့ဩသည့် မျက်နှာကြီးနှင့် ကြည့်ရင်းက တဖြည်းဖြည်း သူ့မျက်နှာက တည်ဆင်းသွား သည်။

ဒေါ်နီလာက သားရဲ့ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး ကြားကနေ

Book Sharing
Scanned by CamScanner

လေချိုသွေး လိုက်သည်။

"သားကြီး ဝင့်လေး လာလည်တယ်လေ၊ နှုတ်ဆက်လိုက်ပါဦး"

"မြင်သားပဲ"

ကြည့် ဘယ်လောက်များ ခွကလန့်နိုင်လိုက်သလဲလို့၊ ဝင့်သဇင်ရဲ့ မျက်နှာလေး ငယ်နေသည်။ မိုးမြင့်ဦးကို အသနားခံသော မျက်ဝန်းတွေနှင့်ကြည့်နေသည်။

ခပ်တည်တည် မျက်နှာကြီးကို ဝင့်သဇင်က ညှိုးငယ်စွာနှင့် ရင်ဆိုင်လိုက်သည်။

"ကိုဦး နေကောင်းတယ်နော်"

"အင်း"

"ဝင့်လာလည်တာ ကျေနပ်ရဲ့လား"

"ဘာ မကျေနပ်စရာရှိလဲ"

တော်ပါသေးရဲ့လို့ ဝင့်သဇင်တွေးလိုက်သည်။ စိတ်ထဲမှာ နင့်နင့်သီးသီးများ ပြော လိုက်လေမလားလို့ စိုးရိမ်တကြီး တွေးမိသော စိတ်လေး လျော့ပါးသွားရပါပြီ။

သည်တော့မှ ဒေါ်နီလာရဲ့ မျက်နှာကလည်း ကြည်လင်လာသည်။

"သားကြီး ထမင်းစားတော့မလား"

"စားမယ်၊ ဝေဖူးတို့ရော စားမှာလား"

မိုးမြင့်ဦးက ဝင့်သဇင်ကို လှမ်းကြည့်ရုံသာကြည့်ပြီး ဝေဖူးငုံကို ဦးစားပေးပြီး မေး လိုက်သည်။

ဝင့်သဇင်ရဲ့ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။ ဒါပေမယ့်

Scanned by CamScanner

ဖြေသိမ့်နေသည်။ မိုးမြင့်ဦးသည် မိမိကို ပြေပြေလည်လည် ဆက်ဆံသည့်အတွက်ပါ။

ဒေါ်နီလာကဦးဆောင်ပြီး ထမင်းစားခန်းဆီသို့ ခေါ်ခဲ့သည်။
ထမင်းစားသောက်ရင်း နှင့် မိုးမြင့်ဦးက ဝင့်သဇင်ကို ဒုတိယစကားတစ်ခွန်းပြောသည်။

"ဝင့်သဇင်ရဲ့ စီးရီးတွေ ထပ်ထွက်သေးလား"

"ထွက်ပါတယ် ကိုဦး"

"ဆက်လက် အောင်မြင်ကျော်ကြားနေဆဲပေါ့"

ဝင့်သဇင်ကခေါင်းလေး ဆတ်ခနဲညိတ်လိုက်သည်။ မုန်းခြင်း၊ နားကြည်းခြင်း၊ ဒေါသ ဖြစ်ခြင်းစသော ခံစားမှုတွေကင်းမဲ့နေသော အကြည့်နှင့် မိုးမြင့်ဦးက သူမကို ကြည့်နေပါ သည်။

ဝေဖူးငုံက မိုးမြင့်ဦးရဲ့ဆက်ဆံရေးကို နားမလည်အောင်ဖြစ်နေသည်။ အိပ်ရာနားမှာ ဓာတ်ပုံကို တစိမ့်စိမ့်ကြည့်နေတဲ့သူက လူလုံးကြီးကို ထင်ထင်မြင်နေရတဲ့အခါ ဘာကြောင့် ဆက်ဆံရေး ကျဲတောက်နေရသည်လဲ။

မိုးမြင့်ဦးရင်မှာ ဘယ်လို ခံစားနေရသည်ဆိုတာကို ဝေဖူးငုံ သိလိုလှပါသည်။

ဒေါ်နီလာက ရွှန်းရွှန်းဝေအောင် စကားတွေပြောနေ၍ တော်သေးသည်။ ဝင့်သဇင် နေရထိုင်ရ သက်သာသည်ပေါ့။ စားသောက်ပြီး မိုးမြင့်ဦး ပြန်သွားသည်။ ဝေဖူးငုံရင်ထဲမှာ မကျေမလည်ကြီးဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

ထမင်းစားသောက်ပြီး ဒေါ်နီလာနှင့် ဝင့်သဇင်စကားကောင်းနေစဉ် ဝေဖူးငုံအိမ်မှ အသာလေး လစ်ထွက်ခဲ့သည်။

*

Scanned by CamScanner

# အခန်း(၂၆)

မိုးသားတွေညို့မှိုင်း မည်းမှောင်နေသည်။ မကြာခင် မိုးရွာချတော့မှာပါလား။ ဝေဖူးငုံ က စွတ်စွတ်ရွတ်ရွတ်နှင့် မိုးကောင်းကင်ကိုမကြည့်ဘဲ ထွက်လာခဲ့သည်က အမှား။

မိုးမြင့်ဦးထံသို့ ထွက်လာခဲ့သည်လည်း မှားနေပြီလား၊ ဝေဖူးငုံက ဝေခွဲမရစွာ တွေး နေသည်။ မိုးသားတွေ အရမ်းညို့တက်လာပြီး လေတွေသည်းထန်ပါပြီ။ အိမ်နှစ်လုံးနှင့် အလှမ်းဝေးနေသော လမ်းခုလတ်မှာဖြစ်နေသည်။

ဝေဖူးငုံတစ်ယောက်တည်း မှောင်မှောင်မည်းမည်း လမ်းမပေါ်မှာပါလား။ နောက် ကြောင်းပြန်လှည့်လျှင်လည်း မထူးတော့သည်မို့ ရှေ့ဆက်ပြီးတိုးခဲ့သည်။ လေပြင်းတွေထန် ရင်းက မိုးပေါက်တွေ တဖြည်းဖြည်း ကျလာသည်။ မိုးမြင့်ဦးရဲ့အိမ်ဆီသို့ သွက်သွက်လှမ်း လိုက်သည်။ တဖြည်းဖြည်းမိုးပေါက်တွေများပြီး သဲကြီးမည်းကြီးရွာချပါပြီ။

ထီးမပါသော ဝေဖူးငုံ တစ်ကိုယ်လုံး မိုးရေများက ရက်ရက်စက်စက် ပက်ဖျန်းနေ သည်။ အပြေးတစ်ပိုင်းနှင့် မိုးမြင့်ဦးအိမ်ဆီသို့ ဝေဖူးငုံ သွက်သွက်ကြီး ရွှေ့လျားခဲ့သည်။

ဟော ... ရောက်လာပြီ၊ မိုးမြင့်ဦးရဲ့ ခြံဆီသို့ပါ။ ခြံဝလည်းရောက်ရော ဝေဖူးငုံ အရမ်း မောနေသည်။ ပိတ်ထားသော ဝန်းတံခါးကို ကြိုးစားပြီးဖွင့်ကာ ခြံထဲဝင်ခဲ့သည်။ လေတွေ တအားကြမ်းနေသည်။ သီဟိုပင်များက လေအဝေ့မှာ

Scanned by CamScanner

ကြမ်းကြမ်းတမ်းတမ်းကြီး လှုပ်ခတ် နေသည်။

ဝင်းတံခါးကိုပင် ပြန်မပတ်တော့ဘဲ ဝေဖူးငုံ ခြံထဲဝင်လာသည်။ လေကြမ်းကြမ်း တစ် ချက်ဝှေ့ခိုက်မှာ သီဟိုကိုင်းတစ်ကိုင်း ဆတ်ခနဲကျိုးသွားသည်။

ဒုတ်ခနဲ ထိတွေ့မှုကို ဦးခေါင်းမှာ ခံစားလိုက်ရပြီ။

ဝေဖူးငုံ နာကျင်သော ခံစားမှုတစ်ခုကို ခံစားရပြီး သတိလက်လွတ်ဖြစ်သွားသည်။ အရာအားလုံး ဝေဖူးငုံရဲ့အသိမှာ မှောင်အတိ ကျသွားသည်။

သစ်ကိုင်းကျိုးနှင့် ခေါင်းကိုထိခိုက်စဉ် ဝေဖူးငုံ တစ်ချက်လွှတ်ခနဲအော်လိုက်သည်။

အမေ့အိမ်က ထမင်းစားပြီးပြန်လာကတည်းက မိုးမြင့်ဦးရင်မှာ ဒေါသစိတ်ဖြင့် မတည် မငြိမ်ဖြစ်နေသည်။ ဂင့်သဇင်ကို ဘယ်သူက ဆတ်ဆော့ပြီးခေါ်ခဲ့တာလဲ၊ ဝေဖူးငုံပဲ ဖြစ်လိမ့် မည်လို့ ထင်သည်။

ဝေဖူးငုံကိုလည်း မကျေနပ်၊ မိခင်ကိုလည်း မကျေမနပ်ဖြစ်နေသည်။ သူ့နှလုံးသား ထဲက အပြီးအပိုင်မောင်းထုတ်ထားသော သူ မုန်းတီးမေ့ပျောက်ထားသောသူ တစ်ယောက် ကို ဘာကြောင့် သူ့ရဲ့ မျက်စိရှေ့သို့ ပြန်ခေါ်လာရသနည်း။

အပြင်က မိုးတွေလေတွေနှင့်အတူ သူ့ရဲ့နှလုံးသားထဲမှာလည်း မိုးလေတွေ ထန် နေသည်။ ထိုစဉ်မှာ အားခနဲစူးစူးဝါးဝါး အော်လိုက်သံတစ်ခုကို မိုးသံလေသံတွေနှင့် ရောပြီး ကြားလိုက်သည်။

စိတ်ထဲမှာ ထူးထူးဆန်းဆန်း ရှိနေသည်။ မိုးထဲလေထဲကို မိုးမြင့်ဦး ထီးမပါဘဲ လက် နှိပ်ဓာတ်မီးကိုဆွဲပြီး ပြေးထွက်ခဲ့သည်။ ခြံထဲမှာ အားကောင်းသော လက်နှိပ်ဓာတ်မီးရောင် က ပြေးလွှားရှာဖွေနေသည်။

Scanned by CamScanner

တွေ့လိုက်ပါပြီ ဖြူဖြူလေးတစ်ခု အနားဆီသို့ပြေးကပ်ပြီး ကြည့်လိုက်တော့ အကျ-ဖြူ ဖြူလေးနှင့် သတိလစ်နေသော ဝေဖူးငုံကို တွေ့ရသည်။

"ဟင် ... ဝေဖူး ..."

ရေတွေစွတ်စိုပြီး ဖြူဖွေးနေသော ဝေဖူးငုံရဲ့ မျက်နှာလေးကို အထိတ်တလန့်ကြည့် ရင်း ဖျတ်ခနဲကိုယ်လေးကို ကောက်ပွေ့လိုက်သည်။

"ဟင် ... သူ သတိလစ်နေပါလား"

ဝေဖူးငုံရဲ့ကိုယ်လေးကို ပွေ့ချီပြီး သွက်လက်သော ခြေလှမ်းတွေနှင့် အိမ်ထဲသို့လှမ်း ခဲ့သည်။ အိမ်ထဲရောက်မှ ကြမ်းပြင်ပေါ်တွင် ဝေဖူးငုံကို ချလိုက်သည်။ မီးရောင်အောက်မှာ ဝေဖူးငုံ သတိလစ်ရသည့်အကြောင်းကို ရှာလိုက်တော့ တွေ့လိုက်သည်။

"ဟင် ... ချိုစောင်းမှာ ပေါက်နေပါလား"

ချိုစောင်းမှ သွေးစိမ့်ထွက်နေသည်ကို တွေ့ရသည်။ ရှုပ်ထွေးစိုကပ်နေသော ဆံပင် တွေကို ဖယ်ရှားပြီး ဒဏ်ရာကိုကြည့်လိုက်သည်။

"တော်ပါသေးရဲ့ နည်းနည်းပဲကွဲသွားလို့"

ဦးရေပြား နည်းနည်းသာကွဲသွားသည်ကို တွေ့ရသည်။ သူ့အခန်းထဲသို့ သွက်သွက် ဝင်ပြီး ဆေးအိတ်ကိုယူခဲ့သည်။ အနာကို ဂွမ်းစဖြင့်သုတ်သင်ပြီး ဆေးထည့်ပတ်တီးစည်း ပေးလိုက်သည်။

ဒဏ်ရာက သွေးထွက်နည်းသည်မို့ ပတ်တီးစည်းရုံနှင့် လုံလောက်သွားသည်။ ပြီး တော့ စိုးရွှဲနေသော ဆံပင်တွေကို မျက်နှာသုတ်ပဝါနှင့် သုတ်ပေးသည်။

စောစောက စိုးရိမ်စိတ်ဖြင့် ထူပူသွားပေမယ့် ဒဏ်ရာကိုတွေ့ရပြီး စိတ်သက်သာရာ ရသွားသည်။

Book Sharing

Scanned by CamScanner

ဝေဖူးငုံရဲ့ ကိုယ်ပေါ်က အဝတ်စိုများကို လဲလှယ်ပေးလိုက်ချင်သည်။ ခက်သည်က လဲပေးဖို့ပါပဲ။ အိမ်မှာလည်း သူ့အပြင် အခြား ဘယ်သူမှမရှိ၍ ခိုင်းရန်ခက်နေသည်။

"အင်း … ဒီအတိုင်းကြည့်နေရင် ဒုက္ခများလိမ့်မယ်၊ မတတ်နိုင်ဘူး၊ ငါ့ဘာသာပဲ လဲ ပေးလိုက်တော့မယ်"

အခန်းသို့တစ်ခေါက်ပြန်ပြီး သူ့ပုဆိုးတစ်ထည်နှင့် ရှပ်အကျႌတစ်ထည်ကို ယူခဲ့သည်။ ဝေဖူးငုံရဲ့ အကျႌလေးကို လဲပေဖို့ထိုင်လိုက်စဉ် သူ့ရဲ့နှလုံးသွေးတွေ အရှိန်းခုန်လာသည်။

အသက်မကချစ်ရေသော မိန်းကလေးကို အဝတ်အစားလဲပေးရမည့်ကိစ္စက သူ့နှလုံး သွေးကို ရပ်ဆိုင်းသွားသည်အထိ ဖြစ်စေသည်။

နောက်မှ မရိုးသားသော ရင်ခုန်မှုတွေကို မောင်းထုတ်ပြီး နှမလေးတစ်ယောက်ကို ပြုစုရသကဲ့သို့ စိတ်ဓာတ်ကို မွေးလိုက်သည်။

အဝတ်စိုများကို လဲလှယ်ပေးသည်။ သူ့စိတ်ကို သူနိုင်အောင် ထိန်းနိုင်တော့ ရင်ခုန် ခြင်းဆိုတာ မဖြစ်တော့ပါ။ အကျႌလဲပြီး သူ့ခုတင်ဆီသို့ ဝေဖူးငုံကို ပွေ့ချီပြီးတင်သည်။

ခဏအကြာမှာ ဝေဖူးငုံ လူးလွန့်လာသည်။

ဝေဖူးငုံ သတိရရချင်း သူမကိုငုံ့မိုးကြည့်နေသော မိုးမြင့်ဦးကိုတွေ့ရသည်။ သူမ မိုး ရေထဲမှာ လဲကျသွားသည့်အဖြစ်ကို မေ့ပြီး ဆတ်ခနဲ ထထိုင်လိုက်သည်။

"အား …"

ခေါင်းထဲ မူးဝေပြီး လွှတ်ခနဲအော်လိုက်သည်။

Scanned by CamScanner

"အရမ်းမထန်လေ"

သူမရဲ့ ပခုံးနှစ်ဖတ်ကို ညင်သာစွာ လက်ဖဝါးဖြင့် ဖိပြီး မိုးမြင့်ဦးက တားလိုက်သည်။ ခေါင်းထဲမှာ မူးဝေနောက်ကျိလွန်း၍ ဝေဖူးငုံက မျက်ဝန်းကို တင်းတင်းမိုတ်ထားသည်။

"ဝေဖူး ဘာဖြစ်သွားလို့လဲဟင်"

အလွန်တိုးလျ အားပျော့သော လေသံဖြင့် မိုးမြင့်ဦးအား မေးသည်။

"ဝေဖူး တို့ခြံထဲမှာ လဲနေတာလေ၊ ခေါင်းလဲထိထားတယ်၊ သစ်ကိုင်းကျိုးပြီး ထိတာ ထင်တယ်"

"အင်း ဟုတ်မယ်၊ ကိုဦးရဲ့ခြံထဲ ဝင်တဲ့အချိန်မှာ လေကသိပ်ပြင်းနေတယ်၊ သစ်ကိုင်း ကျိုးကျတာဖြစ်မယ်"

မောလျှနွမ်းနယ်နေသောလေသံနှင့် ဝေဖူးငုံကပြောသည်။ ပြီးမှ နာကျင်နေသော ချိုစောင်းဆီသို့ လက်ကရောက်သွားသည်။ ပတ်တီးစများကို စမ်းသပ်မိသည်။

"ခေါင်းက ဘာဖြစ်သွားလို့လဲဟင်..."

"နည်းနည်းကွဲသွားတယ် စိုးရိမ်စရာ မရှိပါဘူး"

မိုးမြင့်ဦးက သူမကို စူးရှစွာကြည့်နေသည်ပဲ။ ဝေဖူးငုံရင်တွေ တလှပ်လှပ်ခုန်လာ သည်။

"ခဏနေဦး၊ တို့ ကော်ဖီပူပူလေး သွားဖျော်ပေးမယ်"

ချာခနဲ ဝေဖူးငုံရှေ့က သူလှည့်ထွက်သွားသည်။ ခုတင်ဘေးရှိ ခုံဆီသို့ ဝေဖူးငုံရဲ့ အကြည့်ရောက်သွားသည်။ တစ်ခါက စားပွဲပေါ်မှာတွေ့ခဲ့သော ဝင့်သဇင်ရဲ့ဓာတ်ပုံကရှိမနေ ပါလား။

Scanned by CamScanner

ဘာကြောင့် ဝင့်သဇင်ရဲ့ဓာတ်ပုံကို ဖယ်ရှားပစ်လိုက်သနည်း။ ဝင့်သဇင်အပေါ်မှာ မိုးမြင့်ဦးရဲ့ မေတ္တာတွေ ပျက်ပြယ်ကုန်ပြီလား။

တွေးရင်းက ဝေဖူးငုံ သူမရဲ့ကိုယ်ကို ငုံ့ကြည့်မိသည်။

"ဝေဖူး ချမ်းနေလား"

အငွေ့တထောင်းထောင်း ထနေသော ကော်ဖီခွက်နှင့်အတူ မိုးမြင့်ဦးက ရောက်လာ သည်။ မိုးမြင့်ဦးရဲ့ မျက်နှာကို မကြည့်ရဲလောက်အောင် သူ့ရဲ့ရှက်စိတ်တွေက ကြီးထွား နေသည်။ ဝေဖူးငုံရဲ့ မျက်နှာလေး အရမ်းနီရဲနေသည်ကို မိုးမြင့်ဦးတွေ့ရသည်။ သူမရဲ့ အမူအရာကိုမြင်ပြီး ဝေဖူးငုံ ဘယ်လောက်ရှက်နေသည်ဆိုတာကို မိုးမြင့်ဦး တွက်ဆမိ သည်။

မသိဟန်ဆောင်ပြီး မိုးမြင့်ဦးက ကော်ဖီပန်းကန်ကို ဝေဖူးငုံရဲ့လက်ထဲသို့ လှမ်းပေး သည်။ ဝေဖူးငုံက မလွှဲသာ၍ လှမ်းယူလိုက်စဉ် မိုးမြင့်ဦးကိုကြည့်လိုက်သည်။ မိုးမြင့်ဦးရဲ့ အကြည့်များ သူမရဲ့မျက်နှာပေါ်မှာ ရှိမနေပါလား။ သည့်အတွက် နေသာထိုင်သာ ရှိသွား သည်။

"ဝေဖူး၊ ဟိုအိမ်ကိုပြန်လို့ မဖြစ်ဘူးထင်တယ်"

"ရပါတယ်၊ မိုးတိတ်ရင် ဝေဖူးပြန်ပါ့မယ်"

"ဘယ်ဖြစ်မလဲ၊ ခေါင်းကလဲ ထိထားတယ်၊ တို့ကားနဲ့ လိုက်ပို့ပေးမယ်"

"ဝေဖူးကြောင့် ကိုဦးအလုပ်ပိုပြီး ဒုက္ခများရပြီနော်"

"နေပါဦး မိုးထဲလေထဲ မင်း ဘာလာလုပ်တာလဲ"

မဝံ့မရဲသော မျက်ဝန်းနှင့် ဝေဖူးငုံက မိုးမြင်ဦးကို မော့ကြည့်လိုက်သည်။ ပြီးမှ မျက် လွှာကို ပြန်ချပြီး ပြန်ဖြေရန် နှုတ်လေးနေသည်။ မိုးမြင့်ဦးရဲ့ ရူးစမ်းသောအကြည့်များ သူမရဲ့ မျက်နှာပေါ်မှာ ဝေ့ဝဲနေသည်ကို သတိထားမိသည်။

"တို့မေးနေတယ်လေ၊ ဝေဖူးငုံ"

Scanned by CamScanner

"ကိုဦးနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

မိုးမြင့်ဦးရဲ့ နဖူးကြောတွေရှုံ့သွားသည်။ မျက်မှောင်ကြီးကြုတ်ပြီး ဝေဖူးငုံကိုကြည့် နေသည်။

"မင်းနဲ့တို့ ဘာစကားများ ပြောစရာရှိလို့လဲ ဝေဖူး"

"ဝင့်သဇင်နဲ့ပတ်သက်ပြီး ဝေဖူးပြောပြချင်လို့ပါ"

"ဘာပြောတယ်"

ဒေါသမျက်ဝန်း၊ ဒေါသအသံများ ဝေဖူးငုံဆီသို့ တိုက်ခတ်လာသည်။

"စိတ်မဆိုးလိုက်ပါနဲ့ဦး ကိုဦးရယ်၊ ဝေဖူးပြောတာကို ဆုံးအောင် နားထောင်ပါဦး"

မိုးမြင့်ဦးရဲ့အကြည့်များ သူမရဲ့မျက်နှာပေါ်မှာ ပူလောင်စူးရှစွာ ကျရောက်နေသည်။

"ဒီမှာ ဝေဖူးငုံ ဝင့်သဇင်နဲ့ပတ်သက်ပြီး ဘာအကြောင်းမှ တို့ကိုလာမပြောပါနဲ့၊ တို့ မကြားချင်ဘူး၊ မင်းကိုတို့ နောက်ဆုံးသတိပေးလိုက်မယ်၊ တို့နဲ့ ဆက်လက်ခင်မင်သေးချင် တယ်ဆိုရင် ဝင့်သဇင်အကြောင်း တို့ကို ထပ်ပြောဖို့ မကြိုးစားပါနဲ့"

လေသံတွေက မာထန်လွန်းလှသည်။ ဘာမှ မပြောသာသော ဝေဖူးငုံ မိုးမြင့်ဦးမျက် နှာလေးကို ငေးကြည့်နေမိသည်။ ရင်နှင့်တမျှ မြတ်နိုးတွယ်တာမိသူရဲ့ သောကဝေဒနာတွေ ကို မရှုဆိတ်လွန်းနိုင်၍ ဝင့်သဇင်နှင့် နီးစပ်အောင် သူမလုပ်ဆောင်ပေးနေသည်ပဲ။ သည် လိုပြုလုပ်ပေးရခြင်းသည် သူမရဲ့နှလုံးသားကို ဓားတုံးတုံးနှင့် မွှန်းသလို ခံစားနေရသည်ကို မိုးမြင့်ဦး မသိရှာပါလား။

"တို့ရဲ့ဘဝ ဘယ်ကဏ္ဍကမှ ပါဝင်ခြင်းမရှိတော့တဲ့ မိန်းမတစ်ယောက်ကို တို့ဘဝထဲ ပြန်ပြီးဆွဲသွင်းဖို့ မင်းမကြိုးစားပါနဲ့ ဝေဖူးငုံ"

Scanned by CamScanner

“ကိုဦးတို့ ဘဝကိုစွက်ဖက်ပြီး ဝင်နှောင့်ယှက်တယ်လို့ မထင်ပါနဲ့ ကိုဦးရယ်၊ ဝေဖူးရဲ့ လုပ်ရပ်ဟာ မှားနေတယ်ဆိုရင် စေတနာအမှားလို့ပဲ သတ်မှတ်ပေးပါ၊ စေတနာလွန်ကဲပြီး မှားခဲ့တဲ့အမှားပါပဲ ကိုဦး”

“ကဲ ... ဒီတစ်ခါတော့ ရှိစေတော့၊ ကဲ ... လာ မင်းကို ပြန်လိုက်ပို့ပေးမယ်”

သူ့ကားနှင့် မိုးမြင့်ဦးက ပြန်လိုက်ပို့သည်။ လမ်းမှာ တိတ်ဆိတ်ခြင်းကို မိုးမြင့်ဦးက ဖြိုခွင်းလိုက်သည်။

“မင်းနဲ့အတူ ငတိုး လိုက်မလာဘူးလား”

“ဟင့်အင်း ... ဝေဖူးတို့လာတာ သူ သိမှာမဟုတ်ဘူး ...”

ဖျတ်ခနဲ စူးစမ်းသောအကြည့် ဝေဖူးဆီသို့ ရောက်လာသည်။ မိုးမြင့်ဦးနှုတ်ကနေ ဖွင့်မေးလိုက်ချင်ပါသည်။ ဝေဖူးငုံနှင့် မိုးလွင်တိုးတို့ အခြေအနေ ဘယ်လိုလဲ ဆိုသည်ကိုပါ မေးချင်သည့်ဆန္ဒကို မနည်းကြီး မျိုသိပ်ထားရသည်။

ဝေဖူးငုံကို ပတ်တီးကြီးနှင့်မြင်တော့ ဒေါ်နီလာက ပြူးပြူးပျာပျာ ဖြစ်နေသည်။

“ဝေဖူးကို အခန်းထဲမှာပဲလို့ထင်နေတာ ဘယ်ကနေဘယ်လို သားကြီးဆီကို ရောက် သွားရတာ လဲ”

“ဝေဖူး ကိုဦးဆီ သွားလည်တာပါ”

“ကံကောင်းလို့ မသေကောင်း မပျောက်ကောင်းကွယ် ...”

ဝင့်သဇင်က အိပ်နေပြီမို့ အဖြစ်သနစ်ကို မသိသေးပါ။ မိုးမြင့်ဦးက ဝေဖူးငုံကို ပို့ပေး ခဲ့ပြီး ပြန်သွားသည်။

အိပ်ရာထဲရောက်နေပေမယ့် ဝေဖူးငုံ မအိပ်နိုင်သေးပါ။ ကိုယ်ပေါ်က အဝတ်အစား များကို ငုံ့ကြည့်ပြီး ရင်တွေဖိုပြီး ကြက်သီးတွေ တဖျန်းဖျန်း

Book Sharing

Scanned by CamScanner

ထသွားသည်။

ရင်နှင့်အမျှ မြတ်နိုးတွယ်တာသူအတွက် ဝေဖူးငုံ့ရဲ့ နှလုံးသားမှာ နင့်သိပ်စွာ ခံစား နေရသည်။ ဦးခေါင်းကလည်း တဆစ်ဆစ်နာကျင်နေသည်မို့ တော်တော်နှင့် အိပ်မပျော်ပါ။

*

Scanned by CamScanner

## အခန်း(၂၇)

နောက်တစ်နေ့နံနက်စာ စားချိန်မှာ မိုးမြင့်ဦး မရောက်လာပါ။ ဝင့်သဇင်ကို တမင် ရှောင်ရှားနေသည်လို့ ဝေဖူးငုံ သဘောပေါက်သည်။ ဝင့်သဇင်မှာလည်း မျက်နှာလေး ငယ် နေသည်။

"ဝင့်တို့ အဆင်ပြေအောင် ဝေဖူးကြိုးစားတာ ဘာမှဖြစ်မလာလို့ စိတ်မကောင်းဘူး ကွယ်"

ဝင့်သဇင်နှင့် နှစ်ယောက်တည်း အပြန်လမ်းမှာ ဝေဖူးငုံက ပြောလိုက်သည်။

"အချိန်တွေကြာလာရင် ကိုဦးစိတ်ပြောင်းသွားမယ်လို့ ဝင့် မျှော်လင့်ခဲ့တာ အလကား ပါပဲ ဝေဖူးရယ်"

မျက်ရည်လေး တစ်ဝေ့ဝေ့နှင့် ဝင့်သဇင်က ပြောသည်။ ဝေဖူးငုံ စိတ်မကောင်းကြီးစွာ ဖြစ်ရသည်ပဲ။

"ဝင့်ဘာသာနေရင် အကောင်းသား၊ ဝေဖူး ဆတ်ဆော့မိတာနဲ့ ဝင့် သိပ်ခံစားနေရပြီ နော်"

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ဝေဖူးရယ်၊ ကံတရားအတိုင်းပဲပေ့ါ၊ ကိုဦးက ဝင့်ကို သိပ်မုန်းနေတာ ဘယ်လိုတတ်နိုင်မှာလဲ"

ဝင့်သဇင်က စိတ်ပျက်အားလျော့သံနှင့်ပြောသည်။

"အဲဒီ ကိုဦးကြီးက ဆိုးလိုက်တာနော်"

Scanned by CamScanner

"ဆိုးတယ်လို့ မပြောသာပါဘူးလေ၊ သူလဲ သူ့ဘက်က သူ့ခံစားမှုရှိမှာပေါ့"

မိုးမြင့်ဦးအပေါ်မှာ ခွင့်လွှတ်ရိပ်သမ်းသော စကားများကိုကြားရ၍ ဝေဖူးငုံ မယုံနိုင် လောက်အောင် ဖြစ်ရသည်။

"ကိုဦးကို ဝင့် စိတ်မနာဘူးလား၊ စိတ်မဆိုးဘူးလား"

"စိတ်မကောင်းတာ တစ်ခုပဲရှိပါတယ်"

"ဝေဖူး တကယ့်ကို ဦးနှောက်စားသွားပြီ ဝင့်ရယ်"

နားမလည်နိုင်စွာနှင့် ဝေဖူးငုံ စိတ်ရှုပ်ထွေးစွာ ပြောလိုက်သည်။ မိုးမြင့်ဦးနှင့် ဝင့်သ ဇင်ကို တကယ်နားမလည်နိုင်စွာနှင့် ဝေဖူးငုံ ခံစားနေရသည်။

"ဝင့်အတွက် စိတ်မကောင်း ဖြစ်မနေပါနဲ့ ဝေဖူး၊ အစကတည်းက ပြောခဲ့သလိုပေါ့၊ မမြတ်လို့ အရင်းအတိုင်းပဲဟာ"

ဝင့်သဇင်က စိတ်ကို ပေါ့ပါးဟန်ဆောင်ပြီး ရယ်ဟဟနှင့်ပြောသည်။ ဒါပေမယ့် ဝင့် သဇင်ရဲ့ အရယ်က အသက်မဲ့နေသည်။

ကြိုးပမ်းချက်မအောင်မြင်၍ ဝေဖူးငုံစိတ်မကောင်းဖြစ်ရသည်ကလွဲ၍ ဘာမျှ မတတ် နိုင်ပါလား။

"အန်တီ နီလာက ဝင့်ကို လာလည်ခိုင်းတယ်"

"အဲဒီ တော့ ဝင့် ဘယ်လိုသဘောရလဲ"

"အန်တီ နီလာကို ဝင့်ခင်ပါတယ်၊ သူ့ဆီတော့ မကြာခဏ ဝင့် ရောက်နေဦးမှာပါ"

ဝင့်သဇင်က တွေးတွေးဆဆနှင့်ပြောသည်။

"ကိုဦးကို ဝင့်လေ လုံးဝလက်မလျှော့သေးဘူး၊ ဒါကြောင့် သန်လျင်ကို

Scanned by CamScanner

ဝင့် လာနေဦး မယ်၊ တစ်ချိန်မှာ ကိုဦး ဝင့်ရဲ့မေတ္တာကို သဘောပေါက်သွားလိမ့်မယ်လို့ ယုံကြည်တယ်"

လုံးဝ လက်မလျှော့သေးဟန်နှင့် ဝင့်သဇင်က ပြောသည်။ သနားစာနာစွာနှင့် ဝင့်သ ဇင်ကို ဝေဖူးငုံက ကြည့်လိုက်သည်။

မဂ္ဂဇင်းတိုက်က အလုပ်တွေများနေ၍ ဝင့်သဇင် သန်လျင်သို့ နောက်တစ်ပတ်တွင် မသွားဖြစ်ပါ၊ မိုးလွင်တိုးလည်း မပေါ်လာပါ၊ ဘာကြောင့် မိုးလွင်တိုးမရောက်ပါလိမ့်လို့ ဝေဖူး ငုံ တွေးနေမိသည်။ တစ်နေ့ညနေ ဝေဖူးငုံနှင့် ထွေးငယ် ညစာထမင်းစားနေစဉ် မိုးလွင်တိုး ရောက်လာသည်။

"ဟယ် ... ကိုတိုး ဘယ်ပျောက်နေတာလဲ"

"ခရီးထွက်နေလို့ ဝေဖူးရဲ့"

"ဝေဖူးတို့နဲ့အတူ ထမင်းဝင်စားပါဦးလား"

"စားခဲ့ပြီ ဝေဖူး"

"ကဲ ... ဒါဆို ခဏထိုင်ဦး၊ ဝေဖူး ထမင်းစားပြီးရင် ကိုတိုးအတွက် ကော်ဖီဖျော်ပေး မယ်"

"ရပါတယ်ကွာ"

"ဝေဖူးတို့ သန်လျင်ကို ရောက်ကြသေးတယ်"

"ဟင် ... ဟုတ်လား ဘယ်တုန်းကလဲ"

"ပြီးခဲ့တဲ့ အပတ်ကလေ ဝင့်သဇင်တောင် ပါသေးတယ်"

"ဟုတ်လား ..."

အံ့ဩသောမျက်ဝန်းတွေနှင့် မိုးလွင်တိုးက ကြည့်နေသည်။

"ကိုဦးနဲ့ရော တွေ့ခဲ့သေးလား"

Scanned by CamScanner

"တွေ့ခဲ့ပါတယ်"

"ဝင့်နဲ့ ကိုဦးနဲ့ ကစားပြောကြသေးလား"

"ပြောပါတယ်"

"တော်သေးတာပေါ့"

"သူတို့နှစ်ယောက်ကလဲ ဘယ်လိုဖြစ်ကြတာလဲနော်"

"မပြောတတ်ပါဘူး ဝေဖူးရယ်"

ဝင့်သဇင်အကြောင်း ပြောလိုကလေတိုင်း မိုးလွင်တိုး‌ရဲ့ မျက်နှာက အလွန်ညှိုးငယ် သွားသည်ကို ဝေဖူးငုံ သတိထားမိသည်။

"သူတို့နှစ်ယောက် နားလည်မှုရပြီး၊ အဆင်ပြေသွားပါစေလို့ ကိုယ် ဆုတောင်းမိ တယ်"

"ဟုတ်တယ် ... ဝေဖူးလဲ ဒါကြောင့် ဝင့်ကို သန်လျင်ခေါ်သွားလိုက်တာ"

"ဝေဖူးကို တစ်ခု သတိပေးထားမယ်၊ ကိုဦးကို ဝင့်နဲ့ပတ်သတ်ပြီး ဘာမှ သွားမစည်း ရုံးပါနဲ့"

"ဟုတ်ပါပြီ ကိုတိုး"

မိုးမြင့်ဦးက သူမကို သတိပေးပြီးသားမို့ ဝေဖူးငုံလည်း ရှေ့ဆက်မတိုးမိအောင် မိမိ ကိုယ်မိမိ ထိန်းသိမ်းခဲ့သည်ပဲ။

"မနက်ဖြန်ညနေ စာအုပ်တိုက်ကို ကိုယ်လာကြိုမယ် ဝေဖူး"

"ကောင်းပြီလေ"

မျက်နှာမသာမယာနှင့် မိုးလွင်တိုး ပြန်သွားသည်။ ထွေးငယ်က မိုးလွင်တိုးပြန်သွား သည်နှင့် တစ်စခန်းထလာပြန်သည်။

Book Sharing

Scanned by CamScanner

"ကိုတိုးကြီးကြည့်ရတာ မျက်နှာမကောင်းဘူး"

"အေး ... ဟုတ်တယ်"

"နင့်ကြောင့် သူသိပ်ခံစားနေရတယ်၊ နင်ကလဲ ခုထိသူ့အပေါ်မှာ ဘယ်လိုမှမပြောင်း လဲသေးဘူးလား"

"ခက်တယ် ထွေးငယ် ... မေတ္တာဆိုတာ သစ်ပင်စိုက်သလို စိုက်ယူလို့ရရင်လဲ အကောင်းသား"

"နင့်သိအိုရီက အပြည့်အဝမမှန်သေးဘူး၊ သစ်ပင်ဆိုတာ စိုက်တိုင်း ရှင်ချင်မှရှင်တာ"

"အင်း ... ဟုတ်တယ်နော်"

"နင့်တော့ မသိဘူး၊ ငါကတော့ ကိုတိုးကို ဖွဲဆုပေးချင်နေပြီ"

"ဒါဆိုလဲ ပေးလိုက်ပေါ့ ထွေးငယ်ရဲ့"

မချိုမချဉ်မျက်နှာနှင့် ဝေဖူးငုံက ပြောလိုက်သည်။ ထွေးငယ်ရဲ့မျက်နှာလေး တွေး တွေးငေးငေး ဖြစ်သွားသည်။ ထွေးငယ် မိုးလွင်တိုးအပေါ်မှာ စိတ်ဝင်စားနေပြီလားလို့ ဝေဖူး ငုံ ထင်လိုက်သည်။

"ထွေးငယ် ... နင် ကိုတိုးအပေါ်မှာ ရိုးမှ ရိုးရဲ့လား"

"သိပ်ရိုးတာပေါ့"

ပေါ့ပေါ့ပါးပါးပင် ထွေးငယ်က ဖြေလိုက်သည်။

ထွေးငယ်ရဲ့မျက်နှာက ပကတိ ရိုးသားနေသည်။

စားသောက်ပြီးစီးသော ပန်းကန်များကို ဆေးကြောပြီး နှစ်ယောက်သား ကိုယ့်လုပ် ငန်းကိုယ်စီနှင့် အလုပ်ရှုပ်နေကြသည်။

*

Scanned by CamScanner

## အခန်း(၂၈)

နောက်တစ်နေ့ညနေတွင် မိုးလွင်တိုးက ဝေဖူးငုံကို လာခေါ်သည်။ စာအုပ်တိုက်က နေ ဝေဖူးငုံလိုက်ခဲ့သည်။

"ဝေဖူးရေ ... တစ်ခုခု စားပြီးမှ ပြန်ကြစို့လား"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ ကိုတိုး"

ဝေဖူးငုံက ရယ်ဟဟနှင့် ပြောလိုက်သည်။ ဆယ့်ကိုးလမ်းမှာ ညစာကိုဝင်စားပြီး အိမ် ပြန်သည်။ မိုးလွင်တိုးရဲ့စိတ်ရှည်မှု အနွံတာခံမှု၊ ပြီးတော့ သူ့ရဲ့ချစ်ခြင်းမေတ္တာတွေကို သိရ ပြီး ဝေဖူးငုံရင်ထဲမှာ တွေးတောစရာတွေ ဖြစ်နေသည်။

မျှော်လင့်ချက်မရှိသော မိုးမြင့်ဦးရဲ့မေတ္တာကို စိတ်နွမ်းစွာ မစောင့်စားနေတော့ဘဲ မိုးလွင်တိုး စိတ်ချမ်းသာအောင် မိမိပြုလုပ်လိုက်ရလေမည်လား။

အစက မိုးလွင်တိုးကို သူမရဲ့ဘဝထဲသို့ လုံးဝအဝင်မခံနိုင်သော်လည်း ခုတော့ စာနာ သနားစိတ်နှင့် တွေးမိသည်။

မချစ်မနှစ်သက်ဘဲ သနားသည့်စိတ်တစ်ခုတည်းနှင့် မိုးလွင်တိုးကို သူမရဲ့ဘဝထဲသို့ အဝင်ခံခြင်းသည်ကော တရားပါရဲ့လား၊ မိုးလွင်တိုးက သနား၍ ပေးလာသော မေတ္တာကို မလိုချင်လို့ ဆိုထားသေးသည်လေ။

"အို ... ခေါင်းရှုပ်ပါတယ်၊ မိးစင်ကြည့်ပြီး ကရမှာပဲ"

Scanned by CamScanner

နှလုံးသားရေးရာကို လက်ရှိအခြေအနေအတိုင်း ထားလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

*

နောက်တစ်ကြိမ် မိုးလွင်တိုးနှင့်အတူ သန်လျင်သို့လိုက်ခဲ့သည်။ လမ်းခရီးမှာ ဝေဖူးငုံ က မိုးလွင်တိုးအတွက် မျှော်လင့်ချက်ရောင်ခြည်သမ်းသော စကားတစ်ခွန်းကို ပြောမိသေး သည်။

"ဝေဖူးလေ မကြာခင်မှာ ကိုတိုးကို ချစ်လာလိမ့်မယ်ထင်တယ်"

မိုးလွင်တိုးရဲ့မျက်နှာက ဝင်းထိန်သွားသည်။ ရွှမ်းလက်သော မျက်ဝန်းတွေနှင့် ဝေဖူး ငုံကို ကြည့်နေသည်။

"ဘယ်လိုဝေဖူး၊ ကိုယ့်ကို ဝေဖူး ပြန်ချစ်နိုင်မယ်ဟုတ်လား"

"ထင်ရတာ ပဲလေ"

"ဝေဖူးရယ် ... မျှော်လင့်ချက်တွေပေးပြီးမှ ကိုယ့်ကို ဒုက္ခမပေးလိုက်ပါနဲ့နော်"

"ကိုတိုး စိတ်ချမ်းသာစေရမှာပေ့ါ"

သန်လျင်သို့ရောက်တော့ ဒေါ်နီလာက ဆီးမေးသည်။

"ဝင့်လေး မပါခဲ့ဘူးလား"

"မပါခဲ့ဘူး အန်တီ"

"ဟိုတစ်ခေါက် သားကြီးကြောင့် သူ စိတ်ညစ်သွားတယ် ထင်ပါရဲ့"

Scanned by CamScanner

သားရဲ့ မေတ္တာရေးရာကို ဒေါ်နီလာက သိပ်ကို စိတ်ဝင်စားနေသည်။ ဝင့်သဇင်နှင့် မိုးမြင့်ဦးကိုလည်း ပြန်လည်ပေါင်းစပ်စေချင်သည်။ မိုးမြင့်ဦးအပေါ်တွင် ဝင့်သဇင်ဘယ်သို့ အနွံတာခံချစ်ခင်သည်ကို ဒေါ်နီလာက သိပြီး စာနာသနားနေသည်။

"ကိုဦးတစ်ယောက်ရော နေကောင်းရဲ့လား အန်တီ"

မိုးမြင့်ဦးအကြောင်းကို မနေနိုင်၍ မေးလိုက်သည်။

"သားကြီး ခရီးထွက်သွားတာကြာပြီလေ"

"ဟုတ်လား ဘယ်ကိုသွားတာလဲ"

"လားရှိုးကိုလို့ ပြောတယ်"

"သူ ဘယ်တော့ ပြန်လာမှာလဲအန်တီ"

"မပြောတတ်ပါဘူးကွယ်"

ထိုတစ်ပတ် သန်လျင်ကနေ ဝေဖူးငုံ စိတ်ပျက် အားငယ်စွာ ပြန်ခဲ့သည်။ မိုးမြင့်ဦးနှင့် တွေ့လိုတွေ့ငြား သွားသော်လည်း အချည်းနှီးဖြစ်ခဲ့ရပြီလေ။

*

ထွေးငယ်က သူ့ရဲ့မွေးရပ်ဇာတိသို့ ခေတ္တပြန်သွားသည်မို့ ဝေဖူးငုံတစ်ယောက်တည်း တိုက်ခန်းမှာ ရှိနေသည်။

တစ်နေ့မှာ အမှတ်မထင်ဘဲ ဧည့်သည်တစ်ယောက် ရောက်လာပါသည်။ ဝေဖူးငုံ လုံးဝ မမျှော်လင့်ထားသော သူပါ။

တံခါးခေါက်သံကြား၍ တံခါးရွက်ရဲ့ ချောင်းကြည့်ပေါက်လေးကနေ

Scanned by CamScanner

ကြည့်လိုက်စဉ် မိုးမြင့်ဦးရဲ့ မြင့်မားသော အရပ်ကို တွေ့ရသည်။

ဝေဖူးငုံရဲ့ နှလုံးသွေးတွေ ဖြောင်းဆန်အောင် ခုန်သွားသည်။ မိုးမြင့်ဦးအား မချစ်မိ အောင် မိမိကိုယ်ကို ဆင်ခြင်နိုင်ပေမယ့် နှလုံးသားကိုတော့ ဝေဖူးငုံ ဘယ်လိုမှ ထိန်းသိမ်း တားဆီးနိုင်စွမ်း မရှိပါ။

မိုးမြင့်ဦးအား နက်ရှိုင်းမြတ်နိုးစွာ တွယ်တာမိသည်ပဲ။ တံခါးကိုဖွင့်ပေးပြီး ရွှမ်းလက် စူးရှသောအကြည့်ကို ရင်ဆိုင်လိုက်သည်။

"ဘယ်လိုလဲ ဝေဖူး၊ ဧည့်သည်ကို အိမ်ထဲ မခေါ်တော့ဘူးလား"

မိုးမြင့်ဦးက ထိုသို့ ပြုံးလဲ့လဲ့နှင့်မေးမှ ဝေဖူးငုံက အံ့ဩမှု ပြေပျောက်သွားရသည်။

"ဩော် ... ကိုဦးကိုမြင်ပြီး ဝေဖူး သိပ်ကို အံ့ဩနေလို့ပါ"

အိမ်ထဲသို့ ဝေဖူးငုံက ခေါ်သည်။ မိုးမြင့်ဦး အိမ်ထဲသို့လိုက်ခဲ့သည်။ ဧည့်ခန်းထဲမှာ ထိုင်မိသည်အထိ တစ်ဦးကို တစ်ဦး စကားမပြောမိကြသေးပေ။

"ကိုဦး ခဏထိုင်ဦးနော်၊ စားစရာတစ်ခုခု လုပ်လိုက်ဦးမယ်"

"ရတယ် ဘာမှမလုပ်နဲ့တော့"

"ဟာ ... ကော်ဖီလောက်တော့ သောက်ပါ ကိုဦးရယ်"

"နေပစေ ... မသောက်တော့ဘူး"

စူးရှသောအကြည့်များကို ဝေဖူးငုံနားမလည်စွာရှိနေသည်။ မိုးမြင့်ဦး ဘာကြောင့် သူမဆီ ရောက်လာရသည်လဲဆိုတာကို မတွေးတတ်အောင်ရှိနေသည်။

"ကိုဦး ခရီးထွက်တာ ဘယ်တုန်းက ပြန်ရောက်လဲ"

"မနေ့ကပဲလေ အိမ်မပြန်သေးဘဲ ရန်ကုန်မှာပဲ တို့ရှိနေသေးတာ"

"ဝေဖူးနဲ့ကိုတိုး သန်လျင် လာခဲ့သေးတယ်၊ ကိုဦးခရီးသွားနေတယ်လို့

Scanned by CamScanner

အန်တီနီလာ က ပြောတယ်"

စကားမရှိ စကားရှာပြီး ဝေဖူးငုံ ပြောနေရသည်။ မိုးမြင့်ဦးရဲ့ ရှေ့မှာနေရတာ မလုံ မလဲနှင့် စိတ်ကျဉ်းကျပ်နေသည်။

"ဝင့်သဇင်ရော ပါလာသေးလား"

လှောင်ရယ်တစ်ခုနှင့် မိုးမြင့်ဦးက မေးသည်။

"မပါလာပါဘူး"

"နေပါဦး ဝေဖူးငုံ၊ မင်းကို နားမလည်လို့ မေးရဦးမယ်၊ ဘာကြောင့် ဝင့်သဇင်ကို မင်း က သန်လျင်ခေါ်ခဲ့ရတာ လဲ"

တိုက်ရိုက်မေးလာသော မေးခွန်းကို ဝေဖူးငုံ ဘယ်လိုဖြေရမလဲ၊ သူမကို စူးစိုက်ကြည့် နေသည့် အကြည့်တွေကို ဝေ့ရှောင်လိုက်သည်။

"ဖြေစမ်းပါဦးကွာ"

မဖြေမချင်း မေးနေတော့မည်။ ဒါကြောင့် သတ္တိရှိရှိပဲ ဝေဖူးငုံက ပြန်ဖြေလိုက်သည်။

"ဝင့်သဇင်နဲ့ ကိုဦးတို့ ပြန်လည်နီးစပ်စေချင်လို့"

"ဘာပြုလို့ နီးစပ်စေချင်တာလဲ"

မိုးမြင့်ဦးက သူမပေါ်မှာ အကြည့်တွေ တည့်မတ်စွာ ရောက်နေသည်။

"ဝင့်က ကိုဦးကို ချစ်နေဆဲပါ၊ အဲဒီ အချစ်အတွက် သူ့ရင်မှာ ခံစားနေရတာ ကို စာနာ မိလို့"

"အင်း ... ဆိုစမ်းပါဦး"

"ပြီးတော့ ကိုဦးကလဲ ဝင့်ကို ချစ်နေဆဲလို့ အန်တီနီလာက ပြောတယ်"

Scanned by CamScanner

"ဘာပြောတယ်၊ မေမေက တို့ ဝင့်အပေါ်မှာ သံယောဇဉ်ရှိနေတယ်လို့ ပြောတယ် ဟုတ်လား"

"ဟုတ်ကဲ့ ..."

"မေမေက ပေါက်ကရတွေ ပြောလိုက်တာပဲ"

"နို့ ကိုဦးက ဝင့်ကို သံယောဇဉ်ရှိမနေဘူးဆိုရင် ဘာကြောင့် သူ့ဓာတ်ပုံကို အိပ်ရာ နားမှာ ထားနေရတာ လဲ"

အံ့သြမျက်ဝန်းတစ်ခု တည့်မတ်စွာ ဝေဖူးငုံရဲ့မျက်နှာပေါ်သို့ ကျရောက်လာသည်။

"အဲဒါတွေ မင်းဘယ်လိုသိလဲ"

ဝေဖူးငုံက ရှောင်တိမ်းနိုင်စွမ်းမရှိပါ။ သူကိုယ်တိုင်တွေ့ခဲ့သည်လို့ မဖြေရဲ၍ ဒေါ်နီလာ ကို ပုံချလိုက်သည်။

"အန်တီနီလာ ပြောတာပဲ"

"အဲဒီ လို ဓာတ်ပုံကို ခုတင်နားမှာတွေ့တာနဲ့ တို့ ဝင့်သဇင်ကို စွဲလမ်းနေဆဲ၊ ချစ်နေ ဆဲလို့ မင်း ယူဆလိုက်ပြီပေါ့ ဟုတ်လား"

"အဲဒီ လိုယူဆတာ သဘာဝကျပါတယ်၊ ချစ်ခင်နှစ်သက်တဲ့သူရဲ့ ပုံကိုသာ အိပ်ရာ နားမှာ ထားတတ်ကျတာပဲ မဟုတ်လား"

"အဲဒီ မှာ မင်း သိပ်ကို မှားသွားပြီ"

"ရှင် ..."

နားမလည်စွာနှင့် မိုးမြင့်ဦးကို ဝေဖူးငုံ ကြည့်လိုက်သည်။

"ကိုဦးကို ဝေဖူး နားမလည်တော့ဘူး"

"နားမလည်ရင် နားလည်အောင်ပြောပြမယ်၊

Scanned by CamScanner

ဝင့်သဇင်ဆိုတဲ့မိန်းကလေးကို နာကြည်း၊ စိတ်နာလွန်းလို့ တို့ကအိပ်ရာနားမှာ သူ့ပုံကိုထားတာ၊ နာကြည်းစရာကောင်းတဲ့ မိန်းမရဲ့ မျက်နှာကို မြင်ရလေတိုင်း တို့ရင်ထဲမှာ အသစ်သစ် ပြန်ခံစားရပြီး မိန်းမတွေကို မယုံစားရဲ တဲ့ စိတ်တွေ အသစ်သစ် ပြန်ဖြစ်လာတယ်"

"အဲလိုဖြစ်မှ တို့ တခြားမိန်းကလေးတွေကို မချစ်မိမှာလေ၊ မိန်းမဆိုတာ ဖောက်ပြန် တတ်တဲ့ အမျိုးအစား၊ သစ္စာမရှိတဲ့ အမျိုးအစား၊ နာကြည်း မုန်းတီးစရာကောင်းတဲ့ အမျိုး အစားဆိုတာကို ဝင့်သဇင်ရဲ့ဓာတ်ပုံက အမြဲ သတိပေးနေတယ်လေ"

"အို ... ကိုဦးရယ်"

ရင်ထဲကနေ ဝေဖူးငုံညည်းတွားလိုက်သည်။ ကိုဦးရဲ့ ခံစားချက်ပြင်းထန်ပုံကို သနား မိသည်။

"မိန်းမတွေကို မယုံစားရဲအောင် ဝင့်သဇင်က အမြဲ သတိပေးနေတယ်၊ ဒါကြောင့် သူ့ ဓာတ်ပုံက တို့အတွက် အသုံးဝင်နေသေးတာပေါ့"

ဝင့်သဇင်က ဘယ်လိုဖောက်ပြန်သွားလို့လဲ ဆိုတာကို ဝေဖူးငုံ မေးလိုက်ချင်သည်။ မိုးမြင့်ဦးက စကားဆက်လာပြန်သည်။

"အခုတော့ သူ့ဓာတ်ပုံ တို့အိပ်ရာနားမှာ မရှိတော့ပါဘူး"

ဖျတ်ခနဲ သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ စူးရှရွှန်းလက်သော အကြည့်ကို ဝေဖူးငုံ တွေ့ရှိလိုက်ရသည်။

"တို့ရဲ့ နာကြည်းမုန်းတီးမှုတွေက မိန်းမတွေအားလုံးပေါ်မှာ မဟုတ်တော့ဘူး၊ ဝင့်သဇင် တစ်ယောက်အပေါ်မှာပဲ ဖြစ်သွားပြီ"

"ဟင် ... ဟုတ်လား"

ဝေဖူးငုံရင်ထဲမှာ အတိုင်းမသိ ဝမ်းသာသွားသည်။ မိန်းမတစ်ယောက်ကို

Scanned by CamScanner

နာကြည်း မုန်းတီးစိတ်ဖြင့် ဘဝသေနေသော သူတစ်ယောက်အဖြစ် မိုးမြင့်ဦးကို မဖြစ်စေချင်ပါ။

မိသားစုနှင့်ရော အားလုံးနှင့်ရော ဝေးကွာပြီး အထီးကျန်ဆန်နေသော သူ့ဘဝကို မရှုဆိတ်ပါ၊ ထိုသို့ မိုးမြင့်ဦး စိတ်ဓာတ်တွေ ပြောင်းလဲလာသည်ကို သိရတော့ ဝေဖူးငုံ ကျေနပ်ဝမ်းသာနေသည်။

"ဝင့်သဇင်ဟာ ကိုယ့်နှလုံးသားထဲက ထွက်သွားတာ ကြာခဲ့ပါပြီ၊ အခု ကိုယ့်နှလုံးသားထဲ မှာ မြတ်နိုးတွယ်တာစရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ရှိနေပါပြီ"

ထိုသို့ကြားရတော့ ဝေဖူးငုံရင်တွေ တလှပ်လှပ် ခုန်မြည်လာသည်။ မိုးမြင့်ဦး စိတ် ဝင်စားနေသော မိန်းကလေးသည် မိမိသာ ဖြစ်လိုက်ပါတော့လို့ ဆုတောင်းမိပါသေးသည်။

"ဒါပေမယ့် ကိုယ့်ကအချစ်ရေးမှာကံမကောင်းဘူး၊ ကိုယ့်မြတ်နိုးတွယ်တာမိတဲ့ မိန်းကလေး က ကိုယ့်ဒီဘဝမှာ ဘယ်လိုမှ ပိုင်ဆိုင်နိုင်ခွင့်မရှိတော့တဲ့သူ ဖြစ်နေလို့ပါ"

ဝေဖူးငုံ ရင်ထဲမှာ စူးနစ်စွာ ခံစားလိုက်ရသည်။ မိုးမြင့်ဦး မျှော်လင့်တွယ်တာခဲ့သော မိန်းကလေးသည် မိမိမှ မဟုတ်ဘဲလေ။

"ကိုဦးအတွက် ဝေဖူး စိတ်မကောင်းပါဘူး"

"ရပါတယ် ကိုယ့်ရဲ့နှလုံးသားက အရေထူနေပါပြီ"

"ကိုဦး သန်လျင်ပြန်မလို့လား"

"မပြန်သေးဘူး၊ ရန်ကုန်မှာ အလုပ်လေး နည်းနည်း ရှိနေသေးတယ်"

သွားလိုက်လျှင် တခဏလေးနှင့် ရောက်နိုင်သည့်အိမ်ကို မိုးမြင့်ဦးက မပြန်ပါလား၊ ရန်ကုန်မှာ တည်းခိုခန်းမှာ သူနေမှာပေါ့လို့ ဝေဖူးငုံတွေးလိုက်သည်။

Scanned by CamScanner

"တို့ပြန်ရင် ဝေဖူးငုံ လိုက်လည်မလား"

"ဝေဖူး မလိုက်အားသေးပါဘူး"

"ကိုတိုးနဲ့မှ ဝေဖူးက လာချင်မှာပေါ့လေ၊ တို့မေးမိတာ ဆောရီးပဲ"

ဖျတ်ခနဲ သူ့ကိုမော့ကြည့်ပြီး ဝေဖူးငုံ အကြည့်လွှဲလိုက်သည်။ မိုးလွင်တိုးနှင့်သူမကို မိုးမြင့်ဦးက ရှိသည့်အခြေအနေထက် ပိုတွက်နေသည်ပဲ။ ဝေဖူးငုံ မဖြေရှင်းချင်တော့ပါဘူး။ ဘာမျှ ထူးမလာသော အခြေအနေအတွက် ဝေဖူးငုံဘာကိုမှ မဖြေရှင်းချင်တော့ပါဘူးလေ။

"တို့ပြန်ဦးမယ် ဝေဖူး"

"ဟုတ်ကဲ့"

မိုးမြင့်ဦးပြန်သွားပြီး ဝေဖူးငုံရဲ့ရင်ထဲမှာ နုံးချိပြီး ကျန်ရစ်ခဲ့သည်။ မိုးမြင့်ဦးရဲ့ နှလုံး သားကို ပိုင်စိုးရနေသော မိန်းကလေးကို မိမိသိလိုလှပါသည်။

"ကိုဦးရဲ့နှလုံးသားထဲမှာ ဝေဖူးအတွက် နေရာဆိုတာ မရှိတော့ပါလား"

ဝမ်းနည်းကြေကွဲစွာ ဝေဖူးငုံ တွေးလိုက်မိပါသည်။

*

Book Sharing

Scanned by CamScanner

## အခန်း(၂၉)

ဝင့်သဇင်နှင့်ဝေဖူးငုံ အမှတ်မထင် မိုလ်ချုပ်ဈေးထဲမှာ ဆုံမိကြသည်။ ဝင့်သဇင်နှင့် စားသောက်ဆိုင်မှာ အတူစားရင်းသောက်ရင်း ပြောကြသည်။

"ဟိုတစ်ခေါက် သန်လျင်ကိုရောက်တော့ အန်တီနီလာက ဝင့်ကို မေးနေတယ်"

"ဟုတ်လား၊ ဝင့်လဲ သတိရပါတယ်၊ မအားတာနဲ့ မသွားဖြစ်ဘူး"

"ခုလာမယ့်စနေနေ့ အားမလား၊ အားရင် ဝင့်လိုက်ခဲ့ပါလား"

"အားပါတယ်၊ ဝင့် လိုက်ခဲ့မယ်လေ"

"ဒါဆို ဝေဖူး လာခေါ်မယ်လေ"

"ကောင်းပြီလေ"

ဝင့်သဇင်နှင့်လမ်းခွဲပြီး ဝေဖူးငုံပြန်ခဲ့သည်။

မိုးလွင်တိုးမပါဘဲ ဝေဖူးငုံနှင့် ဝင့်သဇင် သန်လျင်သို့ ရောက်ခဲ့ပြန်ပါပြီ။ ဒေါ်နီလာက ထုံးစံအတိုင်း ဖော်ဖော်ရွေရွေ ကြိုဆိုသည်။

"ဝင့်ကို မျှော်နေတာကွယ့်၊ အခုမှပဲ ရောက်လာတော့တယ်"

"ဝင့် မအားလို့ပါ အန်တီ"

"အတော်ပဲ ဒီနေ့ ညည်းသည်မျှော်နေတာ"

ညည်းသည်မပြတ်လာနေမှ ဖျော်တတ်တဲ့ ဒေါ်နီလာကို ကြည့်ပြီး ဝေဖူးငုံ

Scanned by CamScanner

ရယ်မိသည်။

ထိုနေ့ညစာ စားချိန်မှာ မိုးမြင့်ဦး ရောက်လာသည်။

ဝင့်သဇင်ကိုမြင်တော့ သူ တအံ့တသြဖြစ်သွားသည်။

"ဟော ... သားကြီးလာတာနဲ့ အတော်ပဲ၊ ဒီနေ့ထမင်းဝိုင်းက လူစုံစုံလင်လင်နဲ့ စည်း ကားတော့မှာပဲ"

ဒေါ်နီလာက စကားတစ်လုံးမှ မပြောသေးသော သားကြီးကြောင့် မအီမလည်ဖြစ်နေ သော အခြေအနေကို ရယ်ရွှန်းဖတ်ရွှန်းနှင့် ဝင်ပြောသည်။

မိုးမြင့်ဦး ထမင်းစားနေစဉ်မှာလည်း ဝင့်သဇင်ကို အသိအမှတ်မပြု လုံးဝစကားမပြော ပါ။

"ဝေဖူးတို့ မဂ္ဂဇင်းက အခုသိပ်ကိုအောင်မြင်နေပါလား"

"ဟုတ်ကဲ့"

"ရှေ့အပတ်ထဲ တို့စာအုပ်ကိစ္စနဲ့ ရန်ကုန်ကိုလာရဦးမယ်၊ အဲဒီ ကျ ဝေဖူးဆီ ဝင်ခဲ့ဦး မယ်"

"ဟုတ်ကဲ့"

ဝင့်သဇင်ကို လျစ်လျူရှုပြီး ဝေဖူးငုံကိုသာ အရေးတယူလုပ်ပြီး မိုးမြင့်ဦး စကားပြော နေသည်။ ဝင့်သဇင်ကို အားနာသနားစိတ်ဖြင့် ဝေဖူးငုံ မျက်နှာပျက်နေသည်။

"ရန်ကုန်ရောက်ရင် ဝေဖူးကို ဟိုတယ်မှာ ကျွေးရဦးမယ်"

"ဘာပြုလို့လဲ ကိုဦး"

"တို့ရဲ့စာအုပ် အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ပဲပေါ့"

ဝင့်သဇင်ရဲ့ မျက်နှာလေး ငိုတော့မလို မဲ့သွားသည်။

Scanned by CamScanner

ဝေဖူးငုံ စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။ မိုးမြင့်ဦးကိုလည်း အရမ်း စိတ်ဆိုးသွား သည်။ တမင် မိုးမြင့်ဦးက မိမိကို အရေးတယူ လုပ်ပြနေသည်ဆိုတာ သိနေသည်။

စားသောက်ပြီး မိုးမြင့်ဦးက ပြန်ရန် ဟန်ပြင်သည်။ မိုးမြင့်ဦးကို ဝေဖူးငုံ စိတ်ဆိုးဆိုး ဖြင့် ဝင့်သဇင် ကွယ်ရာမှာ ပြောဖို့ စိတ်ကူးလိုက်သည်။

"မေမေ ကျွန်တော် ပြန်တော့မယ်"

"ဟဲ့ ... ဝင့်တို့ရောက်တုန်း ခဏတဖြုတ်နေပြီး စကားပြောပါဦးလား"

"ကျွန်တော် မအားဘူး မေမေ"

အားနာမှု အလျဉ်းမရှိသော စကားကိုဆိုပြီး မိုးမြင့်ဦးက ထသွားသည်။ သူ့နောက်က ဝေဖူးငုံ လိုက်ခဲ့သည်။ ရှေ့ကသွားနေသော မိုးမြင့်ဦးက နောက်က လိုက်လာသော ဝေဖူးငုံ ကို သတိမထားမိပါ။

"ကိုဦး ခဏနေပါဦး"

ဝေဖူးငုံလှမ်းခေါ်မှ မိုးမြင့်ဦးက လှည့်ကြည့်ပြီး ရပ်စောင့်သည်။

"ဘာလဲ ဝေဖူး"

"ကိုဦးနဲ့ ခဏလောက် စကားပြောချင်တယ်"

"ပြောလေ"

"ကိုဦး ဝင့်အပေါ်မှာ အဲဒီ လောက်ကို လျစ်လျူမရှုသင့်ပါဘူး"

"ဘာပြောတယ် တို့က လျစ်လျူရှုတယ် ဟုတ်လား၊ အဲလောက်ထိ ဆက်ဆံနေတာ ကိုပဲ ကျေးဇူးတင်ပါဦး ဝေဖူးရယ်"

"သနားပါတယ်၊ သူက ကိုဦးကို မျှော်လင့်ပြီး လိုက်လာတာ"

"ဟား ... ဟား ... ဟား ... တို့ဆီက မေတ္တာကို မျှော်လင့်နေသေးတယ်

Scanned by CamScanner

ဟုတ်လား၊ ရယ်စရာကောင်းလိုက်တာကွာ"

လှောင်ရယ်များနှင့်အတူ မိုးမြင့်ဦးက ပြောသည်။

"ကိုဦးကို သူ သိပ်ချစ်ပါတယ်"

"အဟင်း ... သိပ်ချစ်လို့ သိပ်ပြီး သစ္စာဖောက်လိုက်တယ်ပေါ့"

လှောင်ရယ်များနှင့် မခိုးမခန့်နှင့် မိုးမြင့်ဦးက ပြောသည်။

"ကိုဦးကြောင့် သူ သိပ်ပြီး ခံစားနေရပါတယ်"

"ယုံတမ်းစကားတွေ လာပြောမနေပါနဲ့ ဝေဖူးရယ်"

"ကိုဦးရယ် ... ဝင့်ကို မချစ်နိုင်ရင်တောင်မှ ကိုယ့်ဆီလာလည်တဲ့အခါ ဧည့်ဝတ်တော့ ကျေသင့်တာပေါ့"

"ဒီမှာ ဝေဖူး ... ဘာကြောင့် ဝင့်အပေါ်မှာ ဒါလောက် စေတနာတွေ ပိုနေရတာ လဲ၊ ရင်ကွဲမတတ်ခံစားခဲ့ရတဲ့ တို့အတွက် မင်း နည်းနည်းလေးမှ စာနာသနားစိတ် မဖြစ်မိဘူး လား"

မိုးမြင့်ဦးရဲ့ တောက်ရှတဲ့အကြည့်များကို ရင်သိမ့်ခုန်စွာနှင့် ဝေဖူးငုံ့ ခံစားမိသည်။

"ဝေဖူးနားလည်အောင် တို့ရှင်းပြမယ်၊ အကြောင်းစုံ မသိမချင်း မင်းတို့ကို နားပူနေ မှာပဲ၊ ဝင့်သဇင်ရဲ့အကြောင်းကို မသိဘဲ သနားပြီး ရှေ့နေလိုက်နေမှာပဲ"

"ဒီမိန်းမရှိတဲ့နေရာမှာ တို့ မနေချင်ဘူး၊ အဲဒီ တော့ မင်း အိမ်ကိုလိုက်ခဲ့ပါ ဝေဖူး"

"ကောင်းပြီလေ"

မိုးမြင့်ဦးရဲ့ အိမ်သို့ ဝေဖူးငုံ့လိုက်ခဲ့သည်။ မိုးမြင့်ဦးနှင့် ဝင့်သဇင်တို့ရဲ့

Scanned by CamScanner

ဓာတ်လမ်းကို လည်း သိပ်ကို သိချင်နေသည်။

*

"ကဲ ... သတင်းထောက် ဆရာမကြီး ထိုင်ပါ"

ခနဲ့သည့်အပြုံးနှင့် ဝေဖူးငုံကိုကြည့်ပြီး မိုးမြင့်ဦးက ပြောသည်။

ဝေဖူးငုံက ကုလားထိုင်မှာ ဝင်ထိုင်သည်။ မိုးမြင့်ဦးက သူမနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ထိုင်သည်။ လက်ကိုင်စရိုက် စီးကရက်ဘူးကို ဖွင့်ပြီး၊ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ တစ်ရှိုက်နက်နက်လေး ရှိုက်သွင်းပြီးမှ မိုးမြင့်ဦးက စကား စလာသည်။

"ဝေဖူး ... သိပ်ပြီး သနား၊ သိပ်ပြီး စေတနာ ထားနေတဲ့ ဝင့်သဇင်အကြောင်းကို သေ သေချာချာ ပြောပြမယ် နားထောင်"

"ကိုယ်ရည်သွေးတာ မဟုတ်ဘူး၊ တို့ဟာ ဝင့်သဇင်နဲ့မတွေ့ခင်မှာ ဘယ်မိန်းကလေး နဲ့မှ ငြိစွန်းခဲ့ခြင်း မရှိဘူးဆိုတာ မင်း ယုံပါရဲ့လား ဝေဖူး"

မျက်နှာတည်တည်နှင့်ပြောနေသော မိုးမြင့်ဦးကို ဝေဖူးငုံ မော့ကြည့်လိုက်ပါသည်။

"ဝင့်သဇင်နဲ့ တို့သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ တွေ့ခဲ့ရတယ်၊ အဲသည်ကစပြီး တစ်ယောက်တစ်ယောက် ခင်မင်မိရာကနေ ချစ်သူတွေဘဝကို ရောက်သွားခဲ့တယ်"

စကားကို တစ်ထောက်နားပြီး စီးကရက်ကို တစ်ချက် ဖွာရှိုက်နေပြန်သည်။

Book Sharing

Scanned by CamScanner

"တစ်သက်နဲ့တစ်ကိုယ် အချစ်ဆိုတာကို မတွေ့ဖူးမဆုံဘူးတော့ ဝင့်သဇင်ကို သိပ်ကို ချစ်ခဲ့တယ်"

ထိုစကားစုကို ကြားရတော့ ဝေဖူးငုံရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။ သူမ သိပ်ချစ် သိပ်မြတ်နိုးရသောသူသည် တစ်ပါးမိန်းကလေးကို ချစ်နေသည်ဆိုသောအသိက ရင်နာ စရာမဟုတ်လား။

"တို့ ဝင့်သဇင်ကို သိပ်ချစ်ခဲ့သလို သိပ်လဲ အရေးပေးခဲ့တယ်၊ ဝင့်ကလဲ အစပိုင်း ကတော့ တို့ကို သိပ်ချစ်တဲ့ပုံပါပဲ"

"သန်လျင်ကို သူ လိုက်လိုက်လာတယ်၊ အဲဒီ တုန်းက မေမေနေတဲ့အိမ်ကြီးမှာပဲ တို့ နေတယ်၊ ဒီအိမ်ကို မဝယ်သေးဘူးပေါ့"

"ကိုတိုးကလဲ အပတ်စဉ်လိုလို အိမ်ကို ပြန်လာတယ်၊ မိသားစုလေး ပျော်စရာပေါ့၊ မေမေ့အိမ်မှာ အားလုံး သိုက်သိုက်ဝန်းဝန်းနဲ့ နေခဲ့ကြတယ်"

"မေမေက ဝင့်နဲ့တို့ကို အမြန်ဆုံးလက်ထပ်ဖို့ တိုက်တွန်းခဲ့တယ်၊ တို့ကလဲ လက်ထပ် ချင်ပါတယ်၊ အဲဒီ တုန်းကပေါ့၊ ဝင့်ကိုလက်ထပ်ဖို့ အရေးဆိုခဲ့သေးတာပေါ့..."

"အဲဒီ တော့ ဝင့်က ဘာပြောလဲ"

"အဲဒီ တုန်းက သူက တက်သစ်စ အဆိုတော်လေးလေ၊ သူ့နာမည် အရှိန်ယူနေတဲ့ ကာလမို့ ခဏစောင့်ပါဦးတဲ့ တို့ကို တောင်းဆိုခဲ့တယ်"

"တို့ကလဲ ဝင့်ကို အလိုလိုက်ရသူဆိုတော့ ဝင့်ရဲ့ဆန္ဒကို ကြည်ကြည်ဖြူဖြူနဲ့ လိုက် လျောခဲ့တာပေါ့"

"ဒီလိုနဲ့ တို့ရဲ့ ချစ်သက်တမ်းလေး ရင့်ခဲ့တယ်၊ ဝင့်ကလဲ အားတာနဲ့ သန်လျင်ကိုပြေး လာတာပဲ၊ မေမေဆိုရင်လေ ဝင့်ကို သမီးလေးတစ်ယောက်လို သံယောဇဉ်ဖြစ်နေတယ်၊ အဲဒီ တုန်းကပေါ့၊ ကိုတိုးကလဲ ဝင့်ကို ညီမတစ်ယောက်လို

Scanned by CamScanner

အနှံ့တာခံ အလိုလိုက်ခဲ့တယ်"

"ဝင့်ဟာ ဂီတလောကမှာ တဖြည်းဖြည်း အောင်မြင်ကျော်ကြားလာတယ်၊ အဲဒီ လို အောင်မြင်ကျော်ကြားလေလေ ဝင့်ရဲ့ ဂုဏ်သတင်းက သင်းပျံ့လေလေပေ့ါ ..."

ငေါ်တော့တော့ လေသံဖြင့် မိုးမြင့်ဦးက ပြောနေသည်။

"တီးဝိုင်းဆရာနဲ့ ဘာလိုလို၊ ဟိုအဆိုတော် ဒီအဆိုတော်၊ ဘယ်သူဘယ်ဝါနဲ့ ဘာ လိုလို ဆိုတဲ့ သတင်းတွေကို သိုးသိုးသန့်သန့် ကြားတယ်"

"ဟင် ... ဟုတ်ရဲ့လား ကိုဦးရယ်၊ တမင် မလိုလို့ ပြောကြတာ နေမှာပေ့ါ"

"နေပါဦး ဝေဖူး၊ ကိုယ်ပြောတာကို စိတ်ရှည်ရှည်နဲ့ သည်းခံပြီး နားထောင်ပါဦး"

"ဟုတ်ကဲ့ ... ပြောပါ ကိုဦး"

"တို့ ဝင့်ကို ဖွင့်ပြီးမေးခဲ့တယ်၊ ဝင့်ကလဲ ဒီအတိုင်းပဲ ပြောတာပဲ၊ လူတွေက သူ့ရဲ့ အောင်မြင်မှုကို မနာလိုလို့ ပြီးတော့ တို့နဲ့ကွဲစေချင်လို့ တမင် မလိုတမာစိတ်နဲ့ ပြောကြတာ တဲ့လေ"

"တို့ကလဲ ဝင့်ကို ယုံတော့ မျက်စိစုံလုံး ကန်းခဲ့တာပေ့ါ၊ ဝင့်ရဲ့ ပြောသမျှ ဆိုသမျှကိုပဲ အကြွင်းမဲ့ ယုံကြည်ခဲ့တယ်"

"နှစ်ခါ တို့ကို ဝင့်က မချော့ရဘူး၊ မပြောရဘူး၊ ဝင့်ရဲ့ဘက်တော်သား လုံးလုံးပဲ တို့ ဖြစ်ရတာ ချည်းပါပဲ"

"ကိုတိုးကတောင် တစ်ခါတစ်လေ လာပြီး တို့ကို သတိပေးသေးတယ်၊ ဝင့်နဲ့ အမြန် ဆုံး လက်ထပ်နိုင်အောင် ကြိုးစားပါတဲ့လေ၊ ဝင့်ကို တာရှည်လွတ်လပ်ခွင့် မပေးသင့်ဘူးတဲ့"

Scanned by CamScanner

ပြောပြနေသော မိုးမြင့်ဦးရဲ့ နှုတ်ခမ်းမှာ လှောင်ရိပ်တွေ မြူးနေသည်။

"တို့က အဲဒီ အကြောင်း ပြောပြပြီး ဝင့်ဆီက လက်ထပ်ခွင့်ကို တောင်းတယ်၊ ဝင့်က ချွဲပြီး တို့ကို ကျလောက်အောင် ချော့တယ်၊ တစ်နှစ်ထပ်ပြီး သူ့ကို စောင့်ပါဦးတဲ့လေ"

"ဝင့်ကို သိပ်ချစ်နေတဲ့အချိန်ဆိုတော့ ဝင့်အလိုကို တို့လိုက်လျောခဲ့တယ်၊ အောင်မြင် နေတဲ့ တို့လဲ တို့ရဲ့ခရီးကို ကြိုးကြိုးစားစား ဆက်လျှောက်နေတယ်"

"တို့ခရီးတွေ မကြာခဏ ထွက်တယ်၊ ဝင့်နဲ့တွေ့ဆုံချိန်တွေ နည်းပါးလာတယ်၊ ဝင့် ကတော့ အားတာနဲ့ သန်လျင်ကို ရောက်ရောက်လာတယ်၊ ကိုတိုးကလဲ အမြဲလိုလို အိမ်မှာ ရှိနေတယ်၊ တို့နဲ့တွေ့တဲ့အချိန်ထက် ဝင့်ဟာ ကိုတိုးနဲ့တွေ့ရချိန်က ပိုများနေတာပေါ့"

"တို့မြစ်ကြီးနားမြို့ကို ခရီးထွက်သွားတာ နှစ်လလောက်ကြာတယ်၊ ဟိုမှာ စာအုပ် တစ်အုပ်ကို အပြီးရေးခဲ့တယ်၊ သန်လျင်ကို လွမ်းပေမယ့်၊ ဝင့်ကိုလွမ်းပေမယ့်၊ စာအုပ်ပြီးတဲ့ အထိ ဇွဲရှိရှိနဲ့ ရေးခဲ့တယ်၊ ဒီတစ်ခေါက် ဝင့်ကို လက်ထပ်ဖို့အရေးအတွက် မရမက စည်းရုံးမယ်လို့လဲ ဆုံးဖြတ်ခဲ့တယ်၊ အဲဒီ ဆုံးဖြတ်ချက်နဲ့အတူ သန်လျင်ကို ပြန်လာခဲ့တယ်"

"ကိုယ်နဲ့ ဝင့်သဇင်ရဲ့ အရေးကြီးဆုံးကဏ္ဍကိုရောက်လာပြီ၊ ဝေဖူး သေသေချာချာ နားထောင်ပါ"

"တို့ ခြံထဲကိုဝင်လာတော့ ကိုတိုးရဲ့ကားကို တွေ့ရတယ်၊ အဲဒီ တော့ ကိုတိုးရောက် နေပြီပေါ့၊ အတော်ပဲ ခရီးကပြန်အလာမှာ ကွဲကွာနေတဲ့ ညီနဲ့တွေ့ရမှာ ပျော်စရာကြီးပေါ့၊ ကိုတိုးကို သိပ်ချစ်တဲ့ ကိုဟာ ကိုတိုးနဲ့ ခွဲခွာခဲ့ရတော့ လွမ်းနေတယ်လေ"

"တိတ်ဆိတ်နေတဲ့ ဧည့်ခန်းကို တို့ဝင်ခဲ့တယ်၊ ဘယ်သူ့ကိုမှ မတွေ့ရဘူး၊ အမြဲတမ်း အသံလေး တစာစာနဲ့ရှိနေတဲ့ မေမေ့ရဲ့အသံကိုရော အရိပ်အယောင်ကိုပါ

Scanned by CamScanner

မတွေ့ရဘူး"

"ဒါနဲ့ ထူးဆန်းနေတဲ့အိမ်ရဲ့ အခြေအနေကို နားမလည်သလိုရှိပြီး စာကြည့်ခန်းဆီ ကို တို့ရောက်ခဲ့တယ်၊ အဲဒီ မှာ"

သူ့မျက်နှာက ချက်ချင်း ညှိုးကျခက်ထန်သွားသည်။ အသံတွေက ရုတ်တရက် ရပ် တန့်သွားသည်။

"ဘာဖြစ်လို့လဲ ကိုဦး"

"စာကြည့်ခန်းထဲက မြင်ကွင်းကို တို့တစ်သက်မေ့လို့ရမှာ မဟုတ်ဘူး၊ အဲဒီ အဖြစ်က တို့နှလုံးသားကို မွမွကြေအောင် နှိပ်စက်လိုက်တာပဲ"

ဝေဖူးငုံ ရင်တွေ တဆတ်ဆတ် ခုန်လာသည်။

မိုးမြင့်ဦး ဘာကို တွေ့ရှိလိုက်သည်ကို သိချင်စိတ် ပြင်းထန်နေသည်။

"ကိုဦး ဘာကိုတွေ့လိုက်ရလဲဟင်"

နာကျင်ထိခိုက်သော မျက်ဝန်းတွေနှင့် မိုးမြင့်ဦးက မိမိကို ကြည့်လာပါသည်။

"တို့ တွေ့လိုက်ရတာ က ကိုတိုးရဲ့ ရင်ခွင်ထဲမှာ တစ်ကိုယ်လုံးရောက်နေတဲ့ ဝင့်သဇင် ပေါ့"

"အို ..."

သူမနားကိုပင် သူမ မယုံနိုင်လောက်အောင် ဝေဖူးငုံ ခံစားလိုက်ရသည်။

"တို့ မျက်ဝန်းထဲမှာ ပြာပြီး မူးမေ့မတတ် ခံစားရတယ်၊ ရင်ထဲမှာ မိုးကြိုး အစင်း တစ်ရာ ပစ်လိုက်သလိုပဲ ခံစားရတယ်၊ လုံးဝမယုံနိုင်ဘူး"

"မင်း စဉ်းစားကြည့်လေ၊ တို့အချစ်ဆုံး မိန်းကလေးနဲ့ တို့ရဲ့ အချစ်ဆုံး ညီ"

Scanned by CamScanner

ဆိုနစ် အက်ကွဲသောအသံနှင့် ကြေကွဲစွာ မိုးမြင့်ဦးက ပြောသည်။ သူမနားကိုပင် သူမ မယုံနိုင်လောက်အောင် ဝေဖူးငုံ ခံစားလိုက်ရသည်။

"ကဲ .. ဝေဖူး မင်းတို့ကို စာနာ နားလည်နိုင်ပြီလား"

"အဲဒီ အဖြစ်က တကယ်ပဲလား ကိုဦးရယ်"

"တကယ်ပေါ့ ဝေဖူးရယ်၊ တကယ့်ကိုမှ တကယ်ပေါ့၊ တို့ရဲ့မျက်စိတွေ ဒီလောက် မမွဲ သေးပါဘူး"

"အဲဒီ အချိန်မှာ မေမေက အိမ်မှာမရှိဘူး၊ တို့လဲ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အိမ် က ထွက်ခဲ့တယ်၊ အဲဒီ မြင်ကွင်းကို ပြန်မြင်ယောင်တိုင်း တို့ရူးမတတ် ခံစားရတယ်"

"သူများတွေပြောသမျှ ကြားခဲ့သမျှ တို့မယုံခဲ့တာ အမှားကြီးမှားခဲ့တာပဲ"

"ဝင့်သဇင်ဟာ အလွန်ဖောက်ပြန်တတ်တဲ့ မိန်းကလေးပဲ၊ ဖောက်ပြန်စရာရှားလို့၊ တို့ ရဲ့ညီနဲ့မှ ဖောက်ပြန်ရသလားကွာ၊ ဒါလောက်ယုတ်မာလော်လိတဲ့ မိန်းကလေးကို တို့ ဘယ် လို ခွင့်လွှတ်ရမလဲ၊ ဘယ်လိုနားလည်ရမလဲ၊ ဝေဖူး မင်းနားလည်ရင် ပြောပြစမ်းပါ"

ပါးစပ်အဟောင်းသားဖြင့် မိုးမြင့်ဦးကို ကြည့်နေသည်။ ဝေဖူငုံ ဘယ်လိုဖြေရမလဲ၊ ကြေကွဲထိရှနေတဲ့လူတစ်ယောက်ကို ဝေဖူးငုံဘယ်လိုမှ အားပေးနှစ်သိမ့်နိုင်စွမ်း မရှိပါလား။

"တို့စိတ်ညစ်ညစ်နဲ့ ရှက်ကလဲရှက်ပြီး အိမ်ကို တော်တော်ကြာကြာကြီး မပြန်ဘဲနေ လိုက်တယ်၊ ဘာမှ မသိရာတဲ့မေမေ့ကို မသိသလိုပဲ နေစေလိုက်တယ်၊ ကိုတိုးက တို့အပေါ် မှာ ဘယ်လိုပဲ ရက်စက်ပေမယ့် တို့မျိုသိပ်နိုင်ခဲ့တယ်"

"မေမေ့ကို မပြောတာလဲ သူ့ကို စိတ်ထဲက ခွင့်သွားပေမယ့် တို့မမုန်းသေးလို့ပေါ့၊ မွေး စားသား ဆိုပေမယ့် မေမေက သူ့ကို သိပ်ချစ်တာပါ၊

Book Sharing

Scanned by CamScanner

တို့ကြောင့် သူ့ကို မုန်းသွားမှာ စိတ်နာ သွားမှာကို မလိုလားဘူးလေ"

"အချိန်အကြာကြီးနေပြီးမှ အိမ်ကို ပြန်လာတော့ မေမေတို့နဲ့အတူ မနေချင်လို့ အိမ်ခွဲ နေခဲ့တယ်၊ တို့ဘဝမှာ အနာကြီးနာခဲ့ရပြီးတဲ့နောက် အထီးကျန်နေရတဲ့ ဘဝကိုပဲ နှစ်သက် မိတော့တယ်"

"မေမေက အိမ်ခွဲသွားလို့ စိတ်မကောင်းဖြစ်နေသေးတယ်၊ ပထမ တို့ကိုစိတ်ဆိုးလို့ စကားတောင် မပြောဘဲနေသေးတယ်၊ တို့လဲ သူ့အရှိန်နဲ့သူ လွှတ်ထားလိုက်တယ်"

"ကိုဦးတို့အကြောင်း မသိဘဲ ဝေဖူး ဝင်ပြီး ဖွတ်ဖက်မိတဲ့အတွက် စိတ်မဆိုးပါနဲ့နော်"

"စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ဂင့်သဇင်ကို ဝေဖူးက သိပ်ပြီးသနားနေတာကိုတော့ တို့ ရင်ထဲမှာ မခံချင်ဘူး"

"အကြောင်းစုံမသိရသေးတော့ ဂင့်ကို ဝေဖူးက တကယ်သနားမိတယ်၊ ကိုဦးကို သိပ်ချစ်နေဆဲပါ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ တို့ဆီကို တောင်းပန်ပြီး ချဉ်းကပ်လာသေးတယ်၊ တို့သူ့ ကို ခွင့်လွှတ်လိုက်ပေမယ့် သူနဲ့ပြန်ဆက်သွယ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးလို့ ပြောခဲ့တယ်၊ တစ်ခါက ခင်ခဲ့ဖူးတဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ပဲ သူ့ကို သဘောထားလိုက်ပြီလေ"

"သူနဲ့ခွဲခွာပြီးတဲ့နောက်ပိုင်း အချစ်ဆိုတာကို တို့စိတ်မဝင်စားသလို၊ မိန်းမတွေကိုလဲ သိမ်းကျုံးပြီး နာကြည်းမုန်းတီးခဲ့တယ်"

"အခုတော့ အဲဒီ စိတ်တွေ ပြောင်းလဲသွားပါပြီ။ တို့ရဲ့ နှလုံးသားထဲမှာ အချစ်ဆိုတာ ဒုတိယအကြိမ် ပြန်လည်မွေးဖွားလာပြီလေ"

ဝေဖူးငုံကို တစ်ချက် စူးနစ်စွာကြည့်ပြီး မိုးမြင့်ဦးက ပြောသည်။

Scanned by CamScanner

သူ့ရင်ထဲမှာ ဘယ် သူ့ကြောင့် အချစ်တွေ ပြန်လည်မွေးဖွားလာသည်ဆိုတာကို ဝေဖူးငုံ သိလိုလှပါသည်။ မမေး ရဲ မမေးဝံ့၍ ဝေဖူးငုံ နှုတ်ဆိတ်နေလိုက်သည်။

"ကဲ အချိန်လဲ တော်တော်လင့်သွားပြီ၊ မိုးချုပ်နေပြီ ဝေဖူးကို တို့ပြန်လိုက်ပို့ပေးမယ်"

"ဝေဖူး ပြန်ရဲပါတယ်"

"ဟိုခြံဝထိ တို့လိုက်ပို့ပေးပါ့မယ်"

မိုးမြင့်ဦးနှင့်အတူ လျှောက်ခဲ့သည်။ လမ်းလျှောက်ရင်းက ဝေဖူးငုံ မေးလိုက်သည်။

"သူတို့နှစ်ယောက်က ခုကွဲနေကြတာ ဘာလို့လဲဟင် ..."

"အဲဒါတော့ တို့မသိဘူး၊ သိလဲမသိချင်ဘူး"

"ကိုတိုးကို ကိုဦး စိတ်ဆိုးနေတုန်းပဲလား"

"အခုတော့ အားလုံးကို နားလည်ခွင့်လွှတ်လိုက်ပါပြီ"

"ဒါပေမယ့် တို့ ညီအစ်ကိုနှစ်ယောက်ကြားမှာ ချစ်ခင်မှု လျော့နည်းသွားတာတော့ အမှန်ပဲ"

စကားတပြောပြောနှင့် လျှောက်လာခဲ့သည်မှာ ခြံဝသို့ပင် ရောက်ခဲ့သည်။

"ကဲ ... တို့ ပြန်တော့မယ်"

ဝေဖူးငုံကို နှုတ်ဆက်ပြီး ချာကနဲ ကျောခိုင်းပြီး မိုးမြင့်ဦးက ထွက်သွားသည်။ ဝေဖူးငုံ သူ့ကို မျက်စိတစ်ဆုံး ကြည့်နေပြီးမှ အိမ်ထဲသို့ ဝင်ခဲ့သည်။

အိမ်ပြန်ရောက်တော့ ဧည့်ခန်းတွင် ဒေါ်နီလာနှင့် ဝင့်သဇင်တို့ စကားပြောနေသည် ကို တွေ့ရသည်။ ဒေါ်နီလာက ဝေဖူးကိုမြင်သည်နှင့်

Scanned by CamScanner

လှမ်းမေးသည်။

"သားကြီးနဲ့ဝေဖူး စကားပြောနေတာလား"

"ဟုတ်ကဲ့"

"ဘာတွေများ ဒီလောက်အကြာကြီး ပြောနေကြတာလဲ"

"စာပေအကြောင်း ဆွေးနွေးနေတာပါ"

"ဖြစ်ရမယ် သားကြီးက စာအကြောင်း ပေအကြောင်း ပြောရရင် ထမင်းမေ့ ဟင်းမေ့ ပဲလေ"

ဒေါ်နီလာတို့နှင့် ခေတ္တ စကားပြောပြီး ဝေဖူးငုံက သူ့မအခန်းသို့ ပြန်ခဲ့သည်။ ဝင့်သ ဇင်ရဲ့ ရူးစမ်းသောအကြည့်များကို ခံယူရ၍ ရင်ထဲမှာ မအီမလည်ကြီးဖြစ်နေသည်။ ဝင့်သဇင် အပေါ် ခင်မင်ယုံကြည်မှု လျော့သွားတာ အမှန်။

*

Scanned by CamScanner

# အခန်း(၃၀)

အိပ်ရာပေါ်ရောက်တော့လည်း ဝေဖူးငုံအိပ်မပျော်နိုင်သေးပါ။ မိုးလွင်တိုးအကြောင်း တွေကို တွေးနေသည်။ မိုးလွင်တိုးသည် ကျေးဇူးရှင်အစ်ကိုပေါ်တွင် ဖောက်ပြန်ရက်စက်ခဲ့ သည်အပြစ်ကို မကျေမနပ်နိုင်အောင်ဖြစ်နေသည်။

သည်လို စိတ်ဓာတ်ညံ့ဖျင်းသောသူတစ်ယောက်ကို မိမိချစ်တဲ့မပြန်မိသည့်အတွက် ကျေနပ်အားရနေသည်။ မိုးမြင့်ဦးပြောပြသည့်အကြောင်းများကို မိုးလွင်တိုးအား ဝေဖူးငုံ ဘယ်တော့မှ ဖွင့်မပြောဖို့ စိတ်ကူးထားသည်။

*

နောက်တစ်နေ့ သန်လျင်မှ အပြန်လမ်းခရီးတွင် ဝင့်သဇင်က ဝေဖူးငုံကို မေးသည်။

"ဝေဖူးငုံနဲ့ ကိုဦးက သိပ်ပြီး ခင်ကြတယ်နော်"

"အင်း ... ကိုဦးက ခင်မင်စရာကောင်းတဲ့ လူတစ်ယောက်ပဲလေ"

"ဝင့်အပေါ်မှာတော့ သူ့ရဲ့အချစ်တွေတင် မဟုတ်ဘူး၊ ခင်မင်မှုပါ ပျောက်ဆုံးနေပြီ"

Scanned by CamScanner

"အဲဒီ အတွက် ဝင့် သိပ်ခံစားနေရလား"

"ခံစားနေရပါတယ် ဝေဖူး၊ သူ့ဆီက အချစ်တွေကိုဆုံးရှုံးလိုက်ရမှ ဝင့်ပိုပြီး အဲဒီ အချစ် တွေကို လိုချင်လာတယ်၊ မက်မောလာတယ်၊ ကိုဦးသာ ဝင့်ကို ပြန်ချစ်လာမယ်ဆိုရင်လေ ဝင့်ဟာ လောကမှာ အပျော်ဆုံးလူသားများ ဖြစ်နေမလားပဲ"

ဝင့်သဇင် တကယ်ပြောလိုက်မှန်း ဝေဖူးငုံသိပါသည်။ နှောင်း နှောင်တများနှင့်အတူ ရှိနေသော ဝင်သဇင်ကို ဝေဖူးငုံ တကယ်ပဲ စာနာသနားမိသည်။ ဒါပေမဲ့ သူ့ရဲ့ မိုက်ပြစ် ကြောင့် ခံစားရမှုကိုတော့ ဝေဖူးငုံ ဘယ်လိုမှ မကူညီနိုင်ပါ။

"ဝင့်အကြောင်းကို ကိုဦးက ဘာများ ပြောသေးလဲ"

ဝင့်သဇင်က မလုံမလဲနှင့်မေးသည်။ ဝေဖူးငုံကလည်း ဆက်လက်ပြီး မသိချင်ယောင် ဆောင်နေသည်။

"ဘာမှ မပြောပါဘူး၊ ဘာလို့လဲ ဝင့်"

"ဩော် ... ဝင့်အပေါ်မှာ သူ ဘာကြောင့် နာကြည်းနေတယ်ဆိုတာပေါ့"

"သူက ဘာကြောင့် နာကြည်းနေတာလဲဟင်"

ဝင့်သဇင် ဘာများပြောလေမည်လဲလို့ သိချင်၍ ဝေဖူးငုံက အစ်အောက်မေးသည်။

"အဲဒီ အကြောင်းတွေ ဝင့်ပြန်မပြောပြချင်ဘူး ဝေဖူးရယ်၊ ဝင့်ရင်ထဲမှာ အသစ်ပြန် ဖြစ်ပြီး ခံစားရလွန်းလို့ပါ၊ ဝင့် သိပ်မှားခဲ့ပါတယ်၊ အချစ်ဆိုတဲ့အရာကို ပေါ့ပျက်ပျက်လေးပဲ တွေးခဲ့လို့ ဝင့် အခုလိုမရှုမလှ ခံစားနေရတာ ပါ၊ စစ်မှန်တဲ့သစ္စာတရားရဲ့ ဒဏ်ခတ်တာကို ဝင့် ခံစားနေရပါပြီ"

ဝင့်သဇင်ကို စိတ်မသက်မသာနှင့် ဝေဖူးငုံကြည့်လိုက်သည်။

Book Sharing

Scanned by CamScanner

မိုးလွင်တိုးနှင့် သူမတို့ ရဲ့ ပြဿနာကို သိချင်လျက်နှင့် မမေးသာ၍ မမေးလိုက်ရပါ။

"ကိုဦးနဲ့ ထပ်တွေ့ဖို့ ဝင့် မကြိုးစားတော့ဘူး သိလား"

သည်တစ်ခါ ဝေဖူးငုံက မတိုက်တွန်းတော့ပါ။ မိုးမြင့်ဦးက စကားအကုန် သူမကို ပြောခဲ့ပြီပဲ။

"ဝေဖူးကြောင့် ဝင့်ရဲ့ဝေဒနာ တိုးခဲ့ရင် ဝေဖူးကို ခွင့်လွှတ်ပါနော်"

"ဝေဖူးမှာ ဘာမှအပြစ်မရှိပါဘူး၊ ဝင့်အပေါ်မှာ စေတနာထားပြီး ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သန်လျင်ကအပြန် ဝင့်သဇင်နှင့် ဝေဖူး လမ်းခွဲခဲ့ကြသည်။

*

ဝေဖူးငုံပြန်သွားပြီး မိုးမြင့်ဦးရဲ့ရင်မှာ ပေါ့ပါးစွာကျန်ရစ်သည်။ နက်ရှိုင်းမြတ်နိုးစွာ တွယ်တာမိသော မိန်းကလေးကို သူ့ရဲ့နှလုံးသားထဲက ခံစားချက်ကို အရင်းအတိုင်း ဖွင့် ပြောလိုက်ရ၍ ကျေနပ်နေသည်။

သူနှင့် ဝင့်သဇင် ဘယ်မျှထိ ကင်းရှင်းသည်ကို ဝေဖူးငုံအား သိစေလိုက်ပြီပဲ၊ ဝင့် သဇင်သည် သူ့ရဲ့ဘဝ ဘယ်နေရာမှာမှ ရှိမနေတော့ပါ။

သူ့နှလုံးသားထဲမှာ အချစ်ဆိုတာ ပြန်လည်ပေါ်ပေါက်နေပြီလို့ သူပြောခဲ့သည်။ ဖွင့်ပြီး တိတိလင်းလင်းဝေဖူးငုံအား ချစ်ရေးဆိုလိုလှသော်လည်း မိုးလွင်တိုးက ရှိနေသေး၍ ကိုယ်ရှိန်သတ်နေရသည်။ နှလုံးသား ခံစားချက်ကို မျိုသိပ်နေရသေးသည်။

မိုးလွင်တိုးသည် ဝေဖူးငုံအပေါ်တွင်

Scanned by CamScanner

နက်ရှိုင်းစွာတွယ်တာနေသည်ကိုလည်း သူသိ ပြီးနေပြီလေ။ ဝေဖူးငုံရဲ့ခံစားချက်ကိုသာ ပြည့်ဝစွာ သူမသိရသေးပါ။

ဂင့်သဇင်နှင့် မိုးလွင်တိုးတို့ရဲ့ ဖြစ်ပျက်ခဲ့သော အခြေအနေကို ဝေဖူးငုံကြားရပြီး သူမရင်ထဲမှာ ဘယ်လိုခံစားသွားရသည်ဆိုတာကို မိုးမြင့်ဦး သိချင်နေသည်။

သူ့ရဲ့ ရင်ဖွင့်စကားကြောင့် မိုးလွင်တိုးအပေါ်မှာ ဝေဖူးငုံရဲ့ သံယောဇဉ်တွေ လျော့ ပါး၊ ထိခိုက်မသွားပါစေနဲ့လို့သာ ဆုတောင်းနေမိသည်။

ဝေဖူးငုံထံသို့ မကြာခဏသွားဖို့ ဆုံးဖြတ်ထားသည်။

*

သန်လျှင်က ပြန်လာပြီးကတည်းက ဝေဖူးငုံနှင့် ဂင့်သဇင်တွေ့ဆုံမှု နည်းပါးသွား သည်။ မိုးလွင်တိုးကတော့ မကြာခဏဆိုသလို ဝေဖူးငုံဆီ ရောက်လာတတ်သည်။

မိုးမြင့်ဦးက မမျှော်လင့်ဘဲ သူမဆီရောက်လာသည်။ ဝေဖူးငုံမှာ ချစ်ရလွန်းသူကို မြင် ရစဉ်နိုက် ဂမ်းသာကြည်နူးမိသော်လည်း မပြေလည်သည့် အချစ်ရေးအတွက် စိတ်နွမ်းရပြန် သည်။

"အန်တီနီလာ နေကောင်းလား ကိုဦး"

"ကောင်းပါတယ် ဝေဖူး မလာလို့တောင် မေးနေသေးတယ်"

"ဝေဖူး မအားလို့ပါ ကိုဦးရယ်"

"အားတဲ့အခါ လာလည်လိုက်ပါဦး"

Scanned by CamScanner

"ဟုတ်ကဲ့"

ရွှန်းလက်စူးရှသောအကြည့်များနှင့် ရှိနေသော မိုးမြင့်ဦးကို ကြည့်ပြီး ဝေဖူးငုံရင်ထဲ မှာ နှလုံးခုန်သံတွေ ပြင်းထန်နေသည်။

"ဝေဖူးငုံ အခုအားလား၊ အားရင် တို့နဲ့ ရုပ်ရှင်လိုက်ကြည့်ပါလား"

"အားပါတယ် ... ကိုဦး ခဏစောင့်နော်"

ရေးလက်စ စာရွက်နှင့်ဘောလ်ပင်တို့ကို သိမ်းဆည်းလိုက်သည်။

"ကဲ ... ပြီးပြီ သွားကြစို့နော်"

ပြင်ဆင်ခြင်း အလျှဉ်းမရှိတဲ့ မျက်နှာပြောင်ပြောင်လေးက အရိုးခံအတိုင်း သန့်စင်ပြီး လှပနေသည်။ မျက်နှာဝင်းဝင်းလေးနှင့် ရွှန်းလက်သော မျက်ဝန်းတောက်တောက်လေးကို တစ်ရှိုက်မက်မက် မိုးမြင့်ဦးက ငေးနေမိသည်။

သည်မိန်းကလေးကို ချစ်ရလွန်းသည့်စိတ်ကြောင့် သူ့ရင်မှာ အတိုင်းအဆမဲ့စွာ ခုန် လိုက်နေသည်။ ဂင့်သဇင်ကြောင့် ခုန်ခဲ့ဖူးသော နှလုံးခုန်သံနှင့် လုံးဝမတူသော ရင်ခုန်ခြင်း ကို ခံစားနေရသည်။

ဝင့်သဇင်ကို သူတကယ်နှစ်နှစ်ကာကာ ချစ်ခဲ့သည်မဟုတ်၊ သာယာမိန်းမောနေခဲ့ ခြင်းပါလား ဆိုတာ ခုမှ သုံးသပ်မိသည်။

ဝေဖူငုံကို သူတကယ်ချစ်ပါသည်။ သည်အချစ်ကို ပွင့်လင်းစွာ ဖွင့်ဟချင်ပါသည်။ မိုးလွင်တိုးအပေါ်မှာ ဝေဖူးငုံ၏ သဘောထားကို တိတိကျကျသိပြီးမှ ချစ်ခွင့်ပန်ဖို့ စိတ်ကူး ထားသည်။

ကားမောင်းနေရင်းက မိုးမြင့်ဦးတွေးတောနေသည်။ သမ္မတရုံရောက်မှ သူ့အတွေး တွေကို ဖြတ်တောက်ပစ်လိုက်သည်။ ကားကို ပတ်ကင်ထိုးပြီး ကားပေါ်မှ နှစ်ဦးသားဆင်း ခဲ့သည်။ လက်မှတ်ကို မိုးမြင့်ဦးက ဝယ်သည်။

ရုပ်ရှင်ကြည့်နေစဉ် အချိန်အတွင်းမှာ မိုးမြင့်ဦးက ဝေဖူးငုံကို

Scanned by CamScanner

ဘာစကားမျှမဆို၊ ရုပ်ရှင်ထဲမှာလည်း စိတ်မရောက်၊ မှောင်လိုက်လင်းလိုက်ဖြစ်နေသော အလင်းရောက်အောက် မှာ ဝေဖူးငုံရဲ့မျက်နှာလေးကို ခိုးခိုးပြီး ကြည့်နေမိသည်။

ရုပ်ရှင်ကအပြီးမှာ အေးအေးဆေးဆေးရှိနေသော စားသောက်ဆိုင်ဆီသို့ ဝေဖူးငုံကို ခေါ်ခဲ့သည်။ စားသောက်ရင်း မိုးလွင်တိုးအပေါ် ဝေဖူးငုံရဲ့သဘောထားကို တီးခေါက်ကြည့် လိုက်သည်။

"ကိုတိုးတစ်ယောက် သန်လျင်ကို မရောက်တာကြာပြီတဲ့ ဝေဖူးဆီကိုရော ရောက် သေးလား"

"ဝေဖူးဆီကို အကြာကြီးနေမှ တစ်ခေါက်တစ်ခေါက် ရောက်လာတတ်တာပါ"

"တစ်မျိုးကြီးပဲနော်၊ ဝေဖူးနဲ့သူက သူစိမ်းဆန်လိုက်တာ"

"ကိုတိုးနဲ့ဝေဖူးက သိပ်ခင်တဲ့ မိတ်ဆွေတွေပဲဟာ သူစိမ်းပေါ့"

"ဪ ... မိတ်ဆွေအဆင့်မှာပဲ ရှိသေးတယ်ပေါ့"

"မိတ်ဆွေတွေပဲဟာ ကိုဦးက ဘယ်လိုများ တွေးထင်နေလို့လဲ"

ဝေဖူးငုံ၏ သဘောထားကို တိလင်းပြတ်သားစွာသိရပြီး မိုးမြင့်ဦး အရမ်းကို ဝမ်းသာ သွားသည်။ သူ့အတွက် မျှော်လင့်ချက် ရှိသေးသည် မဟုတ်လား။

"ဒါဆို ဝေဖူးမှာ ပိုင်ဆိုင်မယ့်သူ မရှိသေးဘူးဆိုတဲ့ သဘောပေါ့"

"ဘာလဲ ကိုဦးက ဝေဖူးငုံမှာ ပိုင်ဆိုင်မယ့်သူ ရှိနေပြီလို့ ထင်နေလို့လား"

"ဒါလောက်လှနေတဲ့ မိန်းကလေးများ ရှိနေပြီလို့ထင်တာ မလွန်ပါဘူးနော်"

သည်နေ့ မိုးမြင့်ဦးရဲ့ အကြည့်များ ခါတိုင်းထက်ပို၍ ထူးခြားနေသည်ကို

Scanned by CamScanner

ဝေဖူးငုံ သတိထားမိသည်။ ထိုအကြည့်များကြောင့် ရင်မှာ ခုန်လှိုက်မှုလည်း ပိုနေသည်။

ခုအချိန်မှာ ဝေဖူငုံအပေါ်မှာ ထားရှိနေသော သူ့ရဲ့သဘောထားကို ဖွင့်ပြောဖို့ မိုးမြင့် ဦး ဆုံးဖြတ်လိုက်သည်။

"အခု တို့ပြောမယ့်စကားကို ဝေဖူး သေသေချာချာ နားထောင်ပေးပါလို့ ပြောပါရစေ"

"ဘာများလဲ ကိုဦးရယ်"

မော့အကြည့် ရူးရှတောက်ပြောင်နေသော မျက်ဝန်းကို ဝေဖူးငုံ တွေ့ရှိလိုက်ရသည်။

"တို့ရဲ့အိပ်ပျော်နေခဲ့တဲ့ နှလုံးသားထဲမှာ အချစ်ဆိုတာ အခုမှ ပထမဦးဆုံးအကြိမ် ဖြစ်ပေါ် ပွင့်လန်းလာပြီဆိုရင် ဝေဖူးငုံ ယုံမလားဟင်"

ပြုံးလဲ့လဲ့ မျက်နှာနှင့် မိုးမြင့်ဦးကို ဝေဖူးငုံ ကြည့်လိုက်သည်။

"မယုံဘူး"

"ဘာလို့လဲ ဟင်"

"ဝင့်နဲ့ကိုဦး ချစ်ခဲ့သေးတာပဲ"

"ဟာ ... ဝင့်အပေါ်မှာ တို့ကစိတ်ဝင်စားပြီး သာယာခဲ့တာ အခုမှ အချစ်စစ်အချစ်မှန် ကို တို့တွေ့ရတယ်၊ အဲဒီ အချစ်အတွက်လဲ တို့သိပ်ကို ခံစားနေရတယ်"

မိုးမြင့်ဦး ဘယ်ကို စကားဦးတည်နေသည်ကို ဝေဖူးငုံသဘောပေါက်လာသည်။ ဒါ ကြောင့် ရင်ခုန်ခြင်းများစွာလည်း ဖြစ်ထွန်းနေသည်။

Book Sharing

Scanned by CamScanner

"ဝေဖူးကို မြင်မြင်ချင်း တို့စွဲလမ်းခဲ့တယ်၊ ပြီးတော့ ရင်မှာ နက်နက်ရှိုင်းရှိုင်းပဲ ချစ်ခဲ့ တယ်"

မိုးမြင့်ဦးက တည်ငြိမ်လေးနက်သော အသံနှင့် ချစ်စကား ဖွင့်ဟနေပါပြီ။ ဝေဖူးငုံ ရင်ထဲမှာ ကြည်နူးခြင်းဖြင့် လိုက်ဖြာနေသည်။ မိုးမြင့်ဦးအပေါ် သူမချစ်ခဲ့သည်က တစ်ဘက် သက် အချစ်မှ မဟုတ်တော့ဘဲလေ။

တူညီမျှတမှုရှိတဲ့ အချစ်ဖြစ်နေပြီပဲ။ ဒါပေမယ့် ဝေဖူးငုံ ချက်ချင်းကြီး ချစ်တုံ့မပြန် သေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဝေဖူးကို တို့ သိပ်ချစ်တယ်၊ ပြီးတော့ ဝေဖူးရဲ့ အချစ်ကိုလဲ တို့ပိုင်ဆိုင်ချင်တယ်"

မျှော်လင့်စောင့်စားစွာ ကြည့်နေသော အကြည့်ရှန်းလက်လက်ကို ရင်မှာ ခံစားမိ သည်။

"ဘယ်လိုလဲ ဝေဖူးရယ် တို့ဝမ်းသာရမှာလား"

"စဉ်းစားချိန်လေးတောင်း မပေးတော့ဘူးလား"

"အခုချက်ချင်း သိချင်ပေမယ့် ဝေဖူး စိတ်ချမ်းသာဖို့အတွက် တို့စဉ်းစားခွင့်ပေးပါ တယ်၊ နောက်တစ်ပတ် တို့လာတွေ့တဲ့အခါမှာ ဝမ်းသာရမယ့် စကားကိုပဲ ကြားချင်ပါတယ်"

"ကောင်းပါပြီ ကိုဦး၊ အဲဒီ အခါကျ ကိုဦး ဝမ်းသာရမယ့်စကားရှိနေမယ်လို့ ထင်ပါတယ်"

"ပြန်ချင်ပြီလား"

"ဟုတ်ကဲ့"

တိုက်ခန်းရှေ့အထိ မိုးမြင့်ဦးက လိုက်ပို့ပေးသည်။

Scanned by CamScanner

"ကိုဦး အိမ်ပေါ် တက်ပါဦးလား"

"မတတ်တော့ဘူး သွားမယ်"

မိုးမြင့်ဦးက နှုတ်ဆက်ပြီး ထွက်သွားသည်။ သူ့ကား ထွက်သွားသည်ကို ဝေဖူးငုံက လိုက်ကြည့်နေစဉ် သူမရပ်နေသည့်နေရာမှာ ကားတစ်စီး ထိုးဆိုက်လာသည်။

"ဟင် ... ကိုတိုးပါလား"

မျက်နှာထား တည်တည်ကြီးနှင့် မိုးလွင်တိုးကို တွေ့ရသည်။ မိုးမြင့်ဦးနှင့်ဝေဖူးငုံ အတူပြန်လာသည်ကို မိုးလွင်တိုးက တွေ့လိုက်သည်။ ဒါကြောင့် သူ့စိတ်ထဲမှာ မကြည် မလင် ဖြစ်နေသည်။ မနာလို မရှုဆိတ်တွေဖြင့် သူ့ရင်ပူလောင်နေသည်။

"ဩော် ... တော်သေးတာပေါ့ ကိုယ့်ကို မှတ်မိသား"

မိုးလွင်တိုးက ခနဲ့လိုက်သည်။ ထိုစကားကြောင့် ဝေဖူးငုံ ရင်ထဲမှာ ကသိကအောက် ကြီး ဖြစ်သွားသည်။ ဒါပေမယ့် သည်းခံလိုက်သည်။

ကားပေါ်ကဆင်းပြီး ဝေဖူးငုံနှင့်အတူ အပေါ်ထပ်သို့ မိုးလွင်တိုးက လိုက်ခဲ့သည်။ ညှိခန်းထဲကို ရောက်ကြပါပြီ။ ထွေးငယ်က ပြန်မရောက်သေး။

"ကိုဦးက ဘာလာလုပ်တာလဲ"

မိုးလွင်တိုးရဲ့အသံထဲမှာ မကျေနပ်မှုတွေ စွန်းထင်းနေသည်ကို သိသာစွာ သိနေရ သည်။

"လာလည်တာလေ"

ဘာမထိမျက်နှာလေးနှင့် ဝေဖူးက ဖြေလိုက်သည်။ မိုးမြင့်ဦးအပေါ်မှာ မနာလို မရှု ဆိတ်တွေ မိုးလွင်တိုးရင်ထဲမှာ ဆူပွက်နေသည်။ အစ်ကိုကိုချစ်သော်လည်း ဝေဖူးငုံနှင့် ပတ် သက်လာလျှင် သူ့သဘောထား

Scanned by CamScanner

မကြိုးနိုင်ပါ။ ဝေဖူးငုံကို သူကလွဲလျှင် ဘယ်သူမှ ပိုင်ဆိုင် တာကို လက်မခံနိုင်ပါ။

"သူက ဘာလို့ ဝေဖူးဆီကို ခဏခဏ လာလည်နေရတာ လဲ"

"ခဏခဏ လာမလည်ပါဘူး၊ လာလည်တော့ရော ဘယ်သူ့ကို ထိနိုက်နေလို့လဲ ကိုတိုး"

မျက်နှာထားတင်းတင်းနှင့် ဝေဖူးငုံက ပြန်မေးသည်။

"ကိုဦးက အချစ်ကို တန်ဖိုးမထားတတ်သလို ဘယ်မိန်းကလေးကိုမှလဲ စွဲစွဲမြဲမြဲ မရှိ ဘူး၊ တော်ကြာ ဝေဖူး ဒုက္ခရောက်မှာစိုးလို့"

"မနာလိုတာနဲ့ပဲ ကိုဦးမကောင်းကြောင်းတွေ ပြောဖြစ်နေပြီလား ကိုတိုး၊ တကယ် တော့ ကိုဦးက ကိုတိုးရဲ့ အစ်ကို မဟုတ်လား"

"ဟုတ်ပါတယ်၊ ဝေဖူး ဒုက္ခရောက်မှာ စိုးလို့ပါ"

"ကိုဦးက သဘောထားကြီးတဲ့သူပါ ကိုတိုး၊ ကောက်ကျစ်စဉ်းလဲတဲ့ အကြံအစည် သူ့ မှာ မရှိပါဘူး"

"သိလှချည်လား၊ ကိုဦးဘက်က ဝေဖူးအပြတ်ကို ရှေ့နေလိုက်နေတော့တာပဲ"

"ရှေ့နေလိုက်နေတာမဟုတ်ဘူး၊ သဘောထားပြည့်ဝသူကို ထောက်ခံနေတာ"

"ကိုဦးက ဘာတွေများ သဘောထား ပြည့်ဝနေလို့လဲ၊ ကိုဦးအကြောင်း ဝေဖူးက ဘယ်လောက်များ သိနေလို့လဲ"

သည်းခံနိုင်သည့်အတိုင်းအတာ ဝေဖူးငုံမှာ ကုန်သွားသည်။ မိုးမြင့်ဦးအပေါ် စော် ကားခြင်းက လွန်ကဲနေလေပြီ။ ထွက်လာသည့်ဒေါသကို ဝေဖူးငုံက မျိုသိပ်နိုင်စွမ်းမရှိတော့ ပါ။ မပြောဘူးလို့ ဆုံးဖြတ်ထားသော စကားကို ပြောလိုက်သည်။

Scanned by CamScanner

"ကိုဦး ဘယ်လောက် သဘောထားပြည့်ဝတယ် ဆိုတာကိုရော၊ ကိုတိုးနဲ့ ဝင့်သဇင် အကြောင်းကိုရော ဝေဖူး အကုန်သိပြီးပြီ"

"ဘာပြောတယ်"

အံ့ဩထိတ်လန့်သည့် မျက်ဝန်းအစုံ ဝေဖူးငုံဆီသို့ ထိကပ်လာသည်။

"ဝင့်သဇင်နဲ့ ကိုယ့်အကြောင်း ဟုတ်လား"

"ဟုတ်တယ် ကိုတိုးနဲ့ ဝင့်သဇင်တို့ ဖောက်ပြန်တဲ့အကြောင်း ဝေဖူး အားလုံးသိပြီးပြီ"

"ဟင် ... ဟုတ်လား"

မိုးလွင်တိုးရဲ့မျက်နှာက အရမ်းကို ဣန္ဒြေမဲ့စွာ ပျက်သွားသည်။ မျက်နှာကြီးကလည်း ရှက်စိတ်ကြောင့် နီရဲနေသည်။

"အဲဒီ ကိစ္စကိုရော ကိုတိုး ဘယ်လိုဖုံးကွယ်ချင်သေးလဲ"

မျက်နှာထား တည်တည်နှင့်ဝေဖူးငုံက ရဲရဲကြီး ကြည့်ပြီး မေးလိုက်သည်။ မိုးလွင်တိုး က အရမ်းကို မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။

"ဖြေပါဦး ကိုတိုး"

မိုးလွင်တိုးက ဝေဖူးငုံရဲ့မျက်နှာကို မကြည့်။ ရုပ်ပျက်ဆင်းပျက်ကို မျက်နှာက ပျက် နေသည်။ ဝေဖူးငုံက ဇွတ်ထပ်ပြီး မေးနေတော့ မဖြေဘဲ မနေသာတော့ပါ။

"သူက ကိုယ်နဲ့ ဝင့်သဇင်အကြောင်း မင်းကို ကုန်းတိုက်လိုက်ပြီပေါ့"

မကျေမနပ်လေသံနှင့်ပြောသည်။

"ကုန်းတိုက်တာမဟုတ်ပါဘူး၊ အဖြစ်မှန်ကို ပြောပြတာပါတဲ့"

မိုးမြင့်ဦးဘက်ကနေ မခံမရပ်နိုင်စွာ ခံစားရပြီး ဝေဖူးငုံက

Scanned by CamScanner

ပြောလိုက်သည်။

"တကယ်တော့ ကိုတိုးရော ဝင့်သဇင်ရော မကောင်းဘူး၊ အကြီးမားဆုံး လူမှုရေး ဖောက်ပြန်မှုကြီးကို လုပ်လိုက်တာပဲ၊ အဲလိုဖြစ်ပြီးတာတောင် ကိုဦးက ဘယ်လောက် သဘောထားကြီးလဲ၊ ကိုတိုးကိုဆက်ပြီး ချစ်ဆဲခင်ဆဲပဲ မဟုတ်လား"

"ဘယ်ကိုလဲ ဝေဖူး၊ မင်းက ကိုဦးရဲ့လူ လုံးလုံး ဖြစ်နေပြီပေါ့"

"အမှန်တရားဘက်က လိုက်တာပါ၊ ဘယ်သူ့ဘက်ဝါရယ်လို့ ဝေဖူးမှာ ပုဂ္ဂိုလ်စွဲမရှိဘူး"

"ကိုဦးတို့တကယ်တော်တယ်၊ မင်းကို ဘယ်လိုများ စည်းရုံးသိမ်းသွင်းလိုက်သလဲ"

"ကိုတိုးနော် ... အသားလွတ် ကိုဦးကို ပုတ်ခတ်မနေပါနဲ့"

"ဒီမှာ ဝေဖူး ကိုယ်နဲ့ ဝင့်သဇင်ဖြစ်ရတဲ့ကိစ္စမှာ ကိုယ့်ဘက်က အပြစ်ကင်းတယ်"

"အလို ... အစ်ကိုရဲ့ ချစ်သူတစ်ယောက်လုံးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားတာ အပြစ် ကင်းတာလား ကိုတိုး"

"ဝင့်သဇင်က သိပ်ပြီး လော်မာတယ်၊ ကိုဦးမရှိတဲ့အချိန်မှာ သိပ်ကို ပရောပရီလုပ် တယ်၊ ကိုယ်က ဘုရားလဲမဟုတ်ဘူး၊ နွားလဲမဟုတ်ဘူး၊ ဘယ်နှစ်ခါ ရှောင်နိုင်မှာလဲ"

"အဲဒီ ကိုဦးတွေ့လိုက်တဲ့အချိန်က ပထမဦးဆုံးအကြိမ် ကိုယ့်စိတ်တွေ လွတ်ထွက် သွားတာပါ၊ အဲဒီ နောက်ပိုင်း ကိုယ်ရော၊ ဝင့်သဇင်ရော မှားမှန်းသိတယ်၊ ကိုယ်နဲ့ဝင့်သဇင် လဲ အကြီးအကျယ်စကားများပြီး မိတ်ဆွေဘဝမှာတောင် မရှိတော့ပါဘူး"

ဒါကြောင့် ဝင့်သဇင်အကြောင်းပြောလေတိုင်း မိုးလွင်တိုး

Book Sharing

Scanned by CamScanner

မျက်နှာမကောင်း ဖြစ်နေ သည့်အကြောင်းရင်းကို ဝေဖူးငုံသိရတော့သည်။

"ဝင့်သဇင်က နောင်တရပြီး ကိုဦးကို တောင်းပန်တယ်၊ ဘယ်လိုကြီးပဲ ခယ တောင်း ပန်ပေမယ့် ကိုဦးက ခွင့်မလွှတ်ခဲ့ဘူး၊ ဝင့်သဇင်ကို လုံးဝပစ်ပယ်လိုက်တယ်"

"အဲဒါကို သူ့ရဲ့အဆိုးလို့ ကိုတိုးက ပြောချင်သေးလား၊ သူ မတရားဘူးလို့ စွပ်စွဲချင် သေးလား"

မခံချင်စိတ်ဖြင့် ဝေဖူးငုံက ရန်ထောင်လိုက်သည်။

"မစွပ်စွဲထိုက်ပါဘူး၊ ဒါပေမဲ့ အငြိုးကြီးတာကို ပြောချင်တာပါ"

"အဲဒါပေါ့ ... အချစ်ကြီးရင် အမျက်ကြီးတယ်ဆိုတာပေါ့။ သစ္စာရှိလွန်းတဲ့သူဟာ သစ္စာဖောက်ခံရရင် သိပ်ကိုနာကြည်းတတ်တာ သဘာဝပဲလေ"

"အဟင်း ... ဝေဖူးတို့က ကိုဦးအပေါ် အမှတ်တွေ တိုးပြီးရင်းတိုးနေပါလား၊ ရိုးမှ ရိုးရဲ့လား "

"အဲဒီ ကိစ္စက ကိုတိုးနဲ့ မဆိုင်ဘူးထင်တယ်"

မထိတရိ မျက်နှာလေးနှင့်ဝေဖူးငုံက ပြောလိုက်သည်။ မိုးလွင်တိုးရဲ့ မျက်နှာကြီး မည်းသွားသည်။

"ဆိုင်တာပေါ့ ဝေဖူး၊ မင်းကို ကိုယ်က သိပ်ချစ်နေရတဲ့သူပဲ"

"အဲဒါက ကိုတိုးရဲ့ဘက်ကပဲ"

"နေပါဦး ဝေဖူး၊ ကိုဦးပေါ်မှာ တိမ်းညွတ်နေပြီ မဟုတ်လား"

"အဲဒီ အဖြေက မတိကျသေးပေမယ့် ကိုဦးကတော့ တိမ်းညွတ်နေတာ အမှန်ပဲ"

Scanned by CamScanner

မိုးလွင်တိုးကို အမြင်ကပ်ကပ်နှင့် ဝေဖူးငုံက တမင်ပြောပစ်လိုက်သည်။ မိုးလွင်တိုး ရဲ့မျက်နှာကြီး ဒေါသဖြင့် နီရဲသွားသည်။

"ကိုဦးက မင်းကို ချစ်ရေးဆိုနေပြီလား ဝေဖူး"

လျှာခလုတ်တိုက်မိမတတ် မိုးလွင်တိုးက မေးသည်။

"ဟုတ်တယ် ... ဝေဖူးဆီက အဖြေကို တောင်းထားတယ်"

"တောက် ... မိုက်ရိုင်းလိုက်တာ၊ ဝေဖူးကို ကိုယ်သိပ်ချစ်တာ သူသိလျက်သားနဲ့ ကြံ ရက်တယ်"

"ဝေဖူးက ကိုတိုးနဲ့ ချစ်သေးတာမှ မဟုတ်တာဘဲ၊ ကိုတိုးကသာ အဖြေတောင်း ထားတာလေ၊ ဒါကြောင့် သူလဲအဖြေတောင်းတာ၊ အပြစ်ကျူးလွန်တာမှ မဟုတ်ဘဲ"

"ဝေဖူးကို ချစ်လို့ ချစ်ရေးဆိုတာ ဟုတ်မယ်မထင်ဘူး"

"ဒါဖြင့် ဘာလို့ ချစ်ရေးဆိုတာလဲ ပြောပါဦး"

"ကိုယ်က ဝေဖူးကို သိပ်ချစ်နေမှန်းသလို့ တမင်သက်သက် ဝေဖူးကို ချစ်ရေးဆိုတာ ကိုယ့်ကို တမင်နှောင့်ယှက်တာ၊ ပြီးတော့ ဝင့်သဇင်ကြောင့် မကျေလည်တဲ့ အကြွေးကို ကိုယ့်ကို ပြန်ဆပ်ခိုင်းလိုက်တာပဲ"

"အို ... မဟုတ်နိုင်တာ"

"ဟုတ်တယ် ... ကိုယ့်ကို လက်စားချေချင်လို့ ဝေဖူးကို သက်သက် ခုတုံးလုပ်လိုက် တာပဲ"

"ဟင့်အင်း လုံးဝမဟုတ်နိုင်ဘူး"

မိုးလွင်တိုးရဲ့ စကားကို အကြောက်အကန် ငြင်းပြီး ဝေဖူးငုံရဲ့ရင်ထဲမှာ ထိတ်လန့် တုန်လှုပ်သွားသည်။ မိုးလွင်တိုးပြောသလို မိုးမြင့်ဦးက လက်စားချေချင်၍

Scanned by CamScanner

မိမိကိုများ တည်ကြက်အဖြစ် အသုံးချလိုက်ပြီလား၊ သူမကို ချစ်သည်လို့ ဖွင့်ဟချစ်ရေးဆိုတာ ဟန် ဆောင်မှုပေလား။ ဒါကိုတော့ သေသေချာချာ လေ့လာဖို့လိုသည်။

တကယ်လို့ မိုးမြင့်ဦးက မိမိကို အသုံးချခြင်းဆိုပါက လုံးဝသည်းခံနေစရာမလို။ ညီ အစ်ကို နှစ်ယောက်လုံးနှင့် တစ်ဘဝစာ ပြတ်သားစွာ နေလိုက်ရုံသာ။

"ယောင်လို့များ ကိုဦးအပေါ် ညွတ်မသွားလေနဲ့ ဝေဖူးဘဝ ကံဆိုးပြီသာမှတ်"

မိုးလွင်တိုးက မိုးမြင့်ဦးအကြောင်း ကောင်းကောင်းကြီး အပုတ်ချပြီး ပြန်သွားသည်။ ဝေဖူးငုံ ရင်ထဲမှာ မရှင်းမလင်းကြီးနှင့် ရှုပ်ထွေးနောက်ကျိစွာ ဖြစ်ကျန်ရစ်ခဲ့လေသည်။

*

Scanned by CamScanner

အခန်း(၃၁)

မိုးမြင့်ဦးအပေါ် ချစ်စိတ်တွေက စီးဆင်းဆဲပါလေ။ ဆင်ခြင်တုံတရားနှင့် ဝေဖူးငုံ မိုး မြင့်ဦးကို ပွင့်လင်းစွာ မချစ်မိရန် ထိန်းချုပ်နေရသည်။

မိုးမြင့်ဦး ရောက်လာလျှင် ဘယ်လိုအဖြေမျိုး ပေးရမည်နည်း။ ရင်ထဲမှာ နက်ရှိုင်း မြတ်နိုးစွာ တွယ်တာမိသူကို မချစ်ဟန်ဆောင်ရမည့် ဒုက္ခသည်လည်း မသေးပါလား။

မိုးလွင်တိုးပြောသလို မိုးမြင့်ဦးသည် တမင်သက်သက် မိမိကို စားစာခံလုပ်ချင်၍ ချစ်ရေးဆိုတာဆိုလျှင် မိမိလောက် ကံဆိုးသည့်သူ ရှိဦးမလား။

ဖြားယောင်းမေတ္တာကို တုံ့ပြန်မိလျှင် အခက်ကြီး ခက်ရပေတော့မည်။

မိုးမြင့်ဦးက တကယ်မေတ္တာရှိ၍ ချစ်ခွင့်တောင်းခဲ့သည်ဆိုပါက သူ့အပေါ် သံသယ ဖြစ်ပြီး မချစ်ဝံ့၍ မတုံ့ပြန်မိလျှင် နှစ်ဦးစလုံး ချစ်ရည်မျှလျက် မဝေးကွာသင့်ဘဲ ဝေးကွာရပေ ဦးမည်။

ဝေခွဲစွာ တွေးမရသော စိတ်များနှင့် ဝေဖူးငုံ ပင်ပန်းနွမ်းနယ်နေသည်။ နောက်ဆုံးမှာ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနိုင်စွမ်းမရှိလို့ ထွေးငယ်ကို ဖွင့်ဟတိုင်ပင် ရတော့သည်။

*

Scanned by CamScanner

ထွေးငယ်က သေသေချာချာ လေးလေးနက်နက် နားထောင်သည်။ ပြီးမှ သူမကို ပွင့်လင်းစွာ မေးသည်။

"ငါ ရှင်းရှင်းမေးမယ်၊ နှင် မှန်မှန်ဖြေမလား ဝေဖူး ..."

"အင်း ..."

"နှင် ... ကိုဦးကို သိပ်ပြီး စွဲလမ်းနေတယ် မဟုတ်လား"

"ဟုတ်တယ်"

ကိုတိုးကို နှင် လုံးဝမချစ်ဘူး၊ ခင်ရုံခင်တယ်နော် ..."

"အင်း ..."

"ကိုဦးက နှင့်အပေါ် တကယ်ချစ်လား မချစ်လားဆိုတာ နှင် မဝေခွဲနိုင်သေးဘူးပေါ့"

"ဟုတ်တယ် ကိုတိုးစကားကြောင့် သူ့ကို ယုံစားရမှာ ငါကြောက်နေတယ်"

"ဒါဆို သူ့သဘောကို လေ့လာကြည့်ပါဦးလား၊ ချက်ချင်းကြီး အဖြေမပေးနဲ့ဦးလေ"

"ငါလဲ အဲလိုစဉ်းစားထားတယ်၊ ကိုဦးက ကျေနပ်ပါ့မလား မသိဘူး"

"နှင့်ကို တကယ်ချစ်ရင် သူစိတ်ရှည်ရှည်နဲ့ စောင့်ရမှာပေါ့"

"အင်း ... အဲဒါ ဟုတ်တယ်"

"ဒါဆို သူလာရင် ငါပြောလိုက်ဦးမယ်၊ စဉ်းစားနေတုန်းပဲလို့"

"အေး ... ပြောလိုက်"

ထွေးငယ်ရဲ့အကြံနှင့် မိမိရဲ့အကြံပူးပေါင်းပြီး အသင့်တော်ဆုံးစကားကို

Scanned by CamScanner

မိုးမြင့်ဦးအား ပြောဖို့ ဆုံးဖြတ်လိုက်သည်။

ချိန်းဆိုထားသည့်ရက်ချိန်းအတိုင်း မိုးမြင့်ဦးက ရောက်လာသည်။ တိုက်ခန်းဆီသို့ပဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ထွေးငယ်က အခန်းအောင်းပြီး ရှောင်ပေးသည်။ မိုးမြင့်ဦးရဲ့ ချောမွေ့တည်ကြည်တဲ့ မျက်နှာကိုမြင်ရခိုက် ချစ်စိတ်တွေကို မတားဆီးချင်လောက်အောင် ဝေဖူးငုံရဲ့ရင်ထဲမှာ ခံစား လိုက်ရသည်။

နောက်ခါ ဖြစ်ချင်ရာဖြစ် မိုးမြင့်ဦးရဲ့မေတ္တာကို တုံ့ပြန်လိုက်ချင်သည်။ ရူးရှူးရှန်းလက် သော မိုးမြင့်ဦးရဲ့ အကြည့်များကို ရင်သိမ့်ခုန်စွာ ခံယူလိုက်သည်။

"တို့အတွက် စိတ်ချမ်းသာမယ့်အဖြေ ရှိနှင့်နေပြီလား"

မိုးမြင့်ဦးက ထိုသို့ အပြုံးလဲ့လဲ့နှင့်မေးလာတော့ ဝေဖူးငုံ ဘာပြန်ပြောရမှန်း မသိပါ။ ငေးမောစွာ သတိလက်လွတ်နှင့် သူ့မျက်နှာကို ငေးကြည့်နေရာမှ၊ မိမိကိုယ်ကို သတိနှင့် ပြန်ထိမ်းလိုက်ရသည်။

"ဝေဖူးကို စဉ်းစားခွင့်လေး ထပ်ပေးပါဦး"

စူးစမ်းသောအကြည့်များ ဝေဖူးငုံရဲ့ မျက်နှာပေါ်မှာ ကျရောက်လာသည်။

"ဘာကြောင့်များ ဒီလောက်စဉ်းစားနေရတာ လဲ ဝေဖူး၊ တကယ်ချစ်လာရင် အဲလောက် စဉ်းစားစရာ မလိုဘူးလို့ တို့ထင်တယ်"

"နှလုံးသားတစ်ခုစီမှာ အဖြေရှာတာ ရက်တွေ လတွေ ချီပြီး အချိန်ပေးစရာမလိုဘူး လို့ ထင်တယ်"

မိုးမြင့်ဦး မကျေမနပ်ဖြစ်သွားသည်ကို ဝေဖူးငုံ သိပါသည်။ မိုးမြင့်ဦးရဲ့ ရင်ထဲမှာ စောင့်ဆိုင်းရတဲ့အတွက် မကျေမနပ်ဖြစ်ခြင်းမဟုတ်ဘဲ ဝေဖူးငုံသည် မိုးလွင်တိုးအပေါ်မှာ စိတ်ညွတ်နေ၍ သာ၊ သည်လိုပြောနေသည်လို့ ယူဆမိသည်။

"ဘာလဲ ဝေဖူး၊ တို့နဲ့ ကိုတိုး ယှဉ်ကြည့်လိုက်တော့ ကိုတိုးအပေါ်မှာ

Scanned by CamScanner

သံယောဇဉ်တွေ ပိုမိလို့လား၊ ဒါဆို တို့အေးချမ်းစွာနဲ့ နောက်ဆုတ်ပေးမယ်၊ ဒီ့အတွက် ဘယ်လိုမှ စိတ်ထဲ ကသိကအောက် ဖြစ်မနေပါနဲ့"

မိုးမြင့်ဦးက သည်လို အတိအလင်း နောက်ဆုတ်ပေးမည်ဆိုတော့ ဝေဖူးငုံစိတ်မှာ ထိတ်လန့်ပြီး ကသိကအောက် ဖြစ်သွားသည်။

မိုးမြင့်ဦးကို သူမသိပ်ချစ်ပါသည်။ မိုးမြင့်ဦးရဲ့ အခြေအနေကို အကဲခတ်ပြီး ချစ်တဲ့ ပြန်ဖို့ ဆုံးဖြတ်ပြီးသားပါ။ မိုးမြင့်ဦးက စိတ်ပျက်ပြီး လုံးဝနောက်ဆုတ်သွားမှာ သူမရဲ့ဘဝ ထဲက အပြီးအပိုင် ထွက်သွားမှာကိုတော့ မလိုလားပါ။

"ကိုတိုးနဲ့ယှဉ်ရင် တို့က ဒုတိယလူပဲ တို့သဘောပေါက်ပါတယ် ဝေဖူး"

ညိုးငယ်သော မျက်ဝန်းရိပ်များနှင့် မိုးမြင့်ဦးက ဆိုလာသည်။ ရင်ထဲနင့်အောင် ဝေဖူး ငုံ ခံစားလိုက်ရသည်။

"တို့ကို ဘာကြောင့် မချစ်နိုင်တာလဲ ဝေဖူးရယ်"

သိပ်ပြီး သိချင်နေသော စကားများကို မမျိုသိပ်နိုင်၍ ဝေဖူးငုံက ထုတ်အန်မေးသည်။

"ကိုဦး ဝေဖူးကို တကယ်ချစ်ရဲ့လားလို့ သံသယဖြစ်နေမိတယ်"

"ဘာပြောတယ် ဝေဖူး၊ တို့မေတ္တာအပေါ်မှာ မင်းသံသယဖြစ်နေတယ်ဟုတ်လား"

"ကိုတိုးက တစ်ချိန်က ကိုဦးချစ်တဲ့ ဂင့်သဇင်ကို ကိုဦးရင်ထဲက ဆွဲထုတ်ခဲ့တယ် မဟုတ်လား"

"အဲဒါနဲ့ ဘာဆိုင်လို့လဲကွာ"

စိတ်ရှုပ်နေသည့် မျက်နှာနှင့် မိုးမြင့်ဦးက ပြောသည်။

Scanned by CamScanner

"ခု ဝေဖူးကိုလဲ၊ ကိုတိုး စိတ်ညစ်အောင် ကိုတိုးကို နှောင့်ယှက် ဒုက္ခပေးတဲ့အနေနဲ့ ကိုဦး ချစ်ရေးဆိုနေတာလားလို့ တွေးမိတယ်"

"ဘာ ...."

မိုးမြင့်ဦးရဲ့ မျက်နှာက ဒေါသကြောင့် နီရဲတင်းမာသွားသည်။ ဝေဖူးငုံကို ဒေါသမျက် ဝန်း တောက်တောက်တွေနှင့် ကြည့်နေသည်။ မိုးမြင့်ဦး သိပ်ကို စိတ်ဆိုးသွားပြီပဲ။

"မင်း ငါ့ရဲ့မေတ္တာကို တကယ့်ကိုစော်ကားလိုက်တာပဲ၊ အဲ့လို လက်စားချေရလောက် အောင် ငါအောက်တန်းမကျသေးဘူး ဝေဖူးငုံ"

ဒေါသကြောင့် မိုးမြင့်ဦးရဲ့ အသံတွေက တုန်ယင်လှိုက်ခတ်နေသည်။ ဝေဖူးငုံရဲ့ ရင်ထဲမှာ ပြောမိသည့်စကားအတွက် စိတ်မကောင်းဖြစ်နေသည်။

"မင်းကို တို့ သိပ်ချစ်မြတ်နိုးလွန်းလို့ မင်းဆီက အချစ်ကို တောင်းခံခဲ့တာပါ၊ တို့ကို မတုံ့ပြန်နိုင်ရင်နေပါ တို့ရဲ့မေတ္တာကို မစော်ကားပါနဲ့"

"မဟုတ်ဘူး ကိုဦး ဝေဖူး ရှင်းပြပါရစေ"

"ရတယ် ဘာမှ မရှင်းပြနဲ့၊ မင်းနဲ့ကိုတိုး ပျော်ရွှင်စွာ လက်တွဲနိုင်ပါစေ"

"ကိုဦး နေပါဦး"

ဝေဖူးငုံ တားသော်လည်းမရ၊ အလွန်ကြေကွဲနေသောမျက်နှာနှင့် ဒေါသတွေ စွန်းထင်း နေသော မျက်နှာနှင့် မိုးမြင့်ဦး သူမအပါးက လျင်မြန်စွာ ထွက်ခွာသွားပါပြီ

ဝေဖူးငုံက ပြောမိသည့်စကားအတွက်၊ နောင်တရမဆုံးဖြစ်နေသည်။ ဝေဖူးငုံရင်ထဲ မှာ လှိုက်ပြီး ဝမ်းနည်းလာကာ ရှိုက်၍ ရှိုက်၍ ငိုလိုက်သည်။

"ဟင် ... ဝေဖူး ဘာဖြစ်လို့လဲ"

Scanned by CamScanner

ဝေဖူးငုံရဲ့ ငိုသံကြားပြီး ထွေးငယ်က အခန်းထဲထွက်လာပြီး စိုးရိမ်တကြီးနှင့်မေး သည်။

"ကိုဦး ငါ့ကို စိတ်ဆိုးသွားပြီ ထွေးငယ်၊ သူ့မေတ္တာကို ငါ စော်ကားလိုက်သလို ဖြစ် သွားပြီ"

"ဟင် ... နင်က ဘာတွေ ပြောလိုက်လို့လဲ"

"ကိုတိုး ပြောတဲ့စကားအတိုင်း သူ့ကို ငါက ကိုတိုးကို လက်စားချေချင်လို့ ငါ့ကို ချစ် ခွင့်ပန်တာလားလို့ မေးလိုက်တယ်"

"သေလိုက်ပါတော့ဟယ်၊ အဲ့လို ဖွင့်မေးရလား၊ သူ့ရဲ့အရိပ်အကဲကို လေ့လာပါလို့ နင့်ကို ပြောထားတာပဲ"

"အေးလေ၊ ငါလဲ ဆန္ဒ သိပ်စောသွားမိလို့ပါ"

"ခုတော့ သူ နင့်ကို သိပ်စိတ်ဆိုးသွားပြီ ထင်တယ်"

"အင်းပေါ့ ဒါပေမယ့် ထွေးငယ်ရယ်၊ သူ့ကို ငါသိပ်ချစ်တယ်၊ ငါ့ရင်ထဲမှာ သူ့ရဲ့ အချစ်ကို သံသယရှိနေပေမယ့် သူ့ကို သိပ်ချစ်နေပြီ"

"ဒီတော့ နင်ဘာလုပ်ချင်လဲ ပြောလေ"

"ဘာလုပ်ရမှန်းမသိဘူး၊ သူ့ကို အဖြေပေးရမှာလဲ ငါကြောက်နေတယ်"

"နင့်အဖြစ်ကလဲ ဦးနှောက်စားလိုက်တာ ဝေဖူးရယ်"

မျက်ရည်လည်ရွဲနှင့်ဖြစ်နေသော ဝေဖူးငုံကို ဘယ်လိုချွေးသိပ်ရမှန်းမသိပါ။ စိတ်ပျက် လက်ပျက်နှင့် ဝေဖူးငုံ ငိုရှိုက်နေသည်ကို ထွေးငယ်က ထိုင်ကြည့်နေသည်။

*

Scanned by CamScanner

## အခန်း(၃၂)

မိုးမြင့်ဦးက ဒေါ်သာ၊ ဝမ်းနည်းစိတ်များနှင့် ဝေဖူးငုံဆီက တစ်ဟုန်ထိုး ထွက်ခဲ့သည်။ သူ့ရဲ့မေတ္တာကို အထင်သေး၊ စော်ကားရက်သော ဝေဖူးငုံကိုလည်း မကျေမနပ်ဖြစ်နေသည်။

သူ့ရင်ထဲမှာ ဝေဖူးငုံနှင့် မိုးလွင်တိုးကို အကြီးအကျယ် အထင်မှားနေသည်။ ဝေဖူးငုံက မိုးလွင်တိုးကို ချစ်နေ၍ သာ မိမိရဲ့မေတ္တာကို စော်ကားအထင်သေးရက်သည်လို့ စွပ်စွဲမိသည်။

သန်လျင်သို့ ပြန်သွားသည်။ မိခင်ဒေါ်နီလာဆီသို့ တန်းတန်းမတ်မတ် သွားသည်။ ဒေါ်နီလာက သားရဲ့ညှိုးငယ်နေတဲ့ မျက်နှာကိုမြင်ပြီး ဖွင့်မေးတော့သည်။

"သားကြီး ဘာတွေဖြစ်နေတာလဲ၊ သားမျက်နှာ အဲဒီ လောက် ပျက်ပြီး ညှိုးနွမ်းနေတာ မေမေတစ်ခါမှ မမြင်ဖူးဘူး"

"အချစ်ရေးနှင့်ပတ်သက်ရင် ကျွန်တော် သိပ်ကံမွဲတယ် မေမေ"

တစ်ခါမှ ရင်မဖွင့်ဖူးသော မိုးမြင့်ဦး၊ မိခင်ရှေ့မှာ ကလေးငယ်တစ်ယောက်လို ရင်ဖွင့် လိုက်သည်။

"ဝင့်နဲ့ အဆင်မပြေ ဖြစ်လာကြပြီလား"

"မဟုတ်ဘူး မေမေ၊ ဝင့်သဇင်နဲ့သား ကြာလှပြီ ပြတ်ခဲ့တာ၊ သူ့ကို သားမချစ်ခဲ့ပါဘူး၊ စိတ်ဝင်စားခဲ့တာပဲ ရှိတယ်"

Book Sharing

Scanned by CamScanner

"ဟင် ... တစ်မျိုးကြီးပါလား"

"ဟုတ်တယ် မေမေ၊ ကျွန်တော့်ရဲ့ဘဝထဲမှာ သူမရှိခဲ့တာကြာပြီ၊ အခု သားစိတ်ဆင်းရဲ နေရတာ ဝေဖူးငုံကြောင့်"

"အလိုတော်"

ဒေါ်နီလာက သူ့နားကိုပင် သူမယုံနိုင်လောက်အောင်ဖြစ်နေသည်။ မိုးမြင့်ဦးကို ပြူးဝိုင်း သော မျက်လုံးတွေနှင့် ကြည့်နေသည်။

"ဝေဖူးငုံက သားငယ် ချစ်မြတ်နိုးနေတဲ့ မိန်းကလေး မဟုတ်လား"

"ဟုတ်တယ် မေမေ၊ ကိုတိုး သိပ်ချစ်နေတဲ့ မိန်းကလေးပါ၊ အဲဒီ မိန်းကလေးကိုမှ ကျွန် တော်က အရူးအမူး ချစ်နေမိတယ် မေမေရယ်"

"ဒုက္ခပါပဲ သားကြီးရယ်"

စိတ်ထိခိုက်စွာနှင့် သားရဲ့ကြေကွဲမှုကို ဒေါ်နီလာက ကြည့်နေသည်။

"အဲဒီ မိန်းကလေးက ကျွန်တော့်ကို မချစ်ရုံတင်မကဘူး၊ ကျွန်တော့်ရဲ့ မေတ္တာကို အထင်သေးတယ်၊ စော်ကားလိုက်တယ် မေမေ"

ဝင့်သဇင်နှင့်ပတ်သက်ပြီး အံ့ပုန်းသမား ဖြစ်ခဲ့သလောက် ဝေဖူးငုံနှင့်ကမှ မိခင်ရဲ့ ခြေရင်းမှာ ကလေးတစ်ယောက်လို ခံစားမှုတွေ ဖွင့်အန်နေသည်။

"ကိုတိုးသိပ်ချစ်နေတဲ့ မိန်းကလေးမှန်း သိသိကြီးနဲ့ ကျွန်တော် ဝေဖူးကို သိပ်ချစ်ခဲ့ တယ် မေမေ၊ ဘယ်လိုမှ မျိုသိပ်မထားနိုင်လို့ သား သူ့ကို ဖွင့်ပြောခဲ့တယ်"

"ဒါပေမယ့် မေမေရယ်၊ သူ သိပ်ရက်စက်တယ်၊ ကျွန်တော့်ကို ပြန်မချစ်ရင်နေပါ၊ ကျွန် တော့်ရဲ့မေတ္တာကို သူ စော်ကားလွှတ်လိုက်တယ်၊ ကျွန်တော် ရင်နာလိုက်တာဗျာ"

Scanned by CamScanner

သားရဲ့ နာကျင်ထိရှမှုကိုကြည့်ပြီး ဒေါ်နီလာ မျက်ရည်ဝိုင်းရပါပြီ။

"အင်း ... သားတို့ ညီအစ်ကိုနှစ်ယောက်အဖြစ်က ဆိုးလိုက်တာ၊ မိန်းကလေး တစ် ယောက်ကို နှစ်ယောက်လုံး အရူးအမူး ချစ်နေကြတာကိုး"

"ဟုတ်တယ် မေမေ၊ ဝေဖူးကိုချစ်ခဲ့တာ ကျွန်တော့်အမှား၊ ကျွန်တော့်ရဲ့ မိုက်မဲမှုပါပဲ မေမေရယ်"

"ကိုတိုးရော အဲဒီ အကြောင်း သိလား"

"မပြောတတ်ဘူး မေမေ၊ ဝေဖူးငုံက သူ့ လူကိုပြောရင် ပြောပြမှာပေ့ါ"

"နေပါဦး သား၊ ဝေဖူးနဲ့ ကိုတိုး ပြေလည်သွားပြီလား"

"ပြေလည်နေပြီ ထင်ပါတယ်"

"ဟုတ်ရဲ့လား"

"မေမေ ကျွန်တော်ခရီးထွက်ဦးမယ် ကျွန်တော် ဒီမှာနေရတာ မွန်းကျပ်ပြီး ရူးသွားနိုင် တယ် ဘယ်လောက်ထိ ကြာကြာ ခရီးထွက်မယ်ဆိုတာ မပြောနိုင်သေးဘူး"

"ဘယ်ကိုသွားမှာလဲ သား"

"ခြေဦးတည့်ရာပါ စိတ်မပူပါနဲ့၊ မေမေ့ဆီကို ကျွန်တော် ဘယ်မှာရှိတယ်ဆိုတာ စာရေး လိုက်ပါ့မယ်"

တားမရသော သားကို မျက်ရည်တွေ ဝေ့သီစွာနှင့်ကြည့်ရင်း ဒေါ်နီလာကျန်ရစ်ခဲ့ သည်။

မိုးမြင့်ဦးက အဝတ်အစားတွေကိုထည့်ပြီး အမြန်ဆုံး သန်လျင်ကထွက်သည်။

ကျန်ရစ်ခဲ့သော ဝေဖူးငုံမှာလည်း မိုးမြင့်ဦးရှိရာ သန်လျင်သို့ လိုက်သွားရ

Scanned by CamScanner

ကောင်း မလား၊ သည်အတိုင်း စိတ်တည်ငြိမ်သည်အထိ စောင့်ဆိုင်းရကောင်းမလား ဝေခွဲမရအောင် ရှိနေသည်။

မိုးလွင်တိုးက သူမဆီကို တစ်ခေါက် ရောက်လာသေးသည်။ မိုးလွင်တိုး ဝင်နှောက်၍ သူမစိတ်တွေ တွေဝေခဲ့ရသည်မို့ မိုးလွင်တိုးကိုလည်း စိတ်ဆိုးနေသည်။

မိုးလွင်တိုးကိုတွေ့တော့ ဝေဖူးငုံ ဒေါသနှင့် ရင်ဆိုင်လိုက်သည်။

"ကဲ ... ဘာ ပြဿနာလုပ်မလို ရောက်လာပြန်ပြီလဲ ကိုတိုး"

"ဟာ ... ဘယ်လိုပြောလိုက်တာလဲ ဝေဖူး"

"ဒီမှာ ကိုမိုးလွင်တိုး ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ ရှင်က သစ္စာမရှိ၊ သိက္ခာမရှိတဲ့ ယောကျ်ား၊ ရှင့်ကြောင့် ကိုဦးက ဒုက္ခရောက်ပြီးရင်း ရောက်နေရပြီသိလား"

"ဝေဖူးရယ် ... ဘယ်လိုလဲကွာ၊ အသားလွတ်ကြီး ကိုယ့်ကိုပြောတာ ရက်စက်လှ ချည်လား"

"ဒီမှာ ရှင်သက်သက် ကိုဦးနဲ့ကျွန်မကြားကို ခြေထိုးခဲ့တာ၊ ကိုဦးအပေါ်ကျွန်မ သံသယ ဖြစ်အောင် ရှင်တမင်ပြောခဲ့တာ မဟုတ်လား"

"အခုထိ မင်းက ကိုဦးကို ယုံနေတုန်းပဲလား"

"ခုမှ ပိုယုံသွားပြီ၊ ကိုဦး ကျွန်မကို တကယ်ချစ်တာ သိလား"

"ကိုယ့်ကို လက်စားချေချင်လို့ မင်းကို အသုံးချနေတာပါ ဝေဖူးရယ်"

ဝေဖူးငုံ အရမ်းဒေါသဖြစ်သွားသည်။ နီရဲနေသော မျက်နှာလေးနှင့် မိုးလွင်တိုးကိုကြည့် ပြီး ရန်တွေ့လိုက်သည်။

"ဒီမှာ ရှင့်ရဲ့အတွေးအခေါ်က အောက်တန်းကျလှချည်လား ကိုမိုးလွင်တိုး၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ ရှင့် မျက်နှာကိုလဲ မကြည့်ချင်ဘူး၊ ခု

Scanned by CamScanner

ထွက်သွားပါ"

"ကိုယ့်အပေါ် နင့်သီးလှချည်လား ဝေဖူးရယ်"

"ကိုဦးကို ချစ်သလောက် ရှင့်ကို ကျွန်မ မုန်းတယ်"

"ဟား ..."

ပါးစပ်အဟောင်းသားနှင့် မိုးလွင်တိုးက ဝေဖူးငုံကို ကြည့်နေမိသည်။ အဆုံးရှုံးကြီး ဆုံးရှုံးလိုက်ရပြီဆိုတာ သိလိုက်ရပြီ။ သူ့ရင်မှာ နုံးချိစွာ ခံစားလိုက်ရသည်။

"တကယ်ပဲ မင်း ကိုဦးကို ချစ်နေပြီလား ဝေဖူးရယ်"

အက်ကွဲနေသော အသံနှင့် မိုးလွင်တိုးက ကြေကြေကွဲကွဲမေးသည်။

"ဟုတ်တယ် ကိုဦးကို သိပ်ချစ်တယ်၊ အဲဒီ အကြောင်းကိုလဲ အားလုံးသိအောင် ကြေ ညာလိုက်ဦးမယ် သိလား"

တစ်သက်နှင့်တစ်ကိုယ် နက်ရှိုင်းမြတ်နိုးတွယ်တာမိသော မိန်းကလေးကို ထာဝရဆုံး ရှုံးလက်လွှတ်လိုက်ရပြီ။ တကယ်ချစ်တတ်လာမှ တကယ်ကြေကွဲရပြီပေါ့။

မိုးလွင်တိုး ယူကျုံးမရစွာ ခံစားနေရသည်။ သူနှင့် ဝင့်သဇင်ကြောင့် မိုးမြင့်ဦး ထိခိုက် ခံစားခဲ့ရမှုများ ခုတော့ ကောင်းကောင်းကြီး ဝင်္ဂလည်နေပါပြီ။

ပြန်လည်ပေးဆပ်ရသော ပမာဏသည် အသည်းနှလုံးတစ်ခုလုံး မွမွကြေသည့် အထိ ပါလား၊ အချစ်ရဆုံး၊ အမြတ်နိုးဆုံး၊ အတွယ်တာရဆုံး မိန်းကလေးကို မိုးလွင်တိုး တစ်သက် စာ ဆုံးရှုံးလိုက်ရပြီပဲ။

"ရှင်ပြန်ပါတော့၊ ရှင့်ကိုကြည့်ရတာ ကျွန်မရင်တွေ ပူလောင်လွန်းလို့ပါ"

မျက်ရည်တွေ ဝေ့နေသော မျက်ဝန်းများနှင့် ဝေဖူငုံကို တစ်ချက်

Scanned by CamScanner

ကြေကွဲစွာကြည့်ပြီး ချာခနဲ မိုးလွင်တိုး လှည့်ထွက်ခဲ့ပါသည်။

ဒေါသကြောင့် ဝေဖူးငုံ မျက်ရည် ကျရပြန်ပြီပေါ့။

*

Book Sharing

Scanned by CamScanner

# အခန်း(၃၃)

တငေးငေးတဝိုင်ဝိုင်နှင့် မရွှင်မပျရှိသော ဝေဖူးငုံကိုကြည့်ပြီး ထွေးငယ်ပါ စိတ်မသက် မသာ ခံစားနေရသည်။

"နင် ဘာလုပ်မလဲ ဝေဖူး"

"သန်လျင်ကို လိုက်သွားရင် ကောင်းမလား စိတ်ကူးနေတယ်"

"ကိုဦးဆီကိုသွားပြီး လက်နက်ချ တောင်းပန်မယ်ပေါ့"

"အင်းလေ သူ့ကို ငါသိပ်ချစ်နေမိပြီပဲ၊ အဲဒီ အချစ်ကြောင့် အရာရာကို ငါသတ္တိရှိရှိ ရင် ဆိုင်လိုက်မယ်"

"တကယ်လို့ သူက နင့်ကို သက်သက် ခုတုံးလုပ်တာဆိုရင်ကော"

"အဲလိုဆိုလဲ ငါအသည်းကွဲခံလိုက်မယ်၊ ဖြစ်လာတဲ့ဒုက္ခကို လည်စင်းပြီးခံလိုက်မယ် လေ"

အချစ်သည် လူတစ်ယောက်ရဲ့စိတ်ဓာတ်ကို ပြောင်းလဲပေးနိုင်သလို ခွန်အားလည်း ပေးနိုင်ပါလား။

"ဒီနေ့ပဲ သန်လျင်ကို ငါလိုက်သွားမယ်"

"တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

ဝေဖူးငုံက လိုင်းကားဖြင့် သန်လျင်သို့ထွက်ခဲ့သည်။ ချစ်ရလွန်းသူနှင့်

Scanned by CamScanner

တွေ့ရတော့မှာ မို့ ရင်မှာ အတိုင်းအဆမဲ့စွာ ခုန်နေသည်။

ဒေါ်နီလာနှင့် တွေ့ပါပြီ။ မျက်နှာမသာမယာနှင့်ရှိနေသော ဒေါ်နီလာကို ဝေဖူးငုံ နှုတ် ဆက်လိုက်သည်။ ဝေဖူးငုံ ရောက်လာသည်ကို ဒေါ်နီလာက အံ့ဩနေပုံရသည်။

"အန်တီနီလာ နေကောင်းရဲ့လား"

"လူကတော့ ကောင်းပါရဲ့၊ စိတ်မကောင်းနိုင်ဘူးကွယ်"

"ဘာဖြစ်လို့လဲ အန်တီရယ်"

"သားကြီးကြောင့်ပေ့ါ"

"ရှင် ... ကိုဦးကြောင့် ဟုတ်လား"

မျက်လုံးလေးပြူးဝိုင်းပြီး အထိတ်တလန့်နှင့် ဝေဖူးငုံက ပြန်မေးလိုက်သည်။

"ကိုဦး ဘာဖြစ်လို့လဲဟင် ..."

"ဝေဖူးကြောင့် ကိုဦး သိပ်ခံစားနေရတယ်ကွယ်"

"ရှင် ..."

ရှက်မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

"သမီးတို့ကိစ္စကို သားကြီးပြောပြလို့ အန်တီသိပြီးပါပြီကွယ်၊ သားကြီး သိပ်ခံစား နေရတာ ကိုလဲ အန်တီသိတယ်၊ တစ်ခါမှ သူ ဒီလိုမဖြစ်ဖူးဘူး၊ ဝင့်နဲ့တုန်းကတောင် ဒီလို မဖြစ်ခဲ့ပါဘူးကွယ်"

"ခု ... ဝေဖူး ကိုဦးနဲ့ တွေ့ချင်ပါတယ် ဒါကြောင့် ဝေဖူး လိုက်လာတာပါ"

"သားကြီးကို ဘယ်မှာ သွားတွေ့မှာလဲကွယ်"

Scanned by CamScanner

"သူ အိမ်မှာရှိတယ်မဟုတ်လား အန်တီ"

အလောတကြီးနှင့် ဝေဖူးငုံက မေးသည်။ ညှိုးကျမှိုင်းဝေသော မျက်ဝန်းများနှင့် ဒေါ်နီလာက ဝေဖူးငုံကို ကြည့်နေသည်။

"သားကြီး သူ့ အိမ်မှာမရှိဘူး၊ ဘယ်ကိုသွားမယ်ဆိုတာ အန်တီလဲ မပြောတတ်ပါဘူး ကွယ်"

"ရှင် ..."

အားခဲလာသမျှ ရင်ထဲမှာ ဟာဆင်းသွားအောင် ခံစားလိုက်ရသည်။

"ကိုဦးထွက်သွားပြီ ဟုတ်လား၊ ဘယ်ကို သွားတယ်ဆိုတာ အန်တီတကယ်မသိဘူး လားဟင် ..."

ဒေါ်နီလာရဲ့လက်ကို အတင်းဆုပ်ကိုင်ပြီး ဝေဖူးငုံက ငိုသံလေးနှင့် မေးသည်။

"တကယ် မသိပါဘူးကွယ်"

ဒေါ်နီလာရဲ့ ရင်ခွင်ထဲသို့ ဦးခေါင်းကိုတိုးဝှေ့ပြီး ဗလုံးဗထွေးငိုရှိုက်ကာ ဝေဖူးငုံက ပြောသည်။

"ကိုဦးကို ဝေဖူး စော်ကားမိခဲ့တယ်၊ သူ ဝေဖူငုံကို သိပ်မုန်းသွားပြီထင်တယ် အန်တီ ရယ်"

"သမီးကို သူ မမုန်းပါဘူး၊ သမီးကို သိပ်ချစ်လို့ သူ သိပ်ရင်နာခဲ့ရတာ ပါကွယ်"

"ဝေဖူးလေ သူ့ကို သိပ်ချစ်ပါတယ် အန်တီရယ်၊ ကြောက်ကန်ကန်ပြီး ပြောလိုက်တဲ့ စကားက သူ့ကို စော်ကားသလိုဖြစ်သွားပြီ"

ကလေးငယ်တစ်ယောက်လို အူလှိုင်သည်းလှိုက် ဝေဖူးငုံ

Scanned by CamScanner

ရှိုက်ငိုနေပါသည်။

"သူ့ကို ဘယ်သွားရှာရမလဲ မသိဘူး၊ ဝေဖူးလေ ကိုဦးကို သနားလိုက်တာ၊ အရမ်းလဲ ချစ်ရပါတယ် အန်တီရယ်"

"အင်း ...တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြလျက်နဲ့ အထင်လွဲနေကြတာကိုး"

ခေါင်းတညိတ်ညိတ်နှင့် ဒေါ်နီလာက ညည်းညူနေသည်။

"သားကြီးအန်တီ့ဆီကို ဆက်သွယ်မှာပါကွယ်၊ အဲဒီ ကျရင် ဝေဖူးလာသွားတဲ့အကြောင်း သားကြီးကို ပြောပြလိုက်မယ်နော်"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်နီလာကို နှုတ်ဆက်ပြီး ဝေဖူးငုံရန်ကုန်သို့ ပြန်လာသည်။ ကြေကွဲယူကျုံးမရ သော နှလုံးသားတွေကို ပိုက်ထွေးပြီး ပြန်ခဲ့ပါသည်။

*

Scanned by CamScanner

## အခန်း(၃၄)

မိုးမြင့်ဦးက စိတ်ညစ်ညစ်နှင့် ခြေဦးတည့်ရာ ခရီးထွက်ခဲ့သည်။ ဝေဖူးငုံက သူ့ရဲ့ မေတ္တာကို စော်ကားလိုက်ပေမယ့် မုန်းမေ့နာကြည်းမရအောင် ရှိနေသည်။

ဂင့်သဇင်နှင့် ကွဲကွာစဉ်တုန်းက ရှက်ရွံ့နာကြည်းမိသည့် ခံစားမှုနှင့်မတူ။ သည် တစ် ခါက သူ့နှလုံးသားကို မွမွကြေအောင် နာကျင်ထိရှစေသည်ပဲ။

သူတစ်သာမျှ ဝေဖူးငုံတစ်ယောက်ကိုသာ စွဲစွဲမြဲမြဲ မြတ်နိုးတွယ်တာခဲ့သည်။ သည် စိတ်ကြောင့် သူ့ရင်မှာ နက်ရှိုင်းစွာ ထိနိုက်ခံစားနေရသည်။

တစ်လလောက်ကြာသွားသည့်အခါမှ စိတ်တည်ငြိမ်မှုရသော်လည်း ရင်မှာ နာကျင် နေဆဲပါ။ စိတ်ပူနေရှာမယ့် မိခင်ကြီးထံသို့ သူဘယ်မှာရှိနေသည်ကို စာရေးလိုက်သည်။

သူတို့နေသည့်နေရာကို မိခင်မှလွဲ၍ ဘယ်သူကိုမှ မသိပါစေနဲ့လို့လည်း ရေးသားမှာ တမ်းခြွေလိုက်သည်။

*

Book Sharing

Scanned by CamScanner

သားထံမှစာကိုရတော့ ဒေါ်နီလာ အရမ်းဝမ်းသာသွားသည်။ ထိုအချိန်မှာ မိုးလွင်တိုး ကလည်း သန်လျှင်ရောက်နေသည်။

"သားလေးရေ ... မင်းအစ်ကိုဆီက စာကွယ့်၊ သူဘယ်မှာရှိတယ်ဆိုတာ မေမေသိ ရပြီ"

"ဟုတ်လား၊ ဒါဆို ဝေဖူးကို သွားပြောရမယ် မေမေ"

သားငယ်ကို သနားကရုဏာမျက်ဝန်းများနဲ့ ဒေါ်နီလာက ကြည့်နေသည်။

"သားငယ်ကို အားတော့နာတယ်၊ သားကြီးနဲ့ ဝေဖူးအကြောင်း သားငယ် သိပြီးပြီ လား"

"သိပြီးပါပြီ မေမေ၊ တစ်ချိန်က သား ဝေဖူးကို သိပ်မြတ်နိုးခဲ့ပါတယ်၊ အခုတော့ ကိုဦး နဲ့ သူတို့ မေတ္တာမျှနေကြပြီမို့ သားစိတ်တွေ ပြောင်းလဲလိုက်ပါပြီ၊ ဝေဖူးကို ညီမလေး တစ်ယောက်လိုပဲ သဘောထားလိုက်ပါပြီ မေမေရယ်"

"သာဓုပါ သားလေးရယ်"

"ဒါကြောင့် သား အခု ရန်ကုန်ကိုသွားမယ်၊ ဝေဖူးကိုခေါ်ပြီး ကိုဦးဆီကို လိုက်သွား မယ်၊ ဒါဆို ကိုဦးသိပ်ဝမ်းသာသွားမှာပဲနော် မေမေ"

"မေမေလဲ လိုက်မယ်သား"

ဝေဖူးငုံထံသို့ မိုးလွင်တိုးနှင့် ဒေါ်နီလာ ရောက်လာသည်။

"ဝေဖူးရေ သားကြီးဆီကို အန်တီတို့ လိုက်သွားစို့"

"သူ ဘယ်မှာရှိတယ်ဆိုတာ သိပြီပေါ့နော်"

"အေးကွယ့်"

"ဝေဖူးကို ကိုယ်လိုက်ပို့ပေးမယ်၊ ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ပါဝေဖူးရယ်၊ ကိုဦး တို့ ကျေးဇူးက ကိုယ့်အပေါ်မှာ ဆပ်လို့မကုန်ပါဘူး၊

Scanned by CamScanner

အဲဒီ ကျေးဇူးတွေရဲ့ အစွန်အဖျားလေး တစ်စိတ်တစ်ဒေသတစ်ခုကို ကိုယ်ဆပ်ခွင့်ရပါရစေ"

စိတ်ဓာတ်တွေ ပြောင်းလဲနောင်တရနေသော မိုးလွင်တိုးကိုကြည့်ပြီး ဝေဖူးငုံ ခွင့် လွှတ်သော အပြုံးတစ်ခု ပေးလိုက်သည်။

"ကဲ ... အဝတ်အစားတွေ ထုပ်ပိုးတော့လေ၊ မော်လမြိုင်ကို ကိုယ်တို့လိုက်သွား မယ်"

ဝေဖူးငုံက သွက်သွက်လေး ထုပ်ပိုးသည်။ ဒေါ်နီလာနှင့်ထွေးငယ်ကလည်း ပျော်ရွှင် စွာနှင့် ကူညီထုပ်ပိုးပေးသည်။ မိုးလွင်တိုးရဲ့ကားနှင့်ပင် မော်လမြိုင်သို့ ထွက်ခဲ့ကြသည်။

အချစ်ရဆုံးသူနှင့် တွေ့ဆုံရတော့မှာမို့ ဝေဖူးငုံရင်ထဲမှာ လှိုင်းထန်နေသည်။

*

Scanned by CamScanner

## အခန်း(၃၅)

မော်လမြိုင်သို့ ရောက်ခဲ့ပါပြီ၊ မိုးမြင့်ဦး တည်းခိုနေသော မော်လမြိုင်ဟိုတယ်သို့ တန်းတန်းမတ်မတ် ရောက်ပါပြီ။

သူတို့သုံးယောက်ကိုမြင်တော့ မိုးမြင့်ဦးက အံ့သြနေသည်။

"ဟင် ... ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ တားထားလျက်နဲ့ မေမေရယ်"

မိုးလွင်တိုးနှင့် ဝေဖူးငုံကို အတူတွေ့မြင်လိုက်တော့ မိုးမြင့်ဦးရင်မှာ ကျင်ရှစ္စာ ထိခိုက် သွားသည်။ ဝေဖူးငုံက တမင်နှိပ်စက်ချင်၍ သူနောက်သို့ လိုက်လာခဲ့သည်လို့ ထင်လိုက် သည်။

"ကိုဦးရယ် ကျွန်တော့်ကို အရမ်းစိတ်နာနေပြီးလား ဟင်..."

မိုးမြင့်ဦးရဲ့ မျက်နှာကို ကြေကွဲစွာကြည့်ရင်း မိုးလွင်တိုးက ပြောလိုက်သည်။

"ကိုဦးရဲ့ မေတ္တာစေတနာတွေကို အကြိမ်ကြိမ်စော်ကားခဲ့ပါတယ်၊ ကိုဦးရဲ့ ကျေးဇူးတွေကိုလဲ ကျွန်တော်မိုက်မဲစွာ ကျေးဇူးကန်းခဲ့ပါတယ်၊ အဲဒီ အပြစ်တွေကို ခွင့်လွှတ်ပေးပါ ကိုဦးရယ်"

"မင်းကို ငါ ဘယ်တုန်းကမှ စိတ်မနာခဲ့ပါဘူးကွာ"

နောင်တရပြီး ဝမ်းပန်းတနည်းရှိနေသော မိုးလွင်တိုးကို ဖြည်းဖြည်း လေးလေးကြီး နှင့် မိုးမြင့်ဦးက ပြောသည်။

"အခု ကျွန်တော့်ရဲ့ အပြစ်တွေကို ဆေးကြောတဲ့အနေနဲ့ ကိုဦးအချစ်ရဆုံး

Scanned by CamScanner

အမြတ်နိုး ရဆုံး မိန်းကလေးကို ကိုဦးရင်ခွင်ထဲအရောက် ကျွန်တော်ပို့ခဲ့ပါပြီ"

"ဘယ်လို ကိုတိုး"

နားမလည်နိုင်စွာနှင့် တအံ့တဩကြီး မိုးမြင့်ဦးက ဖြစ်သွားသည်။

"ကိုဦးကို ဝေဖူးက သိပ်ချစ်တာဗျ၊ ဒါကြောင့် ကိုဦးဆီကို ကျွန်တော် အရောက်ခေါ် လာခဲ့တာပေါ့"

မိုးမြင့်ဦးက မယုံကြည်နိုင်သော မျက်ဝန်းတွေနှင့် ဝေဖူးငုံကို ကြည့်လိုက်သည်။ ရှက်မျက်နှာလေး ပြုံးပြုံးနှင့် ခေါင်းငုံ့လျှိုးသွားပါလား။

"ကဲ … မေမေ၊ သားတို့ တစ်နေရာ ရှောင်နေမှနော်"

မိခင်ရဲ့ ပခုံးကို ဖက်တွယ်ပြီး မိုးလွင်တိုးက ခေါ်သွားသည်။ ဒေါ်နီလာနှင့် မိုးလွင်တိုး ပြုံးရယ်ကာ သူတို့နားမှ ထွက်သွားသည်။

မိုးလွင်တိုးရဲ့ အပြုံးက မချိပြုံးဆိုတာ သူကိုယ်သူမှ တစ်ပါး အခြား ဘယ်သူမှ မသိ နိုင်တော့ပြီ။ ကျေးဇူးရှင်အစ်ကိုအတွက် သူ့ရဲ့နှလုံးသားကို မိုးလွင်တိုး စတေးလိုက်ပါပြီ လေ။

မိုက်မဲခဲ့သော အပြစ်များကို ပေးဆပ်ခြင်းနှင့် တစ်သက်လုံး ပေးဆပ်သွားပါတော့ မည် အချစ်ရဆုံး မိန်းကလေးကို အချစ်ရဆုံးကျေးဇူးရှင် အစ်ကိုရဲ့ ရင်ခွင်ထဲသို့ တွန်းပို့ခဲ့ ပါပြီ။

*

မိုးမြင့်ဦးနှင့်ဝေဖူးငုံ တစ်ဦးကိုတစ်ဦး နက်ရှိုင်းစွာကြည့်မိကြသည်။ ထိုအကြည့်ထဲမှာ အဓိပ္ပာယ်များစွာကို ဆောင်နေသည်။

Scanned by CamScanner

"ဝေဖူး တို့ဆီ တကယ်လိုက်လာတယ်နော်"

"တကယ်လိုက်လာတာပေ့ါ ကိုဦးရယ်"

"တို့ကိုရော တကယ်ချစ်နိုင်ပြီလား၊ တို့မေတ္တာကိုရော သံသယ ကင်းကင်းနဲ့ ယုံပြီ လားဟင်"

ဝေဖူးငုံက ပြုံးလဲ့လဲ့နှင့် ခေါင်းလေးညိတ်လိုက်သည်။

"ဝမ်းသာလိုက်တာ ဝေဖူးရယ်"

ဝေဖူးငုံရဲ့ လက်ကလေးတွေကို ကြင်နာယုယစွာ မိုးမြင့်ဦးက ဆုပ်ထွေးလိုက်သည်။

"ကိုဦးကို စတွေ့ကတည်းက ဝေဖူး ချစ်ခဲ့တယ်ဆိုတာ ယုံပါ ကိုဦးရယ်"

"ဒါနဲ့များ ကိုဦးကို ငြင်းရက်တယ်ကွာ"

ဝေဖူးငုံရဲ့ ကိုယ်လေးကို ထွေးပွေ့လိုက်သည်။ ပြင်းထန်သော နှလုံးခုန်သံနှစ်ခု နီး ကပ်သွားသည်။

"ကိုဦးကရော ဝင့်ကို သံယောဇဉ်မှ မပြတ်သေးတာ"

"ဘယ်သူပြောလဲ"

"ဝင့်ဓာတ်ပုံကို အိပ်ရာနားမှာ ထားတာက သက်သေခံနေတာပဲ"

"အဲဒါဘာကြောင့် ထားရလဲ သိလား၊ ယုတ်မာရက်စက်တဲ့ မိန်းမကို မေ့သွားမှာစိုးလို့ အမြဲ သူ့ရဲ့ဖောက်ပြန်မှုကို သတိရအောင်လို့ ထားတာပါကွယ်၊ သူ့ပုံကိုမြင်ပြီး မိန်းကလေး တွေကို နာကြည်းနေအောင်လို့ပေ့ါ"

"တစ်မျိုးကြီးပဲနော်"

"မိန်းမတွေကို မချစ်မိအောင် အမြဲနာကြည်းနေအောင် သူ့ပုံက သတိပေးနေတယ် လေ"

Scanned by CamScanner

"ဝေဖူးနဲ့လဲတွေ့ရော တို့ခံယူချက်တွေ တစ်မျိုးပြောင်းသွားတယ်၊ ဒါကြောင့် ဝင့်သဇင် ဓာတ်ပုံကို လွှင့်ပစ်လိုက်တယ်"

"တစ်သက်နဲ့တစ်ကိုယ် မချစ်ဖူးတဲ့ အချစ်တွေနဲ့ မင်းတစ်ယောက်ကိုသာ ရူးရူးမူးမူး ချစ်ခဲ့ရပါတယ်ကွယ်"

ဝေဖူးငုံရဲ့ နားသယ်စပ်က ဆံစလေးတွေကို တစ်ရှိုက်မက်မက် ငုံ့နမ်းရင်း ပြောလိုက် သည်။

"မင်းတစ်ယောက်ကိုသာ အချစ်ရဆုံးပါ မိန်းကလေးရယ်"

ဝေဖူးငုံရင်ထဲမှာ အတိုင်းအဆမဲ့ ကြည်နူးသွားသလို သံသယကင်းမဲ့စွာနှင့် မိုးမြင့်ဦး ရဲ့ အချစ်တွေကို ယုံကြည်လိုက်မိပါသည်။

"ဝေဖူးကို သိပ်ချစ်တယ်"

အကြားချင်ဆုံး စကားစုကို ဝေဖူးငုံ ကြားလိုက်ရပါပြီ။

"ကိုဦးကိုလဲ ဝေဖူးက သိပ်ချစ်ခဲ့တာပါနော်"

မိုးမြင့်ဦး တစ်ယောက်ဆို တစ်ယောက်တည်းကိုသာ ဝေဖူးငုံရဲ့နှလုံးသားက လက်ခံ မြတ်နိုးတွယ်တာခဲ့ရသည် မဟုတ်လား။

ထာဝရ ချစ်ခင်လျက် ...

မိုးဇာလျန်းဝေ

*

Book Sharing

Scanned by CamScanner